

# မြန်မာနိုင်ငံ

## ကလေးလုပ်သားစစ်တမ်းအစီရင်ခံစာ

### ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ-မတ်လ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# ၂၀၁၅ ခုနှစ်

# မြန်မာနိုင်ငံ ကလေးလုပ်သားစစ်တမ်းအစီရင်ခံစာ

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်းကောက်ယူသည်။

၂၀၁၆ ခုနှစ် နေပြည်တော်

Copyright © International Labour Organization 2016
First published 2016

Publications of the International Labour Office enjoy copyright under Protocol 2 of the Universal Copyright Convention. Nevertheless, short excerpts from them may be reproduced without authorization, on condition that the source is indicated. For rights of reproduction or translation, application should be made to ILO Publications (Rights and Permissions), International Labour Office, CH-1211 Geneva 22, Switzerland, or by email:pubdroit@ilo.org. The International Labour Office welcomes such applications.

Libraries, institutions and other users registered with reproduction rights organizations may make copies in accordance with the licences issued to them for this purpose. Visit www.ifrro.org to find the reproduction rights organization in your country.

This publication was prepared by Director General of the Department of Labour, Ministry of Labour, Immigration and Population, Myanmar, 2016

ISBN 978-92-2-831227-0 (print)
ISBN 978-92-2-831228-7 (web pdf)

International Labour Office;

*ILO Cataloguing in Publication Data*

The designations employed in ILO publications, which are in conformity with United Nations practice, and the presentation of material therein do not imply the expression of any opinion whatsoever on the part of the International Labour Office concerning the legal status of any country, area or territory or of its authorities, or concerning the delimitation of its frontiers.

The responsibility for opinions expressed in signed articles, studies and other contributions rests solely with their authors, and publication does not constitute an endorsement by the International Labour Office of the opinions expressed in them.
Reference to names of firms and commercial products and processes does not imply their endorsement by the International Labour Office, and any failure to mention a particular firm, commercial product or process is not a sign of disapproval.
ILO publications and electronic products can be obtained through major booksellers or ILO local offices in many countries, or direct from ILO Publications, International Labour Office, CH-1211 Geneva 22, Switzerland.

Catalogues or lists of new publications are available free of charge from the above address, or by email: pubvente@ilo.org. Visit our web site: www.ilo.org/publns
Myanmar report on child labour survey : January - March 2015 / International Labour Organization, ILO Liaison Officer for Myanmar. - Yangon: ILO, 2016.
ISBN: 9789228312270; 9789228312287 (web pdf)

International Labour Organization; ILO Liaison Officer for Myanmar.
child labour/working conditions/survey/Myanmar
13.01.2

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မြေပုံ



# ဥပဒေချာဇဉ်

မြန်မာနိုင်ငံအနေဖြင့် လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ခုနှစ်က ILO, UNDP နှင့် UNFPA တို့၏ အကူအညီဖြင့် ကောက်ယူခဲ့ပြီးနောက် ဆက်လက်ကောက်ယူနိုင်ခဲ့ခြင်း မရှိဘဲ နိုင်ငံ၏ လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို ခန့်မှန်းတွက်ချက် အသုံးပြုခဲ့ပါသည်။ ထိုသို့ခန့်မှန်းတွက်ချက်အသုံးပြုလာသည်မှာ ၂၅ နှစ်ကျော် ကြာမြင့်လာခဲ့ပြီးဖြစ်ရာ ခန့်မှန်းမှု အချက်အလက်များသည် ခေတ်ကာလ အခြေအနေနှင့် မကိုက်ညီခြင်း၊ အသေးစိတ်အချက်အလက်များနှင့် လက်တွေ့ကျသည့် အချက်အလက်များ မရရှိနိုင်ခြင်းတို့ကြောင့် နိုင်ငံအတွက် လိုအပ်လျက်ရှိသော လုပ်သားဈေးကွက်ဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် လိုအပ်သော လုပ်သားအင်အားစာရင်းအင်းများရရှိနိုင်ရေး ရည်ရွယ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုပ်သားအင်အားစစ်တမ်းတစ်ရပ် ကောက်ယူရန် ၂၀၁၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ဆွေးနွေး၍ စတင်ကောက်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင်သတ်မှတ်ခဲ့သော စာရင်းကောက်ကွက် ၈၀,၅၅၇ မှ နမူနာစာရင်းကောက်ကွက် ၁,၅၀၀ အတွင်းရှိ အိမ်ထောင်စု ၂၄,၀၀၀ ကိုကောက်ယူခဲ့ပါသည်။ ယခုကဲ့သို့ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူနိုင်ခဲ့ခြင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအတွက်သာမက နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာ မူဝါဒများချမှတ် အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ စီမံကိန်းများချမှတ်ရာတွင်လည်းကောင်း ထိရောက်စွာအသုံးပြုနိုင်မည်ဟုလည်း ကျွန်ုပ်အနေနှင့် လေးနက်စွာ ယုံကြည်မျှော်လင့်မိပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူရေးလုပ်ငန်းအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဦးစီးကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ILO မှ နည်းပညာအကြံပေးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများမှ စာရင်းအင်းပညာရှင်များ၊ ကိုယ်စားလှယ်များပါဝင်သော နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တို့ကိုဖွဲ့စည်း၍ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် လိုအပ်သည့် စီမံခန့်ခွဲမှုနှင့် နည်းပညာ

ညွှန်ကြားချက်များဖြင့် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့၏ နည်းပညာနှင့် ငွေကြေးအကူအညီများဖြင့် မြန်မာနိုင်ငံတွင် လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ခုနှစ်ကသာကောက်ယူနိုင်ခဲ့ပြီး ၂၅ နှစ်ကျော်ကြာမြင့်ပြီးမှ ပြန်လည်ကောက်ယူခဲ့သော လုပ်ငန်း ဖြစ်သည့်အတွက် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည် ဝန်ထမ်းများအတွက် ပထမဆုံး အတွေ့အကြုံဖြစ်ပါသည်။ စစ်တမ်းကောက်ယူမှုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက် နိုင်ရန်အတွက် ILO အနေဖြင့် စစ်တမ်းမှာပါဝင်ကြမည့် စီစဉ်သူများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကောက်များ၊ လုပ်သားအင်အား စစ်တမ်းအထူးအဖွဲ့ အဖွဲ့ဝင်များနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များကို ပြည်တွင်း၌ သင်တန်းများ၊ ဆွေးနွေးပွဲများ အကြိမ်ကြိမ် ကျင်းပပြုလုပ်ပေးခဲ့ပြီး ပြည်ပနိုင်ငံများသို့လည်း သင်တန်းများ၊ လေ့လာရေးခရီးစဉ်များ စေလွှတ်သွားရောက်စေခဲ့ပါသည်။

ထို့အပြင် စစ်တမ်းကောက်ယူရာတွင် အများပြည်သူများ ပူးပေါင်းပါဝင်စေရန်အတွက် နိုင်ငံတော်မှထုတ်ဝေသော သတင်းစာများ၊ ရုပ်သံလိုင်းများနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ လူစည်ကားသော ဈေးများနှင့် လမ်းဆုံများတွင် ဗီနိုင်းများချိတ်ဆွဲခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ကောက်ယူခြင်းလုပ်ငန်းအတွက် နည်းပညာ နှင့် ငွေကြေးအကူအညီပေးခဲ့ပါသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား ကျေးဇူး တင်ရှိပါသည်။

ထို့အပြင် စစ်တမ်းကောက်ယူရာတွင် အဓိကပူးပေါင်းပါဝင်ပေးခဲ့ကြသော ပြည်သူ့ အင်အားဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန၊ လူ့စွမ်းအား အရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနတို့အားလည်းကောင်း၊ ဦးစီးကော်မတီတွင် ပါဝင် သော အလုပ်ရှင်/အလုပ်သမား ကိုယ်စားလှယ်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဝန်ထမ်းများအားလည်းကောင်း၊ စစ်တမ်းကောက်ယူမှုတစ်လျှောက် အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးခဲ့ပါသော ILO မှ နည်းပညာအကြံပေးချုပ် Mr. Debi Prasad Mondal နှင့် National Program Officer ဒေါ်ဝင်းမြင့်တို့အားလည်းကောင်း၊ ကြီးကြပ်ရေးမှူးသင်တန်း၊ စာရင်းကောက်သင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများနှင့် ဆွေးနွေးပွဲများတွင် အားတက် သရော ဆွေးနွေးသင်ပြပေးခဲ့ကြပါသော ILO မှ စာရင်းအင်း ပညာရှင်များအားလည်းကောင်း၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသော နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီ

အဖွဲ့ဝင်များအားလည်းကောင်း၊ စစ်တမ်းကောက်ယူရာတွင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသော သက်ဆိုင်ရာနယ်မြေဒေသအသီးသီးမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများ အားလည်းကောင်း၊ ပုဂ္ဂလိကသုတေသန အဖွဲ့အစည်းများအားလည်းကောင်း၊ စစ်တမ်း ကောက်ယူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အလုပ်သမားညွှန်ကြားရေးဦးစီး ဌာနမှ ဝန်ထမ်းများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤစစ်တမ်းများကောက်ယူရာတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော အထူးသဖြင့် စစ်တမ်း မေးခွန်းလွှာများကို စိတ်အားထက်သန်စွာနှင့် စိတ်ရှည်စွာဖြေဆိုပြီး ပူးပေါင်းကူညီပေးခဲ့ကြသော နိုင်ငံတစ်ဝန်းရှိ လုပ်သားပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။



ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကျေးဇူးတင်လွှာ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း ကောက်ယူနိုင်ရန် ခွင့်ပြုပေးခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း ပြီးမြောက်အောင်မြင်စေရန် အဖက်ဖက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါသည်။

စစ်တမ်းကောက်ယူရာတွင် အားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော စာရင်းအင်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့အစည်းများအားလည်းကောင်း၊ လက်တွေ့ မြေပြင်ကွင်းဆင်း ကောက်ယူခဲ့ကြသော နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ လက်တွေ့ကွင်းဆင်း ကောက်ယူရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးပေးခဲ့သော နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအားလည်းကောင်း၊ လုပ်သား အင်အားစစ်တမ်း အထူးအဖွဲ့ (Labour Force Survey Core Team) တွင် ပါဝင်ကြသော ဗဟိုစာရင်းအင်းအဖွဲ့နှင့် နေပြည်တော်ရုံးချုပ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်း များအားလည်းကောင်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ထို့အပြင် စာရင်းအင်းနှင့် ပတ်သက်သည့် အစိုးရအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအားလည်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

အထူးသဖြင့် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization - ILO) မှ ယခင် Liaison Officer Mr. Steve Marshall အားလည်းကောင်း၊ Acting Liaison Officer Ms. Piyamal Pichaiwongse အားလည်းကောင်း၊ ILO, Bangkok မှ Regional Economic and Social Analysts Unit ၊ Regional Labour Statistician ဖြစ်သူ Mr.Tite Habiyakare အားလည်းကောင်း၊ စစ်တမ်းဆိုင်ရာ နည်းပညာ အကြံပေးချုပ် (Chief Technical Advisor-CTA) Mr.Debi Prasad Mondal နှင့် National Program Officer ဒေါ်ဝင်းမြင့် တို့အားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း နိဂုံးချုပ်ဖော်ပြအပ်ပါသည်။

# မာတိကာ


| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| | ၂၀၁၅ ခုနှစ် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းမှ ခန့်မှန်းမှုများ | i-iv |
| | အနှစ်ချုပ် | v-xvii |
| **အခန်း(၁)** | **နိဒါန်း** | ၁-၉ |
| | ၁.၁ နိဒါန်း | |
| | ၁.၂ မျက်မှောက်ကာလ ကလေးလုပ်သားအခြေအနေ | |
| | ၁.၃ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း၏ ရည်ရွယ်ချက် | |
| | ၁.၄ အစီရင်ခံစာတွင် ဖော်ပြပါရှိချက်များ | |
| **အခန်း(၂)** | **နိုင်ငံ၏အခြေအနေ** | ၁၀-၁၉ |
| | ၂.၁ နိဒါန်း | |
| | ၂.၂ လူဦးရေတည်ဆောက်ပုံ | |
| | ၂.၃ စီးပွားရေးနှင့် လုပ်သားဈေးကွက်ဆိုင်ရာ ဝိသေသလက္ခဏာများ | |
| **အခန်း(၃)** | **စစ်တမ်းကောက်ယူမှုနည်းလမ်း** | ၂၀-၃၁ |
| | ၃.၁ နိဒါန်း | |
| | ၃.၂ စစ်တမ်း၏ နယ်ပယ်နှင့် လွှမ်းခြုံမှု | |
| | ၃.၃ မေးခွန်းလွှာ | |
| | ၃.၄ နမူနာ ရွေးချယ်မှုပုံစံနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ | |
| | ၃.၅ ရှေ့ပြေးစစ်တမ်းကောက်ယူခြင်း | |
| | ၃.၆ စာရင်းကောက်နှင့် ကြီးကြပ်ရေးမှူးသင်တန်း ပေးခြင်းနှင့် ကွင်းဆင်းကောက်ယူခြင်း | |
| | ၃.၇ စာရင်းဇယားထုတ်ယူခြင်း | |
| | ၃.၈ ခန့်မှန်းမှုအရည်အသွေး | |

| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
| --- | --- | --- |
| အခန်း(၄) | အယူအဆနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် | ၃၂-၅၁ |
| | ၄.၁ နိဒါန်း | |
| | ၄.၂ မြန်မာနိုင်ငံတွင် ကလေးလုပ်သားဥပဒေနှင့် အပြည်ပြည်ဆိုင်ရာစံနှုန်းများ | |
| | ၄.၃ အဓိကအယူအဆများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ | |
| အခန်း(၅) | ကလေးသူငယ်များက ဆောင်ရွက်သော လုပ်ဆောင်ချက်များ | ၅၂-၇၄ |
| | ၅.၁ နိဒါန်း | |
| | ၅.၂ ကလေးသူငယ်ဦးရေ၏ အဓိက ဝိသေသလက္ခဏာများ | |
| | ၅.၃ စီးပွားရေးလုပ်ဆောင်ချက်များတွင် ကလေးများ၏ ပါဝင်ဆောင်ရွက်မှု | |
| | ၅.၄ ကလေးများ၏ စီးပွားရေးဆောင်ရွက်ချက်နှင့် နေထိုင်မှုအဆင့်အတန်း | |
| | ၅.၅ ကျောင်းတက်ရောက်မှု | |
| | ၅.၆ အိမ်မှုကိစ္စများတွင် ကလေးများ ပါဝင်ဆောင်ရွက်မှု | |
| | ၅.၇ လုပ်ဆောင်ချက်များအရ ခွဲခြားထားသော ကလေးသူငယ်အုပ်စုများ | |
| အခန်း(၆) | အလုပ်လုပ်သော ကလေးများ၏ သွင်ပြင်လက္ခဏာများ | ၇၅-၉၆ |
| | ၆.၁ နိဒါန်း | |
| | ၆.၂ အလုပ်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းကဏ္ဍ | |
| | ၆.၃ အလုပ်အကိုင်အမျိုးအစားခွဲခြားခြင်း | |
| | ၆.၄ အလုပ်အကိုင်အခြေအနေ | |
| | ၆.၅ တစ်ပတ်အလုပ်ချိန်နာရီ | |
| | ၆.၆ ဝင်ငွေရရှိမှုသွင်ပြင်လက္ခဏာများ | |
| | ၆.၇ အခြားဆက်စပ်သည့် သွင်ပြင်လက္ခဏာများ | |
| အခန်း(၇) | ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်များ | ၉၇-၁၂၈ |
| | ၇.၁ နိဒါန်း | |
| | ၇.၂ ကလေးလုပ်သား | |
| | ၇.၃ အဓိက ကလေးလုပ်သား သွင်ပြင်လက္ခဏာများ | |
| | ၇.၄ ကလေးလုပ်သားနှင့် ကလေးများအတွက် အန္တရာယ်ရှိသောလုပ်ငန်းများ | |

| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၇.၅ | အလုပ်တွင်အန္တရာယ်ရှိမှုနှင့် ခံစားခွင့်ရရှိမှုများ | |
| ၇.၆ | တစ်ပတ်အလုပ်ချိန်နာရီ | |
| အခန်း(၈) | ပညာရေးဆိုင်ရာ ဝိသေသလက္ခဏာများ | ၁၂၉-၁၄၁ |
| ၈.၁ | နိဒါန်း | |
| ၈.၂ | ကျောင်းတက်ရောက်ခြင်း | |
| ၈.၃ | ကျောင်းပြင်ပရောက်ကလေးများ | |
| ၈.၄ | ကလေးများ၏ ပညာရေးအခြေအနေ | |
| အခန်း(၉) | အခြားဆက်စပ်သော သွင်ပြင်လက္ခဏာများ | ၁၄၂-၁၄၉ |
| ၉.၁ | နိဒါန်း | |
| ၉.၂ | အိမ်ထောင်စုများ၏ လူမှု-စီးပွားဆိုင်ရာသွင်ပြင်လက္ခဏာများ | |
| ၉.၃ | အလုပ်ခွင်၌ အန္တရာယ်ရှိခြင်းနှင့် ပံ့ပိုးပေးမှုများ | |
| အခန်း(၁၀) | နိဂုံးနှင့် အကြံပြုချက်များ | ၁၅၀-၁၅၇ |
| ၁၀.၁ | နိဒါန်း | |
| ၁၀.၂ | လုပ်သားအင်အားတွင် ပါဝင်ခြင်း | |
| ၁၀.၃ | လုပ်သားအင်အားတွင် ကလေးလုပ်သားနှင့် အလုပ်လုပ်နေသော ကလေးများ၏ ပါဝင်မှု | |
| ၁၀.၄ | လုပ်ငန်းကဏ္ဍနှင့် အလုပ်အကိုင် အမျိုးအစားအလိုက် လုပ်သားအင်အားတွင် ကလေးလုပ်သားနှင့် အလုပ်လုပ်သော ကလေးများ | |
| ၁၀.၅ | ဘေးအန္တရာယ်ရှိသော အလုပ်ခွင်တွင် အလုပ်လုပ်နေသော ကလေးသူငယ်များ | |
| ကျမ်းကိုးကား | | ၁၅၈ |
| နောက်ဆက်တွဲ-က | ခန့်မှန်းမှုဆိုင်ရာလုပ်ငန်းစဉ် | ၁၅၉-၁၆၄ |
| | အတိုကောက်အသုံးအနှုန်းများ | ၁၆၅ |

# ဇယားများ


| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၁ | မြန်မာနိုင်ငံလူဦးရေ၏ အသက်အုပ်စုအလိုက် ကျား၊ မ ပါဝင်မှု | ၁၁ |
| ၂ | တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကျား၊ မ အလိုက် ကလေးဦးရေ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၃ |
| ၃ | မြန်မာနိုင်ငံလူဦးရေ၏ မှီခိုမှုအချိုး | ၁၄ |
| ၄ | ကျား၊ မ၊ မြို့ပြ၊ ကျေးလက် အလိုက် အသက် ၁၅နှစ်နှင့်အထက် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး | ၁၅ |
| ၅ | လုပ်ငန်းကဏ္ဍအလိုက် အလုပ်သမားများ၏ ကျား၊ မ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၁၆ |
| ၆ | ကျား၊ မ ၊ မြို့ပြ၊ ကျေးလက်တို့တွင် လုပ်ခရရှိမှုအခြေအနေ | ၁၇ |
| ၇ | အလုပ်သမားအားလုံး၏ တစ်ရက်ပျမ်းမျှလုပ်ခနှင့် နေ့စားနှင့် လစားအလုပ်သမားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၈ |
| ၈ | နမူနာရွေးချယ်ထားသော စာရင်းကောက်ကွက်နှင့် အမှန်တကယ် စာရင်းကောက်ယူခဲ့သော စာရင်းကောက်ဧရိယာ | ၂၅ |
| ၉ | နမူနာအလုပ်လုပ်သောကလေး ၂,၃၀၂ နှင့် လုပ်ခရ အလုပ်လုပ်သောကလေး ၁,၂၃၇ နှင့် စပ်လျဉ်းသည့် အရေးကြီးမေးခွန်းများ အပေါ် ဖြေဆိုမှုမရှိသည့်နှုန်း | ၂၉ |
| ၁၀ | အလုပ်လုပ်သောကလေး၊ ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသည့် ကလေးလုပ်သားဆိုင်ရာ အဓိက အညွှန်းကိန်းများအတွက် ဆက်နွယ်မှုရှိသည့် နှိုင်းယှဉ်စံ မှားယွင်းမှု | ၃၁ |
| ၁၁ | အသက်အုပ်စု၊ မြို့ပြ၊ ကျေးလက်နှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၅၄ |
| ၁၂ | မြို့ပြ၊ ကျေးလက်၊ ကျား၊ မ အမျိုးအစား၊ အသက်အုပ်စုအလိုက် ကလေး ပျံ့နှံ့မှု | ၅၅ |
| ၁၃ | ကလေးများ၏ အားနည်းချက်အခြေအနေ တစ်ခုချင်းစီတွင် အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ပါဝင်မှု ရာခိုင်နှုန်း | ၅၆ |

| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၁၄ | ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၅၈ |
| ၁၅ | တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကျား၊ မအလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၅၉ |
| ၁၆ | ကျား၊ မ၊ မြို့ပြ၊ ကျေးလက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၆၀ |
| ၁၇ | အလုပ်လုပ်သောကလေးများရှိသည့် အိမ်ထောင်စုများ၏ ပါဝင်မှု ရာခိုင်နှုန်း | ၆၁ |
| ၁၈ | လစဉ်ပျမ်းမျှအသုံးစရိတ်အလိုက် ကလေးများ၏အလုပ်လုပ်သော ကလေး ပါဝင်မှုရာခိုင်နှုန်း | ၆၂ |
| ၁၉ | တိုင်းဒေသကြီး၊ ပြည်နယ် ၊ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကျောင်းတက်နေသော ကလေးများ ၏ ရာခိုင်နှုန်း | ၆၄ |
| ၂၀ | ကျား၊ မ အလိုက် အိမ်မှုကိစ္စ ဆောင်ရွက်ရသည့် အလုပ်လုပ်သော ကလေးများနှင့် အလုပ်မလုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၆၆ |
| ၂၁ | ဒေသအလိုက်အလုပ်လုပ်နေသော ကလေး၊ အလုပ်မလုပ်သော ကလေးများ၏ အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု ရာခိုင်နှုန်း | ၆၈ |
| ၂၂ | အသက်အုပ်စုအလိုက် အိမ်မှုကိစ္စ ဆောင်ရွက်ရသည့် အလုပ်လုပ်နေသောကလေးများနှင့် အလုပ်မလုပ်သော ကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း | ၆၉ |
| ၂၃ | ကျား၊ မ၊ မြို့ပြ၊ ကျေးလက်နှင့် အသက်အုပ်စုအလိုက် လွန်ခဲ့သော ၇ ရက်အတွင်း အနည်းဆုံး တစ်နာရီခန့် အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကလေးများ၏ ပျမ်းမျှအလုပ်လုပ်ချိန်နှင့် ပါဝင်မှု ရာခိုင်နှုန်း | ၇၀ |
| ၂၄ | အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် လုပ်ဆောင်ချက် အခြေအနေအရ ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၇၁-၇၂ |
| ၂၅ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးများ၏ လုပ်ဆောင်မှုအုပ်စုများတွင် ပျံ့နှံ့မှုရာခိုင်နှုန်း | ၇၃ |
| ၂၆ | ကျား၊ မ နှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၇၇ |
| ၂၇ | အသက်အုပ်စု အသီးသီးတွင် လုပ်ငန်းအမျိုးအစားအလိုက် အလုပ် လုပ်ကိုင်နေသော ကလေးများပျံ့နှံ့မှု | ၇၉ |

| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၂၈ | မြို့ပြနှင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ယောကျ်ားလေးနှင့် မိန်းကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၈၀-၈၁ |
| ၂၉ | အသက်အုပ်စုနှင့် အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၈၁-၈၂ |
| ၃၀ | မြို့ပြ၊ ကျေးလက်နှင့် အသက်အုပ်စုများတွင် ကျား၊ မ အတွက် အလုပ်အကိုင်အခြေအနေ အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများပျံ့နှံ့မှုရာခိုင်နှုန်း | ၈၃-၈၄ |
| ၃၁ | မြို့ပြ၊ ကျေးလက်နှင့် အသက်အုပ်စုများရှိ ကျား၊ မ အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ တစ်ပတ်ပျမ်းမျှအလုပ်လုပ်ချိန် | ၈၆ |
| ၃၂ | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၈၇ |
| ၃၃ | မြို့ပြ၊ ကျေးလက်၊ ကျား၊ မနှင့် အသက်အုပ်စုအလိုက် လက်ရှိ လုပ်ကိုင်နေသော လုပ်ငန်းအမျိုးအစားများအလိုက် အလုပ် လုပ်ကိုင်နေသော ကလေးများ၏ အပတ်စဉ် ပျမ်းမျှအလုပ်ချိန် | ၈၉ |
| ၃၄ | ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်ခရ အလုပ်လုပ်ကိုင်နေသော ကလေးများ၏ လုပ်ခ/ လစာရရှိသည့် ကာလအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၉၀-၉၁ |
| ၃၅ | ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ် လုပ်ကိုင်နေသော ကလေးများ၏ တစ်ရက်ပျမ်းမျှဝင်ငွေ | ၉၁-၉၂ |
| ၃၆ | လုပ်ငန်းအမျိုးအစားအလိုက် ပျမ်းမျှတစ်နာရီအတွက်ဝင်ငွေ | ၉၃ |
| ၃၇ | အလုပ်လုပ်ကိုင်နေသည့် အလုပ်နေရာအလိုက် ကလေးများ ပျံ့နှံ့မှု (ရာခိုင်နှုန်း) | ၉၄ |
| ၃၈ | အလုပ်နေရာ ပိုင်ဆိုင်မှုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေး များပျံ့နှံ့မှုရာခိုင်နှုန်း | ၉၅-၉၆ |
| ၃၉ | ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေး လုပ်သား၊ ကလေးလုပ်သားမဟုတ်သော အလုပ်လုပ်ကိုင်နေသည့် ကလေးနှင့် အလုပ်မလုပ်သော ကလေးများ၏ အရေအတွက်နှင့် ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၀၂-၁၀၃ |
| ၄၀ | ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် အမျိုးမျိုးသော ကလေး လုပ်သားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၀၄ |

| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၄၁ | အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကလေးလုပ်သားအမျိုးမျိုး တွင်ပါဝင်မှုရာခိုင်နှုန်း | ၁၀၅ |
| ၄၂ | တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေး လုပ်သား၊ ကလေး လုပ်သားမဟုတ်သည့် အလုပ်လုပ်ကိုင်နေသော ကလေး၊ အလုပ် မလုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းနှင့် အရေအတွက် | ၁၀၆ |
| ၄၃ | ငါးကိန်းစု တစ်ဦးချင်း လစဉ်ပျမ်းမျှအသုံးစရိတ်နှင့် ကျား၊ မ အလိုက် ကလေးလုပ်သားနှင့် ကလေးလုပ်သားမဟုတ်သော အလုပ်လုပ်နေသည့် ကလေးနှင့် အလုပ်မလုပ်သောကလေးများ ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၀၈ |
| ၄၄ | အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေရသော ကလေးလုပ်သားနှင့် ကလေးလုပ်သားများ၏ အရေအတွက် | ၁၁၀ |
| ၄၅ | ငါးကိန်းစုအဆင့်အလိုက် ကလေးလုပ်သားများထဲမှ အန္တရာယ်ရှိ သောအလုပ်များကို လုပ်ကိုင်နေရသော ကလေးလုပ်သား (ရာခိုင်နှုန်း) | ၁၁၁ |
| ၄၆ | အလုပ်အကိုင် အခြေအနေများတွင် လုပ်ငန်းခွင်အခြေအနေ အလိုက်အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၁၂ |
| ၄၇ | အလုပ်အကိုင်အခြေအနေအလိုက် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားပျံ့နှံ့မှုရာခိုင်နှုန်း | ၁၁၃ |
| ၄၈ | အဓိကလုပ်ငန်း အမျိုးအစားများအလိုက် ပြင်းထန်သော အလုပ် အကိုင်များကို လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၁၄ |
| ၄၉ | အဓိကအလုပ်အကိုင် အမျိုးအစားများအလိုက် ပြင်းထန်သော အလုပ်အကိုင်များကို လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၁၁၅ |
| ၅၀ | အဓိကအလုပ်အကိုင် အမျိုးအစားအလိုက် အလုပ်လုပ်ကိုင် နေသောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၁၆ |
| ၅၁ | ကျား၊ မ အလိုက် တစ်ဦးချင်းလစဉ်ပျမ်းမျှ အသုံးစရိတ်ပေါ်တွင် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသော ကလေး လုပ်သားများနှင့် ကလေးလုပ်သားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၁၈ |

| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၅၂ | လက်ရှိအဓိကအလုပ်၏ အဓိကလုပ်ငန်းကဏ္ဍများတွင် တွေ့ကြုံရသော အန္တရာယ်ရှိမှုအခြေအနေများအလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၁၂၀-၁၂၁ |
| ၅၃ | အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်များတွင် ရွေးချယ်ထားသော လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အန္တရာယ်ရှိမှု အမျိုးအစားများ အလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၁၂၂ |
| ၅၄ | တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်၌ အတွေ့များသော အန္တရာယ်ရှိမှုအမျိုးအစား ၅ခုတွင် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၁၂၃-၁၂၄ |
| ၅၅ | မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကလေး လုပ်သားများ ဆောင်ရွက်ခဲ့သည့် တစ်ပတ်အလုပ်ချိန်နာရီ | ၁၂၅-၁၂၆ |
| ၅၆ | မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ် ရှိသောအလုပ်ကို လုပ်ကိုင်နေသော ကလေးလုပ်သားများ ဆောင်ရွက်ခဲ့သည့် တစ်ပတ်အလုပ်ချိန်နာရီ | ၁၂၇ |
| ၅၇ | မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ် ရှိသောအလုပ်ကို လုပ်ကိုင်နေသည့် ကလေးလုပ်သားမဟုတ်သည့် ကလေးများ၏ ပျမ်းမျှတစ်ပတ်အလုပ်ချိန်နာရီ | ၁၂၈ |
| ၅၈ | ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးများ၏ အလုပ် လုပ်ခြင်းနှင့် ကျောင်းတက်ရောက်ခြင်း အခြေအနေအရ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၁၃၀ |
| ၅၉ | ကျား၊ မ နှင့် အသက်အုပ်စုအလိုက် ကလေးများ၏ အလုပ် လုပ်ခြင်းနှင့် ကျောင်းတက်ရောက်ခြင်းရာခိုင်နှုန်း | ၁၃၁ |
| ၆၀ | ကျား၊ မ နှင့် ငါးကိန်းစု လစဉ်အသုံးစရိတ်အဆင့်အလိုက် ကလေး များ၏ အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်ခြင်း ပျံ့နှံ့မှု ရာခိုင်နှုန်း | ၁၃၂-၁၃၃ |
| ၆၁ | တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးများ၏ အလုပ်လုပ် ခြင်းနှင့် ကျောင်းတက်ရောက်ခြင်း ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၃၄ |

| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၆၂ | ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးများ၏ ကျောင်းတက်ရောက်ခြင်းနှင့် အလုပ်တွင်ပါဝင်ခြင်း ပျံ့နှံ့မှု ရာခိုင်နှုန်း | ၁၃၆ |
| ၆၃ | ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကျောင်းတက်ရောက်ဖူးခြင်း မရှိသော အလုပ်မလုပ်သော၊ အလုပ်လုပ်သော ကလေးနှင့် ကလေးလုပ်သားပျံ့နှံ့မှုရာခိုင်နှုန်း | ၁၃၇-၁၃၈ |
| ၆၄ | ကျား၊ မ နှင့် ငါးကိန်းစုလစဉ်အသုံးစရိတ်အလိုက် ကျောင်းတက်ရောက်ဖူးခြင်းမရှိသာ အလုပ်လုပ်နေသော၊ အလုပ်မလုပ်သောနှင့် ကလေးလုပ်သားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၃၉-၁၄၀ |
| ၆၅ | လက်ရှိတက်ရောက်နေသော အတန်းအလိုက် အလုပ်မလုပ်သော၊ အလုပ်လုပ်နေသောကလေးနှင့် ကလေးလုပ်သားရာခိုင်နှုန်း | ၁၄၁ |
| ၆၆ | အလုပ်လုပ်နေသော ကလေးများနှင့် ကလေးတစ်ဦးရှိသော အိမ်ထောင်စုများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း | ၁၄၃ |
| ၆၇ | အိမ်ထောင်စု အရွယ်အစားအလိုက် အလုပ်လုပ်သော ကလေးအနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုပါဝင်မှု ရာခိုင်နှုန်း | ၁၄၄ |
| ၆၈ | အိမ်ထောင်စုများ၏ ငါးကိန်းစု လစဉ်လူတစ်ဦးကျ ပျမ်းမျှစားသုံးမှုအဆင့်အလိုက် အနည်းဆုံး အလုပ်လုပ်နေသော ကလေးတစ်ဦးရှိ အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း | ၁၄၅ |
| ၆၉ | စိုက်ပျိုးမြေဧကအလိုက် အနည်းဆုံး အလုပ်လုပ်နေသော ကလေးတစ်ဦးရှိ အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း | ၁၄၅ |
| ၇၀ | အကြွေးရှိမှု အခြေအနေအလိုက် အလုပ်လုပ်သော ကလေးအနည်းဆုံးတစ်ဦးရှိသည့် ပါဝင်မှုရာခိုင်နှုန်း | ၁၄၆ |
| ၇၁ | အိမ်ယာပိုင်ဆိုင်မှုအလိုက် အနည်းဆုံးအလုပ်လုပ်နေသော ကလေးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း | ၁၄၇ |
| ၇၂ | အိမ်နံရံတွင် အသုံးပြုသော အမျိုးအစားအလိုက် အနည်းဆုံး အလုပ်လုပ်နေသော ကလေးတစ်ဦးရှိ အိမ်ထောင်စုများ၏ ပါဝင်မှု ရာခိုင်နှုန်း | ၁၄၇ |
| ၇၃ | နေအိမ်အမိုးအတွက် အသုံးပြုသော အမျိုးအစားအလိုက် အနည်းဆုံး အလုပ်လုပ်နေသော ကလေးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း | ၁၄၈ |

| ဇယား အမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ၇၄ | လုပ်ငန်းခွင်အတွင်း ချိုးဖောက်ခံရမှုအမျိုးအစားအလိုက် အလုပ်လုပ်သောကလေးများ၏ ရာခိုင်နှုန်း | ၁၄၉ |
| ၇၅ | လွန်ခဲ့သော တစ်နှစ်အတွင်း အလုပ်လုပ်ကိုင်နေသော ကလေးများတွင် ထိခိုက်ဒဏ်ရာရရှိမှုရာခိုင်နှုန်း | ၁၄၉ |
| ၇၆ | ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး နှိုင်းယှဉ်မှု | ၁၅၁ |
| ၇၇ | ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အသက် ၅ နှစ်နှင့်အထက် လူဦးရေတွင် ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၅၂ |
| ၇၈ | အလုပ်လုပ်သောကလေးများအပေါ်တွင် အိမ်ထောင်စုများ၏ မှီခိုမှုအချိုး | ၁၅၃ |
| ၇၉ | အသက်အုပ်စုအလိုက် အဓိက လုပ်ငန်းများပေါ်တွင် အလုပ်လုပ်နေသော ကလေးများ၏မှီခိုမှုအခြေအနေ | ၁၅၄ |
| ၈၀ | အဓိကအလုပ်အကိုင်အလိုက် အလုပ်လုပ်ကိုင်နေရသော ကလေးအရေအတွက် | ၁၅၅ |
| ၈၁ | ကလေးအားလုံးနှင့် အလုပ်လုပ်သော ကလေးများထဲမှ အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသော ကလေးများ ပါဝင်မှု ရာခိုင်နှုန်း | ၁၅၆ |

## ပုံများ


| ပုံအမှတ် | ပုံများ | စာမျက်နှာ |
|---|---|---|
| ၁ | ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံရှိ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ပျံ့နှံ့မှု | xvii |
| ၂ | အသက်အုပ်စုအလိုက် ကလေးများ၏ပါဝင်မှုနှုန်း | ၁၂ |
| ၃ | မြို့ပြ၊ ကျေးလက်တွင် ကလေးများပါဝင်မှုနှုန်း | ၁၃ |
| ၄ | အလုပ်ပုံစံများ | ၃၇ |
| ၅ | အလုပ်အမျိုးအစားအလိုက် ကလေးလုပ်သား အမျိုးအစား ခွဲခြားဖော်ပြခြင်း | ၄၅ |
| ၆ | ငါးကိန်းစု လစဉ်ပျမ်းမျှ အသုံးစရိတ်အဆင့်အလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၆၂ |
| ၇ | အလုပ်လုပ်သောနှင့် အလုပ်မလုပ်သော ကလေးများကို ယောကျ်ားလေး၊ မိန်းကလေးအလိုက် အိမ်မှုကိစ္စဆောင်ရွက်မှု ပါဝင်မှုရာခိုင်နှုန်း | ၆၇ |
| ၈ | ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံရှိ အသက် ၅ နှစ်မှ ၁၇ နှစ် ကလေးဦးရေ ပျံ့နှံ့မှု | ၇၃ |
| ၉ | ငါးကိန်းစု လစဉ်တစ်ဦးပျမ်းမျှ အသုံးစရိတ်အဆင့်တွင် ကလေးလုပ်သားပါဝင်မှု | ၁၀၇ |
| ၁၀ | အလုပ်အကိုင်အခြေအနေအလိုက် အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများ | ၁၁၃ |
| ၁၁ | အလုပ်အကိုင်အမျိုးအစားအလိုက် အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်နေသော ကလေးလုပ်သား | ၁၁၇ |
| ၁၂ | ငါးကိန်းစု လစဉ်တစ်ဦးပျမ်းမျှ အသုံးစရိတ်အဆင့်အလိုက် အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေးလုပ်သား | ၁၁၉ |
| ၁၃ | ငါးကိန်းစုတစ်ဦးပျမ်းမျှအသုံးစရိတ်အလိုက် မှီခိုမှုအချိုး (%) | ၁၅၃ |
| ၁၄ | အန္တရာယ်ရှိသော လုပ်ငန်းခွင်အတွင်းရှိ အလုပ်လုပ်သော ကလေး | ၁၅၇ |

## ၂၀၁၅ ခုနှစ်၊ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းမှ ခန့်မှန်းမှုများ

| စဉ် | သွင်ပြင်လက္ခဏာများ | စုစုပေါင်း | ယောကျ်ားလေး | မိန်းကလေး |
|---|---|---|---|---|
| ၁။ | အသက်အုပ်စုအလိုက် ကလေးဦးရေ-၂၀၁၅ | | | |
| | အသက် ၅-၁၇ (စုစုပေါင်း) | ၁၂,၁၄၆,၄၆၃ | ၆,၀၁၀,၄၅၉ | ၆,၁၃၆,၀၀၄ |
| | အသက် ၅-၁၁ | ၆,၆၁၃,၆၉၆ | ၃,၃၁၁,၄၀၇ | ၃,၃၀၂,၂၈၉ |
| | အသက် ၁၂-၁၄ | ၂,၉၆၈,၈၃၅ | ၁,၄၅၇,၁၆၆ | ၁,၅၁၁,၆၇၀ |
| | အသက် ၁၅-၁၇ | ၂,၅၆၃,၉၃၁ | ၁,၂၄၁,၈၈၇ | ၁,၃၂၂,၀၄၄ |
| ၂။ | အသက်အုပ်စုအလိုက် ကျောင်းတက်နေသော/ ကျောင်းအပ်ထားသော ကလေး အရေအတွက် | | | |
| | အသက် ၅-၁၇ (စုစုပေါင်း) | ၉,၄၄၉,၄၁၇ | ၄,၆၄၂,၇၄၂ | ၄,၈၀၆,၆၇၅ |
| | အသက် ၅-၁၁ | ၅,၈၇၄,၈၅၄ | ၂,၉၂၃,၅၃၆ | ၂,၉၅၁,၃၁၈ |
| | အသက် ၁၂-၁၄ | ၂,၃၆၉,၄၅၈ | ၁,၁၅၀,၇၄၃ | ၁,၂၁၈,၇၁၅ |
| | အသက် ၁၅-၁၇ | ၁,၂၀၅,၁၀၆ | ၅၆၈,၄၆၃ | ၆၃၆,၆၄၂ |
| ၃။ | အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်ခြင်းမရှိသော ကလေးအရေအတွက် | | | |
| | အသက် ၅-၁၇ (စုစုပေါင်း) | ၁,၈၆၉,၄၉၃ | ၉၃၁,၄၂၅ | ၉၃၈,၀၆၈ |
| | အသက် ၅-၁၁ | ၁၄၆,၀၂၃ | ၆၈,၁၂၄ | ၇၇,၉၀၀ |
| | အသက် ၁၂-၁၄ | ၄၉၇,၆၉၅ | ၂၄၉,၄၉၃ | ၂၄၈,၂၀၂ |
| | အသက် ၁၅-၁၇ | ၁,၂၂၅,၇၇၅ | ၆၁၃,၈၀၈ | ၆၁၁,၉၆၇ |
| ၄။ | အသက်အုပ်စုအလိုက် ကျောင်းလုံးဝတက်ဖူးခြင်းမရှိသော ကလေးအရေအတွက် | | | |
| | အသက် ၅-၁၇ (စုစုပေါင်း) | ၇၉၂,၄၀၅ | ၄၁၉,၈၅၁ | ၃၇၂,၅၅၄ |
| | အသက် ၅-၁၁ | ၅၇၅,၅၁၁ | ၃၀၉,၉၉၉ | ၂၆၅,၅၁၃ |
| | အသက် ၁၂-၁၄ | ၉၆,၇၃၇ | ၅၃,၈၀၆ | ၄၂,၉၃၁ |
| | အသက် ၁၅-၁၇ | ၁၂၀,၁၅၆ | ၅၆,၀၄၆ | ၆၄,၁၁၁ |
| ၅။ | အသက်အုပ်စုအလိုက် ကျောင်းတက်နေသော ကလေးရာခိုင်နှုန်း | | | |
| | အသက် ၅-၁၇ (စုစုပေါင်း) | ၇၇.၇၉ | ၇၇.၂ | ၇၈.၀ |
| | အသက် ၅-၁၁ | ၈၈.၆ | ၈၈.၂ | ၈၉.၁ |
| | အသက် ၁၂-၁၄ | ၈၀.၂ | ၇၉.၈ | ၈၀.၇ |
| | အသက် ၁၅-၁၇ | ၄၈.၂ | ၄၇.၃ | ၄၉.၁ |

| စဉ် | သွင်ပြင်လက္ခဏာများ | စုစုပေါင်း | ယောကျ်ားလေး | မိန်းကလေး |
|---|---|---|---|---|
| ၆။ | **အသက် ၅-၁၇ နှစ် ကလေးများ၏ လက်ရှိလုပ်ရှားမှုအခြေအနေ** | | | |
| | အလုပ်မလုပ်သော | ၁၀,၈၆၇,၅၅၄ | ၅,၃၃၄,၂၅၁ | ၅,၅၃၃,၃၀၃ |
| | အလုပ်လုပ်နေသော (အလုပ်လက်ရှိ ကလေးများ) | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ |
| | *အလုပ်လုပ်သောကလေးများတွင်* | | | |
| | ကလေးလုပ်သား(စုစုပေါင်း) | ၁,၁၂၅,၆၆၀ | ၆၀၀,၄၇၀ | ၅၂၄,၁၉၀ |
| | အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသည့် ကလေး လုပ်သား | ၆၁၆,၈၁၅ | ၃၃၇,၃၁၈ | ၂၇၉,၄၉၈ |
| | အခြားကလေးလုပ်သား | ၅၀၈,၈၄၆ | ၂၆၄,၁၅၃ | ၂၄၄,၆၉၂ |
| ၇။ | **အသက်အုပ်စုအလိုက် အလုပ်လုပ်သော ကလေးအရေအတွက်** | | | |
| | အသက် ၅-၁၇ (စုစုပေါင်း) | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ |
| | အသက် ၅-၁၁ | ၂၁,၉၃၆ | ၈,၄၃၇ | ၁၃,၄၉၉ |
| | အသက် ၁၂-၁၄ | ၂၉၀,၂၁၆ | ၁၄၈,၇၁၃ | ၁၄၁,၅၀၃ |
| | အသက် ၁၅-၁၇ | ၉၆၆,၇၅၈ | ၅၁၉,၀၅၉ | ၄၄၇,၆၉၉ |
| ၈။ | **အသက်အုပ်စုအလိုက် အလုပ်လုပ်သော ကလေးပါဝင်မှု ရာခိုင်နှုန်း** | | | |
| | အသက် ၅-၁၇ (စုစုပေါင်း) | ၁၀.၅ | ၁၁.၃ | ၉.၈ |
| | အသက် ၅-၁၁ | ၀.၃ | ၀.၃ | ၀.၄ |
| | အသက် ၁၂-၁၄ | ၉.၈ | ၁၀.၂ | ၉.၄ |
| | အသက် ၁၅-၁၇ | ၃၇.၇ | ၄၁.၈ | ၃၃.၉ |
| ၉။ | **မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သောကလေးအရေအတွက် (၅-၁၇ နှစ်)** | | | |
| | စုစုပေါင်း | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ |
| | မြို့ပြ | ၂၅၁,၆၇၁ | ၁၃၉,၄၉၈ | ၁၁၂,၁၇၃ |
| | ကျေးလက် | ၁,၀၂၇,၂၃၈ | ၅၃၆,၇၁၀ | ၄၉၀,၅၂၇ |
| ၁၀။ | **အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်သော ကလေးအရေအတွက်(၅-၁၇ နှစ်)** | | | |
| | စုစုပေါင်း | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ |
| | အလုပ်သမားနှင့် လစာရအလုပ်သင် | ၇၂၄,၅၂၁ | ၃၇၅,၀၆၅ | ၃၄၉,၄၅၅ |
| | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၂၄၇,၂၄၅ | ၁၃၈,၂၈၃ | ၁၀၈,၉၆၂ |
| | လုပ်ခမရ မိသားစုလုပ်သား | ၃၀၇,၁၄၃ | ၁၆၂,၈၆၀ | ၁၄၄,၂၈၃ |

| စဉ် | သွင်ပြင်လက္ခဏာများ | စုစုပေါင်း | ယောကျ်ားလေး | မိန်းကလေး |
|---|---|---|---|---|
| ၁၁။ | အဓိကလုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်သောကလေးအရေအတွက် (၅-၁၇ နှစ်) | | | |
| | စုစုပေါင်း | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ |
| | လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၇၅၇,၇၉၃ | ၃၉၄,၃၇၉ | ၃၆၃,၄၁၄ |
| | သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၁၀,၅၀၉ | ၆,၃၀၆ | ၄,၂၀၃ |
| | ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၁၅၀,၇၀၀ | ၇၅,၂၅၀ | ၇၅,၄၅၀ |
| | လျှပ်စစ်၊ ဓါတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှုလုပ်ငန်း | ၂,၃၄၆ | ၇၂၀ | ၁,၆၂၅ |
| | ဆောက်လုပ်ရေးလုပ်ငန်း | ၅၀,၅၆၆ | ၄၃,၁၆၃ | ၇,၄၀၃ |
| | လက်ကားနှင့် လက်လီ ရောင်းဝယ်ရေး၊ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ရေး | ၁၃၈,၄၈၅ | ၆၀,၀၇၉ | ၇၇,၄၀၆ |
| | သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်း | ၁၇,၀၄၄ | ၁၅,၀၀၂ | ၂,၀၄၃ |
| | တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်း | ၁၄,၆၅၅ | ၆,၉၂၃ | ၇,၇၃၂ |
| | စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာ လုပ်ငန်း | ၂၁,၉၂၂ | ၁၂,၅၃၉ | ၉,၃၈၃ |
| | အိမ်အကူနှင့် ဝန်ဆောင်မှုလုပ်ငန်း | ၁၁,၃၇၁ | ၁,၁၅၆ | ၁၀,၂၁၅ |
| | အခြား | ၇၆,၁၅၃ | ၃၆,၆၃၀ | ၃၉,၅၂၂ |
| | ဖော်ပြထားခြင်းမရှိ | ၂၇,၃၆၅ | ၂၃,၀၅၀ | ၄,၃၁၅ |
| ၁၂။ | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သောကလေးအရေအတွက် (၅-၁၇ နှစ်) | | | |
| | စုစုပေါင်း | ၁,၂၇၅,၃၉၆ | ၆၇၃,၈၁၃ | ၆၀၁,၅၈၄ |
| | ၁-၂၉ နာရီ | ၉၈,၄၉၄ | ၆၃,၁၃၆ | ၃၅,၃၅၉ |
| | ၃၀-၄၃နာရီ | ၂၆၃,၇၈၂ | ၁၂၇,၉၀၅ | ၁၃၅,၈၇၈ |
| | ၄၄-၅၉ နာရီ | ၆၀၀,၄၃၀ | ၃၂၈,၃၅၇ | ၂၇၃,၀၇၃ |
| | ၆၀ နာရီနှင့်အထက် | ၃၁၁,၆၉၀ | ၁၅၄,၄၁၅ | ၁၅၇,၂၇၅ |
| | ဖော်ပြထားခြင်းမရှိ | ၃,၅၁၃ | ၂,၃၉၅ | ၁,၁၁၈ |

| စဉ် | သွင်ပြင်လက္ခဏာများ | စုစုပေါင်း | ယောကျ်ားလေး | မိန်းကလေး |
|---|---|---|---|---|
| ၁၃။ | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | |
| | စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| | ၁-၃၉ နာရီ | ၁၆.၆ | ၁၆.၅ | ၁၆.၇ |
| | ၄၀-၄၉ နာရီ | ၂၅.၄ | ၂၆.၀ | ၂၄.၇ |
| | ၅၀-၅၉ နာရီ | ၃၃.၆ | ၃၄.၆ | ၃၂.၄ |
| | ၆၀ နာရီနှင့်အထက် | ၂၄.၄ | ၂၂.၉ | ၂၆.၁ |

# အနှစ်ချုပ်

## နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အကြီးဆုံးနိုင်ငံ ဖြစ်သော်လည်း အဆင်းရဲဆုံး နိုင်ငံများထဲတွင် တစ်နိုင်ငံအဖြစ်ပါဝင်ပြီး လူဦးရေ၏ လေးပုံတစ်ပုံသည် ဆင်းရဲမှုမျဉ်း အောက်တွင် ရောက်ရှိလျက်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ ၀.၆၇ သန်း ရှိပြီး၊ အိမ်ထောင်စုလူဦးရေ ၄၈[၁] သန်းခန့်ရှိပါသည်။ မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းများတွင် ကလေးသူငယ်များကို အခကြေးငွေပေး၍ ခိုင်းစေလေ့ရှိသည်ကို တွေ့ရှိရသည့်အတွက် နိုင်ငံ၏ ကလေးလုပ်သားဈေးကွက်သည် သိသိသာသာကြီးမားလာပြီး အကာအကွယ်မဲ့သော အနေ အထားသို့ ရောက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို ၂၀၁၅ ခုနှစ်၏ ပထမ ၃ လပတ်အတွင်း ကောက်ယူခဲ့ရာတွင် ကလေးများ၏ လုပ်ငန်းခွင်တွင် ပါဝင်လုပ်ဆောင်မှုနှင့် ဝိသေသလက္ခဏာ များကို အသေးစိတ်ကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူခဲ့ခြင်းမှ ရရှိခဲ့သော အဓိကတွေ့ရှိ ချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

### ယေဘုယျလူဦးရေနှင့် ကလေးအရေအတွက်

- ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အိမ်ထောင်စုလူဦးရေသည် ၄၈ သန်းရှိပြီး အမျိုးသမီး ဦးရေ ၅၃% (၂၅.၄ သန်း) နှင့် အမျိုးသားဦးရေ ၄၇% (၂၂.၆ သန်း) ရှိပါသည်။ လူဦးရေ၏ ၂၇% သည် ၅ နှစ်မှ ၁၇ နှစ်အထိရှိသော ကလေးသူငယ်များဖြစ်သည်။ စုစုပေါင်း ကလေးသူငယ်ဦးရေ ၁၂ သန်းတွင် မိန်းကလေးနှင့် ယောကျ်ားလေးဦးရေ မှာ ၆ သန်း စီ အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။
- အဆိုပါ ကလေးသူငယ်ဦးရေ ၁၂ သန်း၏ ထက်ဝက်ကျော် (၅၄%) သည် အသက် ၅ နှစ်မှ ၁၁ နှစ်အထိရှိသော အငယ်ဆုံးအသက်အရွယ်အုပ်စုဖြစ်ပြီး၊ ၂၁% သည် ၁၅ နှစ်မှ ၁၇ နှစ်အထိရှိသော အကြီးဆုံးအသက်အရွယ်အုပ်စုဖြစ်ကြောင်း တွေ့ရှိရ ပါသည်။
- အသက်အရွယ်အုပ်စုအားလုံးတွင် ကျား၊ မ ပျမ်းမျှအရေအတွက်မှာ တူညီမှုရှိကြောင်း တွေ့ရှိရပါသည်။

[၁] ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

- ကလေးသူငယ်များ၏ ၇၄% သည် ကျေးလက်နေသူများဖြစ်ပြီး၊ ကျန် ၃၀% ခန့်သာ မြို့ပြနေထိုင်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။
- မြို့ပြ၊ ကျေးလက်ဒေသများရှိ ကလေးများ၏ ကျား၊ မ ပေါင်းစပ်ပါဝင်မှုသည် အနီးစပ်ဆုံး တူညီသည်ကို တွေ့ရှိရမည်ဖြစ်ပြီး မြို့ပြဒေသတွင် ကျား၊ မ ပါဝင်မှုသည် ၂၅% စီနှင့် ကျေးလက်ဒေသတွင် ကျား၊ မ ပါဝင်မှုသည် ၇၅% စီဖြစ်ကြောင်း တွေ့ရှိရပါသည်။
- ကလေးသူငယ်များ၏ အရေအတွက်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ခြားနားမှုရှိသည်ကို တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်တွင် (၁၃%)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကလေးသူငယ်ပါဝင်မှု (၁၂.၃%) အများဆုံးဖြစ်ပြီး ကယားပြည်နယ်တွင် ကလေးသူငယ်ပါဝင်မှု (၀.၇%) အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်းသည် ၁ မှ ၁၀ အတွင်းရှိကြောင်း တွေ့ရှိရပါသည်။
- တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် ကျား၊ မ တန်းတူညီမျှမှု ရှိသည်ကို တွေ့ရှိရပါသည်။

**အလုပ်လုပ်သောကလေးနှင့် အလုပ်မလုပ်သောကလေးတို့၏ ကျောင်းတက်ရောက်မှုနှင့် အိမ်မှုကိစ္စဆောင်ရွက်မှု**

**(၁) ကျောင်းတက်ရောက်မှု**

- ကလေးသူငယ်များ၏ ၇၈% ခန့်သည် ကျောင်းနေသော ကလေးများ ဖြစ်ကြသည်။ လူဦးရေအားဖြင့် ယောကျ်ားလေးဦးရေ ၄,၆၄၂,၇၄၂ ဦးနှင့် မိန်းကလေးဦးရေမှာ ၄,၈၀၆,၆၇၅ ဦးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ကျား၊ မ အလိုက် ၇၇% ခန့်စီ ရှိကြသည်ကို တွေ့ရှိရပါသည်။
- ကျောင်းနေသော ကလေးများအား လေ့လာရာတွင် အသက် ၅ နှစ်မှ ၁၁ နှစ်အထိ ကလေးသူငယ်များ၏ ၈၉% နီးပါးနှင့် အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ ကလေးသူငယ်များ၏ ၈၀% ရှိသည်ကို တွေ့ရှိရပြီး အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ ကလေးသူငယ်များ၏ ၅၀% သာ ကျောင်းသို့ တက်ရောက်ကြသည်ကို တွေ့ရှိရပါသည်။
- မြို့ပြနေ ယောကျ်ားလေးနှင့် မိန်းကလေးများ၏ ပညာသင်ကြားမှုနှုန်းမှာ ပို၍ မြင့်မားသည်ကိုတွေ့ရသည်။

- မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏ ၈၃% သည် ကျောင်းတက်နေသူများ ဖြစ်ပြီး အလုပ်လုပ်ကိုင်ခြင်းမရှိပါ။ အဆိုပါရာခိုင်နှုန်းသည် အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိ ကလေးသူငယ်များတွင် အများဆုံး (၉၇.၅%) ဖြစ်ပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုတွင် ၈၂.၆% သည် ကျောင်းတက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အရွယ်တွင် ၎င်းတို့၏ ၅၀% ခန့်မှာ ကျောင်းထွက်လိုက်ကြပြီး ယင်းတို့အနက် ယောကျ်ားလေးဦးရေမှာ မိန်းကလေးဦးရေထက်ပိုသည်ကို တွေ့ရပါသည်။ ပညာသင်ကြားမှုနှုန်း ကျဆင်းရခြင်း၏ အကြောင်းအရင်းကို လေ့လာကြည့်လျှင် ဆင်းရဲနွမ်းပါးမှု၊ နေထိုင်မှုအဆင့်အတန်း၊ အိမ်ထောင်စုဝင်များ ပါဝင်ဆောင်ရွက်မှု ပိုမိုလိုအပ်သော စိုက်ပျိုးရေးနှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများ၏ သဘော သဘာဝ၊ အလုပ်နှင့်ပညာရေးအကြား ဝေခွဲမရဖြစ်ခြင်းနှင့် ကျောင်းနေရန် လက်လှမ်းမမီခြင်းစသည့် အချက်တို့အပေါ်တွင် မူတည်ပါသည်။

- ဆယ်ကိန်းစုအဆင့်အလိုက် တစ်ဦးချင်းလစဉ်ပျမ်းမျှအသုံးစရိတ် အုပ်စုတိုင်းတွင် ပျမ်းမျှကျောင်းတက်ရောက်မှုအဆင့်သည် ၈၀% ကျော်ရှိသည်ကို တွေ့ရှိရသော်လည်း ၀-၂၀ အဆင့်တွင် အနိမ့်ဆုံး ၇၉.၂% နှင့် ၈၀-၁၀၀ အဆင့်တွင် အမြင့်ဆုံး ၈၉% ဖြစ်သည်ကို တွေ့ရှိရပါသည်။ အမြင့်ဆုံးအဆင့်တွင်ရှိသော အိမ်ထောင်စုများ၏ ကလေးများအနေဖြင့် ကျောင်းထွက်၍ လုပ်သားဈေးကွက်သို့ ဝင်ရောက်ရမှုနှုန်း နည်းပါး သည်ကို တွေ့ရှိရပါသည်။

- ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုအနက် ၁၄ ခုတွင် ကျောင်းတက်သူဦးရေ ၇၅% ထက်ပိုမိုပြီး၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုတွင် ကျောင်းတက်သူ မိန်းကလေးဦးရေသည် ယောကျ်ားလေးဦးရေထက် ပိုများသည်ကို တွေ့ရှိရပါသည်။

- ကလေးသူငယ်များ၏ ၁၅% ဖြစ်သော လူဦးရေ ၁,၈၆၉,၄၉၃ ဦးသည် ကျောင်းတက်နိုင်ခြင်းမရှိဘဲ၊ ၎င်းကျောင်းမတက်သူဦးရေ၏ ၆၅% ဖြစ်သော ၁,၂၂၅,၇၇၅ ဦးမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများ ဖြစ်ကြပါသည်။ ကလေးသူငယ်အားလုံး၏ ၆.၅% ခန့်သည် ကျောင်းလုံးဝတက်ရောက်ဖူးခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (၂) အိမ်မှုကိစ္စများ

- ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အဝတ်လျှော်ခြင်း စသည်တို့သည် ကလေးသူငယ်များ အများဆုံး ဆောင်ရွက်ကြရသည့်အိမ်မှုကိစ္စများဖြစ်ပြီး၊ ထမင်းဟင်းချက်ပြုတ်ခြင်းကို မိန်းကလေးအများစုက ဆောင်ရွက်ကြရကြောင်း တွေ့ရှိရပါသည်။
- အိမ်မှုကိစ္စများဆောင်ရွက်ခြင်းလုပ်ငန်းအား ရာခိုင်နှုန်းအားဖြင့် မိန်းကလေးများက ယောကျ်ားလေးများထက် ပိုမိုဆောင်ရွက်ကြရသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ရှိ အလုပ်လုပ်သောကလေးသူငယ်များ၏ အိမ်မှုကိစ္စဆောင်ရွက်မှုတွင် မိန်းကလေးများ၏ ရာခိုင်နှုန်းသည် ယောကျ်ားလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။
- မြို့ပြ၊ကျေးလက်နေထိုင်ခြင်းအား ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ လေ့လာရာတွင် အလုပ်လုပ်သော ကလေးသူငယ်များသည် အိမ်မှုကိစ္စများကို ဆောင်ရွက်ရာ၌ အလုပ်မလုပ်သော ကလေးသူငယ်များထက် ပို၍ဆောင်ရွက်ကြရသည်ကို တွေ့ရှိရပါသည်။
- အလုပ်လုပ်နေသည်ဖြစ်စေ အလုပ်မလုပ်သည်ဖြစ်စေ အိမ်မှုကိစ္စများ အများဆုံး ဆောင်ရွက်ရသည့် အသက်အုပ်စုမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အသက်အုပ်စုဖြစ်ကြောင်း တွေ့ရှိရပါသည်။
- ကလေးသူငယ်များ၏ လေးပုံသုံးပုံခန့်သည် ရက်သတ္တပတ်လျှင် အနည်းဆုံး တစ်နာရီခန့် အိမ်မှုကိစ္စများကို ဆောင်ရွက်ရလေ့ရှိပါသည်။ မြို့ပြနေ ကလေးသူငယ်များ၏ အိမ်မှုကိစ္စ ဆောင်ရွက်မှုနှုန်းသည် ကျေးလက်ဒေသနေ ကလေးသူငယ်များထက် ပိုမိုသည်ကိုတွေ့ရှိရပြီး ကျေးလက်၊ မြို့ပြ မခွဲခြားဘဲ ကလေးများ၏ အိမ်မှုကိစ္စ ဆောင်ရွက်မှုနှုန်းကို လေ့လာကြည့်လျှင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ပိုသည်ကို တွေ့ရှိရပါသည်။
- မိန်းကလေးများ၏ အိမ်မှုကိစ္စဆောင်ရွက်ရန်အတွက် တစ်ပတ်ပျမ်းမျှ နာရီ (၁၀.၃၃ နာရီ) သည် ယောကျ်ားလေးများ(၉.၃၇ နာရီ) ထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါ သည်။
- အသက် ၅ နှစ်မှ ၁၁ နှစ်အထိ ကလေးသူငယ်များတွင် မိန်းကလေးများ၏ ၉၀% နှင့် ယောကျ်ားလေးများ၏ ၃၄% တို့သည် တစ်ပတ်တွင် အနည်းဆုံး တစ်နာရီခန့် အိမ်မှုကိစ္စများကို ဆောင်ရွက်ကြရကြောင်း တွေ့ရှိရ ပါသည်။

## အလုပ်လုပ်သောကလေးသူငယ်များ

### (၁) လူဦးရေစာရင်း

- ကလေးသူငယ်များ၏ ၁၀.၅% သို့မဟုတ် ၁,၂၇၈,၉၀၉ ဦးသည် အလုပ်လုပ်နေသော ကလေးသူငယ်များဖြစ်ပြီး ယောကျ်ားလေးဦးရေ ၆၇၆,၂၀၈ နှင့် မိန်းကလေးဦးရေ ၆၀၂,၇၀၁ ဦးရှိကြောင်း တွေ့ရှိရ ပါသည်။
- အလုပ်လုပ်သော ကလေးသူငယ်များ၏ ၇၅% (သို့မဟုတ်) ၉၆၆,၇၅၈ ဦးသည် အသက်အုပ်စု ၁၅ နှစ်မှ ၁၇ နှစ်အထိဖြစ်ပြီး ယောကျ်ားလေး ၅၃% နှင့် မိန်းကလေး ၄၇% တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အလုပ်လုပ်နေသော ကလေးသူငယ်များ၏ ၈၀% နီးပါးသည် ကျေးလက်ဒေသတွင်နေထိုင်ကြသူများဖြစ်ပြီး ၎င်းတို့၏ ၅၃% သည် ယောကျ်ားလေးများဖြစ်ကြသည်ကို တွေ့ရှိရပါသည်။
- အလုပ်လုပ်နေသော ကလေးသူငယ်များ၏ ၅၇% သည် လုပ်ခ လစာရ အလုပ်သမားများဖြစ်ကြပြီး၊ ကျန်လူဦးရေသည် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် အခကြေးငွေမရသော မိသားစုဝင်လုပ်သားများ ဖြစ်ကြောင်းတွေ့ရှိ ရပါသည်။

### (၂) လုပ်ကိုင်လျက်ရှိသော အဓိကလုပ်ငန်းများနှင့် အဓိကအလုပ်အကိုင်များ

- အလုပ်လုပ်နေသောကလေးသူငယ်များ အဓိကလုပ်ကိုင်ရသော လုပ်ငန်းများမှာ ရာခိုင်နှုန်းအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် ငါးလုပ်ငန်းများတွင် ၆၀.၅%၊ ကုန်ထုတ်လုပ်ငန်းများတွင် ၁၂%၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ၁၁.၁% နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် ၆.၁% တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- မြို့ပြနေကလေးသူငယ်များသည် လက်မှုပညာနှင့် ဆက်စပ်သောလုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်ငန်းများကို အများအားဖြင့်လုပ်ကိုင်လေ့ရှိကြပြီး၊ ကျေးလက်ဒေသများတွင်မူ လယ်ယာလုပ်ငန်းနှင့် အခြေခံလွယ်ကူသောလုပ်ငန်းများကို လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။ ကျေးလက်ဒေသနှင့် စိုက်ပျိုးရေးလုပ်ငန်းများသည် ကလေးများအပေါ် မှီတည်နေပြီး အဆိုပါလုပ်ငန်းများသည် ကလေးများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။ ယောကျ်ားလေးနှင့် မိန်းကလေးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိစေနိုင်သည်ကိုတွေ့ရှိရပါသည်။

## (၃) အလုပ်ချိန်

- ကလေးသူငယ်များသည် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် ၅၂ နာရီခန့် အလုပ်လုပ်ကြရပြီး မိန်းကလေးများက ယောကျ်ားလေးများထက် အလုပ်ချိန် အနည်းငယ် ပိုသည်ကိုတွေ့ရသည်။ အလုပ်လုပ်နေသော ကလေးသူငယ်များ ၏ ၂၄.၄% မှ ၃၃.၆% အထိသည် တစ်ပတ်လျှင် အလုပ်ချိန် ၆၀ နာရီနှင့် ၅၀ နာရီမှ ၅၉ နာရီအထိ ပိုမိုလုပ်ကိုင်ရသော ခက်ခဲပင်ပန်းသည့် လုပ်ငန်းများကို လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ တစ်နည်းဆိုရလျှင် ယင်းကလေး သူငယ်များသည် ရက်သတ္တတစ်ပတ်လျှင် အလုပ်လုပ်ရက် ၆ ရက်နှင့် တွက်ပါ က တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီမှ ၁၀ နာရီထိ လုပ်ကိုင်ကြရကြောင်း တွေ့ရှိရ ပါသည်။
- ၎င်းတို့ လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော အဓိကလုပ်ငန်းများတွင် ကလေး သူငယ်များ၏အလုပ်ချိန်သည် ပျမ်းမျှတစ်ပတ်လျှင် ၅၂ နာရီရှိသည်ကို တွေ့ရှိရပါသည်။
- မြို့ပြနေ ကလေးသူငယ်များ၏ အလုပ်ချိန်သည် ကျေးလက်နေ ကလေးသူငယ် များ၏ အလုပ်ချိန်ထက် အနည်းငယ်ပိုသည်ကိုတွေ့ရပါ သည်။

## (၄) လုပ်ခ လစာရရှိမှုနှင့် ပေးချေမှုကာလအပိုင်းအခြား

- လုပ်ခလစာရအလုပ် လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ၆၁% ခန့် သည် ၎င်းတို့၏နောက်ဆုံးလုပ်ခကို တစ်ရက်အတွက်ရရှိပြီး ရာခိုင်နှုန်းအားဖြင့် ယောကျ်ားလေးများသည် မိန်းကလေးများထက် မြင့်မားသည်ကို တွေ့ရှိရ ပါသည်။
- မြို့ပြနေ ကလေးသူငယ်အများစုသည် လုပ်ခကို တစ်လတစ်ကြိမ်ရရှိပြီး ကျေးလက်နေကလေးသူငယ်အများစုမှာမူ လုပ်အားခကို နေ့အလိုက်ရရှိသည် ကိုတွေ့ရသည်။ လစာကို လအလိုက်ရရှိသော မြို့ပြနေ ကလေးသူငယ်များတွင် မိန်းကလေး ၆၅% နှင့် ယောကျ်ား လေး ၄၇% ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ ကလေးသူငယ်များတွင် လအလိုက်နှင့် နေ့အလိုက် လုပ်ခရရှိမှုရာခိုင်နှုန်းကို လေ့လာကြည့်လျှင် မိန်းကလေးများ သည် ယောကျ်ားလေးများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

- မြို့ပြနေ ယောကျ်ားလေးများသည် ကျေးလက်နေ ယောကျ်ားလေးများထက် လုပ်ခလစာ ပိုမိုများပြားပြီး၊ အခြားတစ်ဘက်တွင်မူ ကျေးလက်ရှိ နေ့စား မိန်းကလေးများ၏ လစာသည် ပိုမိုမြင့်မားကြောင်း တွေ့ရှိရ ပါသည်။
- မြို့ပြ၊ ကျေးလက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ လေ့လာရာတွင် တစ်ရက်အတွက် သို့မဟုတ် တစ်လအတွက် လုပ်ခရရှိမှု၌ ယောကျ်ားလေး များသည် မိန်းကလေးများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။
- အသက်အရွယ်အလိုက် လေ့လာရာ၌ အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ ကလေး သူငယ်များတွင် လုပ်ခကို နေ့အလိုက်ရရှိမှု ပိုမိုမြင့်မားပြီး၊ အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အသက်အရွယ်အုပ်စုတွင် လုပ်ခကို လအလိုက်ရရှိမှုသည် ပိုမို မြင့်မားသည်ကို တွေ့ရှိရပါသည်။
- ပျမ်းမျှအားဖြင့် ကလေးအလုပ်သမားတစ်ဦးသည် တစ်နာရီလျှင် ၄၀၀ ကျပ် ရရှိပြီး သတ္တုနှင့် ကျောက်တူးဖော်ခြင်း လုပ်ငန်းများတွင် အမြင့်မားဆုံး အနေဖြင့် တစ်နာရီလုပ်ခ ၆၀၀ ကျပ် ရရှိကြောင်း တွေ့ရှိရပါသည်။

**(၅) လုပ်ငန်းနေရာနှင့် လုပ်ငန်းပိုင်ဆိုင်မှု**

- အလုပ်လုပ်နေသော ကလေးသူငယ်အများစု (၅၅.၇%) သည် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းနေရာများ၊ ပင်လယ်ပြင်နှင့် မြစ်ချောင်းများတွင် လုပ်ကိုင် နေကြရကြောင်း တွေ့ရှိရပါသည်။
- ကျေးလက်တွင် အလုပ်လုပ်သောကလေးသူငယ်များ၏ ၆၆% သည် လယ်ယာ လုပ်ငန်းခွင်များ၌ လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။
- အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အသက်အုပ်စု၏ ၅၉% နှင့် အသက် ၁၂ နှစ် မှ ၁၄ နှစ်အတွင်း အသက်အုပ်စု၏ ၅၅% တို့သည် လယ်ယာ လုပ်ငန်းခွင်များ တွင် လုပ်ကိုင်ကြရသည်ကိုတွေ့ရှိရသည်။

**ကလေးလုပ်သားနှင့် အန္တရာယ်ရှိသောအလုပ်လုပ်နေသည့် ကလေးလုပ်သားများ ၏ ဝိသေသလက္ခဏာများ**

**(၁) ပမာဏ**

- ကလေးသူငယ်များ၏ ၉% (၁.၁ သန်း) ခန့်သည် ကလေးလုပ်သားများ ဖြစ်ကြသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့တွင် ယောကျ်ားလေး ၀.၆ သန်းနှင့် မိန်းကလေး ၀.၅ သန်းတို့ အသီးသီးရှိကြကြောင်း တွေ့ရှိရ ပါသည်။

- တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ခုတွင် ကလေးလုပ်သား ရာခိုင်နှုန်း သည် ၉% နှင့် ၁၂% ကြားတွင်ရှိကြောင်း တွေ့ရှိရပါသည်။

- မြို့ပြနေ ကလေးသူငယ်များ၏ ၇.၁% (၂၂၁,၉၇၈) ခန့်သည် ကလေး လုပ်သားများဖြစ်ကြပြီး၊ ၎င်းတို့တွင် ၁၂၄,၀၄၆ သည် ယောက်ျားလေးများ ဖြစ်၍ ၉၇,၉၃၁ သည် မိန်းကလေးများဖြစ်ကြောင်း တွေ့ရှိရပါသည်။

- အသက်အုပ်စုအလိုက် ကလေးလုပ်သားပါဝင်မှုတွင် အသက် ၁၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုသည် ၇၃% (၈၂၀,၆၆၆)၊ အသက် ၁၂ နှစ်မှ ၁၄ နှစ်အတွင်း အသက်အုပ်စုသည် ၂၅% နှင့် အသက် ၅ နှစ်မှ ၁၁ နှစ် အထိအသက် အုပ်စုသည် ၂% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

- အန္တရာယ်ရှိသောအလုပ်လုပ်နေသည့် ကလေးလုပ်သားများ၏ ၇၅% သည် အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများဖြစ်ကြပြီး၊ အသက် ၁၂ နှစ်မှ ၁၄ နှစ် အတွင်း အသက်အုပ်စုတွင် အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေး လုပ်သားများ သုံးပုံတစ်ပုံ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**(၂) ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေး လုပ်သားများ**

- အလုပ်လုပ်နေသော ကလေးသူငယ်များ၏ ၇.၆% ခန့်သည် တစ်ပတ်လျှင် ၄၃ နာရီထက်ပိုမို၍ အလုပ်ချိန်များစွာ လုပ်ကိုင်ကြရပြီး ၅% ထက်ပိုမိုသော ကလေးသူငယ်များသည် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်ကြ ရကြောင်းတွေ့ရှိရပါသည်။ ၎င်းတို့တွင် ယောက်ျားလေးများ၏ ပမာဏသည် မိန်းကလေးများထက် ပိုမိုပါဝင်သည်ကို တွေ့ရှိရပါသည်။

- မြို့ပြနေ ကလေးသူငယ်များထက် ကျေးလက်နေ ကလေးသူငယ်များတွင် ယောက်ျားလေးများသာမက မိန်းကလေးများပါ ပို၍အန္တရာယ်များပြီး ထိခိုက် လွယ်သောလုပ်ငန်းများတွင်လုပ်ကိုင်ကြရပြီး အလုပ်ချိန်လည်း ပိုမိုကြာမြင့်စွာ လုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။

- အန္တရာယ်များသော အလုပ်များတွင် အများဆုံးလုပ်ကိုင်နေရသော အသက် အုပ်စုမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း အသက်အုပ်စုဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ ၎င်းအသက်အုပ်စုအတွင်းရှိ အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ၁၈% သည် အန္တရာယ်ရှိသော အလုပ်များတွင် လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ ၂၇% သည် အလုပ်ချိန်များပြားစွာ လုပ်ကိုင်ရပြီး၊ ၃၂% သည် အခြားကလေးလုပ်သားပုံစံမျိုးဖြင့် လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရ

ပါသည်။ အလုပ်ချိန်များစွာ လုပ်ကိုင်နေရခြင်းကို တစ်ပတ်အတွင်း အလုပ်ချိန်နှင့်တိုင်းတာပါသည်။ အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်း တစ်ပတ်တစ်နာရီနှင့် အထက်ခိုင်းစေခြင်း၊ အသက် ၁၃ နှစ်မှ ၁၄ နှစ်အတွင်း တစ်ပတ် ၂၄ နာရီနှင့် အထက် ခိုင်းစေခြင်းနှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း တစ်ပတ် ၄၄ နာရီ အထက်ခိုင်းစေခြင်းကို ဆိုလိုပါသည်။

- ကျောင်းလုံးဝတက်ရောက်ခြင်းမရှိသည့် ကလေးသူငယ်၏ ၁၀% ခန့်သည် အလုပ်လုပ်နေသော ကလေးသူငယ်များဖြစ်ကြပါသည်။ ၎င်းတို့၏ ၈.၅% သည် ကလေးလုပ်သားများဖြစ်ကြပြီး၊ ကလေးလုပ်သား တစ်ဝက်ခန့်သည် အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျောင်းလုံးဝ တက်ရောက်နိုင်ခြင်းမရှိဘဲ ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးလုပ်သားများအဖြစ် လုပ်ကိုင်ကြရသော ကျေးလက်ဒေသရှိ ကလေးသူငယ်များ၏ အရေအတွက်သည် မြို့ပြနေ ကလေးသူငယ်များထက် နှစ်ဆခန့်ရှိကြောင်း တွေ့ရှိရပါသည်။

## (၃) ကလေးလုပ်သားနှင့် အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ် (MPCE) အဆင့်များ

- အိမ်ထောင်စု တစ်လပျမ်းမျှ အသုံးစရိတ်အဆင့် မြင့်မားသည့် အိမ်ထောင်စုများတွင် ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးလုပ်သားများ၏ပါဝင်မှုသည် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။
- အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ်အဆင့် ၆၀-၈၀ အကြားရှိသော အိမ်ထောင်စုများတွင် ယောကျ်ားလေးများ၏ အန္တရာယ်ရှိသော လုပ်ငန်းများတွင်လုပ်ကိုင်နေသော ကလေးလုပ်သားများအဖြစ်နှင့် အခြားကလေးလုပ်သားများအဖြစ် ပါဝင်မှုသည် မိန်းကလေးများထက် မြင့်မားသည်ကို တွေ့ရှိရပြီး အခြားအမျိုးအစားများတွင် လေ့လာတွေ့ရှိရသော ယေဘုယျအခြေအနေနှင့် မတူညီကြပေ။
- အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ်အဆင့် ၄၀-၆၀ ကြားအဆင့်တွင် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးလုပ်သားများ ပါဝင်မှု (၆၁.၇%) သည် အိမ်ထောင်စုတစ်လပျမ်းမျှ အသုံးစရိတ်အဆင့် ၈၀-

၁၀၀ အကြား အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးလုပ်သားများပါဝင်မှု (၅၉.၉%) ထက် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

- ယေဘုယျအားဖြင့် အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ်အဆင့် နည်းပါးလေလေ ယောက်ျားလေးများသည် မိန်းကလေးများထက် ကလေးလုပ်သားနှင့် အန္တရာယ်ရှိသောလုပ်ငန်းများတွင်လုပ်ကိုင်နေသော ကလေးလုပ်သားများအဖြစ် ပိုမိုလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု တစ်လပျမ်းမျှအသုံးစရိတ်အဆင့် ၈-၂၀ မှလွဲ၍ ကျန်အဆင့်အားလုံးတွင် ယောက်ျားလေးများ၏ အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးလုပ်သားပါဝင်မှုသည် မိန်းကလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

**(၄) ကလေးလုပ်သားများ၏ အခြေအနေ၊ အလုပ်အကိုင်နှင့် လုပ်ကိုင်နေသည့်အဓိကလုပ်ငန်းကဏ္ဍနှင့် အလုပ်ချိန်နာရီ**

- လခစား အလုပ်သမား ကလေးသူငယ်များ၏ ၉၀% တွင် ၄၈.၂% သည် အန္တရာယ်များသော အလုပ်အကိုင် အခြေအနေများတွင် လုပ်ကိုင်ကြရပြီး၊ ၄၂.၁% သည် အခြားသောကလေးလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အခကြေးငွေမရသော မိသားစုဝင်လုပ်သားအဖြစ် လုပ်ကိုင်နေသည့် ကလေးအများစု (၂၃.၂%) သည်လည်း အန္တရာယ်ရှိသော လုပ်ငန်းခွင်အခြေအနေတွင် လုပ်ကိုင်နေကြရသူများ ဖြစ်ကြသည်ကို တွေ့ရှိရပါသည်။
- ဆောက်လုပ်ရေး လုပ်ငန်းများတွင် လုပ်ကိုင်နေကြရသည့် ကလေး ၆၃% (၅၀,၀၀၀ ဦး) နှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများနှင့် သစ်တောလုပ်ငန်းများတွင် လုပ်ကိုင်နေကြရသူ ကလေးသူငယ် ၅၄.၆% (၇၅၈,၀၀၀ဦး) တို့သည်လည်း အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေရသည့် ကလေးလုပ်သားများအဖြစ် ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်နေရသည့် ကလေးလုပ်သားများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် အများဆုံးပါဝင်ပြီး၊ လျှပ်စစ်နှင့် ဓါတ်ငွေ့ဆိုင်ရာလုပ်ငန်းများတွင် အနည်းဆုံးပါဝင်ကြောင်း တွေ့ရှိရပါသည်။
- ကလေးလုပ်သား ၉၂% ကို အဓိကအလုပ်အကိုင် ၃ မျိုးဖြစ်သည့် ကျွမ်းကျင်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်သားတွင် ၄၈%၊ အခြေခံအလုပ်အကိုင်များတွင် ၃၀%၊ လက်မှုပညာနှင့် ဆက်စပ်လုပ်ကိုင်သူတွင် ၁၃% တို့ဖြစ်ကြောင်းတွေ့ရှိရပါသည်။

- ကလေးလုပ်သားများ၏ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီမှာ ၅၄.၂၂ နာရီ ဖြစ်ပြီး တစ်ရက်လျှင် ၉ နာရီအထက်လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်ထိ အသက်အုပ်စုတွင် ၅၅.၂၂ နာရီ၊ အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ အသက်အုပ်စုတွင် ၅၂.၃၃ နာရီ ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- မြို့ပြကလေးများနှင့် အထူးသဖြင့် မြို့ပြမိန်းကလေးများ (၅၃.၈၂ နာရီ) နှင့် ကျေးလက်မိန်းကလေးများ (၅၇.၄၉ နာရီ) ၏ အလုပ်ချိန်သည် ပိုမိုရှည်ကြာသည်ကို တွေ့ရှိရပါသည်။
- အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးစုစုပေါင်းသည် ၆၁၆,၈၁၅ ဦးဖြစ်ပြီး ၎င်းတို့သည် တစ်ပတ်ပျမ်းမျှ အလုပ်ချိန် နာရီ ၅၁.၉ နာရီလုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ အသက် အုပ်စု ၁၅-၁၇ နှစ်နှင့် ၁၂-၁၄ နှစ်အတွင်းရှိ အလုပ်လုပ်သော ကလေးများ၏ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီမှာ ၅၂ နာရီဖြစ်ကြောင်း တွေ့ရှိရပါသည်။
- မြို့ပြရှိ အန္တရာယ်ရှိသောလုပ်ငန်းများကို လုပ်ကိုင်နေကြရသည့် ကလေးသူငယ်များ၏ ၁၇% သည် ပျမ်းမျှတစ်ပတ်လျှင် ၅၄.၄ နာရီအထိ လုပ်ကိုင်နေကြရကြောင်းတွေ့ရှိရပါသည်။

(၅) **အခြားသက်ဆိုင်သော ဝိသေသလက္ခဏာများ**

- မြန်မာနိုင်ငံတွင် အိမ်ထောင်စုအရေအတွက် ၁၁ သန်းနီးပါးရှိသည့် အနက် ၎င်းတို့၏ ၂၈% သည် မြို့ပြဒေသတွင် နေထိုင်ကြပြီး၊ ၇၂% သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း တွေ့ရှိရပါသည်။
- ၎င်းအိမ်ထောင်စုများ၏ ၆၀% တွင် အနည်းဆုံး ကလေးတစ်ယောက်ရှိပြီး၊ အဆိုပါကလေးရှိသည့် အိမ်ထောင်စုများ၏ ၆ ပုံ ၁ ပုံတွင် အနည်းဆုံး အလုပ်လုပ်နေသည့် ကလေးတစ်ဦးရှိကြောင်း တွေ့ရှိရပါ သည်။
- အိမ်ထောင်စုများ၏ ၁၂% သည် အကြွေးတင်နေကြကြောင်း တွေ့ရှိရ ပါသည်။
- ကလေးသူငယ်များလုပ်ကိုင်နေကြရသည့် အန္တရာယ်ရှိသော အလုပ်အကိုင်များကိုလေ့လာကြည့်လျှင် ဖုန်များနှင့် အခိုးအငွေ့များကြောင့် ၄၀%၊ အန္တရာယ်ရှိသောစက်ကိရိယာများကြောင့် ၁၆.၅%၊ အပူ အအေး ပြင်းထန်မှု ၁၁% နှင့် ဓာတုဗေဒပစ္စည်းများကြောင့် ၉.၅% တို့ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

- စိုက်ပျိုးရေး၊ သတ္တုတူးဖော်ခြင်း၊ ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်းများသည် ကလေးငယ်အများစုကို ဖုန်၊ အခိုးငွေ့၊ အန္တရာယ်ရှိသော စက်ပစ္စည်းများ၊ အပူ၊ အအေးနှင့် ဓာတုဗေဒပစ္စည်းများကို ထိတွေ့စေသည့် အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်နေသူများဖြစ်စေသော အဓိက လုပ်ငန်းကဏ္ဍများဖြစ်ကြောင်း တွေ့ရှိရပါသည်။
- ယောကျ်ားကလေးများသည် မိန်းကလေးများထက် အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။
- ကျေးလက်ဒေသရှိ ကလေးသူငယ်များသည် အန္တရာယ်ရှိသော အလုပ်အကိုင်များကို ပိုမိုလုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။
- အသက် ၁၂ နှစ်မှ ၁၄ နှစ်အထိ အသက်အုပ်စုနှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အသက်အုပ်စုများအတွင်းရှိ ကလေးအများစုသည် အန္တရာယ်ရှိသော အလုပ်များကို ပိုမိုလုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။
- အလုပ်လုပ်နေသော ကလေးများ၏ ၃.၅% သည် လုပ်ငန်းခွင်အတွင်း အတောမသတ် အော်ပြောခြင်း၊ ဆဲဆိုခြင်းများကို ခံနေရကြောင်း တွေ့ရှိရပါသည်။
- လွန်ခဲ့သောတစ်နှစ်အတွင်း အလုပ်လုပ်သော ကလေးများ၏ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုရာခိုင်နှုန်းသည် အလွန်နည်းပါးသည် ကို တွေ့ရှိရပါသည်။

ပုံ-၁။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံရှိ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ပျံ့နှံ့မှု



# အခန်း (၁)

# နိဒါန်း

## ၁.၁ နိဒါန်း

အချိန်နှင့်တပြေးညီဖြစ်သော အချက်အလက်များနှင့် ပြီးပြည့်စုံသော လုပ်သားဈေးကွက် အချက်အလက်များ မရှိခြင်းသည် လုပ်သားဈေးကွက်နှင့် လူမှုကာကွယ်ရေးမူဝါဒများ အပါအဝင် အလုပ်အကိုင်ဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် အဓိကအတားအဆီးတစ်ရပ် ဖြစ်စေပါသည်။ လုပ်သားအင်အားစစ်တမ်း ကောက်ယူခြင်းသည် အဆိုပါလိုအပ်ချက်များဖြစ်သည့် ယုံကြည်ကိုးစားရသော၊ အချိန်နှင့်တပြေးညီဖြစ်သော လုပ်သားဈေးကွက် သတင်းအချက်အလက်များကို အသက်အပိုင်းအခြားအလိုက်၊ ကျား၊ မ အလိုက် အလုပ်အကိုင်အခြေအနေများကို လုပ်ငန်းကဏ္ဍနှင့် အလုပ်အကိုင်အမျိုးအစားအလိုက် နယ်မြေဒေသများခွဲခြား၍လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်းကောင်း ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၂၅ နှစ်ကျော် လုပ်သားအင်အားစစ်တမ်းကို ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ ၁၉၉၀ ခုနှစ်ကသာ နောက်ဆုံးကောက်ယူနိုင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံသည် ဧရိယာစတုရန်းမိုင်ပေါင်း ၆၇၈,၅၀၀ ရှိပြီး လူဦးရေ သန်း ၅၁ ခန့်ရှိပါသည်။ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ လူဦးရေ၏ အလယ်ကျသည့် အသက်မှာ ၂၇ နှစ်ဖြစ်ပြီး အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုမှာ ၆၇ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အုပ်ချုပ်မှုပိုင်းအရ မြန်မာနိုင်ငံအား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ဟူ၍ ပြည်နယ် (၇) ခု၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီဟူ၍ တိုင်းဒေသကြီး (၇) ခုနှင့် ပြည်ထောင်စုနယ်မြေအဖြစ် နေပြည်တော်ဟူ၍ ခွဲခြားထားပါသည်။ ဤအစီရင်ခံစာ၏ နောက်ပိုင်းများတွင် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များဟု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အကြီးဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်သော်လည်း အဆင်းရဲဆုံးနိုင်ငံများတွင် ပါ ဝင်နေပါသည်။ လူဦးရေအားလုံး၏ လေးပုံတစ်ပုံသည် ဆင်းရဲမှုမျဉ်း[၂]အောက်တွင် ရောက်ရှိနေကြပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် အိမ်ထောင်စုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံအလုပ်သမားများ၊ ဈေးဆိုင်အလုပ်သမားများအဖြစ် လုပ်ကိုင်နေကြသော ကလေးသူငယ်များအပေါ်တွင် တည်မှီနေပါသည်။ UNICEF ၏ ၂၀၁၆ ခုနှစ် လေ့လာချက်အရ

[၂] မြန်မာနိုင်ငံ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း ၂၀၀၉-၂၀၁၀ အရ ဆင်းရဲမှုနှုန်းမှာ ၂၅.၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

အသက် ၇ နှစ်မှ ၁၆ နှစ်အတွင်းရှိ ကလေးသူငယ်များ၏ သုံးပုံတစ်ပုံသည် အလုပ်အကိုင် တစ်ခုမဟုတ် တစ်ခုကို လုပ်ကိုင်နေကြရသည်ဟု ဖော်ပြထားပါသည်။[၃]

၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းသည် အချိန်နှင့်တပြေးညီဖြစ်သော လုပ်သားဈေးကွက်တွင် ပါဝင်သောလူဦးရေ၏ အသေးစိတ်အချက်အလက်များဖြစ်သည့် ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်သူများနှင့် မိသားစုစားဝတ်နေရေးအတွက် ပါဝင်လုပ်ဆောင်နေသူများ၏ အချက်အလက်များ အပါအဝင် အလုပ်လက်ရှိ၊ အလုပ်လက်မဲ့နှင့် ၎င်းတို့၏ ဝိသေသလက္ခဏာများကို ကောက်ယူရန်ဖြစ်ပါသည်။ ထို့အပြင် အလုပ်လုပ်ကိုင်နေသော ကလေးများနှင့် လူငယ်များ၏ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း အခြေအနေများကိုလည်း ကောက်ယူခဲ့ပါသည်။

သို့သော်လည်း ဤအစီရင်ခံစာတွင် စစ်တမ်းမှတွေ့ရှိခဲ့သော ကလေးများ၏ လှုပ်ရှားမှု အခြေအနေများ အထူးသဖြင့် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုအရွယ်အစားနှင့် သဘာဝတို့ကို ယေဘုယျအားဖြင့်လည်းကောင်း၊ ကလေးလုပ်သားများ၏ အခြေအနေကို အသေးစိတ်အားဖြင့်လည်းကောင်း ဖော်ပြထားပါသည်။ ဤအခန်းတွင် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း၏ နောက်ခံအချက်အလက်များနှင့် စစ်တမ်းကောက်ယူရသည့် ရည်ရွယ်ချက်နှင့် လွှမ်းခြုံမှုနယ်ပယ်တို့ကို ဖော်ပြထားပါသည်။ ဤအခန်း၏ နောက်ဆုံးအပိုင်းတွင် အစီရင်ခံစာ၏ ဖွဲ့စည်းပုံကို ထည့်သွင်းဖော်ပြထားပါသည်။

## ၁.၂ မျက်မှောက်ကာလ ကလေးလုပ်သားအခြေအနေ

ကမ္ဘာပေါ်တွင် မျက်မှောက်ကာလ၌ ကလေးလုပ်သားဈေးကွက်သည် အခန်းကဏ္ဍအများအပြားတွင် ကျယ်ပြန့်စွာရှိနေကြောင်း တွေ့ရှိရပါသည်။ ဤသို့ ဖြစ်ရခြင်းမှာ ပညာရေးအခွင့်အလမ်း မရှိခြင်း၊ ဆင်းရဲမွဲတေခြင်း၊ လူမှုအကာအကွယ်မရခြင်းနှင့် လူမှုရေး ခွဲခြားဆက်ဆံခံရခြင်း တို့ကြောင့် ဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း နိုင်ငံအများစုတွင် ပညာရေးအရည်အချင်း ကျွမ်းကျင်မှုအတွက် လိုအပ်သော သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် လုံလောက်စွာ မရှိခြင်းသည် ချို့တဲ့သော လူငယ်များအနေဖြင့် ကျောင်းတက်ရန် အဟန့်အတားများ ဖြစ်စေပြီး ကလေးများကို လုပ်သားဈေးကွက်သို့ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဝင်ရောက်စေသည့် အကြောင်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။

[၃] မြန်မာနိုင်ငံရှိ အလုပ်လုပ်သော ကလေးသူငယ်များ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF ၂၀၀၆ ခုနှစ်

အချိန်နှင့် နေရာအလိုက် ပြောင်းလဲနေသည့် လုပ်သားဈေးကွက်အတွင်း ကလေးသူငယ်များ၏ ပါဝင်မှုပမာဏနှင့် သဘောတရားသည် ဈေးကွက်အလားအလာနှင့် လူမှုရေး အခြေအနေများကို မြင့်မားစွာ ပြောင်းလဲနိုင်သည်ကို တွေ့ရှိရပါသည်။ ILO ၏ ကမ္ဘာလုံးဆိုင်ရာ ခန့်မှန်းချက်နှင့် ဦးတည်ချက် (၂၀၀၀-၂၀၁၂) အရ ကမ္ဘာတစ်ဝန်းလုံးတွင် ကလေးလုပ်သားဦးရေ ၁၆၈ သန်းကျော်ရှိပြီး၊ ၎င်းတို့တွင် သန်း ၁၂၀ သည် အသက် ၅ နှစ်မှ ၁၄ နှစ်အတွင်း ရှိသူများဖြစ်သည်ဟု ဖော်ပြထားပါသည်။ ကလေးလုပ်သားဦးရေကို အာရှနှင့် ပစိဖိတ်ဒေသတွင် အများဆုံး တွေ့ရပြီး၊ ဆာဟာရသဲကန္တာရ၏ အာဖရိကဘက်ခြမ်းဒေသတွင် ကလေးလုပ်သားများ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှု အမြင့်ဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။

ကလေးလုပ်သားအဖြစ် ခိုင်းစေခြင်းသည် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်များနှင့် အခြားလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းအဖြစ် အသိအမှတ်ပြုထားပါသည်။ ထိုကဲ့သို့ ခိုင်းစေခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အဟန့်အတားဖြစ်စေသကဲ့သို့ လူ့စွမ်းအားဖွံ့ဖြိုး တိုးတက်မှုအတွက် ထိခိုက်စေခြင်းနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များကို ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်စေနိုင်ပါသည်။

ကမ္ဘာပေါ်တွင် နိုင်ငံအားလုံးနီးပါး လက်ခံကျင့်သုံးထားသော ကလေးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင် (၁၉၈၉) မှချမှတ်ခဲ့သည့် ဥပဒေစံနှုန်းများတွင် ကလေးများအား စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်းနှင့် အန္တရာယ်ဖြစ်စေနိုင်သော အလုပ်လုပ်ကိုင်စေခြင်း သို့မဟုတ် ပညာသင်ယူမှုကို အဟန့်အတားဖြစ်စေသော သို့မဟုတ် ကလေးများ၏ ကျန်းမာရေး သို့မဟုတ် ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် ဉာဏ်ပညာဖွံ့ဖြိုးမှုပိုင်း ထိခိုက်စေသော အလုပ်များကို လုပ်ကိုင်စေခြင်းတို့မှ အကာအကွယ်ပေးမှုရရှိစေခြင်းသည် ကလေးများ၏ အခွင့်အရေးအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ILO ၏ လက်အောက်ရှိ အပြည်ပြည်ဆိုင်ရာ ကလေးလုပ်သား ပပျောက်ရေး အစီအစဉ် (International Programme on Elimination of Child Labour-IPEC) ကို နိုင်ငံအချင်းချင်း ဆက်သွယ်မှုအားနှင့် ကမ္ဘာ့အဆင့် လှုပ်ရှားဆောင်ရွက်မှုမှုတစ်ဆင့် ကလေးလုပ်သား ပပျောက်ရေး မျှော်မှန်းလျက် ၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ IPEC သည် အပြည်ပြည်ဆိုင်ရာ ကလေးလုပ်သားစံနှုန်းများနှင့်ကိုက်ညီမှုရှိသော သင့်လျော်သည့် ဥပဒေနှင့် မူဝါဒများချမှတ် အကောင်အထည်ဖော်ရန် တွန်းအားပေးသည့် အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှု ပပျောက်ရေး လမ်းစဉ်ကို ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ကလေးလုပ်သားဆန့်ကျင်မှုကို နိုင်ငံအဆင့် အရှိန်အဟုန်မြင့် ဆောင်ရွက်ရေး အရေးကြီးလိုအပ်ချက်အနေဖြင့် မီးမောင်းထိုးပြခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ

ကလေးလုပ်သားညီလာခံတွင် အတည်ပြုချမှတ်ခဲ့ပါသည်။ IPEC အနေဖြင့် နိုင်ငံ ၁၀၀ ကျော်တွင် ကလေးလုပ်သားစစ်တမ်း ၂၅၀ ကျော်ကို ကူညီပံ့ပိုးပေးခဲ့ပြီးဖြစ်ပါသည်။

ကလေးလုပ်သားဆိုသည်မှာ ကလေးများ၏ ဘဝ၊ ၎င်းတို့၏ အလားအလာနှင့် ၎င်းတို့၏ ဂုဏ်သိက္ခာကို အဟန့်အတားဖြစ်စေသည့်အလုပ်နှင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်း ဖွံ့ဖြိုးမှုကို ထိခိုက်စေသော အလုပ်များကို လုပ်ကိုင်နေသည့် အလုပ်လုပ်သော ကလေးများကို ဆိုလိုပါသည်။ ၎င်းတွင် ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လူမှုရေးပိုင်းနှင့် ကိုယ်ကျင့်တရားပိုင်း အန္တရာယ်ရှိသော၊ ထိခိုက်စေသော လုပ်ငန်းများပါဝင်ပါသည်။ ဤတွင် ကလေးများ၏ ကျောင်းတက်ရောက်မှု အခွင့်အရေးကို အဟန့်အတားဖြစ်စေသော သို့မဟုတ် ကျောင်းတက်ရောက်နေပြီး အလုပ်ချိန်ရှည်ကြာစွာနှင့် ပင်ပန်းကြီးစွာလုပ်ကိုင်ရသော အလုပ်မျိုးပါဝင်ပါသည်။

နိုင်ငံတကာ အဖွဲ့အစည်းများသည် အတိတ်ကာလမှအဖြစ်အပျက်များကို အချိန်အတော်ကြာ လေ့လာမှုများပြုလုပ်ပြီးနောက် ကလေးလုပ်သားသတ်မှတ်မှုနှင့် အဆင့်အတန်း ခွဲခြားမှုတို့နှင့် စပ်လျဉ်း၍ အရေးကြီးသော "စံ" ၃ ရပ်ကို ချမှတ်ခဲ့ပါသည်။

ILO ပြဋ္ဌာန်းချက်အမှတ် ၁၃၈ (၁၉၇၃ ခုနှစ်) တွင် အလုပ်လုပ်နိုင်သော အငယ်ဆုံး အသက်အရွယ်ကို သတ်မှတ်ထားသည့် အဓိကစည်းမျဉ်းစည်းကမ်းများကို ဖော်ပြထားပါသည်။ ၎င်းသည် ကလေးသူငယ်များအား နိုင်ငံ၏ မသင်မနေရ ကျောင်းသင်ပညာရေးအဆင့် ပြီးဆုံးသည့် အသက်ထက် မငယ်စေရန်နှင့် မည်သည့်ကိစ္စ တွင်မဆို အသက် ၁၅ နှစ်ထက် မငယ်စေရန် ဖော်ပြထားပါ သည်။ စီးပွားရေး၊ ပညာရေး ပြည့်စုံမှုရှိသည့် နိုင်ငံတစ်နိုင်ငံသည် ခြွင်းချက်အနေဖြင့် အသက် ၁၄ နှစ်အောက် သတ်မှတ်ပေး ထားပါသည်။ ကျန်းမာရေး၊ အန္တရာယ်နှင့် လုံခြုံရေးထိခိုက်မှုရှိနိုင်သော အလုပ်တွင် လုပ်ကိုင်ရန် အငယ်ဆုံး အသက်မှာ ၁၈ နှစ်ထက် မငယ်စေရန် ဖော်ပြထားပါသည်။ ဤအချက်များကို သတိပြု၍ အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ဥပဒေများကို ပြဋ္ဌာန်းရာတွင် အလုပ်လုပ်ကိုင်နိုင်သည့် အငယ်ဆုံးအသက်ကို ၁၆ နှစ်အဖြစ် လျှော့ချနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းဥပဒေများတွင် အသက် ၁၃ နှစ်မှ ၁၅ နှစ် အတွင်း ကလေးများကို ၎င်းတို့၏ ပညာသင်ကြားမှုကို အနှောင့်အယှက်မဖြစ်စေသည့် ပေါ့ပါးမှု ရှိသည့် အလုပ်ကို လုပ်ကိုင်နိုင်ပါသည်။

ILO ပြဋ္ဌာန်းချက်အမှတ် ၁၈၂ (၁၉၉၉ ခုနှစ်) တွင် ကလေးလုပ်သားလျှော့ချရေး လုပ်ငန်းများကို အချိန်ကြန့်ကြာမှု မရှိစေဘဲ အရေးပေါ်လှုပ်ရှားမှုများဖြင့် ဆောင်ရွက်စေရန် ဖော်ပြထားပါ သည်။ အဆိုပါ ပြဋ္ဌာန်းချက်တွင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သား ခိုင်းစေမှုကို တစ်ဘက်ပါအတိုင်း သတ်မှတ်ထားပါသည် -

- အမျိုးမျိုးသော ကျွန်ပြုစေခိုင်းမှုများ၊ ကလေးအရောင်းအဝယ်ပြုမှုနှင့် လူကုန်ကူးမှုများ၊ ဖိအားပေးစေခိုင်းမှုများနှင့် လက်နက်ကိုင် ပဋိပက္ခများတွင် စေခိုင်းအသုံးချမှုများ၊
- ကလေးသူငယ်များအား ပြည့်တန်ဆာအဖြစ် ခိုင်းစေမှုများနှင့် ညစ်ညမ်းဗွီဒီယို၊ ရုပ်ပုံများတွင် အသုံးချမှုများ၊
- နိုင်ငံတကာ ပဋိညာဉ်အရ သတ်မှတ်ထားသည့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများကဲ့သို့ ကလေးငယ်များကို ပျက်စီးစေတတ်သော လုပ်ငန်းများတွင် လုပ်ကိုင်စေခြင်း၊
- ကလေးသူငယ်၏ ကျန်းမာရေးနှင့် စိတ်ခံစားမှုကို အန္တရာယ် ဖြစ်စေသော လုပ်ငန်းများ၊

အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုဆိုင်ရာ တိုက်တွန်းချက်အမှတ် ၁၉၀ (၁၉၉၉) တွင် အန္တရာယ်ရှိသော အလုပ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည် -

- ကလေးသူငယ်၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လိင်ပိုင်းကို ချိုးဖောက်သော၊
- မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ဖြစ်စေသော အမြင့်နေရာများ (သို့မဟုတ်) ကန့်သတ်ထားသော နေရာများတွင်ရှိသော၊
- အန္တရာယ်ရှိသော စက်ပစ္စည်းအသုံးအဆောင်များနှင့် လုပ်ဆောင်ရသော သို့မဟုတ် လေးလံသော ပစ္စည်းများ သယ်ယူပို့ဆောင်ရသော၊
- အန္တရာယ်ရှိသော အခြေအနေများ သို့မဟုတ် လုပ်ငန်းစဉ်များ သို့မဟုတ် အပူ၊ အအေးလွန်ကဲသော သို့မဟုတ် ဆူညံသော သို့မဟုတ် တုန်ခါမှုရှိသော စသည်ဖြင့် ကလေးများ၏ ကျန်းမာရေးကိုထိခိုက်စေသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်ရသော၊
- နာရီပေါင်းများစွာလုပ်ကိုင်ရသော သို့မဟုတ် ညအချိန်များတွင် လုပ်ကိုင်ရသော သို့မဟုတ် အလုပ်ရှင်အိမ်တွင် သင့်လျော်သည့် အကျယ်အဝန်းမရှိသော နေရာတွင် လုပ်ကိုင်ရသော၊

## ၁.၃ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း၏ ရည်ရွယ်ချက်

အသက် ၁၃ နှစ်အောက် ကလေးများကို ဆိုင်နှင့် စက်ရုံများတွင် အလုပ်လုပ်ခြင်းကို တားမြစ်ထားသော အသက်အုပ်စု ၁၃-၁၅ နှစ်အတွင်းရှိ ကလေးများကို မည်သည့်လုပ်ငန်းတွင်မဆို တစ်ရက်လျှင် ၄ နာရီထက် ပို၍အလုပ်လုပ်ကိုင်ခြင်းကို တားမြစ်ထားသော ဥပဒေကို ၁၉၅၁ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားရှိသည့်အတွက် အသက်အရွယ်အားလုံးတွင်ရှိသော အလုပ်လုပ်ကိုင်နေသည့် ကလေးများကို မြန်မာနိုင်ငံတွင် လက်ခံနိုင်ဖွယ်ရှိသည့် လက်တွေ့ကျင့်သုံးမှုများကို

ဆောင်ရွက်ထားရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အစိုးရသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အကူအညီယူ၍ တည်ဆဲ အလုပ်သမားဥပဒေများကို ပြင်ဆင်ဖြည့်စွက်ပြောင်းလဲခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ILO ပြဋ္ဌာန်းချက်ကို လွှတ်တော်က အတည်ပြုကျင့်သုံးခဲ့ပါသည်။ မြန်မာနိုင်ငံရှိ အလုပ်လုပ်ကိုင် လျက်ရှိသော ကလေးများ၏ သဘောသဘာဝနှင့် ပျံ့နှံ့မှုတို့အပေါ် အထောက်အထားအခြေပြု လေ့လာထားသောစာတမ်းကို အခြေခံ၍ ကလေးလုပ်သား တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင်၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့နှင့် အရပ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များပါဝင်သော ကလေးလုပ်သားကိစ္စရပ်နှင့် စပ်လျဉ်းသည့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (TWGCL) ကို ဖွဲ့စည်းခဲ့ပါသည်။

အဆိုပါ လိုအပ်မှုများကို တုံ့ပြန်ဖြေရှင်းသည့်အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ဗဟိုစာရင်းအင်းအဖွဲ့နှင့်ပူးပေါင်း၍ အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ နည်းပညာနှင့် ငွေကြေးအကူအညီဖြင့် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူရာတွင် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ စာရင်းကောက်ကွက် ၁,၅၀၀ မှ အိမ်ထောင်စုပေါင်း ၂၄,၀၀၀ ကို ကောက်ယူခဲ့ပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူး အပြောင်း ဆန်းစစ်ခြင်းစစ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ အသက်၊ ကျား၊ မ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ လုပ်ငန်းကဏ္ဍ၊ လူမှု-စီးပွားရေး အုပ်စုအလိုက် အသက် ၅ နှစ်နှင့်အထက် လူဦးရေ ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကောက်ယူသွားရန် ဖြစ်ပါသည်။ စစ်တမ်းမှ လုပ်သား ဈေးကွက် မူဝါဒများနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အကဲဖြတ်ခြင်းတို့အတွက် အသုံးပြုနိုင်မည့် အမျိုးသားလုပ်သား ဈေးကွက်ဆိုင်ရာ သတင်း အချက်အလက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ကလေးလုပ်သားများ၊ စားဝတ်နေရေးအတွက် အလုပ်လုပ်နေသူများ၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာ ရရှိမှုများနှင့် အလုပ်တွင်အန္တရာယ်ရှိမှုများ၊ လူငယ်များ၏ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အခြေအနေ များကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

စစ်တမ်းတွင် လုပ်သားဈေးကွက်အား ကျား၊ မ ခွဲခြားလေ့လာနိုင်ရေးနှင့် သမရိုးကျ မဟုတ်သော (Informal) အလုပ်အကိုင်အပါအဝင် အလုပ်အကိုင်အခြေအနေ၊ ဝင်ငွေနှင့် အလုပ်လက်မဲ့ အခြေအနေတို့ကို နိုင်ငံအဆင့်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စာရင်းအင်းများ ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ ယင်းကိန်းဂဏန်း အချက်အလက်များသည် အထူးသဖြင့် မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော အလုပ်အကိုင်ရရှိမှု မြှင့်တင်ရေးအခက်အခဲများ ဖော်ထုတ်ရန် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသုံးဝင်မည်ဟု မျှော်မှန်းပါသည်။ ဤရရှိထားသော သတင်းအချက်အလက်များကို အသုံးပြု၍ စီမံကိန်းရေးဆွဲသူများနှင့် မူဝါဒ ချမှတ်သူများသည် ပြည်သူ့အကျိုး တိုးတက်မှုရှိစေရန် ပိုမိုကောင်းမွန်သော မူဝါဒများနှင့် အစီအစဉ်များ ချမှတ်နိုင်မည်ဖြစ်ပါသည်။ ရည်ရွယ်ချက်များပြည့်မီရန် စစ်တမ်းကောက်ယူရာတွင် အသုံးပြုသော မေးခွန်းလွှာ၌ အောက်ပါအကြောင်းအချက်များ ပါဝင်ပါသည်-

- အိမ်ထောင်စု ဖွဲ့စည်းပုံနှင့် မသန်စွမ်းဖြစ်မှု၊ ပြည်တွင်းနှင့် ပြည်ပရွှေ့ပြောင်း သွားလာမှုတို့အပါအဝင် အိမ်ထောင်စုဝင်များ၏ အချက်အလက်များ၊
- ပညာအရည်အချင်း၊ ယခင်နှစ်အတွင်း တတ်ရောက်ခဲ့သော သက်မွေးဝမ်းကျောင်းပညာနှင့် အခြားသင်တန်းများအပါအဝင် စာတတ်မြောက်မှုနှင့် သမားရိုးကျ ပညာရေးများ၊
- လုပ်ခ လစာရ အလုပ်သမားနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအပါအဝင် လက်ရှိအဓိကနှင့် ဒုတိယအလုပ် သို့မဟုတ် စီးပွားရေးလုပ်ငန်းများ၏ ဝိသေသလက္ခဏာများ၊
- အလုပ်ရှာဖွေခြင်းနှင့် အဆင်သင့်ဖြစ်မှုအခြေအနေ၊
- လွန်ခဲ့သောနှစ်အတွင်း အလုပ်အကိုင်အခြေအနေ၊
- လွန်ခဲ့သောနှစ်အတွင်း လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် အန္တရာယ်ရှိမှု အခြေအနေ၊
- အိမ်ထောင်စု စားသုံးရန် သို့မဟုတ် သုံးစွဲရန်အတွက် အစားအသောက်နှင့် အခြားပစ္စည်းများ ထုတ်လုပ်မှုအခြေအနေ၊
- လူငယ်များ၏ လူပ်ရှားမှုအခြေအနေ၊

## ၁.၄ အစီရင်ခံစာတွင် ဖော်ပြပါရှိချက်များ

ယခု ကလေးလုပ်သားအစီရင်ခံစာသည် စစ်တမ်းကောက်ယူခဲ့သော ကလေးများ၏ အချက်အလက်များအပေါ်တွင် အခြေခံ၍ရေးသားတင်ပြထားခြင်းဖြစ်ပြီး အထူးသဖြင့် လက်ရှိအလုပ်အကိုင်နှင့် ဆက်နွယ်သည့် အချက်အလက်များအပေါ်တွင် အခြေခံထားခြင်းဖြစ်ပါ သည်။ အစီရင်ခံစာ၏ ကျန်အပိုင်းများတွင် စစ်တမ်း၏ အဓိကကျသော အချက်အလက်များနှင့် ပတ်သက်၍ အနှစ်ချုပ်ဆွေးနွေးခြင်း၊ အချို့အပိုင်းတွင် အသုံးပြုထားသော ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် နည်းလမ်းများအပါအဝင် စစ်တမ်းကောက်ယူမှုအကြောင်းကို

အသေးစိတ်ဖော်ပြထားပြီး အဓိကအရေးကြီးဆုံးအနေဖြင့် ကလေးလုပ်သားနှင့်ဆက်နွယ်သည့် စစ်တမ်းကောက်ယူမှု ရလဒ်များအပေါ် အသေးစိတ်ရှင်းလင်းဖော်ပြခြင်းတို့ကို တင်ပြထားပါသည်။ ၎င်းတို့ကို အောက်ပါအတိုင်း စုစည်းတင်ပြထားပါသည်။

အခန်း (၂) ၌ နောက်အခန်းများတွင် ဆွေးနွေးတင်ပြထားသော မြန်မာနိုင်ငံရှိ ကလေးလုပ်သားနှင့်ပတ်သက်၍ နောက်ခံအခြေအနေကိုတင်ပြထားပါသည်။ အခန်း (၃) တွင် အချက်အလက်ကောက်ယူခြင်း၊ အချက်အလက်စုစည်းခြင်းတို့နှင့်စပ်လျဉ်းသည့် နည်းပညာပိုင်းဆိုင်ရာအသေးစိတ်ဖော်ပြထားသော စစ်တမ်းကောက်ယူမှုနည်းလမ်းကို အသေးစိတ် ဆွေးနွေးတင်ပြထားပါသည်။ အခန်း (၄) တွင် ကလေးလုပ်သားနှင့် ပတ်သက်သည့် အယူအဆများနှင့် ၎င်းတို့ကို ကိန်းဂဏန်းတိုင်းတာမှုဆိုင်ရာ အညွှန်းကိန်းများအဖြစ် ထည့်သွင်းအသုံးပြုမှုတို့ကို ဖော်ပြထားပါသည်။ စစ်တမ်းကောက်ယူမှုအတွက် အသုံးပြုထားသော အသုံးအနှုန်းအယူအဆများ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်အတူ ဤအခန်းတွင် ကလေးလုပ်သားအဖြစ် သတ်မှတ်ရန်အတွက် တိကျသေချာသော လုပ်ငန်းစဉ်ကိုလည်း ချမှတ်ထားပါသည်။

ကျန်ရှိသော အခန်းငါးခန်းတွင် ကလေးလုပ်သားနှင့်ပတ်သက်သည့် စစ်တမ်းကောက်ယူမှုမှ အဓိကတွေ့ရှိချက်များကို တင်ပြထားပါသည်။ အခန်း (၅) တွင် ကျောင်းတက်ရောက်မှုကဲ့သို့သော စီးပွားရေးမဟုတ်သော ဆောင်ရွက်ချက်များနှင့် စီးပွားရေးဆောင်ရွက်ချက်များအပါအဝင် ကလေးများလုပ်ဆောင်သည့် မတူညီသော ဆောင်ရွက်မှုအမျိုးမျိုးနှင့် ပတ်သက်၍ စစ်တမ်းမှ တွေ့ရှိချက်များကို ဖော်ပြထားပါသည်။ အခန်း (၆) တွင် ကလေးများ လုပ်ကိုင်နေသော လုပ်ငန်း၏ အဓိကလက္ခဏာရပ်များ၏ လတ်တလော အခြေအနေများကို ဖော်ပြထားပါသည်။ ၎င်းတွင် ကလေးလုပ်သားဖြစ်စေသည့် အကြောင်းရင်းနှင့် ဆက်နွယ်သောအချက်များ ပါဝင်ပါသည်။ အခန်း (၇) တွင် အစီရင်ခံစာ၏ အဓိကအချက် ဖြစ်သော ကလေးလုပ်သားနှင့် ပတ်သက်၍ လေ့လာသုံးသပ်မှု အချက်အလက်များကို စုစည်းတင်ပြထားပါသည်။ ဤအခန်းတွင် မြန်မာနိုင်ငံရှိ ကလေးလုပ်သားထုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် စပ်လျဉ်းသည့် ကွဲပြားခြားနားမှု၊ ဖွဲ့စည်းဖြစ်တည်ပုံနှင့် အရွယ်အစားတို့အပေါ် စစ်တမ်းမှတွေ့ရှိချက်များကို လေ့လာ သုံးသပ်မှုပြုခြင်းတို့ ပါဝင်ပါသည်။ အခန်း (၈) တွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးသူငယ်များ၏ ပညာရေးပိုင်းဆိုင်ရာ အချက်အလက်များကို လေ့လာသုံးသပ်မှု ပြုလုပ်ထားပါသည်။ အခန်း (၉) တွင် ကလေးများ နေထိုင်သည့် အိမ်ထောင်စုများ၏ လူမှု-စီးပွား အခြေအနေများနှင့် ပတ်သက်သည့် မတူကွဲပြားမှု အခြေအနေများကို အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ လုပ်ငန်းခွင်တွင် ကြုံတွေ့ရသော အန္တရာယ်များ၊ အဆင်ပြေချောမွေ့မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့်အတူ ဖော်ပြထားပါသည်။ အစီရင်ခံစာ၏ နိဂုံးအခန်းဖြစ်သော အခန်း (၁၀) တွင် စစ်တမ်း ကောက်ယူ မှု၏ အချို့သော အဓိကတွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြထားပြီး လေ့လာမှု ပိုမိုပြုလုပ်ရန်အတွက် အချက်အလက်ကောက်ယူမှုများ ပိုမိုပြုလုပ်ရန် လိုအပ်ချက်ကို သုံးသပ်ဖော်ပြထားပါသည်။

အစီရင်ခံစာပါဇယားများတွင် ဖော်ပြထားသော ဇယားကွက်တစ်ကွက်ချင်းစီရှိ ကိန်းဂဏန်းများ စုစုပေါင်းခြင်းသည် "စုစုပေါင်း" တိုင် (သို့မဟုတ်) တန်း တွင်ဖော်ပြထားသည့် အချက်အလက်များနှင့် တူညီမည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် (၁) အနီးစပ်ဆုံး ကိန်းဂဏန်းကိုယူထားခြင်း သို့မဟုတ်/နှင့် (၂) ဖြေဆိုထားခြင်းမရှိသော အချက်များ ရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

# အခန်း ၂

# နိုင်ငံ၏အခြေအနေ

## ၂.၁ နိဒါန်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်လျက် ရှိပါသည်။ အစိုးရ၏ မကြာသေးမီက ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသော အချက်များပပျောက်စေရန်နှင့် နောင်တွင် လူမှုအကာအကွယ်ပေးမှုများ ပိုမိုတိုးတက်စေရန်ဆိုသည့် အချက်များပါဝင်ပါသည်။ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုပပျောက်ရေး ကိစ္စရပ်အပါ အဝင်လုပ်သားဈေးကွက် ပြုပြင်ပြောင်းလဲရေးသည် မကြာသေးမီကာလက ဥပဒေပြုပြင်ပြောင်းလဲသူများအနေဖြင့် အဓိကတင်ပြသော အချက်များတွင်ပါဝင်ပါသည်။

ဤအခန်းတွင် စစ်တမ်းမှရရှိလာသော အချက်အလက်များအပေါ် အခြေခံ၍ အလုပ်လုပ်သောကလေးများနှင့် ကလေးလုပ်သားများ၏ အခြေအနေများကို ဖော်ပြသွားမည်ဖြစ်ပြီး ကလေးလုပ်သားဆိုင်ရာ အချက်အလက်များကို နောက်အခန်းများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ ဤတွင် လူဦးရေ ဆိုင်ရာအကြောင်းအရာများ၊ စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေနှင့် လုပ်သားဈေးကွက် သွင်ပြင်လက္ခဏာများကို နိုင်ငံအဆင့် လွှမ်းခြုံဖော်ပြသွားမည်ဖြစ်ပါသည်။ အဆိုပါ ဖော်ပြချက်များသည် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းမှ ရရှိလာသော ခန့်မှန်းခြေကိန်းဂဏန်းအချက်အလက်များကို အခြေခံရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။

## ၂.၂ လူဦးရေတည်ဆောက်ပုံ

ဤအပိုင်းတွင် နိုင်ငံအတွင်းရှိ လူဦးရေအရွယ်အစားနှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို ဖော်ပြထားပါသည်။ ဇယား ၁ တွင် အသက်အုပ်စုအလိုက် လူဦးရေပျံ့နှံ့မှုကို ကျား၊ မ ခွဲခြားဖော်ပြထားပါသည်။ ကျား၊ မ ခွဲခြား၍ အသက်အုပ်စုအလိုက် ပျံ့နှံ့မှုကိုဖော်ပြရာတွင် အသက် ၅ နှစ် မှ ၁၇ နှစ်အကြားအတွက် အကြမ်းဖျင်းအသက်အုပ်စု ၃ မျိုးဖြင့်လည်းကောင်း၊ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြား အသက် (၁၅-၆၄) နှင့် သက်ကြီးအသက်အုပ်စု (အသက် ၆၅ နှစ်နှင့်အထက်) တို့ကို ဖော်ပြထားပါသည်။

ဇယား - ၁။ မြန်မာနိုင်ငံ လူဦးရေ၏ အသက်အုပ်စုအလိုက် ကျား၊ မ ပါဝင်မှု

| အသက်အုပ်စု | ပုံနှန့်မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| **အသက်အုပ်စုအားလုံး** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ၀ - ၄ | ၉.၉ | ၈.၆ | ၉.၂ |
| ၅ - ၁၁ | ၁၄.၇ | ၁၃.၀ | ၁၃.၈ |
| ၁၂ - ၁၄ | ၆.၅ | ၆.၀ | ၆.၂ |
| ၁၅ - ၁၇ | ၅.၅ | ၅.၂ | ၅.၃ |
| ၅ - ၁၇ | ၂၆.၆ | ၂၄.၂ | ၂၅.၃ |
| ၁၈ - ၆၄ | ၅၈.၄ | ၆၀.၆ | ၅၉.၆ |
| ၆၅+ | ၅.၁ | ၆.၆ | ၅.၉ |
| **ခန့်မှန်းလူဦးရေ (,၀၀၀)** | ၂၂,၅၅၅ | ၂၅,၃၇၅ | ၄၇,၉၃၀ |
| ပုံနှန့်မှုရာခိုင်နှုန်း | ၄၇.၁ | ၅၂.၉ | ၁၀၀.၀ |

စစ်တမ်းအရ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏အိမ်ထောင်စုလူဦးရေစုစုပေါင်းမှာ ၄၈ သန်း ဖြစ်ပြီး အမျိုးသမီးများသည် ၅၃ ရာခိုင်နှုန်းနှင့် အမျိုးသားများသည် ၄၇ ရာခိုင်နှုန်းဖြင့် ကျား၊ မ ပါဝင် နေသည်ကို တွေ့ရှိရပါသည်။ စစ်တမ်း၏ ခန့်မှန်းလူဦးရေသည် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များနှင့် အနီးစပ်ဆုံးတူညီသည်ကို တွေ့ရှိရပါသည်။ သန်းခေါင်စာရင်းအရ အမျိုးသမီးနှင့် အမျိုးသားအချိုးသည် ၅၂:၄၈ ဖြစ်ပါသည်။ ဤအချိုးနှင့် စပ်လျဉ်း၍ စစ်တမ်းခန့်မှန်းရလဒ်သည် သန်းခေါင်စာရင်းနှင့် အနည်းငယ်ကွာခြားမှုရှိပြီး ထိုသို့ ဖြစ်ရခြင်းမှာ စစ်တမ်းကောက်ယူရာတွင်လူဦးရေလွှမ်းခြုံမှု ကွာခြားခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သန်းခေါင်စာရင်းအနေဖြင့် အမျိုးမျိုးသောအိမ်ထောင်စုအားလုံးကို ကောက်ယူခဲ့ပြီး ဤစစ်တမ်း သည် အိမ်ထောင်စုများကိုသာ သီးသန့်ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ သန်းခေါင်စာရင်းအရ အဖွဲ့အစည်းဆိုင်ရာ အိမ်ထောင်စုတွင် နေထိုင်သူများသည် စုစုပေါင်းလူဦးရေ၏ ၅ ရာခိုင်နှုန်းခန့် ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ အဖွဲ့အစည်းဆိုင်ရာ လူဦးရေ၏ ကျား၊ မ ပါဝင်မှုသည် အမျိုး သားများ၏ပါဝင်မှုမှာ မြင့်မားသည်ကို တွေ့ရှိရသည့်အတွက် စစ်တမ်း၏ အမျိုးသားမှ အမျိုးသမီးအချိုးသည် သန်းခေါင်စာရင်းမှ ရရှိမှုထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

စစ်တမ်း၏ ရလဒ်များအရ နိုင်ငံ၏ အသက်ဖွဲ့စည်းမှုသည် အကောင်းဘက်သို့ ဦးတည်နေ သည်ကို တွေ့ရှိရပါသည်။ စစ်တမ်း၏ ခန့်မှန်းရလဒ်အရ ကလေးများ၏ပါဝင်မှုမှာ အသက် ၀- ၁၄ နှစ် ၁၃,၉၉၅,၁၈၄ (၂၉.၂ ရာခိုင်နှုန်း) ၊ အသက် ၁၅-၆၄ နှစ်ကြား ပါဝင်မှုမှာ ၃၀,၁၂၆,၅၃၄ (၆၄.၉ ရာခိုင်နှုန်း) နှင့် အသက် ၆၅ နှစ်နှင့်အထက် ပါဝင်မှုမှာ ၂,၈၀၈,၁၂၈ (၅.၉ ရာခိုင်နှုန်း) တို့ ဖြစ်ကြပါသည်။ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ အသက်အုပ်စုရှိ ခန့်မှန်း လူဦးရေမှာ ၁၂ သန်း ကျော်ရှိပြီး ကျား၊ မ အရေအတွက်မှာ တူညီစွာဖြင့် ၆ သန်းစီရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ကလေး ၁၂ သန်းတွင် ၅၅ ရာခိုင်နှုန်းသည် အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိ အသက်အုပ်စုဖြစ်သည်ကို တွေ့ရှိရပါသည်။ ကလေးဦးရေ၏ အသက်အုပ်စု ၁၂-၁၄ နှင့် ၁၅-၁၇ တို့၏ ပါဝင်မှုမှာ ၂၄ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယောကျ်ားလေးနှင့် မိန်းကလေးများ၏ အသက်အုပ်စုအလိုက် ပါဝင်မှုသည် နီးစပ်စွာ တူညီမှုရှိသည်ကို တွေ့ရှိရပါသည်။

ပုံ-၂။ အသက်အုပ်စုအလိုက် ကလေးများ၏ပါဝင်မှုနှုန်း




ကလေးများ၏ ကျေးလက်-မြို့ပြ ပုံနှုန်းမှုအချိုးမှာ ၇၄:၂၆ ဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ ပုံနှုန်းမှုအချိုးမှာ ၇၀:၂၉ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြဒေသရှိ ယောကျ်ားလေးနှင့် မိန်းကလေး အရေအတွက်သည် ညီမျှမှုရှိသည်ကို တွေ့ရှိရပြီး ခန့်မှန်းခြေအားဖြင့် ၁.၅၆ သန်းခန့်စီ ရှိကြပါသည်။ သို့သော် ကျေးလက်ဒေသတွင် မိန်းကလေးများ၏ အရေအတွက်သည် ယောကျ်ားလေးများထက် ၀.၁၂ သန်းခန့် များပြားသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသတွင် ယောကျ်ားလေးများ၏ ပါဝင်မှုနည်းပါးရခြင်းမှာ ကျေးလက်ရှိ ယောကျ်ားလေးများသည် ကျေးလက်မိန်းကလေးများထက် မြို့ပြဒေသသို့ ပိုမိုပြောင်းရွှေ့နေထိုင်ခြင်းကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်ရရှိပါသည်။

ဇယား ၂ တွင် စစ်တမ်းမှရရှိလာသော ခန့်မှန်းကလေးဦးရေနှင့် ပုံနှုန်းမှုရာခိုင်နှုန်းကို ကျား၊ မ ခွဲခြား၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခွဲခြားဖော်ပြထားပါသည်။ ဇယားတွင် ဖော်ပြထားချက်များအရ နယ်မြေဒေသအလိုက် ကလေးများ၏ အရေအတွက်သည် ကျား၊ မ နှစ်မျိုးလုံးတွင် ကွဲလွဲမှုရှိသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စု နယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနက် အမြင့်မားဆုံးပါဝင်နေသည့် နယ်မြေ ၆ ခုမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ ဖြစ်ကြပြီး ၎င်းဒေသများတွင် မြန်မာနိုင်ငံ၏ ကလေးဦးရေ ၇၀ ရာခိုင်နှုန်းခန့် ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ ဒေသအသီးသီးတွင် ကလေးဦးရေ တစ်သန်းနှင့်အထက် ရှိကြပါသည်။

ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်မူ ကလေးဦးရေ ၈၄,၀၀၀ နှင့် ၁၅၇,၀၀၀ ခန့်သာ အသီးသီး ရှိကြသည်ကို တွေ့ရှိရပါသည်။

ပုံ-၃။ မြို့ပြ၊ ကျေးလက်တွင် ကလေးများပါဝင်မှုနှုန်း




ဇယား-၂။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကျား၊ မ အလိုက် ကလေးဦးရေ ပျံ့နှံ့မှုရာခိုင်နှုန်း

| တိုင်းဒေသကြီး၊ ပြည်နယ် | ကလေးအားလုံး | | ကျား | | မ | |
|---|---|---|---|---|---|---|
| | ဦးရေ | % | ဦးရေ | % | ဦးရေ | % |
| ပြည်ထောင်စု | ၁၂,၁၄၆,၄၆၃ | ၁၀၀.၀ | ၆,၀၁၀,၄၆၀ | ၁၀၀.၀ | ၆,၁၃၆,၀၀၄ | ၁၀၀.၀ |
| ကချင် | ၃၆၅,၃၄၀ | ၃.၀ | ၁၇၆,၆၄၀ | ၂.၉ | ၁၈၈,၇၀၀ | ၃.၁ |
| ကယား | ၈၃,၇၆၂ | ၀.၇ | ၄၁,၃၁၈ | ၀.၇ | ၄၂,၄၄၄ | ၀.၇ |
| ကရင် | ၄၄၆,၅၄၇ | ၃.၇ | ၂၁၄,၂၂၈ | ၃.၆ | ၂၃၂,၃၁၉ | ၃.၈ |
| ချင်း | ၁၅၇,၂၁၀ | ၁.၃ | ၇၅,၇၇၁ | ၁.၃ | ၈၁,၄၃၉ | ၁.၃ |
| စစ်ကိုင်း | ၁,၃၁၈,၂၃၈ | ၁၀.၉ | ၆၄၀,၃၉၂ | ၁၀.၇ | ၆၇၇,၈၄၇ | ၁၁.၀ |
| တနင်္သာရီ | ၄၁၃,၄၄၇ | ၃.၄ | ၂၀၀,၆၉၀ | ၃.၃ | ၂၁၂,၇၅၇ | ၃.၅ |
| ပဲခူး | ၁,၁၆၉,၁၉၅ | ၉.၆ | ၅၇၈,၂၇၅ | ၉.၆ | ၅၉၀,၉၂၀ | ၉.၆ |
| မကွေး | ၈၉၀,၇၇၀ | ၇.၃ | ၄၂၆,၆၄၁ | ၇.၁ | ၄၆၄,၁၂၉ | ၇.၆ |
| မန္တလေး | ၁,၃၉၂,၅၀၇ | ၁၁.၅ | ၆၈၇,၃၈၂ | ၁၁.၄ | ၇၀၅,၁၂၅ | ၁၁.၅ |
| မွန် | ၅၄၃,၁၀၂ | ၄.၅ | ၂၇၆,၄၄၄ | ၄.၆ | ၂၆၆,၆၅၇ | ၄.၃ |
| ရခိုင် | ၅၅၃,၀၈၅ | ၄.၆ | ၂၇၃,၂၁၆ | ၄.၅ | ၂၇၉,၈၇၀ | ၄.၆ |
| ရန်ကုန် | ၁,၄၉၈,၅၆၀ | ၁၂.၃ | ၇၅၉,၁၉၅ | ၁၂.၆ | ၇၃၉,၃၆၅ | ၁၂.၀ |
| ရှမ်း | ၁,၅၇၉,၅၄၅ | ၁၃.၀ | ၇၉၇,၃၀၈ | ၁၃.၃ | ၇၈၂,၂၃၇ | ၁၂.၇ |
| ဧရာဝတီ | ၁,၄၆၈,၃၂၁ | ၁၂.၁ | ၇၃၅,၃၄၅ | ၁၂.၂ | ၇၃၂,၉၇၆ | ၁၁.၉ |
| နေပြည်တော် | ၂၆၆,၈၃၄ | ၂.၂ | ၁၂၇,၆၁၅ | ၂.၁ | ၁၃၉,၂၁၉ | ၂.၃ |

## ၂.၃ စီးပွားရေးနှင့် လုပ်သားဈေးကွက်ဆိုင်ရာ ဝိသေသလက္ခဏာများ

မကြာသေးမီနှစ်များတွင် မြန်မာနိုင်ငံစီးပွားရေးသည် တစ်ဦးကျ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) အရ နှစ်စဉ်တိုးတက်မှုနှုန်း (၈ ရာခိုင်နှုန်းနှင့်အထက်) မြင့်မား သည်ကို တွေ့ရှိရပါသည်။ မကြာသေးမီကာလအတွင်းက စတင်ခဲ့သော ဖွဲ့စည်းပုံပြောင်းလဲမှုနှင့် ပြည်တွင်းလို အပ်ချက် မြင့်မားလာမှုသည် တိုးတက်လာရခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ နှစ်စဉ် ဂျီဒီပီ ၈ ရာခိုင်နှုန်းခန့် တိုးတက်လာခြင်းသည် အထူးသဖြင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေမည့် လူမှုအကာအကွယ်ပေးမှု အတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို မမျှော်မှန်းနိုင်သော ဖြစ်စဉ်ဖြစ်ပါသည်။

မြန်မာနိုင်ငံလူဦးရေတွင် မှီခိုမှုအချိုး (မှီခိုမှုအချိုးဆိုသည်မှာ စုစုပေါင်း လူဦးရေပေါ်တွင် မှီခိုသူ အသက် ၀-၁၄ နှစ်နှင့် အသက် ၆၅ နှစ်အထက် အရေအတွက်ကို ဖော်ပြထားသော အတိုင်းအတာ တစ်ခုဖြစ်ပါသည် ) မြင့်မားသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ကလေးမှီခိုမှု အချိုး ဆိုလိုသည်မှာ အသက်အုပ်စု ၁၅-၆၄ အတွင်းရှိ လူဦးရေ ၁၀၀ တွင် အသက် ၁၅ နှစ်အောက်ကလေးများ၏ မှီခိုသူ မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ စစ်တမ်းမှရရှိသော ရလဒ်များအရ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့ပြ ကျေးလက်ဒေသများ၏ မှီခိုမှုအချိုးကို ဇယား-၃ တွင် ဖော်ပြထားပါသည်။ ၎င်းတွင် အသက်အုပ်စု ၁၅-၆၄ အတွင်းရှိ လူဦးရေ ၁၀၀ တွင် အသက် ၁၅ နှစ်အောက်ရှိသူ သို့မဟုတ် ၆၄ နှစ်အထက်ရှိသူ ၅၄ ဦးသည် မှီခိုနေကြောင်း တွေ့ရှိရပါသည်။ အဆိုပါ မှီခိုနေသူ ၅၄ ဦးတွင် ၄၅ ဦးမှာ ၁၅ နှစ်အောက် ကလေးများဖြစ်ကြပြီး ၉ ဦးမှာ သက်ကြီးရွယ်အိုများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မှီခိုမှုနှုန်း နှစ်မျိုးလုံးတွင် ကျေးလက် ဒေသများ၌ မြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား-၃။ မြန်မာနိုင်ငံလူဦးရေ၏ မှီခိုမှုအချိုး

| နယ်ပယ် | မှီခိုမှုအချိုး | | |
|---|---|---|---|
| | ကလေး (အသက် ၁၅ နှစ်အောက်) | သက်ကြီး (၆၅ နှစ်နှင့်အထက်) | စုစုပေါင်း |
| ပြည်ထောင်စု | ၄၅.၀ | ၉.၀ | ၅၄.၀ |
| မြို့ပြ | ၃၆.၀ | ၈.၉ | ၄၅.၈ |
| ကျေးလက် | ၄၈.၉ | ၉.၁ | ၅၈.၀ |

ဇယား-၄ တွင် မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခြေအနေကို ခြုံငုံဖော်ပြထားပါသည်။ လူဦးရေတွင် အလုပ်သမားများပါဝင်မှုအချိုး (worker population ratio-WPR) ဆိုသည်မှာ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိသူအားလုံးတွင်

အလုပ်လုပ်သူဦးရေ ပါဝင်မှုရာခိုင်နှုန်းကို ဆိုလိုပါသည်။ ဇယားတွင် ဖော်ပြထားချက်အရ မြန်မာနိုင်ငံ၏ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ ၃ ပုံ ၂ ပုံခန့်သည် စီးပွားရေးတွင် တက်ကြွစွာ ဆောင်ရွက်နေသူများ ဆိုလိုသည်မှာ လုပ်ခလစာ သို့မဟုတ် အမြတ်အစွန်း အတွက် အလုပ်လုပ်နေသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ စစ်တမ်းတွင် အလုပ်အကိုင်အခြေအနေနှင့် စပ်လျဉ်း၍ ရည်ညွှန်းကာလကို လွန်ခဲ့သော ၇ ရက်နှင့် လွန်ခဲ့သော ၁၂ လအတွင်း နှစ်မျိုးလုံး အတွက် ကောက်ယူခဲ့ပါသည်။ သို့သော် ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့် အလုပ်လုပ်ကိုင် လျက်ရှိသော လူဦးရေသည် လွန်ခဲ့သော ၇ ရက်အတွက် ကောက်ယူခဲ့သော အချက်အလက်များ ကိုသာ အခြေခံပါသည်။ ဤအစီရင်ခံစာအရ အလုပ်သမားဆိုသည်မှာ လွန်ခဲ့သော ၇ ရက်အတွင်း လုပ်ခလစာ သို့မဟုတ် အကျိုးအမြတ်အတွက် ကုန်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် ဝန်ဆောင်မှု ပေးခြင်းကို ဆောင်ရွက်ခဲ့သော လူတစ်ဦးကို ဆိုလိုပါသည်။

**ဇယား-၄။ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး**

| နယ်ပယ် | အလုပ်လုပ်သူပါဝင်မှုအချိုး | | |
|---|---|---|---|
| | ကျား | မ | ပေါင်း |
| ပြည်ထောင်စု | ၇၉.၇ | ၅၁.၁ | ၆၄.၂ |
| မြို့ပြ | ၇၅.၃ | ၄၆.၂ | ၅၉.၃ |
| ကျေးလက် | ၈၁.၆ | ၅၃.၃ | ၆၆.၄ |

ဇယားတွင် ဖော်ပြထားချက်အရ လူဦးရေတွင် အလုပ်သမားပါဝင်မှုအချိုးသည် ကျား မ အကြား ကွာခြားမှုရှိသည်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။ အမျိုးသမီး လူဦးရေ၏ ထက်ဝက် ကျော်ခန့်သာ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သော်လည်း အမျိုးသား လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

ဇယား-၄ တွင် ထပ်မံတွေ့မြင်နိုင်သည်မှာ အလုပ်လုပ်သူ ပါဝင်မှု ရာခိုင်နှုန်းသည် မြို့ပြနေလူဦးရေထက် ကျေးလက်နေလူဦးရေတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ကျား မ လူဦးရေ နှစ်မျိုးလုံးတွင် ကျေးလက်ဒေသ၏ အလုပ်လုပ်သူ ပါဝင်မှုရာခိုင်နှုန်းသည် မြို့ပြဒေသ များထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသတွင် မြို့ပြဒေသများထက် အလုပ်လုပ်သူ ပိုမိုပါဝင်နေမှုနှင့် စပ်လျဉ်း၍ အခန်း ၆ နှင့် ၇ တွင် ဆွေးနွေးသွားမည်ဖြစ်ပြီး အသက် အုပ်စု ၅-၁၇ အတွင်းရှိ ကလေးများနှင့်စပ်လျဉ်း၍လည်း ဖော်ပြသွားမည်ဖြစ်ပါသည်။

ဇယား-၅ တွင် စစ်တမ်းကောက်ယူမှုမှ ရရှိလာသော ခန့်မှန်းဦးရေအရ မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ ပျံ့နှံ့မှုကို အဓိကလုပ်ငန်းကဏ္ဍများအလိုက် ဖော်ပြထားပါသည်။ အဓိက လုပ်ငန်းကဏ္ဍ ၆ ခုတွင် အလုပ်လုပ်သူများ၏ပါဝင်မှုမှာ ၈၇ ရာခိုင်နှုန်းဖြစ်ပြီး အခြားစီးပွားရေး

လုပ်ငန်းများကို စုပေါင်း၍ "အခြား" အဖြစ် တစ်စုတည်းပေါင်း၍ ဖော်ပြထားပါသည်။ မျှော်လင့်ထားသည့်အတိုင်း အလုပ်သမားအများစုသည် လယ်ယာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသည်ကို ရှင်းလင်းစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ ဤအချက်သည် ကျား၊ မ နှစ်မျိုးလုံးတွင် တွေ့မြင်ရမည်ဖြစ်ပါသည်။ အခြားအဓိက လုပ်ငန်းကဏ္ဍများအနေဖြင့် မော်တော်ယာဉ် ရောင်းဝယ်ရေးနှင့် ပြုပြင်ရေး (၁၄%) နှင့် ကုန်ထုတ်လုပ်မှု (၁၁%) လုပ်ငန်းတို့တွင် လုပ်သားပါဝင်မှုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီး လုပ်သားထုအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းပြီးလျှင် ကုန်သွယ်ရေးလုပ်ငန်း (၂၀%) နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း (၁၂%) တို့တွင် အများဆုံးဝင်ရောက်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကွဲပြားမှုအနေဖြင့် အမျိုးသားအလုပ်သမားများသည် ပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းများတွင် ပိုမိုလုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။ အဆိုပါလုပ်ငန်းတွင် အမျိုးသား အလုပ်သမားများအနေဖြင့် ၈ ရာခိုင်နှုန်းခန့် ဝင်ရောက်လုပ်ကိုင်နေစဉ်တွင် အမျိုးသမီး အလုပ်သမား ၀.၅ ရာခိုင်နှုန်းသာ ဝင်ရောက်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

ဇယား-၅။ လုပ်ငန်းကဏ္ဍအလိုက် အလုပ်သမားများ၏ ကျား၊ မ ပျံ့နှံ့မှုရာခိုင်နှုန်း

| လုပ်ငန်းကဏ္ဍ | လုပ်ငန်းကဏ္ဍအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ပြည်ထောင်စု | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်း | ၅၂.၈ | ၅၀.၂ | ၅၁.၇ |
| သတ္တုတူးဖော်ရေးနှင့်ကျောက်မိုင်းလုပ်ငန်း | ၁.၂ | ၀.၄ | ၀.၉ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၉.၆ | ၁၂.၆ | ၁၀.၉ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၇.၄ | ၁.၂ | ၄.၇ |
| လက်လီလက္ကားရောင်းဝယ်ရေးနှင့်ပြုပြင်မှုလုပ်ငန်း | ၉.၇ | ၂၀.၃ | ၁၄.၃ |
| သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်း | ၇.၃ | ၀.၅ | ၄.၄ |
| အခြား | ၁၁.၉ | ၁၄.၇ | ၁၃.၁ |

ကျေးလက်ဒေသများအတွင်းရှိ လုပ်ငန်းများ၏ ဝင်ငွေသည် နည်းပါးသည်ကို တွေ့ရှိရပြီး ချို့တဲ့သော ကျေးလက်ပြည်သူများအနေဖြင့် မိသားစုစားဝတ်နေရေး ဖူလုံစေရန်အတွက် အိမ်ထောင်စုဝင်အများစုသည် အလုပ်လုပ်ကိုင်ကြရသည်ကို တွေ့ရှိရပါသည်။ ဇယား-၆ တွင် စစ်တမ်းရလဒ်များကို အခြေခံ၍ မြို့ပြနှင့် ကျေးလက် အလုပ်သမားများ၏ ပျမ်းမျှတစ်ရက်လုပ်ခများကို ဖော်ပြထားပါသည်။

ဇယား-၆။ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်တို့တွင် လုပ်ခရရှိမှုအခြေအနေ

| အလုပ်သမားများ | ရရှိမှုပုံစံ | လုပ်ခ (,၀၀၀ ကျပ်) | | | | | ခန့်မှန်း အလုပ်သမား ဦးရေ (သန်း) |
|---|---|---|---|---|---|---|---|
| | | မြို့ပြ | ကျေးလက် | ကျား | မ | စုစုပေါင်း | |
| အလုပ်သမားအားလုံး | တစ်ရက်သို့ ပြောင်းလဲပြီး | ၅.၉၅ | ၃.၈၇ | ၄.၉၀ | ၃.၃၄ | ၄.၂၈ | ၈.၁၆ |
| နေ့စား | တစ်ရက် | ၅.၉၈ | ၄.၁၁ | ၅.၃၂ | ၃.၉၉ | ၄.၇၆ | ၄.၃၇ |
| လစား | တစ်လ | ၁၄၇.၉၅ | ၁၁၇.၁၁ | ၁၄၇.၂၀ | ၁၁၉.၀၄ | ၁၃၄.၄၉ | ၃.၂၆ |

မြန်မာနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် အလုပ်သမား ၈ သန်းကျော်ရှိပြီး အဆိုပါ အလုပ်သမားများ၏ ထက်ဝက်ကျော်သည် နေ့စားအလုပ်သမားများဖြစ်ကြပါသည်။ ကျန်အလုပ်သမား အများစုမှာမူ လစား အလုပ်သမားများဖြစ်ပြီး ၀.၅ သန်းခန့်သည့် အခြားသော အခကြေးငွေ ပေးချေမှု ပုံစံများဖြင့် လုပ်ခရရှိကြကြောင်း တွေ့ရှိရပါသည်။ ဇယား၏ ဒုတိယနှင့် တတိယလိုင်းများတွင် နေ့စားနှင့် လစား အလုပ်သမားများ၏ ပျမ်းမျှ တစ်ရက်နှင့် တစ်လ လုပ်ခများကို ဖော်ပြ ထားပါသည်။ ပထမလိုင်းတွင်မူ လစားနှင့် အခြားလုပ်ခရမှုပုံစံရှိသူများ၏ လုပ်ခများကို တစ်ရက်စာပြောင်းလဲ၍ အလုပ်သမားအားလုံး၏ ပျမ်းမျှတစ်ရက် လုပ်ခများကို ဖော်ပြထားပါသည်။

အဆိုပါခန့်မှန်းတွက်ချက်မှုအရ တွေ့မြင်ရသည်မှာ မြို့ပြအလုပ်သမားများ၏ ပျမ်းမျှတစ်ရက်လုပ်ခသည် ကျေးလက်အလုပ်သမားများထက် ၅၀ ရာခိုင်နှုန်းခန့် မြင့်မားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်ခသည် အမျိုးသမီးများထက် ၃ ပုံ ၁ ပုံခန့် မြင့်မားသည်ကိုလည်း တွေ့ရှိရပါသည်။ ဇယားတွင် ဖော်ပြထားချက်အရ မြို့ပြ၊ ကျေးလက်နှင့် ကျား၊ မ အကြားတွင် နေ့စားအလုပ်သမားများ၏ လုပ်ခသည် လစားအလုပ်သမားများ၏ လုပ်ခထက် နည်းပါးသည်ကို တွေ့ရှိရပါသည်။

ဇယား-၇။ အလုပ်သမားအားလုံး၏ တစ်ရက်ပျမ်းမျှလုပ်ခနှင့် နေ့စားနှင့် လစားအလုပ်သမားများ၏ ပုံနှုန်းမှုရာခိုင်နှုန်း

| တိုင်းဒေသကြီး၊ ပြည်နယ် | ရာခိုင်နှုန်း | | တစ်ရက် လုပ်ခ (,၀၀၀ ကျပ်) |
|---|---|---|---|
| | နေ့စား | လစား | |
| ပြည်ထောင်စု | ၅၃.၃ | ၄၀.၀ | ၄.၇၆ |
| ကချင် | ၂၉.၈ | ၅၅.၄ | ၅.၄၃ |
| ကယား | ၄၉.၄ | ၄၈.၁ | ၆.၂၇ |
| ကရင် | ၆၀.၂ | ၃၃.၇ | ၅.၂၀ |
| ချင်း | ၁၆.၉ | ၅၆.၇ | ၆.၉၅ |
| စစ်ကိုင်း | ၅၀.၆ | ၃၀.၀ | ၃.၆၉ |
| တနင်္သာရီ | ၃၄.၂ | ၅၇.၄ | ၅.၂၃ |
| ပဲခူး | ၇၂.၅ | ၂၀.၆ | ၃.၉၉ |
| မကွေး | ၇၆.၀ | ၂၂.၇ | ၄.၇၈ |
| မန္တလေး | ၆၀.၄ | ၃၂.၆ | ၄.၆၄ |
| မွန် | ၅၅.၆ | ၃၉.၇ | ၄.၄၇ |
| ရခိုင် | ၄၀.၆ | ၄၇.၅ | ၅.၆၅ |
| ရန်ကုန် | ၂၅.၄ | ၇၃.၄ | ၆.၁၄ |
| ရှမ်း | ၄၄.၀ | ၃၇.၅ | ၅.၄၃ |
| ဧရာဝတီ | ၆၃.၂ | ၃၄.၇ | ၃.၈၅ |
| နေပြည်တော် | ၅၃.၃ | ၄၂.၆ | ၄.၈၇ |

ဇယား-၇ တွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နေ့စား၊ လစားနှင့် အလုပ်သမားအားလုံး၏ ပျမ်းမျှတစ်ရက် လုပ်ခများကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ အလုပ်သမားများတွင် နေ့စားနှင့် လစားအလုပ်သမားများ၏ ပါဝင်မှုသည် ၉၃% ရှိကြောင်း တွေ့ရှိရပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင် ထိုကဲ့သို့ တွေ့ရှိရမည်ဖြစ်ပါသည်။ ချင်းပြည်နယ်တွင်မူ နေ့စားနှင့် လစားအလုပ်သမားများ၏ ပါဝင်မှုသည် ၇၅% အောက်တွင်သာ ရှိကြောင်း တွေ့ရှိရပြီး အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ၈၀ % နှင့်အထက်ရှိကြသည်ကို တွေ့ရှိရပါသည်။ ချင်းပြည်နယ်တွင် နေ့စားအလုပ်သမားများ ၏ပါဝင်မှုမှာ ၁၇% သာ ရှိသည်ကို တွေ့ရှိရပါသည်။ နေ့စားအလုပ်သမား ပါဝင်မှုနည်းသော အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၅%)၊ ကချင်ပြည်နယ်တွင် (၃၀%) နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် (၃၄%) တို့ဖြစ်ကြပါသည်။ နေ့စားအလုပ်သမား မြင့်မားစွာ ပါဝင်နေသော တိုင်းဒေသကြီး၊ ပြည်နယ်များမှာ မကွေးတိုင်းဒေသကြီးတွင် (၇၆%) နှင့် ပဲခူးတိုင်းဒေသကြီးတွင် (၇၂%) တို့ဖြစ်ကြပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအကြား အလုပ်သမားများ၏ ပျမ်းမျှလုပ်ခမှာ ပဲခူးတိုင်းဒေသကြီးတွင် ၄,၀၀၀ ကျပ်မှ ချင်းပြည်နယ်တွင် ၇,၀၀၀ ကျပ် အထိ ကွာခြားမှုကြီးမားသည်ကို တွေ့ရှိရပါသည်။ ဖြစ်နိုင်သည်မှာ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့စားအလုပ်သမားပါဝင်မှု နည်းပါးသည့်အတွက် ပျမ်းမျှလုပ်ခမှာ မြင့်မားရခြင်းဖြစ်နိုင်ပါသည်။ အခြားတစ်ဖက်တွင်မူ နေ့စားအလုပ်သမားပါဝင်မှု မြင့်မားသည့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၏ ပျမ်းမျှလုပ်ခမှာ နည်းပါးကြောင်း တွေ့ရှိရပါသည်။ မကွေးတိုင်းဒေသကြီးတွင် နေ့စားအလုပ်သမားပါဝင်မှုမှာ ၇၆ ရာခိုင်နှုန်းရှိသော်လည်း ပျမ်းမျှလုပ်ခမှာ တစ်နိုင်ငံလုံး၏ ပျမ်းမျှတန်ဖိုးနှင့် တူညီနေသည်ကို တွေ့ရှိရပါသည်။

# အခန်း ၃

# စစ်တမ်းကောက်ယူမှုနည်းလမ်း

## ၃.၁ နိဒါန်း

ကလေးလုပ်သားစစ်တမ်းအစီရင်ခံစာသည် အိမ်ထောင်စုစစ်တမ်းတစ်ခုဖြစ်သည့် ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းမှ ရလဒ်များကိုအခြေခံ၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ဤအခန်းတွင် စစ်တမ်းကောက်ယူမှုနည်းလမ်းများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

ဤအခန်း၏ ပထမအပိုင်း ၃ ပိုင်းတွင် အောက်ဖော်ပြပါအကြောင်းအရာများကို ဖော်ပြသွားမည်ဖြစ်ပါသည် -

- စစ်တမ်း၏ နယ်ပယ်နှင့် လွှမ်းခြုံမှု၊
- အချက်အလက်များ ကောက်ယူရာတွင် အသုံးပြုခဲ့သည့် မေးခွန်းလွှာဖွဲ့စည်းမှုပုံစံ
- နမူနာရွေးချယ်ရန်အတွက် ချမှတ်ခဲ့သော နမူနာရွေးချယ်မှုပုံစံ

အဆိုပါအပိုင်းများတွင် အဓိကအားဖြင့် အောက်ပါအချက်များအားဖော်ပြထားပါသည် -

- စစ်တမ်းကောက်ယူခဲ့သည့်အကြောင်းများ၊
- နမူနာစစ်တမ်းကောက်ယူခြင်းနှင့် ကွင်းဆင်းကောက်ယူသည့်အကြောင်းများ၊
- အချက်အလက်ထုတ်ယူမှုအကြောင်းများ၊
- အစီရင်ခံစာတွင်အသုံးပြုခဲ့သော အလေး (weight) နှင့် ဖြေဆိုမှုနှုန်းနှင့်
- စစ်တမ်း၏ ကန့်သတ်ချက်များနှင့် ရရှိခဲ့သော သင်ခန်းစာများ။

## ၃.၂ စစ်တမ်း၏ နယ်ပယ်နှင့် လွှမ်းခြုံမှု

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက် သတင်းအချက်အလက်စနစ်ကို တိုးတက်စေရန်ဖြစ်ပါသည်။ စစ်တမ်းသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တို့ကို လွှမ်းခြုံမှုရှိပါသည်။ (နောက်ပိုင်းတွင် အဆိုပါ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးကို "ပြည်ထောင်စု" ဟု သုံးနှုန်းသွားမည်ဖြစ်ပါသည်။) စစ်တမ်းကောက်ယူရာတွင် လုပ်သားအင်အား၏ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့ပါဝင်မှု အခြေအနေများနှင့် လုပ်သားထုအရွယ်အစားနှင့် ပါဝင်မှုအခြေအနေများအပါအဝင် လုပ်သားဈေးကွက်အတွင်းရှိ အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်အကိုင်ဆိုင်ရာ အသေးစိတ်သတင်း အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ ထို့အပြင် အိမ်ထောင်စုနေထိုင် စားသုံးရန်အတွက် ရည်ရွယ်၍ လုပ်ဆောင်

ချက်များကိုလည်း ထည့်သွင်းကောက်ယူခဲ့ပါသည်။ စစ်တမ်းသည် ဤအစီရင်ခံစာ၏ အရေးကြီးသည့်အချက်ဖြစ်သည့် အလုပ်လုပ်သည့်ကလေးများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ ကောက်ယူနိုင်ရန် ပုံစံချဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် စစ်တမ်းသည် လူငယ်များအကြား ကျောင်းအပြီး လုပ်ငန်းခွင်အကူးအပြောင်း အခြေအနေများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

ကလေးလုပ်သားအခြေအနေကို လေ့လာနိုင်ရန်အတွက် နိုင်ငံအတွင်း မှီတင်းနေထိုင်သော အိမ်ထောင်စုများရှိ အသက် ၅ နှစ်နှင့်အထက် လူဦးရေအားလုံးကို လေ့လာခြင်းပင်ဖြစ်ပါသည်။ သို့သော်လည်း စစ်တမ်း၏ပုံစံနှင့် ကောက်ယူရာတွင် အချို့သောကန့်သတ်ချက်များကြောင့် လေ့လာမှုသည်အကန့်အသတ်များရှိခဲ့ပါသည်။ အိမ်ထောင်စုအခြေခံသည့် စစ်တမ်းဖြစ်သည့်အတွက် လေ့လာမှုတွင် အဖွဲ့အစည်းဆိုင်ရာ အိမ်ထောင်စုများပါဝင်ခြင်းမရှိပါ။ သို့ဖြစ်သည့်အတွက် ကန့်သတ်ချက်အနေဖြင့် လေ့လာမှုတွင် အဖွဲ့အစည်းဆိုင်ရာ အိမ်ထောင်စုမဟုတ်သော အိမ်ထောင်စုဝင်များကိုသာ ပစ်မှတ်ထားလေ့လာထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကလေးများနှင့်စပ်လျဉ်းသည့် လေ့လာမှုများတွင် အဖွဲ့အစည်းဆိုင်ရာ အိမ်ထောင်စုများမဟုတ်သည့် အိမ်ထောင်စုများရှိ ကလေးများကိုသာ လွှမ်းခြုံမှုရှိပါသည်။ ခန့်မှန်းတွက်ချက်ပုံ နည်းလမ်းများကို နောက်ဆက်တွဲ ၁ တွင် လေ့လာနိုင်ပါသည်။

**အကွက်- ၁။ ပစ်မှတ်ထားသည့် လူဦးရေ**

စစ်တမ်းကောက်ယူရန် ပစ်မှတ်ထားသော လူဦးရေမှာ အဖွဲ့အစည်းဆိုင်ရာ အိမ်ထောင်စုများ မဟုတ်သော အိမ်ထောင်စုများရှိ အိမ်ထောင်စုဝင်အားလုံးဖြစ်ပါသည်။ အိမ်ထောင်စုဝင်ဟု ဆိုရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် (System of National Account-SNA) ၂၀၀၈ အရ မြန်မာနိုင်ငံတွင်နေထိုင်သူကို ဆိုလိုပါသည်။ သို့ဖြစ်၍ စစ်တမ်းသည် အောက်ပါအတိုင်း လွှမ်းခြုံမှုရှိပါသည် -

- အချုပ်ကျနေသူနှင့် ဆေးရုံ၊ ဆေးခန်းတက်ရောက်နေသူ အစရှိသဖြင့်၊
- နမူနာကောက်ကွက်များအတွင်းရှိ မြေကွက်လပ်တွင် အဆောက်အဦမရှိဘဲ နေထိုင်နေသူ၊ ယာယီတဲ၊ တံတားအောက် စသည်ဖြင့် နေထိုင်နေသူ၊
- မြန်မာနိုင်ငံအတွင်း ၆ လ သို့မဟုတ် ၆ လနှင့်အထက်နေထိုင်ရန် ရည်ရွယ်၍ အမြဲတမ်းနေထိုင်သူ နိုင်ငံခြားသားများ၊
- အလုပ်ကိစ္စ သို့မဟုတ် အခြားအကြောင်းကိစ္စကြောင့် ၆ လအောက် နိုင်ငံခြားတွင် ရောက်ရှိနေသော အိမ်ထောင်စုဝင်များ၊

သို့သော်လည်း လက်ရှိနေထိုင်သူဟုသတ်မှတ်ထားသော်လည်း အောက်ပါလူဦးရေကို ချန်လှပ် ကောက်ယူပါသည် -

- အကျဉ်းကျနေသူများ၊
- ယာယီရွှေ့ပြောင်းနေထိုင်သူများ ဆိုလိုသည်မှာ ပုံမှန်နေထိုင်ခြင်းမရှိသူများ၊
- သံတမန်များနှင့် ၎င်းတို့၏ မိသားစုဝင်နှင့် အိမ်ဖော်များ၊
- စစ်တပ်တန်းလျားတွင်နေထိုင်ကြသူများ၊
- မိဘမဲ့ဂေဟာ၊ ကယ်ဆယ်ရေးဌာန၊ ဘုန်းကြီးကျောင်း၊ ဘာသာရေးကျောင်းတို့တွင် နေထိုင်သူနှင့် အိမ်ခြေယာမဲ့များ၊

## ၃.၃ မေးခွန်းလွှာ

ဤအပိုင်းတွင် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း မေးခွန်းလွှာတွင် ကလေးလုပ်သားဆိုင်ရာ မေးခွန်းများသည် အခြားသောအခန်းများနှင့် မည်သို့မည်ပုံရှိသည်၊ မည်သည့်အချက်များနှင့် ဆက်စပ်နေသည်ဆိုသည့် ဖွဲ့စည်းတည်ဆောက်ပုံများကို ဖော်ပြသွားမည်ဖြစ်ပါသည်။ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ လုပ်သားဈေးကွက် မူဝါဒများနှင့် အစီအစဉ်များကို ဖော်ဆောင်ရန်၊ စီမံခန့်ခွဲရန်နှင့် အကဲဖြတ်ရန်လိုအပ်သော အမျိုးသားလုပ်သားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။ ထို့အပြင်စစ်တမ်းမှ ကလေးလုပ်သား

ဆိုင်ရာ သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးရန်အတွက် အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့အခြေအနေကို သုံးသပ်နိုင်သည့် မေးခွန်းလွှာတွင် ကလေးလုပ်သားဆိုင်ရာ အပိုင်းများကို ထည့်သွင်းကောက်ယူခဲ့ပါသည်။

စစ်တမ်းသည်အဓိကအားဖြင့်လုပ်သားဈေးကွက်နှင့် ပြည်ထောင်စုအဆင့်၊တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အလုပ်အကိုင်၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း အခြေအနေများကို ကျား၊ မ ခွဲခြား လေ့လာနိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အောက်ပါအချက်အလက်များကို လွှမ်းခြုံကောက်ယူခဲ့ပါသည် -

- အိမ်ထောင်စုပေါင်းစပ်ဖွဲ့စည်းမှုနှင့် မသန်စွမ်းမှု၊ ပြည်တွင်းနှင့် ပြည်ပ ရွှေ့ပြောင်းသွားလာမှုအပါအဝင် အိမ်ထောင်စုဝင်များ၏ ဝိသေသလက္ခဏာများ၊
- စာတတ်မြောက်မှု၊ အသက်မွေးဝမ်းကျောင်းပညာရေးအပါအဝင် ပုံမှန်ကျောင်းပညာရေးအခြေအနေနှင့် လွန်ခဲ့သော တစ်နှစ်အတွင်း အခြားသင်တန်းတက်ရောက်ခဲ့မှုအခြေအနေ၊
- လုပ်ခလစာရ အလုပ်သမားနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအပါအဝင် လက်ရှိအလုပ်အကိုင်အခြေအနေနှင့် အဓိကနှင့် ဒုတိယ အလုပ် သို့မဟုတ် စီးပွားရေးလုပ်ငန်း၏ ဝိသေသလက္ခဏာများ၊
- အလုပ်ရှာဖွေမှုနှင့် အလုပ်လုပ်ရန်အဆင်သင့်ဖြစ်မှုအခြေအနေ၊
- လွန်ခဲ့သောနှစ်အတွင်း အလုပ်အကိုင်အခြေအနေ၊
- လွန်ခဲ့သောနှစ်အတွင်း လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် အန္တရာယ်ရှိမှု အခြေအနေ၊
- အိမ်ထောင်စုစားသုံးရန်နှင့် အသုံးပြုရန် အစားအသောက်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေ၊
- လူငယ်များ၏ လှုပ်ရှားမှုအခြေအနေ၊

အဓိကစစ်တမ်းမေးခွန်းလွှာတွင် အပိုင်း ၂ ပိုင်းပါဝင်ပါသည်။ အပိုင်း ၁ တွင် ၇ ခန်း၊ အပိုင်း ၂ တွင် ၁၂ ခန်း အသီးသီးပါဝင်ပါသည် -

**အပိုင်း ၁။ အိမ်ထောင်စုပေါင်းစပ်ဖွဲ့စည်းမှုနှင့် ဝိသေသလက္ခဏာများ**

| | |
|---|---|
| အခန်း ၁။ | အိမ်ထောင်စုပေါင်းစပ်ဖွဲ့စည်းမှုနှင့် လူဦးရေဆိုင်ရာ ဝိသေသလက္ခဏာများ |
| အခန်း ၂။ | အိမ်ထောင်စုသွင်ပြင်လက္ခဏာများ |
| အခန်း ၃။ | ပြည်ပတွင်ရောက်ရှိနေသော အိမ်ထောင်စုဝင်များ |
| အခန်း ၄။ | ရွှေ့ပြောင်းသွားလာမှု |
| အခန်း ၅။ | မသန်စွမ်းမှုအခြေအနေ |
| အခန်း ၆။ | စာတတ်မြောက်မှုနှင့် ပညာအရည်အချင်း |

အခန်း ၇။ အခြားသင်တန်းတက်ရောက်မှု

**အပိုင်း ၂။ အလုပ်နှင့် လုပ်သားအင်အားဆိုင်ရာ ဝိသေသလက္ခဏာများ**

အခန်း ၁။ အလုပ်အကိုင်အခြေအနေခွဲခြားသတ်မှတ်ခြင်း၊

အခန်း ၂။ အဓိကအလုပ်/စီးပွားရေးလုပ်ငန်း၏ သွင်ပြင်လက္ခဏာများ၊

အခန်း ၃။ အဓိကအလုပ်/စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ၊

အခန်း ၄။ ဒုတိယ အလုပ်/စီးပွားရေးလုပ်ငန်း၏ သွင်ပြင်လက္ခဏာများ၊

အခန်း ၅။ အလုပ်ချိန်နာရီ၊

အခန်း ၆။ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့၊

အခန်း ၇။ အလုပ်ရှာဖွေခြင်းနှင့် အဆင်သင့်ဖြစ်မှုအခြေအနေ၊

အခန်း ၈။ လွန်ခဲ့သောနှစ်အတွင်း အဓိကအလုပ်အကိုင်အခြေအနေ၊

အခန်း ၉။ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနှင့် အန္တရာယ်ရှိမှုအခြေအနေ၊

အခန်း ၁၀။ အိမ်ထောင်စုအတွက် အိမ်မှုကိစ္စဆောင်ရွက်မှုအခြေအနေ၊

အခန်း ၁၁။ အိမ်ထောင်စုအသုံးပြုရန်ရည်ရွယ်၍ ကုန်ပစ္စည်းထုတ်လုပ်မှု၊

အခန်း ၁၂။ လူငယ်များ၏ လှုပ်ရှားမှုအခြေအနေ၊

စစ်တမ်းမေးခွန်းလွှာအား နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

## ၃.၄ နမူနာရွေးချယ်မှုပုံစံနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ

*အကြမ်းဖျဉ်းနမူနာရွေးချယ်မှုပုံစံ*။ စစ်တမ်းသည် ၂၀၁၄ ခုနှစ်တွင်ကောက်ယူခဲ့သော မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ရရှိသော မူဘောင်ကို အခြေခံ ရွေးချယ်ထားပါသည်။ သန်းခေါင်စာရင်းတွင် ဖွဲ့စည်းထားသော စာရင်းကောက်ဧရိယာ (EAs) ကိုပထမအဆင့် ရွေးချယ်မှုယူနစ် (FSUs or PSUs) အဖြစ်နှင့် အိမ်ထောင်စုများကို ဒုတိယ အဆင့်ရွေးချယ်မှုယူနစ် (SSUs or USUs) အဖြစ်သတ်မှတ်ပါသည်။

*အလွှာခွဲခြင်း*။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ပြနှင့် ကျေးလက်ဒေသများကို အခြေခံအလွှာများအဖြစ် သတ်မှတ်သည့်အတွက် စုစုပေါင်း အလွှာ ၃၀ ရှိပါသည်။

*နမူနာအရွယ်အစား*။ ငွေကြေး၊ အချိန်နှင့် လူအင်အားကို စဉ်းစားလျက် ပထမအဆင့် ရွေးချယ်မှုတွင် စာရင်းကောက်ဧရိယာ ၁,၅၀၀ ကို နမူနာစာရင်းကောက်ကွက်အဖြစ် ရွေးချယ်ခဲ့ ပါသည်။ စာရင်းကောက်ကွက် တစ်ကွက်တွင် နမူနာအိမ်ထောင်စု ၁၆ စုကို စစ်တမ်းကောက်ရန် ရွေးချယ်ပါသည်။ သို့ဖြစ်၍ စုစုပေါင်း နမူနာအိမ်ထောင်စုအရေအတွက်မှာ ၂၄,၀၀၀ ဖြစ်ပါ သည်။

ဇယား-၈။ နမူနာရွေးချယ်ထားသော စာရင်းကောက်ကွက်နှင့် အမှန်တကယ် စာရင်းကောက်ယူခဲ့သော စာရင်းကောက်ဧရိယာ

| နယ်ပယ် | ခွဲဝေထားသည့် စာရင်းကောက် ဧရိယာ | | | စာရင်းကောက်ယူခဲ့သည့် စာရင်းကောက်ဧရိယာ | | |
|---|---|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း |
| ပြည်ထောင်စု | ၅၂၂ | ၉၇၈ | ၁,၅၀၀ | ၅၁၉ | ၉၄၉ | ၁,၄၆၈ |
| ကချင် | ၃၆ | ၄၂ | ၇၈ | ၃၆ | ၃၈ | ၇၄ |
| ကယား | ၁၂ | ၂၀ | ၃၂ | ၁၂ | ၂၀ | ၃၂ |
| ကရင် | ၂၂ | ၅၂ | ၇၄ | ၂၂ | ၄၇ | ၆၉ |
| ချင်း | ၁၂ | ၂၈ | ၄၀ | ၁၂ | ၂၇ | ၃၉ |
| စစ်ကိုင်း | ၃၂ | ၁၀၀ | ၁၃၂ | ၃၂ | ၁၀၀ | ၁၃၂ |
| တနင်္သာရီ | ၂၂ | ၄၈ | ၇၀ | ၂၂ | ၄၈ | ၇၀ |
| ပဲခူး | ၃၈ | ၉၀ | ၁၂၈ | ၃၈ | ၉၀ | ၁၂၈ |
| မကွေး | ၂၄ | ၉၀ | ၁၁၄ | ၂၄ | ၉၀ | ၁၁၄ |
| မန္တလေး | ၆၆ | ၈၂ | ၁၄၈ | ၆၆ | ၈၂ | ၁၄၈ |
| မွန် | ၃၂ | ၅၂ | ၈၄ | ၃၂ | ၅၂ | ၈၄ |
| ရခိုင် | ၂၂ | ၈၂ | ၁၀၄ | ၂၂ | ၈၂ | ၁၀၄ |
| ရန်ကုန် | ၁၀၄ | ၄၆ | ၁၅၀ | ၁၀၄ | ၄၆ | ၁၅၀ |
| ရှမ်း | ၄၄ | ၉၆ | ၁၄၀ | ၄၁ | ၇၇ | ၁၁၈ |
| ဧရာဝတီ | ၂၈ | ၁၁၄ | ၁၄၂ | ၂၈ | ၁၁၄ | ၁၄၂ |
| နေပြည်တော် | ၂၈ | ၃၆ | ၆၄ | ၂၈ | ၃၆ | ၆၄ |

*စာရင်းကောက်ကွက်များခွဲဝေချထားခြင်း*။ မြို့ပြနှင့် ကျေးလက်ဒေသများအကြား FSUs များ နေရာချထားရာတွင် မြို့ပြဒေသများ၏ အလုပ်အကိုင်သွင်ပြင်လက္ခဏာပါဝင်မှုမြင့်မားခြင်းနှင့် လူဦးရေပါဝင်မှုနည်းပါးခြင်းတို့ကိုထည့်သွင်းစဉ်းစား၍ မြို့ပြဒေသများကို ကျေးလက်ဒေသများထက် ၁.၅ မှ ၁.၀ အဖြစ် အလေးပိုပေးထားပါသည်။ သို့သော် ရန်ကုန်တိုင်းဒေသကြီး၏ မြို့ပြလူဦးရေပါဝင်မှုသည် မြင့်မားသည့်အတွက် အလေးပိုပေးထားခြင်းမရှိပါ။ ထို့အပြင် နယ်ပယ်အဆင့်အလိုက်နှင့် ပြည်ထောင်စုအဆင့်အလိုက် ခန့်မှန်းတွက်ချက်ရာတွင် အဆင်ပြေစေရန်အတွက် လူဦးရေကို နှစ်ထပ်ကိန်းရင်းပြု ခွဲဝေချထားပါသည်။

*အကွက်ငယ်များ ဖွဲ့စည်းခြင်းနှင့်ရွေးချယ်ခြင်း*။ အဓိကအားဖြင့် အိမ်ထောင်စု စာရင်းစဉ်ပြုစုသည့်အဆင့်တွင် လုပ်ငန်းပမာဏကိုထိန်းချုပ်နိုင်ရန်အတွက် အိမ်ထောင်စု ၄၀၀ နှင့်အထက်ရှိသော စာရင်းကောက်ဧရိယာများတွင် အကွက်ငယ်များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ အိမ်ထောင်စုများသော စာရင်းကောက်ကွက်ကို သတ်မှတ်ထားသည့် အရေအတွက် (D) အတိုင်း အကွက်ငယ်ဟုခေါ်ဆိုသော အပိုင်းများခွဲခြားသတ်မှတ်သွားမည်ဖြစ်ပါသည်။ ဖွဲ့စည်းရမည့် အကွက်ငယ်အရေအတွက် (ဆိုလိုသည်မှာ D တန်ဖိုး) သည် နမူနာစာရင်းကောက်ဧရိယာ

အတွင်းရှိ ခန့်မှန်းဦးရေပေါ်တွင် မူတည်ပါသည်။ အကွက်ငယ်များဖြင့် ဖွဲ့စည်းထားသော စာရင်းကောက်ကွက်မှ အကွက်ငယ်တစ်ခုကိုရွေးချယ်ရာတွင် သာမန်ကျပန်းနမူနာ ရွေးချယ်မှုနည်းလမ်းကို အသုံးပြုခဲ့ပါသည်။

*ဒုတိယအဆင့် နမူနာရွေးချယ်ရန်အတွက် ပြင်ဆင်ခြင်း*။ အိမ်ထောင်စုသည် နောက်ဆုံး အဆင့်နမူနာရွေးချယ်ခြင်းဖြစ်ရာ ရွေးချယ်လိုက်သော စာရင်းကောက်ဧရိယာ သို့မဟုတ် အကွယ်ငယ်အတွင်းရှိ အိမ်ထောင်စုစာရင်းစဉ်သည် နမူနာရွေးချယ်ရန်မူဘောင်ဖြစ်သည်။ အဆိုပါ အိမ်ထောင်စုစာရင်းစဉ် မူဘောင်ကိုရရှိရန်အတွက် ရွေးချယ်ထားသည့် စာရင်းကောက်ဧရိယာ သို့မဟုတ် အကွက်ငယ်အတွင်းရှိ အိမ်ထောင်စုအားလုံးသို့ တစ်အိမ်တက်ဆင်း သွားရောက်၍ အိမ်ထောင်စုစာရင်းစဉ်များ ပြုစုခဲ့ပါသည်။

*ပထမအဆင့်နမူနာစာရင်းကောက်ကွက်များရွေးချယ်ခြင်း*။ စစ်တမ်းများ ကောက်ယူရာတွင် ပထမအဆင့် နမူနာစာရင်းကောက်ကွက်များ ရွေးချယ်နိုင်ရန်အတွက် ပင်မနမူနာ[9] မူဘောင်ကိုပြုစုထားရှိပါသည်။ အဆိုပါမူဘောင်သည် အပိုင်းတစ်ခုတွင် နမူနာစာရင်းကောက်ကွက် ၁,၀၀၀ စီပါဝင်သော အပိုင်း ၄ ပိုင်းပါဝင်သည့် နမူနာစာရင်းကောက်ကွက် ၄,၀၀၀ ဖြင့် ဖွဲ့စည်းထားပါသည်။ အဆိုပါ ပင်မမူဘောင်မှ စာရင်းကောက်ကွက်များရွေးချယ်ရာတွင် အရွယ်အစားပါဝင်မှုအရ ဖြစ်နိုင်ချေရှိသော စနစ်ကျသည့် စက်ဝိုင်းပုံ နမူနာရွေးချယ်မှုစနစ်ဖြင့် ရွေးချယ်ပါသည်။ ဤတွင်အရွယ်အစားဆိုသည်မှာ စာရင်းကောက်ကွက်အတွင်းရှိ အိမ်ထောင်စု အရေအတွက်ကို ဆိုလိုပါသည်။ နမူနာ စာရင်းကောက်ကွက်များရွေးချယ်ရာတွင် အလွှာတစ်ခုခြင်းစီမှ အပိုင်း ၂ ပိုင်းပုံစံဖြင့် ရွေးချယ်ပါသည်။ ဆိုလိုသည်မှာ ဖြစ်တန်စွမ်း အညီအမျှပေး၍ စနစ်ကျသည့် ကျပန်းနမူနာရွေးချယ်သည့် နည်းလမ်းကိုအသုံးပြု၍ ရွေးချယ်ရမည့် နမူနာ ကောက်ကွက်တစ်ဝက်ကို အပိုင်း ၁ မှ ရွေးချယ်ပြီး ကျန်ရွေးချယ်ရမည့် နမူနာကောက်ကွက် တစ်ဝက်ကို အပိုင်း ၃ မှ ရွေးချယ်ခြင်းဖြစ်ပါသည်။

*အိမ်ထောင်စုများရွေးချယ်ခြင်း*။ နမူနာစာရင်းကောက်ကွက် သို့မဟုတ် အကွက်ငယ်မှ နမူနာအိမ်ထောင်စုများကို ဖြစ်တန်စွမ်းအညီအမျှပေး၍ စနစ်ကျသည့်စက်ဝိုင်းပုံ နမူနာ ရွေးချယ်သော နည်းလမ်းကိုအသုံးပြု၍ ရွေးချယ်ပါသည်။

*အစားထိုးခြင်း*။ မူလကရွေးချယ်ထားသော စာရင်းကောက်ကွက်များကို စာရင်းကောက်ယူရန် တတ်နိုင်သမျှကြိုးပမ်းခဲ့ပါသည်။ ထိုသို့ ကြိုးပမ်းခဲ့သော်လည်း မရှောင်လွှဲနိုင်သည့် အခြေအနေများကြောင့် အချို့နမူနာကောက်ကွက်များကို မကောက်ယူနိုင်ခဲ့ပါ။ တူညီသည့် အလွှာအတွင်းမှ အခြားစာရင်းကောက်ကွက်နှင့် အစားထိုးရွေးချယ်ခဲ့ပါသည်။ ထိုသို့ အစားထိုးရွေးချယ်လိုက်သော စာရင်းကောက်ကွက်ကို စာရင်းကောက်ယူနိုင်ခြင်း မရှိပါက နောက်ထပ်အစားထိုးခြင်း မပြုလုပ်ခဲ့ပါ။

---

[9] မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် အိမ်ထောင်စုစစ်တမ်းအတွက် ကမ္ဘာ့ဘဏ်၏ ပထမအဆင့် နမူနာယူနစ် ၄,၀၀၀ ပါသော စာရင်းစဉ်မူဘောင်ကို ပံ့ပိုးပေးပါသည်။

## ၃.၅ ရှေ့ပြေးစစ်တမ်းကောက်ယူခြင်း

စစ်တမ်းကောက်ယူရာတွင် အဓိကကျသည့် မေးခွန်းလွှာကို အတည်ပြုနိုင်ရန် မြေပြင်ကွင်းဆင်း စမ်းသပ်ကောက်ယူခဲ့ပါသည်။ ရှေ့ပြေးစစ်တမ်းကောက်ယူရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အောက်ပါမေးခွန်းများကို ဖြေကြားနိုင်ရန်အတွက် ဖြစ်ပါသည် -

- မေးခွန်းလွှာတွင် ပါရှိသော ရွေးချယ်ရန်အဖြေများသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သင့်လျော်မှုရှိသလား?
- မေးခွန်းလွှာတွင် ပါရှိသော ရွေးချယ်ရန်အဖြေများသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လုံလောက်မှုရှိသလား?
- မေးခွန်းလွှာတွင် မေးမြန်းထားသော မေးခွန်းများသည် ဖြေဆိုသူများအနေဖြင့် နားလည်နိုင်သလား?
- မြေပြင်ကွင်းဆင်းကောက်ယူရာတွင် မည်ကဲ့သို့သော အထူးလိုအပ်ချက်များ ရှိနိုင်မည်နည်း?
- မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူမှုကို မည်သို့ဗျူဟာချဆောင်ရွက်ရမည်နည်း?

ရှေ့ပြေးနမူနာစစ်တမ်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။

ရှေ့ပြေးစမ်းသပ်ကောက်ယူမှုတွင် မေးခွန်းလွှာသင်တန်းပို့ချခြင်းနှင့် မြေပြင်ကွင်းဆင်းကောက်ယူခြင်းဟူ၍ အပိုင်း ၂ ပိုင်း ပါဝင်ပါသည်။ ရှေ့ပြေးစစ်တမ်းကောက်ယူမှုအတွက် ပထမဆုံးသင်တန်းကို နေပြည်တော်တွင် ၂ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။ သင်တန်းတွင် မေးခွန်းလွှာနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။ ၎င်းတွင် အပြန်အလှန် စမ်းသပ်မေးမြန်းခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုကို လွှမ်းခြုံစေရန်အတွက် ရှေ့ပြေးစစ်တမ်းကို နေပြည်တော်၊ မန္တလေး၊ လားရှိုး၊ ဟားခါး၊ ပုသိမ်နှင့် ရန်ကုန်မြို့ နေရာ ၆ နေရာတွင် ပြုလုပ်ခဲ့ပါသည်။ စုစုပေါင်းမေးခွန်းလွှာ အစုံရေ ၂၃၃ ကို ကောက်ယူနိုင်ခဲ့ပါသည်။

ရှေ့ပြေးစမ်းသပ်ကောက်ယူမှုတွင် နည်းပညာပိုင်းအခက်အခဲများကို တွေ့ရှိခဲ့ရပါသည်။ အဆိုပါ တွေ့ရှိချက်များအရ အဓိကအားဖြင့် မေးခွန်းလွှာအနေအထားပုံစံကို ပိုမိုရိုးရှင်းလွယ်ကူသည့် ပုံစံဖြစ်စေရန် မေးခွန်းလွှာအား အတည်ပြုပြင်ဆင်ခဲ့ပါသည်။

ထို့အပြင် စမ်းသပ်ကောက်ယူမှုတွင် တွေ့ရှိချက်များမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့် မိသားစုစားသုံးရန် အသက်မွေးဝမ်းကျောင်းအဖြစ် လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းတို့သည် အများအပြားရှိနေခြင်း၊ ပြည်ပထွက်ခွာခြင်းတွင် လယ်လုပ်ငန်းလုပ်ကိုင်သည့်ဒေသများတွင် ပိုမို

တွေ့ရှိရခြင်းတို့ဖြစ်ပါသည်။ အရေးကြီးသည့်အချက်အနေဖြင့် ရှေ့ပြေးစစ်တမ်း ကောက်ယူခဲ့သော နေရာများတွင် ၁၅ နှစ်အောက် ကလေးလုပ်သားများ များစွာမတွေ့ရှိရခြင်းပင်ဖြစ်ပါသည်။

## ၃.၆ စာရင်းကောက်နှင့် ကြီးကြပ်ရေးမှူးသင်တန်းပေးခြင်းနှင့် ကွင်းဆင်းကောက်ယူခြင်း

*စာရင်းကောက်နှင့် ကြီးကြပ်ရေးမှူး သင်တန်းပေးခြင်း*။ စာရင်းကောက်နှင့် ကြီးကြပ်ရေးမှူး သင်တန်းများတွင် စာရင်းကောက်နှင့် ကြီးကြပ်ရေးမှူး တစ်ဦးချင်းစီကို ၎င်းတို့၏ တာဝန်နှင့် မည်သူကိုနှင့် မည်သည့်အချိန်တွင် အစီရင်ခံရမည်ကို ရှင်းလင်းစွာ နားလည်စေရန် သင်ကြားပို့ချခဲ့ပါသည်။ ယေဘုယျအားဖြင့် ကြီးကြပ်ရေးမှူး တစ်ဦးအောက်တွင် စာရင်းကောက် ၄ ဦးမှ ၆ ဦးအထိ ပါဝင်ပါသည်။ စာရင်းကောက်များကို အပိုင်း ၂ ပိုင်းဖြင့် သင်တန်း ပို့ချခဲ့ရာ ရှေ့ပြေးစစ်တမ်းသင်တန်းနှင့် စာရင်းကောက်သင်တန်းတို့ဖြစ်ပါသည်။

*ကွင်းဆင်းကောက်ယူခြင်း*။ ကွင်းဆင်းကောက်ယူခြင်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကောက်ယူခဲ့ပြီး အချို့သော နယ်မြေငြိမ်းချမ်းမှုမရှိသော ဒေသများနှင့် ဝေးလံသောနေရာများတွင် ဧပြီလ ၃၀ ရက်နေ့အထိ ကောက်ယူခဲ့ကြရပါသည်။ ရွေးချယ်ထားသော နမူနာစာရင်းကောက်ဧရိယာ ၁,၅၀၀ တွင် ၅၈ ကွက်ကို နယ်မြေလုံခြုံမှုမရှိခြင်းနှင့် ဝန်ထမ်းအင်အားလုံလောက်မှုမရှိခြင်းကြောင့် မတ် ၃၁ ရက်နေ့တွင် ပြီးစီးအောင် ကောက်ယူနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ သို့ဖြစ်၍ အချိန်တစ်လ တိုးချဲ့ကောက်ယူခဲ့သော်လည်း နောက်ဆုံးတွင် ၃၂ ကွက်ကို ကောက်ယူနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

## ၃.၇ စာရင်းဇယားထုတ်ယူခြင်း

မေးခွန်းလွှာများအား ကွန်ပျူတာရေးသွင်းခြင်းလုပ်ငန်းကို Microsoft Access ဖြင့် ရေးသားထားသော ပရိုဂရမ်ကိုအသုံးပြု၍ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်း ၈၃ ဦးက ဆောင်ရွက်ခဲ့ပါသည်။ စာရင်းသွင်းခြင်းလုပ်ငန်း ကြီးကြပ်မှုသည် အနည်းငယ်အားနည်းခဲ့သည့်အတွက် စာရင်းသွင်းရာတွင် အလွဲအမှားအချို့ တွေ့ရှိခဲ့ရပါသည်။ သို့ဖြစ်၍ မေးခွန်းလွှာများနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြင်ဆင်ခဲ့ရပါသည်။ ထိုသို့ပြင်ဆင်မှုများ ပြုလုပ်ပြီးသည့်အခါ ကိုက်ညီမှုရှိသည့် အချက်အလက်များကိုရရှိခဲ့ပါသည်။

အချက်အလက် စစ်ဆေးခြင်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိ အလုပ်အကိုင်အခြေအနေကို သုံးသပ်နိုင်ရန်မှာ မေးခွန်းလွှာပါ လုပ်သားအင်အားအပိုင်းသည် အဓိကဖြစ်ပြီး အဆိုပါအပိုင်းတွင် အမှားများတွေ့ရှိခဲ့သည့်အတွက် ကွန်ပျူတာအကူအညီယူ၍သော်လည်းကောင်း၊ လက်ဖြင့်သော်လည်းကောင်း စိစစ်ပြင်ဆင်မှုများပြုလုပ်ခဲ့ပါသည်။ ကွန်ပျူတာအကူအညီဖြင့်ဆောင်ရွက်ရာတွင် SPSS Software ကို အသုံးပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## ၃.၈ ခန့်မှန်းမှုအရည်အသွေး

စစ်တမ်း၏ ခန့်မှန်းတန်ဖိုး အရည်အသွေးသည် နမူနာရွေးချယ်မှုမူဘောင်၊ စစ်တမ်း၏ နမူနာ ရွေးချယ်မှုပုံစံနှင့် ဖြေဆိုမှုနှုန်းများအပေါ်တွင် အခြေခံပါသည်။ မူဘောင်မလုံလောက်ခဲ့ပါ က ဒီဇိုင်းအခြေခံသောအလေးကိုအသုံးပြု၍ လူဦးရေကိုက်ညီရန် ညှိယူရပါသည်။ ခန့်မှန်းမှုနည်းလမ်းနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ-က တွင် အသေးစိတ်ဖော်ပြထားပါသည်။ ခန့်မှန်းတန်ဖိုးများ၏ အရည်အသွေးနှင့်စပ်လျဉ်း၍ ဖြေဆိုမှုနှုန်းနှင့် နှိုင်းယှဉ်စံမှားယွင်းမှု (Relative Standard Errors-RSE) တို့ကို ဤအပိုင်းတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

*အိမ်ထောင်စုတစ်ခုချင်းအလိုက် မဖြေဆိုမှုနှုန်း*။ ဖြေဆိုမှုမရှိသည့်နှုန်းသည် စစ်တမ်းရလဒ်များ ခန့်မှန်းရာတွင် ဘက်လိုက်မှုကိုဖြစ်စေပါသည်။ နမူနာရွေးချယ်မှု အဆင့်တိုင်းတွင် အိမ်ထောင်စုတစ်ခုချင်းအလိုက် ဖြေဆိုမှုမရှိသည့်နှုန်းကို ဒီဇိုင်းအခြေခံသောအလေးဖြင့် ချိန်ညှိ၍ ဂရုစိုက် ဆောင်ရွက်ရပါသည်။ သို့သော် အဆိုပါချိန်ညှိမှုသည် ဖြေဆိုမှုမရှိသည့် ယူနစ်များနှင့် ဆက်စပ်၍ အယူအဆများကို အခြေခံ၍ ဆောင်ရွက်ရပါသည်။ သို့သော်လည်း ယခုစစ်တမ်းတွင် အိမ်ထောင်စု အဆင့် ရွေးချယ်မှုတွင် အိမ်ထောင်စုတစ်ခုချင်းအလိုက် ဖြေဆိုမှုမရှိခြင်းသည် ခန့်မှန်းမှုကို အကျိုးသက်ရောက်နိုင်ခြင်း မရှိသလောက် နည်းပါးသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စုများ ၏ ဖြေဆိုမှုမရှိသည့်နှုန်းမှာ ၀.၂၇ ရာခိုင်နှုန်းသာဖြစ်ပါသည်။ အိမ်ထောင်စု ၅၀ ခန့်ကိုမူ စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်းမရှိပါ။

*မေးခွန်းတစ်ခုချင်းအလိုက် မဖြေဆိုမှုနှုန်း*။ မေးခွန်း တစ်ခုချင်းအလိုက် မဖြေဆိုမှုနှုန်းသည် အိမ်ထောင်စုတစ်ခုချင်းအလိုက် မဖြေဆိုမှုနှုန်းနှင့်မတူညီပဲ အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။ မေးခွန်းလွှာပါ အလုပ်လုပ်သော ကလေးများ၏ အကြောင်းနှင့်စပ်လျဉ်း၍ အချို့သော မေးခွန်းများ မဖြေဆိုသည့် နမူနာအိမ်ထောင်စုများ၏ ပါဝင်မှုနှုန်းသည် ၀.၀၄ ရာခိုင်နှုန်းမှ ၂.၂ ရာခိုင်နှုန်းအထိ ရှိကြောင်း တွေ့ရှိရပါသည်။ ယခုစစ်တမ်းတွင် ပါဝင်သော နမူနာ ကလေးဦးရေ ၂၃,၇၅၂ ဦးဖြစ်ပါသည်။ အဆိုပါကလေးဦးရေအနက် ၂,၃၀၂ ဦးမှာ အလုပ်လုပ်နေပြီး ၁,၂၃၇ ဦးမှာ လုပ်ခရအလုပ်များ လုပ်ကိုင်နေသူများဖြစ်ကြပါသည်။ အရေးကြီးသည့် မေးခွန်းများဖြစ်သည့် အလုပ်လုပ်သော ကလေးများနှင့်စပ်လျဉ်း၍ ဖြေဆိုမှုမရှိသောနှုန်းကို ဇယား-၉ တွင်ဖော်ပြထားပါသည်။

ဇယား-၉။ နမူနာ အလုပ်လုပ်သောကလေး ၂,၃၀၂ နှင့် လုပ်ခရအလုပ်လုပ်သော ကလေး ၁,၂၃၇ နှင့်စပ်လျဉ်းသည့် အရေးကြီးမေးခွန်းများအပေါ် ဖြေဆိုမှုမရှိသည့်နှုန်း

| နယ်ပယ် | ဖြေဆိုမှုမရှိသည့် ကလေးဦးရေ | မဖြေဆိုသည့် နှုန်း (%) |
|---|---|---|
| အလုပ်လုပ်သောကလေး၏ အလုပ်အကိုင်အခြေအနေ | ၂,၃၀၁ | ၀.၀၄ |
| အလုပ်လုပ်သောကလေး၏ လုပ်ငန်းကဏ္ဍ | ၂,၂၄၉ | ၂.၃၀ |
| အလုပ်လုပ်သောကလေး၏ အလုပ်အကိုင်အမျိုးအစား | ၂,၂၈၂ | ၀.၈၇ |
| အလုပ်လုပ်သောကလေး၏ အလုပ်နေရာပိုင်ဆိုင်မှုအမျိုးအစား | ၂,၂၇၂ | ၁.၃၀ |
| လုပ်ခရအလုပ်လုပ်သောကလေး၏ လုပ်ငန်းကဏ္ဍ | ၁,၂၂၀ | ၁.၃၇ |

အဆိုပါ မဖြေဆိုမှုနှုန်းသည် အရေအတွက်ခန့်မှန်းမှုတွင် အကျိုးသက်ရောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် အလုပ်လုပ်သော ကလေးများနှင့်စပ်လျဉ်း၍ ရေးသားဖော်ပြချက်များတွင် မေးခွန်းများဖြေဆိုထားသော အရေအတွက်များကို အခြေခံ ရေးသားထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အချို့သော ခန့်မှန်းအရေအတွက် ပေါင်းလဒ်များသည် အလုပ်လုပ်သောကလေးများ သို့မဟုတ် လုပ်ခရအလုပ်လုပ်သော ကလေးများ၏ ခန့်မှန်း အရေအတွက်များထက် နည်းပါးမည်ဖြစ်ပါသည်။

*နှိုင်းယှဉ်စံမှားယွင်းမှု (Relative Standard Errors)*။ ဇယား-၁၀ တွင် အဓိက နယ်ပယ်များဖြစ်ကြသည့် ကျား၊ မ၊ မြို့ပြ၊ ကျေးလက်နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်လုပ်သော ကလေးများနှင့်စပ်လျဉ်းသည့် အဓိကအညွှန်းကိန်းများ၏ နှိုင်းယှဉ် စံမှားယွင်းမှုအမှားများကို ဖော်ပြထားပါသည်။ ဇယားတွင်ဖော်ပြထားသော နှိုင်းယှဉ်စံ မှားယွင်းမှုအမှားများသည် ခန့်မှန်းအချိုးတန်ဖိုးများဖြစ်ကြပါသည်။ အဆိုပါ နှိုင်းယှဉ်စံ မှားယွင်းမှုအမှားကို တွက်ချက်ရာတွင် replicate နည်းလမ်းကို အသုံးပြုတွက်ချက်ထားပြီး ရာခိုင်နှုန်းအားဖြင့် ဖော်ပြထားပါသည်။

ယေဘုယျအားဖြင့် နှိုင်းယှဉ်စံမှားယွင်းမှု (RSEs) ရာခိုင်နှုန်း ၅% အတွင်းရှိပါက အဆိုပါ ခန့်မှန်းတန်ဖိုးများသည် ယုံကြည်ကိုးစားနိုင်မှုရှိပါသည်။ ဖော်ပြထားသော အညွှန်းကိန်း ၃ ခုဖြစ်သည့် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုရာခိုင်နှုန်း၊ လူဦးရေတွင် ကလေးလုပ်သား ပါဝင်မှု ရာခိုင်နှုန်းနှင့် လူဦးရေတွင် အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သားပါဝင်မှု ရာခိုင်နှုန်း တို့၏ နှိုင်းယှဉ်စံမှားယွင်းမှု (RSEs) တန်ဖိုးများသည် တစ်နိုင်ငံလုံး အတိုင်းအတာတွင် ၅% အတွင်းရှိသည်ကို တွေ့ရှိရပါသည်။ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်နှင့် အသက်အုပ်စု ၃ မျိုး၏ လူဦးရေတွင် အလုပ်လုပ်သူ ပါဝင်မှုရာခိုင်နှုန်းနှင့် စပ်လျဉ်းသည့် နှိုင်းယှဉ်စံမှားယွင်းမှု (RSEs) တန်ဖိုးများသည် ၅%အောက်ရှိသည်ကို တွေ့ရှိရပါသည်။ ကရင်ပြည်နယ်နှင့် ကယားပြည်နယ် များမှလွဲ၍ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှု ရာခိုင်နှုန်းနှင့် စပ်လျဉ်းသည့် နှိုင်းယှဉ်စံမှားယွင်းမှု (RSEs) တန်ဖိုးများသည် ၅% အောက်ရှိ သည်ကို တွေ့ရှိရပါသည်။

လူဦးရေတွင် ကလေးလုပ်သားပါဝင်မှုနှင့်စပ်လျဉ်းသည့် နှိုင်းယှဉ်စံမှားယွင်းမှု (RSEs) တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့ပြဒေသနှင့် အသက်အုပ်စု ၅ နှစ်မှ ၁၁ နှစ်အတွင်း ကလေးများတွင် ၅% အထက်ရှိသည်ကို တွေ့ရှိရပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် အချို့နယ်မြေများသည် ၅% နှင့်အထက် ရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါ အညွှန်းကိန်းနှင့် စပ်လျဉ်း၍ ယုံကြည်ကိုးစားမှုလျော့နည်းသည်ကို အထူးသဖြင့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် နေပြည်တော်တို့တွင် တွေ့ရှိနိုင်ပါသည်။ လူဦးရေတွင် အန္တရာယ်ရှိသော လုပ်ငန်းများ၌ လုပ်ကိုင်နေသော ကလေးလုပ်သားပါဝင်မှု ရာခိုင်နှုန်းနှင့်စပ်လျဉ်းသည့် နှိုင်းယှဉ်စံမှားယွင်းမှု (RSEs) တန်ဖိုးမှာ နယ်ပယ်တိုင်းတွင် ဆိုးရွားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မြို့ပြ၊

ကျေးလက်နှင့် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ %ထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား-၁၀။ အလုပ်လုပ်သောကလေး၊ ကလေးလုပ်သားနှင့် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေသည့် ကလေးလုပ်သားဆိုင်ရာ အဓိကအညွှန်းကိန်းများအတွက် ဆက်နွယ်မှုရှိသည့် နှိုင်းယှဉ်စံ မှားယွင်းမှု

| နယ်ပယ် | နှိုင်းယှဉ်စံ မှားယွင်းမှု RSE (%) | | |
|---|---|---|---|
| | လူဦးရေတွင် အလုပ်လုပ်သော ကလေးပါဝင်မှုအချိုး | လူဦးရေတွင် ကလေးလုပ်သား ပါဝင်မှုအချိုး | လူဦးရေတွင် အန္တရာယ်ရှိသော လုပ်ငန်းခွင်၌ လုပ်ကိုင်နေသည့် ကလေးလုပ်သား ပါဝင်မှုအချိုး |
| ပြည်ထောင်စု | ၀.၄ | ၁.၄ | ၂.၆ |
| ကျား၊ မ | | | |
| ကျား | ၀.၉ | ၁.၇ | ၀.၆ |
| မ | ၁.၀ | ၀.၇ | ၄.၉ |
| မြို့ပြ၊ ကျေးလက် | | | |
| မြို့ပြ | ၀.၃ | ၇.၇ | ၁၈.၈ |
| ကျေးလက် | ၁.၀ | ၃.၄ | ၆.၈ |
| အသက်အုပ်စု | | | |
| ၅ - ၁၁ | ၄.၂ | ၅.၇ | ၉.၈ |
| ၁၂ - ၁၄ | ၂.၀ | ၁.၈ | ၃.၆ |
| ၁၅ - ၁၇ | ၀.၇ | ၁.၉ | ၄.၀ |
| ၅ - ၁၇ | ၀.၅ | ၀.၄ | ၁.၈ |
| ၁၈+ | ၀.၂ | - | - |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | |
| ကချင် | ၁.၆ | ၃၄.၂ | ၄၂.၁ |
| ကယား | ၇.၉ | ၁၀.၀ | ၇.၂ |
| ကရင် | ၆.၁ | ၅.၁ | ၁၅.၅ |
| ချင်း | ၂.၆ | ၁၀.၇ | ၂၆.၄ |
| စစ်ကိုင်း | ၁.၈ | ၂.၇ | ၁၇.၈ |
| တနင်္သာရီ | ၂.၄ | ၄.၇ | ၁.၉ |
| ပဲခူး | ၀.၈ | ၂.၂ | ၄.၆ |
| မကွေး | ၁.၈ | ၄.၇ | ၄.၆ |
| မန္တလေး | ၀.၈ | ၃.၁ | ၆.၉ |
| မွန် | ၀.၀ | ၂၂.၃ | ၂၁.၈ |
| ရခိုင် | ၃.၄ | ၁၃.၀ | ၂၃.၀ |
| ရန်ကုန် | ၁.၃ | ၁၂.၀ | ၁၁.၇ |
| ရှမ်း | ၁.၇ | ၅.၀ | ၁၅.၆ |
| ဧရာဝတီ | ၀.၅ | ၁၅.၉ | ၁၀.၄ |
| နေပြည်တော် | ၁.၈ | ၂၁.၅ | ၄၇.၂ |

# အခန်း ၄

## အယူအဆနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

### ၄.၁ နိဒါန်း

ဤအခန်းတွင် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင် အသုံးပြုသည့် ယူဆချက်များနှင့် အဓိပ္ပါယ်သတ်မှတ်ချက်များကို အကျဉ်းချုပ် ဆွေးနွေးထားခြင်း ဖြစ်ပါသည်။ ပထမပိုင်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံနှုန်းများနှင့် ဆက်စပ်သော လုပ်ငန်းဆိုင်ရာ ဆွေးနွေးချက်အပြင် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် ကလေးလုပ်သားများ၏ သဘောတရားများနှင့် ပတ်သက်၍ ဖော်ပြထားပါသည်။

### ၄.၂ မြန်မာနိုင်ငံတွင် ကလေးလုပ်သားဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ

မြန်မာ့စီးပွားရေးကဏ္ဍတွင် ရှေးယခင်ကတည်းက ကလေးသူငယ်များသည် လက်မှုလုပ်ငန်းနှင့် ဈေးဆိုင်အကူ၊ အိမ်သန့်ရှင်းရေးလုပ်သူများအဖြစ် များပြားသော အလုပ်နေရာများနှင့် ဒွန်တွဲလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကွဲပြားခြားနားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အလုပ်လုပ်သော ကလေးသူငယ်များကို နေရာတိုင်း၌ တွေ့မြင်နေရပြီး အိမ်တွင်းစီးပွားရေး လုပ်ငန်းအပါအဝင် စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်သော ကလေးသူငယ်များကို ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် လက်ခံထားမှုများ ရှိနေပါသည်။ ၂၀၀၆ ခုနှစ်တွင် ဆောင်ရွက်ထားသော UNICEF ၏လေ့လာမှုအရ ဖော်ပြထားမှုတွင် အသက် ၇ နှစ်မှ ၁၆ နှစ် ကလေးသူငယ်၏ အလုပ်အကိုင်တစ်မျိုး သို့မဟုတ် အခြားအလုပ်များ လုပ်ကိုင်မှုကို ခန့်မှန်းတွက်ချက်မှုမှာ ၃၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။[၅]

*မြန်မာနိုင်ငံ၏ ကလေးလုပ်သားဥပဒေ*။ လက်ရှိမြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေများသည် ကိုလိုနီဥပဒေများဖြင့် ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ၁၉၅၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အသက် ၁၃ နှစ်အောက် ကလေးသူငယ်များ ဆိုင်များနှင့် အလုပ်ဌာနများတွင် အလုပ်လုပ်ခြင်းနှင့် အသက် ၁၃ နှစ်မှ ၁၅ နှစ်အုပ်စုကို တစ်နေ့လျှင် ၄ နာရီထက် ပိုသော အလုပ်လုပ်ခြင်းများကို တားမြစ်ထားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ (၁၉၅၁ ခုနှစ်) သည် အသက် ၁၃ နှစ် အောက်ကလေးသူငယ်များ စက်မှု လုပ်ငန်းများတွင် အလုပ်လုပ်ခြင်းမှ တားမြစ်ထားပါသည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် အလုပ်ရုံများအက်ဥပဒေနှင့် ဆိုင်နှင့်အလုပ်ဌာနများအက်ဥပဒေကို ပြင်ဆင်ခဲ့ပြီး အလုပ်လုပ်ကိုင်နိုင်သည့် အငယ်ဆုံးအသက်ကို ၁၄ နှစ်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ အသက် ၁၄ နှစ်မှ ၁၆

[၅] မြန်မာနိုင်ငံရှိ အလုပ်လုပ်သော ကလေးသူငယ်များ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF ၂၀၀၆ ခုနှစ်

နှစ်ကြား ကလေးသူငယ်များကို အန္တရာယ်ရှိသော အလုပ်များတွင် လုပ်ကိုင်ခြင်းနှင့် အချိန်ပိုခိုင်းစေခြင်းတို့ကို တားမြစ်ထားပါသည်။

အခြားဥပဒေဖြစ်သည့် ကလေးနှင့် လူငယ် ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးလုပ်သားပပျောက်ရေးအတွက် ကလေးသူငယ်ဥပဒေ[၆] - ဥပဒေအမှတ် ၉/၉၃ တွင် ဖော်ပြထားသည်မှာ-

- ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသောသူနှင့် လူငယ်ဆိုသည်မှာ အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။
- ကလေးသူငယ်တိုင်းသည် ဥပဒေနှင့်အညီ မိမိဆန္ဒအလျောက် အလုပ်လုပ်ပိုင်ခွင့်ရှိသည်။
- ကလေးသူငယ်တိုင်းသည် ဥပဒေအရ သတ်မှတ်ထားသည့် အလုပ်လုပ်ချိန်၊ အားလပ်ခွင့်နှင့် အခြားသက်သာခွင့်များကို ရပိုင်ခွင့်ရှိသည်။

၂၀၁၁ ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ကတည်းက အစိုးရအနေဖြင့် စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများအတွက် စတင်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ ပင်မဥပဒေများနှင့်ပတ်သက်ပြီး ပြုပြင်ပြောင်းလဲနိုင်ရန် ILO ၏ အထောက်အပံ့ကို ရယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ ရလဒ်မှာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြုပြင်ပြောင်းလဲပြီး လွန်ခဲ့သော နှစ်အနည်းငယ်ကပင် ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၃ ခုနှစ် တွင် ILO ၏ ပြဋ္ဌာန်းချက်ဖြစ်သည့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးသူငယ်များခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် ၁၉၉၉ (အမှတ် ၁၈၂) ကို ကလေးလုပ်သားပပျောက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြု လိုက်နာစေခဲ့ပါသည်။ ကလေးလုပ်သားပပျောက်ရေးအစီအစဉ်မြန်မာကို (MyPEC) မှ 'ကလေးလုပ်သားဆိုင်ရာ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့' (TWG-CL) ဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအဖွဲ့ကို အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင်နှင့် ကုလသမဂ္ဂဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ၎င်းတို့သည် အစိုးရမှသဘောတူခွင့်ပြုထားသော လမ်းညွှန်အကြံပြုချက် (၄.၉.၂၀၁၄) နှင့် လိုက်နာရမည့်ညွှန်ကြားချက်များ ပေါင်းစပ်ပြီး မူကြမ်းရေးဆွဲပြီးဖြစ်ပါသည်။

*အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံနှုန်းများ*။ ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက် (UNCRC) မှ စီးပွားရေး အမြတ်ထုတ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော မည်သည့်အလုပ်မဆို လုပ်ကိုင်စေခြင်း သို့မဟုတ် ကလေးသူငယ်၏ ပညာရေးကို အနှောက်အယှက်ဖြစ်စေခြင်း သို့မဟုတ် ကလေးသူငယ်၏ ကျန်းမာရေး သို့မဟုတ် ရုပ်ပိုင်း

---

[၆] လက်ရှိကလေးသူငယ်ဥပဒေသည် ပြင်ဆင်လျက်ရှိပြီး မူကြမ်းအသစ်ကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကိုးကွယ်မှုဆိုင်ရာ၊ ကိုယ်ကျင့်တရား သို့မဟုတ် လူမှုရေးဖွံ့ဖြိုးတိုးတက်စေမှုဆိုင်ရာ အန္တရာယ်ရှိစေမှုတို့ကို ကာကွယ်ရန် အသိအမှတ်ပြုထားပါသည်။

**အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၃၈** တွင် ကလေးများကို တရားဝင်ခိုင်းစေနိုင်သော သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ် စံသတ်မှတ်ချက်များပါဝင်ပါသည်။ ယင်းသည် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကလေးသူငယ်များအား အလုပ်လုပ်ခွင့်ပြုရန် ယေဘုယျအငယ်ဆုံးအသက်ကို (မသင်မနေရပညာရေးပြီးဆုံးသောအသက်အောက်မငယ်ဘဲ ယေဘုယျအားဖြင့် အနည်းဆုံးအသက် ၁၅နှစ်) သတ်မှတ်ပေးရန် တောင်းဆိုထားပြီး ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် ငယ်ရွယ်သူတို့၏ ကိုယ်ကျင့်သိက္ခာနှင့်ပတ်သက်ပြီး အများအားဖြင့် အန္တရာယ်ရှိသောအလုပ်များ အလုပ်လုပ်ကိုင်နိုင်သည့် အမြင့်ဆုံး အသက်သည် ၁၈ နှစ်အောက်မငယ်သောသူများကိုသာ လုပ်ကိုင်နိုင်ရန် သတ်မှတ်ထားပါသည်။ ပြဋ္ဌာန်းချက်သည် အချို့သောအချက်များကို လိုက်လျောညီထွေမှုဖြစ်စေရန် ခွင့်ပြုပါသည်-

- **အငယ်ဆုံးအသက်** - ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများ သို့မဟုတ် ပညာရေးအခြေခံအဆောက်အဦများ အားနည်းသော နိုင်ငံများတွင် အလုပ်လုပ်ကိုင်နိုင်သည့် အငယ်ဆုံးအသက်သည် ၁၄ နှစ်အဖြစ် သတ်မှတ်ထားပါသည်။
- **ပေါ့ပါးသောအလုပ်** - နိုင်ငံများအနေဖြင့် (အသက် ၁၃ နှစ်နှင့် ၁၅ နှစ်ကြား) ကလေးသူငယ်များ၏ အလုပ်လုပ်ကိုင်မှုကို အလုပ်လုပ်သူများကို (က) ကျန်းမာရေး သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အနှောက်အယှက်မဖြစ်စေရေး (ခ) ၎င်းတို့၏ ကျောင်းတက်ရောက်မှု၊ အသက်မွေးဝမ်းကျောင်းမှုပညာရပ်များနှင့် သင်တန်းအစီအစဉ် များအတွက် ဟန့်တားမှုမရှိသော လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ခွင့်ပြုနိုင်ပါသည်။ ပေါ့ပါးသောအလုပ်များကိုလုပ်ကိုင်နိုင်သည့် အငယ်ဆုံးအသက်အကန့်အသတ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အသက် ၁၂ နှစ် ဟု သတ်မှတ်နိုင်ပါသည်။

**အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ (အပိုဒ် ၃)** တွင် ကလေးလုပ်သားများကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှု ပပျောက်နိုင်ရန် အမိကထား ဆောင်ရွက်လျက်ရှိရာ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းတွင် အောက်ပါအတိုင်း ပါဝင်ပါသည်-

(က) ကျွန်အဖြစ် ခိုင်းစေမှုပုံစံအားလုံးနှင့် (သို့မဟုတ်) ကျွန်ကဲ့သို့လက်တွေ့ခိုင်းစေခြင်း၊ ဥပမာအားဖြင့် ကလေးများကို ကုန်ပစ္စည်းအဖြစ် ရောင်းခြင်းနှင့် တရားမဝင်ကုန်ကူးခြင်း၊ အဓမ္မပြုခြင်းနှင့် ကျေးကျွန်အဖြစ် ခိုင်းစေခြင်း၊ အတင်းအဓမ္မအလုပ်ခိုင်းစေခြင်း၊ စစ်မြေပြင်တွင် ကလေးများကို အသုံးပြုပြီးခိုင်းစေခြင်းတို့ ပါဝင်ပါသည်။

(ခ) ပြည့်တန်ဆာလုပ်ငန်းတွင် စေခိုင်းခြင်း (သို့မဟုတ်) ဖျော်ဖြေပေးရန်အတွက် ပြည့်တန်ဆာအဖြစ် ကလေးများကို ဝယ်ယူဈေးပေးခြင်းဖြင့်အသုံးပြုခြင်း၊

(ဂ) တရားမဝင်လုပ်ငန်းဖြစ်သည့် မူးယစ်ဆေးရောင်းဝယ်ခြင်း လုပ်ငန်းများတွင် ဝယ်ယူ ရောင်းချရန်အတွက် ကလေးများကို အသုံးပြုခြင်း၊

(ဃ) ကလေးများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှု (သို့) ကိုယ်ကျင့် တရားကို အန္တရာယ်ဖြစ်စေသောအလုပ်၊

တိုက်တွန်းချက်အမှတ် ၁၉၀ တွင် နိုင်ငံများအနေဖြင့် ၎င်းတို့၏ နိုင်ငံအတွင်း အန္တရာယ်ရှိသောအလုပ်များကို အဓိပ္ပာယ်သတ်မှတ်ရန် ပိုမိုအသေးစိတ်သော လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ ဤပြဋ္ဌာန်းချက်များသည် ကလေးလုပ်သားများအတွက် နိုင်ငံအဆင့် ဥပဒေစည်းကြပ်ခြင်းနှင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေစည်းကြပ်ခြင်းတို့ကို ဆောင်ရွက်ရန် အထောက်အပံ့ဖြစ်စေပါသည်။

## ၄.၃ အဓိကအယူအဆများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤအပိုင်းသည် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင်အသုံးပြုသော အယူအဆများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုဖော်ပြထားပါသည်။ အဆိုပါအယူအဆများသည် မြန်မာနိုင်ငံတွင် လိုက်နာကျင့်သုံး လျက်ရှိသော အမျိုးသားစာရင်းအင်းစနစ် ရည်ညွှန်းချက်မူဘောင်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ကလေးလုပ်သားနှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်မူဘောင်များအရ သတ်မှတ်ထားခြင်းဖြစ်ပါသည်။

**အိမ်ထောင်စု** ဆိုသည်မှာအိမ်ထောင်စုတစ်စုကို လူတစ်ဦး (သို့မဟုတ်) လူတစ်စု၊ အိမ်တစ်အိမ်တည်း (သို့မဟုတ်) ခြံဝင်းတစ်ခုတည်းတွင် အတူတကွနေထိုင်ကြပြီး၊ အိမ်မှုကိစ္စများကို အတူတကွစီမံခန့်ခွဲ၍ တစ်အိုးတည်း စားသောက်သူများကိုဆိုလိုသည်။ အိမ်ထောင်စုဝင်များသည် တစ်ဦးနှင့်တစ်ဦး သွေးသားတော်စပ်ခြင်း (သို့) လက်ထပ်ခြင်းစသည့် ဆက်သွယ်ချက်လိုအပ်မှု ရှိရမည်မဟုတ်ပါ။ ထိုကဲ့သို့ပင် သွေးသားတော်စပ်ခြင်း (သို့) လက်ထပ်ခြင်းဖြင့် ဆက်နွယ်မှုရှိသော တစ်အိမ်တည်း (သို့) ခြံဝင်းတစ်ခုတည်းနေထိုင်သူအားလုံးလည်း တူညီသောအိမ်ထောင်စုတွင် ပါဝင်ခြင်းမရှိကြပါ။ အိမ်ထောင်စုဝင်တစ်ယောက်ဟု သတ်မှတ်နိုင်ရန်အတွက် လူတစ်ဦးသည် အခြားအိမ်ထောင်စုဝင်များနှင့်အတူ ၆ လထက်ပို၍ အဆောက်အဦးအတွင်း အတူနေထိုင်ရန် လိုအပ်သည့်အပြင် အခြားအိမ်ထောင်စုတစ်စု၏ အိမ်ထောင်စုဝင်မဖြစ်ရန် လိုအပ်ပါသည်။ သို့သော် အချို့သောခြွင်းချက်များမှာ - (၁) မွေးဖွားခြင်း (သို့) လက်ထပ်ခြင်းကြောင့် လွန်ခဲ့သော ၆ လအတွင်း ရောက်ရှိလာသည့်အသစ်များကို အိမ်ထောင်စုဝင်များအဖြစ်သတ်မှတ်ရန်၊ (၂) အခြားအိမ်ထောင်စုတွင် နေထိုင်ခြင်းမရှိသော (သို့) အခြားအိမ်ထောင်စုဝင်မဟုတ်သော ကျောင်းသားနှင့် ရာသီချိန်ကာလလုပ်သားများကို အိမ်ထောင်စုဝင်အဖြစ်

ထည့်သွင်းရန်၊ (၃) လွန်ခဲ့သော ၆ လထက် လျော့နည်းပြီး နေထိုင်ခဲ့သော်လည်း ရေရှည်တွင် အမြဲတမ်း (သို့မဟုတ်) ကာလရှည် နေထိုင်ရန် ရည်မှန်းထားသောသူတို့ ဖြစ်ပါသည်။ တနည်းအားဖြင့် ၆ လထက်ပို၍ နေထိုင်ခဲ့သော်လည်း မိသားစုမှ အပြီးထွက်ခွာသွားမည့်သူများ (ဥပမာ- ကွာရှင်းခြင်း၊ သေဆုံးခြင်း၊ အပြီးထွက်သွားခြင်း) ကို အိမ်ထောင်စုဝင်များဟု သတ်မှတ်ရန်မလိုပါ။

ယခုစစ်တမ်းသည် အဖွဲ့အစည်းဆိုင်ရာ အိမ်ထောင်စုများကို မကောက်ယူသည့်အတွက် စစ်တန်းလျားတွင် နေထိုင်သူများ၊ မိဘမဲ့ဂေဟာ၊ ကယ်ဆယ်ရေးစခန်း၊ ဘုရားကျောင်း၊ လူသူနေထိုင်ခြင်းမရှိသည့် အိမ်များသည် ဤစစ်တမ်းတွင် အကျုံးဝင်ခြင်း မရှိပါ။ သို့ရာတွင် အဆောင်နေကျောင်းသားများကို စစ်တမ်းတွင်ကောက်ယူပြီး အဆောင်များရှိ လူတစ်ဦးချင်းစီကို အိမ်ထောင်စုဝင် တစ်ဦးတည်းသာရှိသော အိမ်ထောင်စုများအဖြစ် သတ်မှတ်ပါသည်။

**အိမ်ထောင်ဦးစီး**ဆိုသည်မှာ ယေဘုယျအားဖြင့် အိမ်ထောင်စုတာဝန်ကို ယူရသောသူဖြစ်ပါသည်။ အိမ်ထောင်စုမှ ၆ လထက်ပိုပြီး အဝေးတွင်နေထိုင်သောသူသည် အဓိပ္ပာယ်သတ်မှတ်ချက်အရ အိမ်ထောင်စုဝင် မဟုတ်သဖြင့် ၎င်းအား အိမ်ထောင်ဦးစီးအဖြစ် မသတ်မှတ်ရပါ။ အကယ်၍ ဖြေဆိုသူသည် လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီသည့် အိမ်ထောင်စုဝင်တစ်ဦးကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ပါက အိမ်ထောင်ဦးစီးအဝေးတွင်ရှိနေစဉ် အိမ်ထောင်ဦးစီး၏ တာဝန်များကို ယေဘုယျ အားဖြင့် တာဝန်ယူသည့် လူ/ပုဂ္ဂိုလ်ကို သတ်မှတ်ပေးပါရန် ဖြေဆိုသူအား မေးမြန်းရန် လိုအပ် မည် ဖြစ်ပါသည်။ ဤအိမ်ထောင်စုဝင်ကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ရမည် ဖြစ်ပါသည်။

**အလုပ် (Work)** သည် မည်သည့်အသက်အရွယ်အတွင်းရှိ အမျိုးသား/အမျိုးသမီးများမှ ကိုယ်တိုင် (သို့) အခြားသူများ သုံးစွဲရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်း (သို့) ဝန်ဆောင်မှုများပေးခြင်းအတွက် လုပ်ဆောင်သော မည်သည့်လုပ်ဆောင်ချက်မျိုးကိုမဆို အလုပ်ဟုသတ်မှတ်ပါသည်။ အလုပ်ကို သမရိုးကျသွင်ပြင်လက္ခဏာ (သို့) သမရိုးကျမဟုတ်သော သွင်ပြင်လက္ခဏာ (သို့) တရားဝင်လုပ်ဆောင်ချက်တို့ကို ထည့်သွင်းမစဉ်းစားဘဲ သတ်မှတ်ပါသည်။ သို့ရာတွင် နိုင်ငံအဆင့်စာရင်းအင်းစနစ်၏ ထုတ်လုပ်မှုနယ်နိမိတ်တွင် မပါဝင်သော လုပ်ဆောင်မှုများဖြစ်သည့် တောင်းရမ်းခြင်း၊ ခိုးခြင်း၊ မိမိကိုယ်ကို ဂရုစိုက်ခြင်း (ဥပမာ တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ဆောင်ခြင်းများ) နှင့် အခြားလူတစ်ဦးမှ လုပ်ဆောင်ပေးလို့မရသော လုပ်ဆောင်မှုများ (ဥပမာ- အိပ်ခြင်း၊ သင်ယူခြင်းနှင့် ကိုယ်ပိုင်အပန်းဖြေခြင်းအတွက် လုပ်ဆောင်မှုများ) စသည့် လုပ်ဆောင်မှုများကို ထည့်သွင်းစဉ်းစားထားခြင်း မရှိပါ။

မတူညီသော ရည်မှန်းချက်များကို ဖြည့်ဆည်းရန် တစ်ဘက်ပါအခြေပြဇယားတွင် ဖော်ပြထားသော သီးခြားတိုင်းတာတွက်ချက်မှုအတွက် အပြန်အလှန် ဆက်စပ်မှုမရှိသည့် လုပ်ငန်းပုံစံ (၅)မျိုးအား စိစစ်ဖော်ပြပါသည်-

## ပုံ-၄။ အလုပ်ပုံစံများ

<table>
<tr><td>အဓိကထုတ်လုပ်သည့်ပစ္စည်း</td><td colspan="2">ကိုယ်ပိုင်အသုံးပြုရန်ထုတ်လုပ်ခြင်း</td><td colspan="6">အခြားသူများ အသုံးပြုရန် ထုတ်လုပ်ခြင်း</td></tr>
<tr><td rowspan="3">အလုပ်ပုံစံများ</td><td colspan="2">၁။ ကိုယ်ပိုင်အသုံးပြုရန်ထုတ်လုပ်ခြင်း</td><td rowspan="3">၂။ အလုပ်အကိုင် (အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်ဖြင့်)</td><td rowspan="3">၃။လုပ်ခမရ/အလုပ်သင်</td><td rowspan="3">၄။ အခြားလုပ်ငန်းဆောင်ရွက်မှုများ</td><td colspan="3">၅။ စေတနာ့ဝန်ထမ်းအလုပ်</td></tr>
<tr><td rowspan="2">ဝန်ဆောင်မှုများ</td><td rowspan="2">ကုန်စည်</td><td rowspan="2">ဈေးကွက်နှင့် ဈေးကွက်မဟုတ်သော ယူနစ်</td><td colspan="2">အိမ်တွင်းထုတ်လုပ်မှု</td></tr>
<tr><td>ကုန်စည်များ</td><td>ဝန်ဆောင်မှုများ</td></tr>
</table>

လုပ်သားအင်အား စာရင်းဇယားများအတွက် လုပ်ငန်းခွဲခြားမှုပုံစံများကို လုပ်ငန်းအမျိုးအစားအလိုက် စုစည်းထားပါသည်။ လုပ်သားအင်အားသည် လုပ်ခလစာ သို့မဟုတ် အကျိုးအမြတ်လဲလှယ်ရန် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် လက်ရှိထောက်ပံ့ပေးနိုင်သည့် လုပ်အားကို ရည်ညွှန်းပါသည်။

လူများသည် အလုပ်အမျိုးအစားတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တစ်ပြိုင်တည်း သို့မဟုတ် တစ်ခုပြီးတစ်ခု လုပ်ကိုင်နိုင်ပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် စေတနာရှင်အဖြစ်လည်းကောင်း၊ လုပ်ခမရအလုပ်သင်အဖြစ်လည်းကောင်း ကိုယ်ပိုင်သုံးစွဲရန်အတွက် ထုတ်လုပ်မှုများကို မည်သို့သော ပေါင်းစပ်ခြင်းမျိုးနှင့်မဆို လုပ်ကိုင်နိုင်ပါသည်။

**အလုပ်လက်ရှိ (Employment)** ဆိုသည်မှာ အလုပ်လုပ်သည့် အသက်အရွယ်ရှိသည့်သူများကို အလုပ်လုပ်သည်ဟု သတ်မှတ်နိုင်ရန်အတွက် ရည်ညွှန်းကာလ ၇ ရက်အတွင်း လစာစသည့် ပုံမှန်လုပ်ခဖြင့်ဖြစ်စေ (သို့မဟုတ်) အမြတ်အစွန်းဖြစ်စေ ကုန်စည်နှင့် ဆောင်ရွက်မှုများ ထုတ်လုပ်နိုင်ရန်အတွက် မည်သည့်လုပ်ဆောင်ချက်ကိုမဆို ပါဝင်လုပ်ဆောင်ခြင်းကို ဆိုလိုပါသည်။ ယင်းတို့တွင် အောက်ပါတို့ဖွဲ့စည်းပါဝင်ပါသည်-

- "အလုပ်"မှာ အလုပ်လုပ်နေသောသူများ ဆိုလိုသည်မှာ အနည်းဆုံးတစ်နာရီခန့် အလုပ်မှာ အလုပ်လုပ်ခဲ့ခြင်း၊
- အလုပ်တွင် ယာယီပျက်ကွက်ခြင်း (သို့မဟုတ်) အလုပ်လုပ်သည့်အချိန်ကို စီစဉ်ထားသဖြင့် (အဆိုင်းဖြင့် အလုပ်ချိန်၊ စုစုပေါင်း အလုပ်ချိန်ကို မထိခိုက်စေဘဲ လွှဲပြောင်းထားသော အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းကြောင့် အစားထိုးရရှိသည့် ခွင့်ကာလကဲ့သို့သော) "အလုပ်မှာမရှိသော" အလုပ်လုပ်နေသောသူများ၊

အောက်ပါလူ/ပုဂ္ဂိုလ်များကို အလုပ်လုပ်သည်ဟုသတ်မှတ်ရမည်ဖြစ်ပါသည်။

- အလုပ်လုပ်ချိန်ဆိုင်ရာ နိုင်ငံတကာစာရင်းအင်းစံအရ အလုပ်မှလိုအပ်ချက် (သို့မဟုတ်) တူညီသောစီးပွားရေးယူနစ်၏ အခြားအလုပ်မှ လိုအပ်ချက်အရ သင်တန်း (သို့မဟုတ်) အတတ်ပညာပိုင်းကျွမ်းကျင်မှုတိုးပွားရန် ဆောင်ရွက်လျက်ရှိသော လစာစသည့် ပုံမှန်လုပ်ခဖြင့်ဖြစ်စေ (သို့မဟုတ်) အမြတ်အစွန်းဖြစ်စေ အလုပ်လုပ်နေသောသူများ၊
- ပုံမှန်လုပ်ခကို ငွေကြေးဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေရရှိသည့် အလုပ်သင်လုပ်ကိုင်သူများ၊ လုပ်ငန်းသင်ကြားသူများ (သို့မဟုတ်) သင်တန်းတက်ရောက်နေသူများ၊
- အလုပ်အကိုင် တိုးမြှင့်ရေးအစီအစဉ်အရ လစာစသည့် ပုံမှန်လုပ်ခဖြင့်ဖြစ်စေ (သို့မဟုတ်) အမြတ်အစွန်းဖြစ်စေ အလုပ်လုပ်နေသောသူများ၊
- ထုတ်လုပ်မှု၏ တစ်စိတ်တစ်ပိုင်းကို အိမ်ထောင်စု (သို့မဟုတ်) မိသားစုဝင်များကို စားသုံးမှုရှိစေကာမူ ကိုယ်ပိုင်စီးပွားရေးယူနစ်တွင် ကုန်ပစ္စည်းများကို **အဓိကအားဖြင့် ရောင်းချရန်/ ပစ္စည်းချင်း လဲလှယ်ရောင်းဝယ်ရန်**အတွက် ထုတ်လုပ်သောသူများ၊
- ရာသီချိန်အလုပ်လုပ်ကိုင်သူများသည် ရာသီချိန်ပြင်ပကာလတွင် အလုပ်၏အချို့သော လုပ်ငန်းတာဝန်များကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေပါက ဝင်ငွေမရရှိသည့်တိုင် အလုပ်လုပ်သူဟု သတ်မှတ်ပါသည်။ သို့ရာတွင် ဥပဒေဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များ (ဥပမာအားဖြင့် အခွန်ပေးဆောင်ခြင်း) ကိုဆောင်ရွက်ခြင်းတို့ မပါဝင်ပါ။
- (က) တစ်အိမ်တည်း သို့မဟုတ် အခြားအိမ်တွင်နေထိုင်သော မိသားစုဝင်တစ်ဦး ပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်း သို့မဟုတ် (ခ) တစ်အိမ်တည်း သို့မဟုတ် အခြားအိမ်တွင် နေထိုင်သော မိသားစုဝင်တစ်ဦး လုပ်ကိုင်သော အလုပ်ကို အိမ်ထောင်စု၏ အကျိုးအမြတ်အတွက် သို့မဟုတ် အခရရန်အတွက် ကူညီလုပ်ကိုင်ပေးသော အခကြေးငွေမရသည့်မိသားစုဝင်လုပ်သား။
- လစာစသည့် ပုံမှန်လုပ်ခဖြင့်ဖြစ်စေ (သို့မဟုတ်) အမြတ်အစွန်းဖြင့်ဖြစ်စေ အလုပ်လုပ်နေသော ကြည်း၊ ရေ၊ လေ တပ်မတော်မှ ပုံမှန်အဖွဲ့ဝင်များနှင့် စစ်တပ်မှပုဂ္ဂိုလ်များ၊

အောက်ပါလူ/ပုဂ္ဂိုလ်များကို အလုပ်လုပ်ကိုင်ခြင်းမှ ဖယ်ထုတ်ထားပါသည်-

- ငွေကြေးဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ပုံမှန်လုပ်ခအဖြစ်မရရှိသည့် အလုပ်သင်လုပ်ကိုင်သူများ၊ လုပ်ငန်းသင်ကြားသူများ (သို့မဟုတ်) သင်တန်းတက်ရောက်နေသူများ၊
- စီးပွားရေးယူနစ်တစ်ခု၏ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင်မပါဝင်ဘဲ အလုပ်အကိုင်တိုးမြှင့်ရေး အစီအစဉ်အရ အတတ်ပညာပိုင်းကျွမ်းကျင်မှုရရှိရန် (သို့မဟုတ်) ထိန်းထားသည့် အစီအစဉ်တွင် ပါဝင်သူများ၊

- အလုပ်လက်မဲ့အာမခံကြေးကဲ့သို့သော အစိုးရလူမှုရေးအကျိုးခံစားခွင့်ကို ဆက်လက်ရရှိစေရေးအခြေအနေအတွက် အလုပ်လုပ်ရန်လိုအပ်သောသူများ၊
- အလုပ်အကိုင်နှင့် မပတ်သက်ဘဲငွေသားဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ လွှဲပို့ငွေကိုလက်ခံရရှိသောသူများ၊
- ထုတ်လုပ်မှုမှ အပိုအလျှံကိုရောင်းချခြင်း (သို့မဟုတ်) ပစ္စည်းချင်းလဲလှယ်ရောင်းဝယ်ခြင်းတို့ ပြုလုပ်စေကာမူ ကိုယ်ပိုင်စီးပွားရေးယူနစ်တွင် ကုန်ပစ္စည်းများကို **အဓိကအားဖြင့် အိမ်ထောင်စု (သို့မဟုတ်) မိသားစုသုံးစွဲရန်** အတွက်ထုတ်လုပ်သောသူများ၊
- အလုပ်၏လုပ်ငန်းတာဝန်များ ရပ်စဲသွားသည့် ရာသီချိန် အလုပ်လုပ်ကိုင်သူများ၏ ရာသီချိန်ပြင်ပကာလ၊
- တူညီသောစီးပွားရေးယူနစ်သို့ ပြန်လာရန် အခွင့်အရေးရှိသော်လည်း တိကျသောအကြောင်းပြချက်အချို့ဖြင့် ပျက်ကွက်သောကာလစုစုပေါင်းသည် သတ်မှတ်ထားသည့်ကာလအတိုင်းအတာထက်ကျော်လွန်ခြင်း နှင့်/သို့မဟုတ် လုပ်ခ၊ ဝန်ဆောင်ခပေးငွေ မရရှိသောသူများ၊ တိကျသောအကြောင်းပြချက်များမှာ ပညာရေးဆိုင်ရာ ခွင့်၊ တစ်ပါးသူများကို ပြုစုခြင်းများ၊ အခြားကိုယ်ရေးကိုယ်တာပျက်ကွက်မှုများ၊ သပိတ်မှောက် (သို့မဟုတ်) အလုပ်ပိတ်သိမ်းမှု၊ စီးပွားရေးလုပ်ဆောင်ချက်တွင် လျော့နည်းခြင်း (ဥပမာ ယာယီအလုပ်ရပ်နားခြင်း၊ အလုပ်ပါးသော) ၊ အလုပ်ဆိုင်းငံ့နေခြင်း (ဥပမာ ရာသီဥတုဆိုးရွားခြင်းကြောင့်၊ စက်ပစ္စည်းဆိုင်ရာ၊ လျှပ်စစ်ပစ္စည်းဆိုင်ရာ (သို့မဟုတ်) ဆက်သွယ်မှုဆိုင်ရာ ချို့ယွင်းခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အခက်အခဲ၊ ကုန်ကြမ်းပစ္စည်း (သို့မဟုတ်) လောင်စာပြတ်လပ်မှု)
- တူညီသော စီးပွားရေးယူနစ်သို့ ပြန်လာရန်သေချာမှုမရှိသော အကန့်အသက်မရှိ အလုပ်မှ ခေတ္တရပ်နားသူများ

**အလုပ်လက်မဲ့**ဟု သတ်မှတ်နိုင်ရန်မှာ အလုပ်လုပ်သည့် အသက်အရွယ်ရှိ အလုပ်မရှိသောသူများသည် သတ်မှတ်ထားသည့် မကြာမီအချိန်ကာလအတွင်း အလုပ်ရရှိရန် ရှာဖွေနေခြင်းနှင့် အလုပ်အကိုင်ရရှိပါက လောလောဆယ်တွင် စတင်လုပ်ကိုင်နိုင်မည့်သူများ ဖြစ်သည်။ ယင်းတွင်-

- အလုပ်မရှိသောသူများသည် အလုပ်အကိုင်ကို တိုင်းတာရာတွင် ရည်ညွှန်းကာလ ဖြစ်သော ၇ ရက်နှင့် အကဲဖြတ်ပါသည်။
- အလုပ်ရရန်ရှာဖွေခြင်းဆိုသည်မှာ လွန်ခဲ့သောလပါဝင်သည့် သတ်မှတ်ထားသော မကြာမီကာလအတွင်း အလုပ်တစ်ခုတွေ့ရှိရန် (သို့မဟုတ်) လုပ်ငန်း (သို့မဟုတ်) လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ စတင်တည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို ရည်ညွှန်းပါသည်။ ဤတွင် (နိုင်ငံတွင်းနှင့် ပြည်ပရှိ) အချိန်ပိုင်း၊ တရားမဝင်၊

ယာယီ၊ ရာသီချိန် (သို့မဟုတ်) ကျပန်း အလုပ်အကိုင်များ ပါဝင်ပါသည်။ ၎င်းလုပ်ဆောင်ချက်များ၏ ဥပမာများမှာ-

- ငွေကြေးအရင်းအနှီးများ စီစဥ်ခြင်း၊ လုပ်ငန်းလိုင်စင် ခွင့်ပြုမိန့် လျှောက်ထားခြင်း
- မြေ၊ အဆောက်အဦ၊ စက်ယန္တရား၊ ထောက်ပံ့ရန် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ
- မိတ်ဆွေများ၊ ဆွေမျိုးများ (သို့မဟုတ်) အခြားကြားမှ ဆက်သွယ်ပေးသူများ၏ အကူအညီဖြင့် ရှာဖွေခြင်း
- အစိုးရ (သို့မဟုတ်) ပုဂ္ဂလိကအလုပ်အကိုင်ဌာနများနှင့် ဆက်သွယ်ခြင်း (သို့မဟုတ်) မှတ်ပုံတင်ခြင်း
- အလုပ်ရှင်များထံ တိုက်ရိုက်လျှောက်ထားခြင်း၊ အလုပ်နေရာ၊ စိုက်ခင်း၊ စက်ရုံဂိတ်ဝ၊ ဈေး (သို့မဟုတ်) အခြားစုဝေးရာနေရာများတွင် စူးစမ်းလေ့လာခြင်း
- သတင်းစာ (သို့မဟုတ်) Online အလုပ်ကြော်ငြာများထည့်ခြင်း (သို့မဟုတ်) လျှောက်ထားခြင်း

- အလုပ်တည်ထောင်ရန်ရှာဖွေသည့် လုပ်ဆောင်ချက်နှင့် လုပ်ငန်းစတင်တည်ထောင်သည့်အခါ အလုပ်ဆောင်ရွက်နေခြင်းတို့ ခွဲခြားနိုင်သည့် အချက်များကိုအသုံးပြုရန် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်နေခြင်း၏ သိသာထင်ရှားစွာ ဖော်ပြချက်များမှာ လုပ်ငန်းလုပ်ရန် မှတ်ပုံတင်ခြင်း (သို့မဟုတ်) ငွေကြေးအရင်း အနှီးများရရှိလာခြင်း၊ လိုအပ်သော အခြေခံ အဆောက်အဦများ (သို့မဟုတ်) ပစ္စည်းများအဆင်သင့်ရှိခြင်း (သို့မဟုတ်) ပထမဆုံးဖေါက်သည် (သို့မဟုတ်) အမှာစာရောက်ရှိခြင်း စသည့်ဆက်စပ်စဥ်းစားရမည့် အခြေအနေအပေါ်တည်မှီပါသည်။
- လောလောဆယ်တွင် စတင်လုပ်ကိုင်နိုင်ခြင်းသည် လက်ရှိတွင် အလုပ်တခု စတင်နိုင်ရန်အတွက် အဆင်သင့်ရှိမှုကို အလုပ်အကိုင်ကိုတိုင်းတာရာတွင်ပါဝင်သည့် ကာလဖြစ်သော ရည်ညွှန်းကာလ နှစ်ပတ်ဖြင့် အကဲဖြတ်ခြင်း ဖြစ်ပါသည်။

**လုပ်သားအင်အား။** လုပ်သားအင်အားတွင် အလုပ်လက်ရှိများ (သို့မဟုတ်) အထက်တွင် သတ်မှတ် ဖော်ပြထားသည့်အတိုင်း အလုပ်လက်မဲ့များသည် လုပ်သားအင်အားထဲတွင် ပါဝင်ပါသည်။ အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့များ ပေါင်းထားခြင်းသည် လုပ်သားအင်အား ဖြစ်ပါသည်။

**လုပ်သားအင်အား၏ပြင်ပ။** လုပ်သားအင်အား၏ပြင်ပတွင် ရှိသောသူများမှာ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိပြီး ရည်ညွှန်းကာလအတွင်း အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့များတွင် မပါဝင်ပါ။

မှတ်သားရန်အချက်များမှာ အခြားအမျိုးအစားနှစ်မျိုးထက် အလုပ်အကိုင်ကို ဦးစားပေးရမည်ဖြစ်ပြီး လုပ်သားအင်အားပြင်ပထက် အလုပ်လက်မဲ့ကို ဦးစားပေးရမည်ဖြစ်သည်။ လူတစ်ဦးသည် လုပ်သားအင်အားအခြေအနေ သုံးမျိုးအနက် တစ်ခုတွင်သာ ပါဝင်နိုင်ပါသည်။

**ကိုယ်ပိုင်သုံးရန်ပစ္စည်းထုတ်လုပ်သူ။** ရည်ညွှန်းကာလအတွင်း အလုပ်လုပ်သော အသက်အရွယ်ရှိသူများသည် သူတို့၏ အိမ်ထောင်စု (သို့မဟုတ်) အခြားအိမ်ထောင်စုတွင် နေထိုင်သော မိသားစုဝင်များအတွက် ကိုယ်ပိုင်သုံးစွဲရန် ရည်ရွယ်ပြီး ကုန်ပစ္စည်းထုတ်လုပ်ရန်ပြုလုပ်သည့် တစ်စုံတစ်ခုသော မည်သည့်လုပ်ဆောင်ချက်ကိုမဆို ရည်ညွှန်းပါသည်။

တစ်စုံတစ်ခုသော လုပ်ဆောင်ချက်ဆိုသည်မှာ အောက်တွင်ဖော်ပြထားသော များစွာသော လုပ်ဆောင်ချက်များကို အားလုံးစုစုပေါင်း အနည်းဆုံးတစ်နာရီလုပ်ဆောင်ရန် ဖြစ်ပါသည်။

**ကုန်စည်များထုတ်လုပ်ခြင်း**

- လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းနှင့် ကောက်ယူထားသော ပစ္စည်းများမှ ထုတ်လုပ်ခြင်းနှင့် (သို့မဟုတ်) သိမ်းဆည်းနိုင်ရန် ထုတ်လုပ်စီမံပြုပြင်ခြင်း
- ထင်းနှင့် အခြားလောင်စာအပါအဝင် သတ္တုနှင့် သစ်တောထွက်ပစ္စည်းများကို စုဆောင်းခြင်းနှင့် (သို့မဟုတ်) သိမ်းဆည်းနိုင်ရန် ထုတ်လုပ်စီမံပြုပြင်ခြင်း
- သဘာဝနှင့် အခြားအရင်းအမြစ်များမှ ရေခပ်/ရေသယ်ခြင်း
- အိမ်ထောင်ပစ္စည်းများ (ဥပမာ ပရိဘောဂ၊ အထည်အလိပ်၊ အဝတ်အစား၊ ဖိနပ်၊ အိုး၊ လှေနှင့် ကနူးလှေ အပါအဝင် အခြားတာရှည်ခံပစ္စည်းများ ထုတ်လုပ်ခြင်း)
- တစ်ဦးတစ်ယောက်၏ လူနေအိမ်၊ လယ်တဲအဆောက်အဦ ဆောက်လုပ်ခြင်း (သို့မဟုတ်) အကြီးစားပြင်ဆင်မှုပြုလုပ်ခြင်း

လယ်ယာစိုက်ပျိုးရေးဆိုင်ရာ၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း (သို့မဟုတ်) ကုန်ပစ္စည်းများ စုဆောင်းခြင်း တို့သည် အဓိကအားဖြင့် ကိုယ်ပိုင်သုံးစွဲရန် ရည်ရွယ်ခြင်းဖြစ်သော်လည်း တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အပိုအလျှံကို ရောင်းချခြင်း (သို့မဟုတ်) ပစ္စည်းချင်းလဲလှယ်ရောင်းဝယ်ခြင်း ပြုလုပ်နိုင်သည်။

### အိမ်မှုကိစ္စများတွင် ကလေးများဆောင်ရွက်ခြင်း[၇]

ကာလတိုရည်ညွှန်းကာလအတွင်း အသက် ၅-၁၇ နှစ်အတွင်း ကလေးများအားလုံးသည် သူတို့၏ အိမ်ထောင်စု (သို့မဟုတ်) မိသားစုအတွက် အခကြေးငွေဖြင့်ဆောင်ရွက်ခြင်း မဟုတ်သည့် လုပ်ဆောင်ချက်များ၊ ဥပမာ- အစားအစာများပြင်ဆင်ခြင်းနှင့် တည်ခင်းကျွေးမွေးခြင်း၊ ပြုပြင်ဖာထေးခြင်း၊ အဝတ်အစားများကို လျှော်ဖွတ်ခြင်းနှင့် မီးပူတိုက်ခြင်း၊ ဈေးဝယ်ခြင်း၊ မောင်ငယ်ညီမငယ်များနှင့် မကျန်းမာသော/ မသန်စွမ်းသော အိမ်ထောင်စုဝင်များကိုပြုစုခြင်း၊ နေအိမ်ကိုရှင်းလင်းခြင်းနှင့် ပြုပြင်ထိမ်းသိမ်းခြင်း၊ အိမ်ထောင်စုတာရှည်ခံ ပစ္စည်းများပြုပြင်ခြင်းနှင့် အိမ်ထောင်စုဝင်များနှင့် သူတို့၏ကုန်ပစ္စည်းများကို သယ်ပို့ပေးခြင်းတို့ကို ရည်ညွှန်းပါသည်။ မှတ်သားရန်အချက်မှာ "အိမ်မှုကိစ္စ" များကိုလုပ်ကိုင်ခြင်းသည် "ကလေးများ၏ အလုပ်လုပ်ခြင်း" ကို ခန့်မှန်းရာတွင်မပါဝင်ပါ။

နိုင်ငံအဆင့်စာရင်းအင်းစနစ်တွင် ထုတ်လုပ်မှု သတ်မှတ်ချက်အရ အလုပ်လုပ်သော ကလေးများကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် စီးပွားရေးလုပ်ငန်းမဟုတ်သော ထုတ်လုပ်မှု လုပ်ငန်းများ (အိမ်မှုကိစ္စများဟု ခေါ်ကြသည့် ကလေး၏ ကိုယ်ပိုင်အိမ်ထောင်စုအတွင်းတွင် လုပ်ကိုင်ရသော အခကြေးငွေ မရရှိသည့် အိမ်တွင်းနှင့် ပုဂ္ဂိုလ်ရေး လုပ်ငန်းဆောင်တာများကဲ့သို့သော လုပ်ဆောင်ချက်များ) တွင် ပါဝင်လုပ်ဆောင်လျက်ရှိသည့် ကလေးများ မပါဝင်ပါ။ အဆိုပါလုပ်ဆောင်မှုများတွင် သန့်ရှင်းရေး၊ အိမ်တွင်းပြင်ဆင်ခြင်း၊ အစားအသောက် ပြင်ဆင်ပေးခြင်း၊ ကလေးများကို စောင့်ရှောက်ခြင်း၊ အိမ်ရှိ သက်ကြီးရွယ်အိုများကို ပြုစုခြင်းနှင့် ကိုယ်ပိုင်အိမ်ထောင်စုတွင် အသေးစား ပြင်ဆင်ခြင်းများစသည့် လုပ်ဆောင်မှုများ ပါဝင်ပါသည်။

ရည်ညွှန်းကာလကို တွက်ချက်ရာတွင်လည်း အနည်းဆုံးအချိန်ယူနစ် (လွန်ခဲ့သော ရက်သတ္တပတ်တစ်ပတ်အတွင်း တစ်နာရီခန့် အိမ်မှုကိစ္စများ လုပ်ဆောင်မှုများ) သတ်မှတ်တွက်ချက်ထားပါသည်။ သို့သော် ကလေးအများစုသည် အထူးသဖြင့် မိန်းကလေးများသည် အိမ်မှုကိစ္စများကို အနည်းဆုံး တစ်ပတ်လျှင် တစ်နာရီ လုပ်ဆောင်ရပါက ကလေးများ၏ အိမ်မှုကိစ္စ[၈]များ ဆောင်ရွက်မှုကို လေ့လာဆန်းစစ်ရန်အတွက် ပိုမိုများသည့် သတ်မှတ်ချက်တစ်ရပ်ထားရှိခြင်းက ပိုမိုအသုံးဝင်နိုင်ပါသည်။

**အလုပ်။** အလုပ်ဆိုသည်မှာ စီးပွားရေးယူနစ်တစ်ခုအတွက် လူတစ်ယောက် လုပ်ဆောင်ရမည့် သို့မဟုတ် သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်နှင့် လုပ်ဆောင်ရန်များကို ဆိုလိုပါသည်။ ကာလတို ရည်ညွှန်းကာလအတွင်း လူများတွင် အလုပ်တစ်ခုထက် ပိုမိုရရှိနိုင်ပါသည်။

---

[၇] အိမ်မှုကိစ္စများဆိုရာတွင် မိမိအိမ်ထောင်စုအတွင်း အခကြေးငွေမရရှိဘဲ အိမ်မှုကိစ္စများဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

[၈] စီးပွားရေးလုပ်ဆောင်ချက်မဟုတ်သော လုပ်ခမရသော အိမ်ထောင်စုဝန်ဆောင်မှုများကို လုပ်သားနှင့် ပတ်သက်သော ယူဆချက်များအဖြစ် ရရှိထားပါသည်။ ကိုယ်ပိုင်အိမ်များတွင် လုပ်ဆောင်ရသော အိမ်မှုကိစ္စလုပ်ဆောင်မှုများတွင် ကလေးများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှု သို့မဟုတ် ကိုယ်ကျင့်သိက္ခာကို အန္တရာယ်ဖြစ်စေသော အခြေအနေများလည်းတစ်ခါတစ်ရံတွင် ပါဝင်နိုင်ပါသည်။ သို့သော် အဆိုပါလုပ်ဆောင်မှုများကို အစီရင်ခံစာတွင် ကလေးလုပ်သားအဖြစ် သတ်မှတ်ထားခြင်းမရှိပါ။

**အလုပ်အကိုင်။** အလုပ်အကိုင်သည် သတ်မှတ်ထားသောအလုပ်တွင် သူ/သူမ၏ အလုပ်ထမ်းဆောင်ခြင်း အခြေအနေ (အလုပ်သမား (သို့) ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ) နှင့် သူအလုပ်လုပ်သော လုပ်ငန်းမှထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးအစားများနှင့် မပတ်သက်ဘဲ သူ "လုပ်သည့်အလုပ်အမျိုးအစား" ကိုရည်ညွှန်းပါသည်။ စိစစ်သုံးသပ်နိုင်ရန် ရည်ရွယ်ချက်အတွက် "အလုပ်အကိုင်" များကို သင့်တော်သောပုံစံဖြင့် စုစည်းရန်မဖြစ်မနေ လိုအပ်ပါသည်။ သို့မှသာ သတင်းအချက်အလက်များကို လွယ်ကူစွာတင်ပြပြီး စိစစ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။ ယင်းကို "အလုပ်အကိုင်ခွဲခြားခြင်း" နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယင်းတွင် အမျိုးအစားတူညီသော အလုပ်အကိုင်များကို ကြီးစဉ်ငယ်လိုက်အုပ်စုဖြင့် စုစည်းထားပါသည်။ အလုပ်အကိုင်၏ အပြည်ပြည်ဆိုင်ရာခွဲခြားခြင်းကို International Standard Classification of Occupations (ISCO) ဟုခေါ်ပါသည်။ မကြာမီက နောက်ဆုံးမူကို ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ကချမှတ်ထားပြီး ISCO-08 ဟုလူများသိကြပါသည်။ မြန်မာနိုင်ငံတွင် လိုက်ဖက်အောင် နောက်ထပ်ပြင်ဆင်ခြင်းမရှိဘဲ ISCO-08 ကို လက်ခံကျင့်သုံးပါသည်။ ထို့အတူ လုပ်သားအင်အားစစ်တမ်းတွင်လည်း အသုံးပြုမည်ဖြစ်ပါသည်။

**စက်မှုလုပ်ငန်း (Industry)။** လူတစ်ဦး၏ အလုပ်လုပ်သည့် ကိုယ်ပိုင်လုပ်ငန်းအပါအဝင် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း (သို့မဟုတ်) အဖွဲ့အစည်းမှဆောင်ရွက်သည့် စီးပွားရေးလုပ်ဆောင်ချက်အမျိုးအစားကို ရည်ညွှန်းပါသည်။ စီးပွားရေး လုပ်ဆောင်ချက်အမျိုးအစားကို အခြားယူနစ် (သို့) လူများကိုပေးသော အဓိကထုတ်ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုများဖြင့် ဆုံးဖြတ်ပါသည်။ စက်မှုလုပ်ငန်း/ လုပ်ငန်းတစ်ခုမှာ တူညီသောစီးပွားရေး လုပ်ဆောင်ချက်များကို စုစည်းထား သောယူနစ်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ခွဲခြားမှုအရ International Standard Industrial Classification - ISIC ဟု လူအများသိကြပါသည်။ ယင်း၏နောက်ဆုံးမူမှာ Revision 4 (ISIC-4) ဖြစ်ပါသည်။ ယင်းသည် အားလုံးသော စီးပွားရေးလုပ်ဆောင်ချက်များကို အပြည်ပြည်ဆိုင်ရာ သဘောတူညီပြီးဖြစ်သော အယူအဆ၊ အဓိပ္ပါယ်သတ်မှတ်ချက်များ၊ အခြေခံသဘော တရားများနှင့် အုပ်စုခွဲခြားခြင်း စည်းမျဉ်းစည်းကမ်းများအရ အုပ်စုများခွဲခြားထားပါသည်။ ယင်းသည်ပြည့်စုံသော မူဘောင်ဖြစ်ပြီး စီးပွားရေးအချက်အလက်များကို စုစည်းနိုင်ပြီး စီးပွားရေးစိစစ်သုံးသပ်ရန်၊ ဆုံးဖြတ်ချက်ချရန်၊ မူဝါဒချရန်ရည်ရွယ်ချက်ဖြင့် ပုံစံတွင် အစီရင်ခံနိုင်မည်ဖြစ်ပါသည်။ ဤလုပ်သားအင်အားစစ်တမ်းတွင် ISIC-4 ကို အသုံးပြုမည်ဖြစ်ပါသည်။ မှတ်သားရန်အချက်မှာလုပ်ငန်းတစ်ခုသည် ISIC ၏ (code) လုပ်ဆောင်ချက်တစ်ခုထဲမှမဟုတ်ဘဲ ကုန်စည်နှင့် ဆောင်ရွက်မှုများကိုထုတ်လုပ်ခြင်း (သို့) ပေးအပ်ခြင်းပြုလုပ်နိုင်ပါသည်။ ဤသို့သော အခြေအနေအများဆုံး တန်ဖိုးထုတ်လုပ်သည့် လုပ်ဆောင်ချက်ကိုသာ လုပ်ငန်း/ လုပ်ငန်းအမျိုးအစားခွဲခြားရန် ယူဆသတ်မှတ်ရမည်။

**ကလေး (Child)**။ ILO ၏ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း ပြဋ္ဌာန်းချက် ၁၉၉၉ ခုနှစ် (အမှတ် ၁၈၂) နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ပြဋ္ဌာန်းချက်နှင့်အညီ ကလေးအဖြစ် အသက် ၁၈ နှစ်အောက် လူတစ်ဦးကို သတ်မှတ် ပါသည်။ ဤစစ်တမ်းတွင် ကလေးလုပ်သားတိုင်းတာရန်အတွက် ပြစ်မှတ်ထားသည့် ဦးရေမှာ အသက် အုပ်စု အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများအားလုံးပါဝင်ပြီး အသက်ကိုတိုင်းတာရာတွင် ကလေး ၏ လွန်ခဲ့သောမွေးနေ့က ပြည့်ပြီးအသက်နှစ်ဖြင့် တိုင်းတာပါသည်။

**ကလေးလုပ်သား (Child Labour)**။ ဆိုသည်မှာ တားမြစ်ထားသောအလုပ် ယေဘုယျအားဖြင့် ပြည်တွင်းဥပဒေများအရသော်လည်းကောင်း၊ ILO ၏ အသက်အငယ်ဆုံးပြဋ္ဌာန်းချက် ၁၉၇၃ ခုနှစ် (အမှတ် ၁၃၈) အရလည်းကောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သား ခိုင်းစေခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက် ၁၉၉၉ ခုနှစ် (အမှတ် ၁၈၂) အရလည်းကောင်း၊ သက်ဆိုင်ရာ တိုက်တွန်းချက်များဖြစ်သည့် တိုက်တွန်းချက်အမှတ် ၁၄၆ နှင့် ၁၉၀ အရ လူမှုရေးနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ မလိုလားအပ်သည့် အလုပ်များတွင် လုပ်ကိုင်နေသောကလေးများကို ဆိုလိုပါသည်။ ကလေးလုပ်သားအဖြစ် ပါဝင်မည့် ကလေးများသည် အသက် ၅ နှစ်မှ ၁၇ နှစ် အတွင်း ရည်ညွှန်းကာလအတွင်း အောက်ဖော်ပြပါ လှုပ်ရှားမှုများကို တစ်ခု (သို့မဟုတ်) ထို့ထက် ပို၍ ပါဝင်သူများကို သတ်မှတ်ပါသည်-

- အဆိုးရွားဆုံးပုံစံဖြင့်ကလေးလုပ်သားခိုင်းစေခြင်း၊
- လုပ်ငန်းခွင်သို့ဝင်နိုင်မည့် အငယ်ဆုံးအသက်ထက်ငယ်၍ အလုပ်လုပ်ကိုင်ခြင်း၊
- အခကြေးငွေမရဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စများ၊

အရောင်ခြယ်ထားသော နယ်ပယ်သည် ကလေးလုပ်သားကို ပုံဖော်ထားသည်။ မြန်မာနိုင်ငံ တွင် အသက်သတ်မှတ်ချက်နှင့် အန္တရာယ်ရှိသောအလုပ်များကို သတ်မှတ်ခြင်းမရှိသေးပါ။ တိကျသောအဓိပ္ပါယ်ဖွင့်ဆိုချက်ကို နောက်ပိုင်းတွင် ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။ သို့သော် ကလေးလုပ်သား၏ နယ်ပယ်တစ်ခုလုံးကို ဤစစ်တမ်းတွင် အကျုံးမဝင်နိုင်ပါ။ အဆိုးဝါးဆုံး ပုံစံဖြင့် ကလေးလုပ်သားတွင် တစ်ဘက်ပါတို့ ဖွဲ့စည်းပါဝင်ပါသည် -

- ကျွန်အဖြစ် ပုံစံဖွဲ့စည်းခြင်း (သို့မဟုတ်) ကျွန်ကဲ့သို့ လက်တွေ့ခိုင်းစေခြင်း၊ ဥပမာ အားဖြင့် ကလေးများကို ကုန်ပစ္စည်းအဖြစ်ရောင်းခြင်းနှင့် တရားမဝင်ကုန်ကူးခြင်း၊ အဓမ္မပြုခြင်းနှင့် ကျေးကျွန်အဖြစ်ခိုင်းစေခြင်း၊ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း၊ စစ်မြေပြင်တွင်ကလေးများကို အသုံးပြုပြီးခိုင်းစေခြင်းပါဝင်ပါသည်။
- ပြည့်တန်ဆာလုပ်ငန်းတွင် စေခိုင်းခြင်း (သို့မဟုတ်) ဖျော်ဖြေဖို့ရန်အတွက် ပြည့်တန်ဆာအဖြစ် ကလေးများကို ဝယ်ယူဈေးပေးခြင်းဖြင့် အသုံးပြုခြင်း၊
- တရားမဝင်လုပ်ငန်းဖြစ်သည့် မူးယစ်ဆေးရောင်းဝယ်ခြင်း လုပ်ငန်းများတွင် ဝယ်ယူရောင်းချရန်အတွက် ကလေးများကို အသုံးပြုခြင်း၊

- အလုပ်၏ သဘောသဘာဝနှင့် အခြေအနေအရသော်လည်းကောင်း၊ ကလေးများ၏ ကျန်းမာရေးဘေးကင်းလုံခြုံမှု (သို့) ကိုယ်ကျင့်တရားကို အန္တရာယ်ဖြစ်စေသောအလုပ်၊

**ပုံ-၅။ အလုပ်အမျိုးအစားအလိုက် ကလေးလုပ်သားအမျိုးအစားခွဲခြားဖော်ပြခြင်း**

| အသက် (နှစ်) | အငယ်ဆုံး အသက်ဥပဒေ ပြဋ္ဌာန်းမှုမှ ကင်းလွတ်သည့် အလုပ်များ | ပေ့ါပါးသော အလုပ် | အန္တရာယ် မရှိသော အလုပ် | အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း | |
|---|---|---|---|---|---|
| | | | | အန္တရာယ်ရှိသော အလုပ် (တစ်ပတ် ၄၄ နာရီနှင့် အထက်) | အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သား (စစ်တမ်းတွင် မပါဝင်ပါ) |
| ၁၅-၁၇ | | | | | |
| ၁၃-၁၄ | | | | | |
| ၅-၁၂ | | | | | |

* မြန်မာနိုင်ငံတွင် လက်ရှိအမျိုးသားတရားဥပဒေ စီရင်ပြဋ္ဌာန်းမှုအရ အလုပ်လုပ်နိုင်ရန်အတွက် ခွင့်ပြုသော ကလေးများ၏ အငယ်ဆုံး အသက်သည် ၁၄ နှစ် ဖြစ်ပါသည်။

အစီရင်ခံစာအတွက် ကလေးလုပ်သားအဓိပ္ပါယ်သတ်မှတ်ချက်များကို တစ်ဘက်တွင် ဖော်ပြထားသော အမျိုးအစားများ၌ အလုပ်လုပ်ကိုင်နေသည့် ကလေးများကို နိုင်ငံတကာလေ့လာတွေ့ရှိချက်များဖြင့် နှိုင်းယှဉ်၍ ကလေးလုပ်သားအဖြစ် ယူဆမည်ဖြစ်ပါသည်-

(က) အသက် ၅ နှစ် မှ ၁၇ နှစ်အတွင်းနှင့် အန္တရာယ်ရှိသောအလုပ်တွင် တစ်ပတ်လျှင် အနည်းဆုံး ၁ နာရီခန့် လုပ်ခ (သို့) အကျိုးအမြတ်ရရန်အတွက် ခိုင်းစေခံရသော ကလေးများ

(သို့မဟုတ်)

(ခ) အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်းနှင့် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီခန့်လုပ်ခ (သို့) အကျိုးအမြတ်အတွက် ခိုင်းစေခံရသော ကလေးများ

(သို့မဟုတ်)

(ဂ) အသက် ၁၃ နှစ်မှ ၁၄ နှစ်အတွင်းနှင့် လုပ်ခ သို့မဟုတ် အကျိုးအမြတ်ရရန်အတွက် တစ်ပတ်လျှင် ၂၄ နာရီထက်ပို၍ သို့မဟုတ် ညဆိုင်း (ည ၆ နာရီမှ မနက် ၆ နာရီ) အထိ ခိုင်းစေခံရသော ကလေးများ

(သို့မဟုတ်)

(ဃ) အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းနှင့် လုပ်ခ သို့မဟုတ် အကျိုးအမြတ်ရရန် အတွက် တစ်ပတ်လျှင် အချိန် ၄၄ နာရီထက်ပို၍ အလုပ်ကို ခိုင်းစေခံရသော ကလေးများ

ကျန်ရှိသည့်အလုပ်လုပ်ကိုင်နေသော ကလေးများကို ယခုအစီရင်ခံစာတွင် ကလေး လုပ်သားအဖြစ် မရေတွက်ဘဲ 'ကလေးလုပ်သားမှလွဲ၍ အလုပ်လုပ်နေသောကလေးများ' အဖြစ် ရေးသားသွားမည် ဖြစ်ပါသည်။

ဤစစ်တမ်းအနေဖြင့် နောက်ဆုံးအမျိုးအစားဖြစ်ပြီး အထက်တွင်ဖော်ပြခဲ့သော အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း အမျိုးအစား (၄) မျိုးဖြစ်ပါသည်။ ဤအမျိုးအစားသည် အန္တရာယ်ရှိသောအလုပ်ကို ရည်ညွှန်းပါသည်။ နိုင်ငံအဆင့်တွင် ကလေးများအတွက် အန္တရာယ်ရှိသောအလုပ်ကို ဆုံးဖြတ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်-

- ကလေးသူငယ်များ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အကာအကွယ်ကင်းမဲ့စေသော (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုဖြစ်စေသည့် အလုပ်အကိုင်၊
- မြေပြင်အောက်၊ ရေပြင်အောက်နှင့် အန္တရာယ်ရှိသော မြင့်မားသည့်နေရာများ (သို့မဟုတ်) ပိတ်လှောင်ထားသောနေရာများ၊
- အန္တရာယ်ရှိသော စက်ယန္တရား၊ ကိရိယာတန်ဆာပလာများ (သို့မဟုတ်) လူအားဖြင့် လေးလံသည့်ဝန်စည်များကို တင်ချသယ်ယူပို့ဆောင်ရသောလုပ်ငန်း၊
- ကျန်းမာရေးနှင့် မညီညွတ်သည့်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ- ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေသော တုန်ခါမှုများ၊ မြင့်မားသောအပူချိန်နှင့် ဆူညံသံများ (သို့မဟုတ်) ဘေးဥပါဒ်အန္တရာယ် သင့်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့မဟုတ်) လုပ်ငန်းအဆင့်ဆင့်၊
- အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း (သို့မဟုတ်) ညဥ့်ကာလအတွင်း လုပ်ကိုင်ရခြင်း (သို့မဟုတ်) ကြောင်းကျိုးမလျော်ညီဘဲ ကလေးသူငယ်များသည် အလုပ်ရှင်၏ အဆောက်အဦ ဥပစာအတွင်း ချုပ်နှောင်လုပ်ကိုင်ရခြင်းတို့ကဲ့သို့သော အထူးတလည် ခက်ခဲသည့်အခြေအနေများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်တို့ ဖြစ်ပါသည်။

**အန္တရာယ်ရှိသော အလုပ်မဟုတ်သော အခြားအဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးလုပ်သားများ။** အန္တရာယ်ရှိသော အလုပ်များမဟုတ်သော ဆိုးရွားသော အလုပ်များကို လုပ်နေရသော ကလေးများ၏ အချက်အလက်များသည် (အခြေအနေမပေးမှုများကြောင့် လုပ်ဆောင်ရသော အလုပ်ပုံစံဟု) အမျိုးသားရေးရာ စာရင်းအင်းအစီအစဉ်၏ စိန်ခေါ်မှုနှင့်

အထူးအလေးပေး လုပ်ဆောင်ရမည့် အချက်ဖြစ်ပါသည်။ သို့သော် အိမ်ထောင်စုအခြေခံသော စစ်တမ်းများကို ကောက်ယူသည့် စံသတ်မှတ်ချက်များနှင့်အတူ အဆိုပါပုံစံများဖြင့် လုပ်ကိုင်နေရသော ကလေးလုပ်သားများကို သိရှိနိုင်ရန် အလွန်ပင်ခက်ခဲပြီး (မဖြစ်နိုင်ပါ) အိမ်ထောင်စုများရှိ သက်ဆိုင်ရာ အလုပ်များတွင် ကလေးအလုပ်သမားများ ပါ ဝင်လုပ်ကိုင်နေမှုကို တင်ပြရန်နှင့် တားဆီးထိန်းကွပ်ရန်မှာ အလွန်ပင် ခက်ခဲပါ သည်။

**အန္တရာယ်ရှိသော အလုပ်**

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းအစီရင်ခံစာတွင် အန္တရာယ်ရှိသည်ဟု ယူဆထားသော အလုပ်အမျိုးအစားများကို တိတိကျကျ အသေးစိတ်ရှင်းလင်းဖော်ပြထားသည်-

- အပြည်ပြည်ဆိုင်ရာ နောက်ဆုံးသတ်မှတ်ထားသော အလုပ်အကိုင် ခွဲခြားခြင်း (ISCO-08) နှင့် အမျိုးသားအဆင့် အလုပ်အကိုင် ခွဲခြားခြင်းတို့၏ ကုဒ်များတွင် သတ်မှတ်ထားသော အန္တရာယ်ဖြစ်စေမည့် အလုပ်အကိုင်စာရင်း
- ကလေးများအား အလုပ်ခန့်ရာတွင် တားမြစ်ခြင်းခံရသော အန္တရာယ်ဖြစ်စေမည့် စက်ရုံများစာရင်း အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ကျောက်တူးခြင်းလုပ်ငန်း
- အခြားအန္တရာယ်ဖြစ်နိုင်သော အခြေအနေများ (ကျန်းမာရေးကို ထိခိုက်စေသော လုပ်ငန်းပတ်ဝန်းကျင်၊ လုံခြုံမှုမရှိ၊ အန္တရာယ်ရှိသော ပစ္စည်းကိရိယာများ (သို့) လေးလံသော ဝန်စည်များ/ အလုပ်များ ၊ အန္တရာယ်ကျရောက်နိုင်သော အလုပ်နေရာများနှင့် ညှင်းပန်းနှိပ်စက်၍ အလွဲသုံးစားပြုသော အလုပ်များ) တို့ကို စောင့်ကြည့်မည့် စစ်တမ်းမေးခွန်းများနှင့်
- အလုပ်ခွင်ထဲတွင် သတ်မှတ်ထားသော အလုပ်လုပ်ချိန်ထက်ပို၍ အချိန်ကြာအောင် လုပ်ရခြင်း

**အခြားသောကလေးလုပ်သားပုံစံများ**

ကလေးလုပ်သားတွင် အလုပ်လုပ်ရန် သတ်မှတ်ထားသော အသက်အရွယ်ထက်ငယ်၍ ကလေး၏ ပညာရေးပိုင်း ဖွံ့ဖြိုးတိုးတက်မှုကို ပိတ်ပင်ထားဆီးသော အလားအလာရှိသည့် အလုပ်မျိုးပါဝင်သည်။

**အလုပ်ရှာဖွေနေသောကလေးများ**

(က) မည်သည့် စီးပွားရေးလုပ်ငန်းများတွင်မှ လုပ်ကိုင်နေခြင်းမရှိသော ကလေးအများစုသည် အလုပ်ရမည်ဆိုပါက အလုပ်လုပ်ကိုင်လိုကြပါသည်။ ကလေးဆိုင်ရာ

စာရင်းအင်းများရရှိနိုင်ရန် ရည်ရွယ်၍ အဆိုပါကလေးများကို အလုပ်ကို လုပ်ကိုင်လိုပြီး အလုပ်ရှာဖွေနေသော ကလေးများဟု သတ်မှတ်ထားသည်။

(ခ) ဤသို့သော ကလေးများသည် နိုင်ငံတွင် ကလေးလုပ်သားများနှင့် အလုပ်လုပ်လိုသော ကလေးများ၏ တိုးလာသော လူဦးရေကို တိကျမှန်ကန်စွာ သုံးသပ်ချက်ရရန်အတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။ အချက်အလက်များရယူရာတွင် အဆိုပါအုပ်စု၏ အဓိကသွင်ပြင်လက္ခဏာများ ရိုးရှင်းပြီး အဓိကကျသည့် ဖော်ပြချက်ကို အစီရင်ခံစာတွင်ဖော်ပြပြီး ကလေးလုပ်သား၏ အန္တရာယ်အဖြစ် ပံ့ပိုးပေးမည်ဖြစ်ပါသည်။

**အလုပ်ကြောင့်မတော်တဆဖြစ်မှု (Occupational accident)**

(က) မမျှော်မှန်းထားသော၊ စီမံမထားသောဖြစ်ရပ်ဖြစ်ပြီး အကြမ်းဖက်မှုလုပ်ရပ်များပါဝင် နိုင်ပြီး အလုပ်နှင့်ဆက်သွယ်၍ (သို့မဟုတ်) အကြောင်းပြု၍ ဖြစ်ပေါ်နိုင်ပြီးရလဒ်အနေဖြင့် တစ်ယောက် (သို့မဟုတ်) ထိုထက်ပိုသော အလုပ်သမားများ၊ ကိုယ်တိုင်အနာတရဖြစ်ခြင်း (personal injury)၊ အနာရောဂါဖြစ်ပွားခြင်း (disease)၊ သို့မဟုတ် သေဆုံးခြင်းများ (death) ဖြစ်ပေါ်နိုင်ပါသည်။ အလုပ်ကြောင့်မတော်တဆထိခိုက်မှုများတွင် လုပ်သားများသည် စီးပွားရေးလုပ်ဆောင်ချက် (Economic activity)၊ လုပ်ငန်း (Industry) ကိုလုပ်ကိုင်ရန် သို့မဟုတ် အလုပ်ရှင်၏လုပ်ငန်းမှ အလုပ် (သို့မဟုတ်) လုပ်ငန်းလုပ်ကိုင်ရန် ခရီးသွားလာစဉ်၊ လမ်းမပေါ် ယာဉ်သွားလာစဉ် အလုပ်သမားများကို အနာတရ (injury) ဖြစ်စေသည့် မတော်တဆမှုများ (accidents) ပါဝင်သည်။

(ခ) အလုပ်ကြောင့် မတော်တဆထိခိုက်မှုတွင် အလုပ်သမားများသည် အလုပ်ရှင်များ၏လုပ်ငန်းများဆောင်ရွက်စဉ် (ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်သူ အတွက် တစ်ဦးတည်းသာဖြစ်) အလုပ်နေရာမှာ သို့မဟုတ် အခြားတစ်နေရာရာမှာ အနာတရဖြစ်မှု၊ သေဆုံးမှု သို့မဟုတ် အနာရောဂါဖြစ်မှုတို့ဖြစ်စေသည့် အားလုံးသောမတော်တဆ ထိခိုက်မှုများ အားလုံးအကျုံးဝင်ပါသည်။ ယင်းတို့မှာ ဥပမာအားဖြင့် ပေါက်ကွဲခြင်း၊ စက်တစ်ခုသည် ထိန်းချုပ်မရသည့် အခြေအနေကိုရောက်ရှိခြင်း၊ လွတ်ထွက်ခြင်းစသည့်တို့ ဖြစ်နိုင်သည်။

(ဂ) အလုပ်ကြောင့် မတော်တဆထိခိုက်မှုတွင် အိမ်မှလုပ်ငန်းခွင်သို့ ပုံမှန်သွားနေကျအသွားအပြန်ပြုလုပ်သည့် လမ်းကြောင်းများဖြစ်သော၊ အလုပ်နေရာမှ အလုပ်နှင့်ဆက်စပ်သောသင်တန်းနှင့် အလုပ်သမားများ၏ အဓိက သို့မဟုတ် ဒုတိယနေထိုင်ရာဖြစ်သော သူ/သူမ အမြဲတမ်း စားသောက်သည့်နေရာ သို့မဟုတ် သူ/သူမကို အမြဲတမ်းလုပ်ခ၊ ဝန်ဆောင်ခ၊ ရှင်းလင်းပေးသည့်နေရာတို့အကြား

သွားလာရာတွင်ဖြစ်ပေါ်သည့် အသက်သေခြင်း၊ သို့မဟုတ် ကိုယ်တိုင်အနာတရ ဖြစ်စေသည့် မတော်တဆထိခိုက်မှုများပါဝင်သည်။

(ဃ) ၁၆ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စာရင်းအင်းဆိုင်ရာ ညီလာခံ (International Conference of Labour Statistician 16th ICLS) တွင် အလုပ်နှင့် ဆက်စပ်ဖြစ်ပေါ်သော အလုပ်ကို အကြောင်းပြုပြီးဖြစ်ပွားသော အကြမ်းဖက်မှု (Violence) လုပ်ရပ်များကိုပါ အကျုံးဝင်သင့်ကြောင်း ဆုံးဖြတ်ခဲ့ ပါသည်။ အကျိုးဆက်အနေဖြင့် အလုပ်သမား တစ်ယောက်သည် သူ/သူမ အလုပ် လုပ်စဉ်အတူအလုပ်လုပ်သူ (သို့မဟုတ်) ပြည်သူ တစ်ဦးတစ်ယောက်မှ ကျူးကျော် ရန်စခြင်း (ဥပမာအားဖြင့် ဆေးရုံဝန်ထမ်းများကို လူနာများက တိုက်ခိုက်ခြင်းနှင့် ဆိုင်အတွင်းသို့ လက်နက်ကိုင် လုယက်မှုဖြစ်ပွားခြင်း) များကို အလုပ်ကြောင့် မတော်တဆထိခိုက်မှုဟု သတ်မှတ်ပါသည်။

**အလုပ်ကြောင့် အနာတရဖြစ်မှု** (Occupational injury)

(က) အလုပ်ကြောင့် အနာတရဖြစ်မှုတွင် အလုပ်သမားများ ကိုယ်တိုင်အနာတရ ဖြစ်ခြင်း၊ အနာရောဂါဖြစ်ခြင်း (သို့မဟုတ်) သေဆုံးခြင်းများ ဖြစ်စေနိုင်ပါသည်။ အလုပ်ကြောင့် အနာတရဖြစ်ပွားမှုသည် အလုပ်ကြောင့် အနာရောဂါရမှုဖြစ်ပွား ခြင်းနှင့် ကွဲပြားခြားနားပါသည်။ အလုပ်ကြောင့် အနာရောဂါ ဖြစ်ပွားခြင်းမှာ အလုပ်ဆောင်ရွက်မှုမှ အန္တရာယ်ဖြစ်စေသည့် အကြောင်းရင်းများနှင့် အချိန်ကာလ တစ်ခုအထိ ထိတွေ့ခြင်းရလဒ်မှ ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။

(ခ) အလုပ်ကြောင့် မတော်တဆဖြစ်မှု၏ အကျိုးဆက်အနေဖြင့် သေစေလောက်သော (သို့မဟုတ်) မသေလောက်သည့် အနာတရဖြစ်မှုများဖြစ်စေနိုင်ပါသည်။ သို့သော် သေစေလောက် သောအနာတရဖြစ်မှုတွင် အလုပ်သမားသည် ဤနမူနာ အိမ်ထောင်စု၏ အိမ်ထောင်စုဝင်တစ်ဦးဖြစ်သော်လည်း ဒီနမူနာစစ်တမ်း၏အကျုံး ဝင်မှုနယ်ပယ်ပြင်ပတွင်ရှိပါသည်။ မသေစေလောက်သည့် အနာတရဖြစ်မှုသည် မသန်စွမ်းမှုကို ဖြစ်စေနိုင်သဖြင့် အလုပ်သမားသည် ယာယီအားဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ အလုပ်ဆက်လက်မလုပ်နိုင်ခြင်း သို့မဟုတ် မတော်တဆ ဖြစ်သည့်အချိန်က အလုပ်နှင့်ဆက်နွယ်သည့် ပုံမှန်လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် မသေချာခြင်း သို့မဟုတ် ရှေးဦးပြုစုခြင်း သို့မဟုတ် အငယ်စားကုသမှုတို့ကို လိုအပ်ပြီး ထို့နောက် ပုံမှန်ကဲ့သို့ တာဝန်များပြန်လည် ထမ်းဆောင်ခြင်းတို့ ဖြစ်ပါသည်။

(ဂ) အလုပ်ကြောင့် အနာတရဖြစ်ခြင်းတွင် ဒဏ်ရာ အမျိုးအစားများပါဝင်နိုင်ပြီး သာမန်အနာတရဖြစ်မှု ဥပမာအားဖြင့် ပွန်းပဲ့ဒဏ်ရာ၊ ပွတ်မိခြင်း သို့မဟုတ် ပြတ်ရှခြင်းမှ ပိုမိုပြင်းထန်သော အနာတရဖြစ်ခြင်း ဥပမာ ထိတ်လန့်ခြင်း၊ ခေါင်းထိခိုက်၍ သတိမေ့မျောသွားခြင်း၊ ခြေလက်အင်္ဂါ သို့မဟုတ် မျက်စိဆုံးရှုံးခြင်း၊ အရိုးကျိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ အဆိပ်မိခြင်း သို့မဟုတ် တစ်ခုသော မတော်တဆဖြစ်စဉ်မှ ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းတို့မှ ကင်ဆာဖြစ်စေသည့် နာမကျန်းမှုများ ပါဝင်သည်။

**ယာယီမသန်စွမ်းမှု**

(က) ယာယီမသန်စွမ်းမှု ဆိုသည်မှာ အနာတရဖြစ်သော အလုပ်သမားများသည် အချိန်ကာလ တစ်ခုပြီးသောအခါ နောက်ဆုံးတွင် ပြန်လည်သက်သာလာပြီး သူ/သူမသည် အလုပ်ကို ပြန်လည်ဝင်ရောက်နိုင်ပြီး မတော်တဆမဖြစ်ခင်က တာဝန်ယူထားသည့် လုပ်ငန်းတာဝန်အားလုံးကို ပြန်လည်လုပ်ကိုင်နိုင်ခြင်း ဖြစ်သည်။ အလုပ်သမားသည် ရှေးဦးပြုစုခြင်း သို့မဟုတ် ဆေးကုသခြင်းရရှိရန် သို့မဟုတ် အလုပ်လုပ်နေခြင်းမှ ရပ်နားနိုင်ပြီး ယင်းနောက် မတော်တဆမှု ဖြစ်သည့်နေ့ထဲမှာပင် ပြန်လည်ကောင်းမွန်လာခြင်း၊ အလုပ်ပျက်ရက် တစ်စုံတစ်ရာမရှိဘဲ ဆက်တိုက်ကုသခြင်းများလည်း ရှိနိုင်ပါသည်။ အကယ်၍ အနာတရဖြစ်မှုသည် ပိုမိုပြင်းထန်ပါက အလုပ်သမားများသည် မတော်တဆမှုဖြစ်ပြီး နောက် အလုပ်မလုပ်နိုင်ခြင်းနှင့် အလုပ်မှ အချိန်ကာလတစ်ခု ပျက်ကွက်နိုင်ပါသည်။ အနာတရဖြစ်မှုသည် ပြန်လည်ကောင်းမွန်လာပါက သူ/သူမသည် အလုပ်ကိုပြန်လည်ဝင်ရောက်လာနိုင်ပြီး မတော်တဆဖြစ်မှုမဖြစ်ခင်က လုပ်ကိုင်သော အလုပ်အားလုံးကို ပြန်လည်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အလုပ်မှ ပျက်ကွက်မှုမှာ တစ်နေ့၊ ရက်အနည်းငယ်၊ တစ်ပတ်၊ တစ်လ သို့မဟုတ် ပိုသောကာလ အပိုင်းအခြားဖြစ်နိုင်ပါသည်။

(ခ) အလုပ်ကြောင့် အနာတရဖြစ်မှုသည် လုပ်ငန်း လုပ်ဆောင်ချက်များကို အကန့်အသတ်ဖြစ်နိုင်သည်။ ထိခိုက်ခံရသူသည် အလုပ်ကို မရပ်မနားလုပ်ခဲ့သော် ယာယီအားဖြင့် ပုံမှန်လုပ်ကိုင်သည့် အလုပ်များကို မလုပ်နိုင်ခြင်းများ ဖြစ်နိုင်ပါသည်။ ယင်းသည် ဥပမာအားဖြင့် အလုပ်ရှင်များနှင့် ကိုယ်တိုင်လုပ်ကိုင်သူများအနေဖြင့် သူတို့၏ လုပ်ငန်းသည် သူတို့ပါဝင်လုပ်ဆောင်မှုများအပေါ်တည်မှီနေပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများလည်း ပါဝင်ပါသည်။

(ဂ) အနာတရဖြစ်ခြင်းသည် မသန်စွမ်းမှုကို ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ အလုပ်သမားသည် အလုပ်ကိုပြန်လည်လုပ်ကိုင်နိုင်သော်လည်း သူ/သူမသည် မတော်

တဆမှုမဖြစ်ခင်က လုပ်ကိုင်သည့် တူညီသောအလုပ်ကို ပြန်လည် လုပ်ကိုင်နိုင်ခြင်း မရှိပါ။ မှတ်သားရန်အချက်မှာ အနာရောဂါများကိုလည်း အလုပ်ကြောင့် မတော်တဆဖြစ်မှု၏ နယ်ပယ်အတိုင်းအတာတွင် ထည့်သွင်းရန်မှာ သီးခြား ဖြစ်သော မတော်တဆမှု၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် အနာရောဂါများ ဖြစ်ပွားသည့်ကိစ္စမျိုးကို မတော်တဆထိခိုက်မှုတွင် ထည့်သွင်းရမည်။ ဥပမာ အားဖြင့် အလုပ်နေရာတွင် တစ်ဦးတစ်ယောက်၏ ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းကြောင့် အနာရောဂါဖြစ်ပွား (သို့မဟုတ်) အလုပ်နယ်ပယ်တွင် တစ်ဦး တစ်ယောက်ကို ရောဂါပိုးမွှားထိစေခြင်းတို့ ပါဝင်ပါသည်။ အလုပ်ကြောင့် အနာရောဂါဖြစ်ပွားမှုမှာ အလုပ်လုပ်ဆောင်ချက်မှ အန္တရာယ်ဖြစ်စေသည့် အကြောင်းရင်းများနှင့် ကာလကြာရှည် စွာဆက်ဆံထိတွေ့မှုကြောင့် ဖြစ်ပေါ် လာခြင်းကို အလုပ်ကြောင့် အနာတရဖြစ်မှုဟုမခေါ်ပါ။

# အခန်း (၅)

# ကလေးသူငယ်များက ဆောင်ရွက်သော လုပ်ဆောင်ချက်များ

## ၅.၁ နိဒါန်း

ကလေးလုပ်သားအခြေအနေများကို လေ့လာခြင်းဖြစ်ရာ ဤအစီရင်ခံစာတွင် အသက် ၅ နှစ်နှင့်အထက်ကလေးများ၏ စီးပွားရေးလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်မှုဆိုင်ရာ အရေးကိစ္စများကို အလေးထားဖော်ပြထားပါသည်။ အသက် ၅ နှစ်ဆိုသည်မှာ စီးပွားရေးလုပ်ဆောင်ချက်များ၌ ပါဝင်လုပ်ကိုင်နိုင်သည့် အနိမ့်ဆုံးအသက် ကန့်သတ်ချက်အဖြစ် ယူဆနိုင်သည့်အသက်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ယခုအခန်းတွင် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း၏ရလဒ်များကို အခြေခံ၍ စီးပွားရေး လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကလေးများ၏ အရွယ်အစား၊ ဖွဲ့စည်းတည်ရှိပုံနှင့် ဝိသေသလက္ခဏာများကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ထိုသို့ဖော်ပြရာတွင် ကလေးသူငယ်များ၏ လက်ရှိကျောင်းတက်ရောက်မှုအခြေအနေ၊ တစ်ရက်အတွင်း ကလေးများ၏ အလုပ်လုပ်ရသည့်အချိန်နာရီ၊ အလုပ်အကိုင်အခြေအနေ၊ လုပ်ခရရှိမှု၊ အိမ်မှုကိစ္စများကို မည်သို့မည်ပုံပါဝင်ဆောင်ရွက်နေရမှု အခြေအနေများအပါအဝင် ကလေးများအနေဖြင့် စီးပွားရေးဆောင်ရွက်မှုများတွင် ပါဝင်လုပ်ဆောင်နေသည့်အခြေအနေများကို ဖော်ပြသွားမည်ဖြစ်ပါသည်။

နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် လက်ရှိပြည်တွင်း ဥပဒေများအရ အသက် ၁၈ နှစ်အောက် အရွယ်ရှိသူများကို ဤအစီရင်ခံစာတွင် ကလေးသူငယ်များအဖြစ် သတ်မှတ် ဖော်ပြသွားမည်ဖြစ်ပါသည်။ နိုင်ငံအများစုတွင် အလုပ်လုပ်ကိုင်နိုင်သော သို့မဟုတ် အလုပ်ခွင်သို့ ဝင်ရောက်နိုင်သော အနိမ့်ဆုံးအသက်ကို ပြည်တွင်းဥပဒေဖြင့် သတ်မှတ်ကြပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ အသက် ၁၄ နှစ်သည် စက်ရုံများ၊ ဆိုင်များနှင့်စပ်လျဉ်း၍ လုပ်သားဈေးကွက်သို့ဝင်ရောက်ရန် တရားဝင်ခွင့်ပြုထားသော အသက်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ လက်ရှိတွင် အလုပ်သမားဥပဒေများကို သုံးသပ်ပြင်ဆင်လျက်ရှိသော်လည်း တည်ဆဲဥပဒေအရ ယခု အစီရင်ခံစာအတွက် ကလေးသူငယ်ဦးရေကို အသက် ၅ နှစ် မှ ၁၁ နှစ်၊ အသက် ၁၂ နှစ်မှ ၁၄ နှစ်နှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ် ဟူ၍ အသက်အုပ်စု သုံးခုခွဲခြားထားပါသည်။

## ၅.၂ ကလေးသူငယ်ဦးရေ၏အဓိက ဝိသေသလက္ခဏာများ

ဤအပိုင်းတွင် ကလေးသူငယ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် ရာခိုင်နှုန်းများကို ကျား၊ မ၊ ကျေးလက်၊ မြို့ပြ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ထိခိုက်လွယ်သော ကလေးသူငယ်အုပ်စုများအလိုက် ဖော်ပြသွားမည် ဖြစ်ပါသည်။ ထိုသို့ဖော်ပြရာတွင် ကလေးသူငယ်များ၏ ပေါင်းစပ်ပါဝင်မှု အခြေအနေများကို အဓိကဝိသေသ လက္ခဏာများဖြစ်သော အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ဖော်ပြသွားမည်ဖြစ်ပါသည်။ ဇယား ၁၁ တွင်

ကလေးသူငယ်များ၏ ပေါင်းစပ်ပါဝင်မှု အခြေအနေကို အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခွဲခြားဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် အသက် ၅ နှစ်မှ ၁၇ နှစ်ထိ ကလေးသူငယ်ဦးရေသည် ၁၂ သန်းကျော်ရှိသည့်အနက် ယောက်ျားလေးဦးရေသည် ၆ သန်းရှိပြီး မိန်းကလေးဦးရေသည် ၆.၁ သန်းရှိပါသည်။ ကလေးသူငယ်စုစုပေါင်း၏ ထက်ဝက်ကျော်သည် ယေဘုယျအသက်အုပ်စု ဖြစ်သော အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စု (၅၄.၄%) ဖြစ်ကြပြီး ပထမအုပ်စုထက် ထက်ဝက်ခန့် လျော့နည်းသောအုပ်စုမှာ အသက် ၁၂ နှစ်မှ ၁၄ နှစ် အုပ်စုဖြစ်ပါသည်။ နောက်ဆုံးအသက်အုပ်စုဖြစ်သော အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အသက်အုပ်စုတွင် စုစုပေါင်းကလေးသူငယ်ဦးရေ၏ လေးပုံတစ်ပုံခန့်သာရှိကြောင်း တွေ့ရှိရပါသည်။

ယေဘုယျအားဖြင့် အသက်အုပ်စု သုံးခုစလုံးတွင် ယောက်ျားလေးနှင့် မိန်းကလေး အရေအတွက်သည် နီးစပ်မှုရှိသည်ကိုတွေ့ရှိရပြီး ယောက်ျားလေးအရေအတွက်သည် မိန်းကလေးအရေအတွက်ထက် တူညီစွာမြင့်မားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်းလူဦးရေ၏ မြို့ပြ-ကျေးလက်ပျံ့နှံ့မှုများအတိုင်း ကလေးသူငယ်အများစု (၇၅%) သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ယောက်ျားလေးများနှင့် မိန်းကလေးများ၏ ပျံ့နှံ့မှုရာခိုင် နှုန်းသည် မြို့ပြ (၂၅% ခန့်) နှင့် ကျေးလက် (၇၅% ခန့်) ဒေသများအကြား နီးစပ်စွာတူညီမှုရှိ သည်ကို တွေ့ရှိရပါသည်။ ကလေးသူငယ်များ၏ ပျံ့နှံ့မှုသည် ကျား မအကြား၊ မြို့ပြ ကျေးလက် အကြား သိသာစွာပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

အခြားတစ်ဖက်တွင်မူ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြားတွင် ကလေးသူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်းသည် သိသာစွာခြားနားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ ကလေးဦးရေ၏ ၁၀% ခန့်ပါဝင်သော တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ဧရာဝတီတိုင်းဒေသကြီး (၁၂.၁%)၊ ရှမ်းပြည်နယ် (၁၃%)၊ မန္တလေးတိုင်းဒေသကြီး (၁၁.၅%)၊ စစ်ကိုင်းတိုင်းဒေသကြီး (၁၀.၉%)၊ ရန်ကုန်တိုင်းဒေသကြီး (၁၂.၃%) နှင့် ပဲခူးတိုင်းဒေသကြီး (၉.၆%) တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကလေးသူငယ်ပါဝင်မှုရာခိုင်နှုန်း နည်းသော တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ကယားပြည်နယ် (၀.၇%) နှင့် ချင်းပြည်နယ် (၁.၃%) တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျန်ရှိသည့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကလေးသူငယ်များ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၂.၂% မှ ၈.၅% အတွင်းရှိသည်ကို တွေ့ရှိရပါသည်။

ဇယား-၁၁။ အသက်အုပ်စု၊ မြို့ပြ၊ ကျေးလက်နှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | ပျံ့နှံ့မှုရာခိုင်နှုန်း | | | ယောကျ်ားလေး၊ မိန်းကလေး အချိုး |
|---|---|---|---|---|
| | ယောကျ်ားလေး | မိန်းကလေး | ကလေး စုစုပေါင်း | |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၀.၉၈ |
| **အသက်အုပ်စု** | | | | |
| အသက် ၅-၁၁ နှစ် | ၅၅.၁ | ၅၃.၈ | ၅၄.၄ | ၁.၀၀ |
| အသက် ၁၂-၁၄ နှစ် | ၂၄.၂ | ၂၄.၆ | ၂၄.၄ | ၀.၉၆ |
| အသက် ၁၅-၁၇ နှစ် | ၂၀.၇ | ၂၁.၅ | ၂၁.၁ | ၀.၉၄ |
| **ဒေသအမျိုးအစား** | | | | |
| မြို့ပြ | ၂၅.၉ | ၂၅.၅ | ၂၅.၇ | ၁.၀၀ |
| ကျေးလက် | ၇၄.၁ | ၇၄.၅ | ၇၄.၃ | ၀.၉၉ |
| **ပြည်နယ်/တိုင်းဒေသကြီး** | | | | |
| ကချင် | ၂.၉ | ၃.၁ | ၃.၀ | ၀.၉၄ |
| ကယား | ၀.၇ | ၀.၇ | ၀.၇ | ၀.၉၇ |
| ကရင် | ၃.၆ | ၃.၈ | ၃.၇ | ၀.၉၂ |
| ချင်း | ၁.၃ | ၁.၃ | ၁.၃ | ၀.၉၃ |
| စစ်ကိုင်း | ၁၀.၇ | ၁၁.၀ | ၁၀.၉ | ၀.၉၄ |
| တနင်္သာရီ | ၃.၃ | ၃.၅ | ၃.၄ | ၀.၉၄ |
| ပဲခူး | ၉.၆ | ၉.၆ | ၉.၆ | ၀.၉၈ |
| မကွေး | ၇.၁ | ၇.၆ | ၇.၃ | ၀.၉၂ |
| မန္တလေး | ၁၁.၄ | ၁၁.၅ | ၁၁.၅ | ၀.၉၇ |
| မွန် | ၄.၆ | ၄.၃ | ၄.၅ | ၁.၀၄ |
| ရခိုင် | ၄.၅ | ၄.၆ | ၄.၆ | ၀.၉၈ |
| ရန်ကုန် | ၁၂.၆ | ၁၂.၀ | ၁၂.၃ | ၁.၀၃ |
| ရှမ်း | ၁၃.၃ | ၁၂.၇ | ၁၃.၀ | ၁.၀၂ |
| ဧရာဝတီ | ၁၂.၂ | ၁၁.၉ | ၁၂.၁ | ၁.၀၀ |
| နေပြည်တော် | ၂.၁ | ၂.၃ | ၂.၂ | ၀.၉၂ |

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ယောကျ်ားလေးနှင့် မိန်းကလေး၏ ပျံ့နှံ့မှုရာခိုင်နှုန်းသည် သက်ဆိုင်ရာနယ်မြေဒေသများအတွင်း တူညီမှုရှိသည်ကို တွေ့ရှိရပါသည်။ ထို့အတူ ယောကျ်ားလေး-မိန်းကလေးအချိုးသည် ခြွင်းချက်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် (၄) ခုမှ လွဲ၍ ကျန်သည့်တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် နီးစပ်စွာ တူညီနေသည်ကို တွေ့ရှိရပါသည်။ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယောကျ်ားလေးပိုမိုပါဝင်သည်ကို တွေ့ရပါသည်။

ဇယား ၁၂ တွင် ကျား၊ မ အလိုက်နှင့် မြို့ပြ၊ ကျေးလက်အလိုက် အသက်အုပ်စုများတွင် ကလေးများ၏ ခန့်မှန်းခြေပျံ့နှံ့မှုရာခိုင်နှုန်းကို ဖော်ပြပါသည်။ တစ်နိုင်ငံလုံးအတိုင်းနှင့် မြို့ပြ၊ ကျေးလက်များတွင် ကျား မ အလိုက် ကလေးဦးရေ၏ ထက်ဝက်ကျော်သည် အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင် ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထင်ရှားသည့်အချက်မှာ အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်း အသက်အုပ်စု၏ ကျား မ အုပ်စုနှစ်စုလုံးတွင် ကျေးလက်ရှိ ကလေးရာခိုင်နှုန်းသည် မြို့ပြဒေသထက် သိသာစွာမြင့်မားနေကြောင်း တွေ့ရှိရပါသည်။ ၁၅ နှစ်မှ ၁၇ နှစ် အသက်အပိုင်းအခြားတွင်မူ မြို့ပြရှိရာခိုင်နှုန်းသည် ကျေးလက်ထက် ပိုမိုများသည်ကို တွေ့ရှိရပါသည်။

ဇယား-၁၂။ မြို့ပြ၊ ကျေးလက်၊ ကျား၊ မ အမျိုးအစား၊ အသက်အုပ်စုအလိုက် ကလေးပျံ့နှံ့မှု

| နယ်ပယ် | အသက်အုပ်စုအလိုက် ကလေးပျံ့နှံ့မှုရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း |
| **ပြည်ထောင်စု** | **၅၄.၄** | **၂၄.၄** | **၂၁.၁** | **၁၀၀.၀** |
| မြို့ပြ | ၅၀.၇ | ၂၅.၅ | ၂၃.၈ | ၁၀၀.၀ |
| ကျေးလက် | ၅၅.၈ | ၂၄.၁ | ၂၀.၂ | ၁၀၀.၀ |
| **ယောကျ်ားလေး** | **၅၅.၁** | **၂၄.၂** | **၂၀.၇** | **၁၀၀.၀** |
| မြို့ပြ | ၅၁.၃ | ၂၅.၅ | ၂၃.၂ | ၁၀၀.၀ |
| ကျေးလက် | ၅၆.၄ | ၂၃.၈ | ၁၉.၈ | ၁၀၀.၀ |
| **မိန်းကလေး** | **၅၃.၈** | **၂၄.၆** | **၂၁.၅** | **၁၀၀.၀** |
| မြို့ပြ | ၅၀.၁ | ၂၅.၅ | ၂၄.၃ | ၁၀၀.၀ |
| ကျေးလက် | ၅၅.၁ | ၂၄.၃ | ၂၀.၆ | ၁၀၀.၀ |

ဇယား ၁၃ တွင် ကလေးများအား အစောပိုင်းအသက်အုပ်စုတွင် လုပ်သားဈေးကွက်သို့ ဝင်ရောက်စေနိုင်သည့် မြန်မာနိုင်ငံရှိ ကလေးများ၏အားနည်းချက် အခြေအနေများကို ဖော်ပြထားပါသည်။ မိဘနှင့်အတူမနေရသော ကလေးအများစုသည် အရွယ်မတိုင်မီ လုပ်သားဈေးကွက်သို့ ပိုမိုရောက်ကြရသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သတိပြုရမည့်အချက်အနေဖြင့် စစ်တမ်း၏ ရလဒ်အရ မိဘနှင့်အတူမနေရသည့်ကလေးများ၏ ရာခိုင်နှုန်းမှာ ၅% ခန့်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ မြို့ပြဒေသတွင် မိဘနှင့်အတူမနေရသည့်ကလေးများ၏ ပါဝင်မှုနှုန်းမှာ ၇% ခန့်အထိမြင့်တက်လျက်ရှိပြီး မိန်းကလေးများတွင် အနည်းငယ်ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ မိဘနှင့်အတူမနေရသည့် ကလေးများနှင့်စပ်လျဉ်း၍ အသက်ကြီးလာသည်နှင့်အမျှ ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသရှိ ယောကျ်ားလေးနှင့် မိန်းကလေးများ၏ မိဘနှင့်အတူမနေရသည့် ကလေးများပါဝင်မှုရာခိုင်နှုန်းသည် ကျေးလက်ဒေသထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ဖြစ်နိုင်သည့် အကြောင်းပြချက်များမှာ ကျေးလက်ဒေသရှိ ကလေးများသည် မြို့ပြဒေသသို့ ပြောင်းရွှေ့နေထိုင်ပြီး ဆွေမျိုးများထံတွင် သွားရောက်နေထိုင်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ မိဘမဲ့ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း (၁.၁%) သည် မြင့်မားမှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း အသက် ၅ နှစ်မှ ၁၇ နှစ်ကြားရှိ မိဘမဲ့ ကလေးများကို မြို့ပြနေ မိန်းကလေးများတွင် ပိုမိုပါဝင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့အနေဖြင့် အိမ်မှုကိစ္စများ ဆောင်ရွက်ရကြောင်း တွေ့ရှိရပါသည်။ မိဘနှင့်အတူ မနေရသည့်ကလေးများနှင့် မိဘမဲ့ကလေးများ၏ အသက်အုပ်စုသုံးမျိုးဖြစ်သော ၅ နှစ်မှ ၁၁ နှစ် ၊ ၁၂ နှစ်မှ ၁၄ နှစ် ၊ ၁၅ နှစ်မှ ၁၇ နှစ်တို့တွင် ပါဝင်မှုရာခိုင်နှုန်းများမှာ ၅.၄%၊ ၅.၉% နှင့် ၆.၉% တို့ဖြစ်ကြပါသည်။

ဇယား-၁၃။ ကလေးများ၏ အားနည်းချက်အခြေအနေတစ်ခုချင်းစီတွင် အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ပါဝင်မှုရာခိုင်နှုန်း

| အသက်အုပ်စု/ ဒေသ | ရာခိုင်နှုန်း | | |
|---|---|---|---|
| | မိဘနှင့်အတူမနေရ သည့်ကလေးများ | မိဘမဲ့များ | မိဘနှင့်အတူမနေရ သည့်ကလေးများ နှင့် မိဘမဲ့များ |
| **ပြည်ထောင်စု** | **၄.၇** | **၁.၁** | **၅.၈** |
| ၅-၁၁ | ၄.၆ | ၀.၈ | ၅.၄ |
| ၁၂-၁၄ | ၄.၇ | ၁.၂ | ၅.၉ |
| ၁၅-၁၇ | ၅.၄ | ၁.၅ | ၆.၉ |
| မြို့ပြ | ၆.၉ | ၁.၈ | ၈.၇ |
| ကျေးလက် | ၄.၂ | ၀.၈ | ၅.၀ |
| **ယောကျ်ားလေး** | **၄.၆** | **၁.၀** | **၅.၆** |
| ၅-၁၁ | ၄.၅ | ၀.၈ | ၅.၃ |
| ၁၂-၁၄ | ၅.၃ | ၁.၀ | ၆.၃ |
| ၁၅-၁၇ | ၅.၉ | ၁.၃ | ၇.၂ |
| မြို့ပြ | ၆.၇ | ၁.၆ | ၈.၃ |
| ကျေးလက် | ၄.၁ | ၀.၈ | ၄.၉ |
| **မိန်းကလေး** | **၅.၀** | **၁.၂** | **၆.၂** |
| ၅-၁၁ | ၄.၅ | ၀.၈ | ၅.၃ |
| ၁၂-၁၄ | ၅.၃ | ၁.၃ | ၆.၆ |
| ၁၅-၁၇ | ၅.၉ | ၁.၇ | ၇.၆ |
| မြို့ပြ | ၇.၂ | ၂.၀ | ၉.၂ |
| ကျေးလက် | ၄.၃ | ၀.၉ | ၅.၂ |

## ၅.၃ စီးပွားရေးလုပ်ဆောင်ချက်များတွင် ကလေးများ၏ ပါဝင်ဆောင်ရွက်မှု

ဤအပိုင်းတွင် အသက် ၅ နှစ်မှ ၁၇ အရွယ်ရှိ ကလေးများ၏ စီးပွားရေးအရ ဆောင်ရွက်မှု ဆိုလိုသည်မှာ ရည်ညွှန်းကာလ တစ်ပတ်အတွင်း အနည်းဆုံးတစ်နာရီခန့် အလုပ်လုပ်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကျား၊ မ၊ အသက်အုပ်စု၊ မြို့ပြ၊ ကျေးလက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖော်ပြသွားမည်ဖြစ်ပါသည်။ စစ်တမ်းတွင် ကလေးများ၏ အလုပ်အကိုင်ဆိုင်ရာ အခြေအနေကို ရည်ညွှန်းကာလ ၁၂ လအတွက် မေးမြန်းခဲ့ပါသည်။ သို့သော်လည်း ဤအစီရင်ခံစာတွင်မူ ရည်ညွှန်းကာလ ၇ ရက်ကို အခြေခံကောက်ယူခဲ့သော အချက်အလက်များပေါ်တွင်သာ အခြေခံ၍ ခန့်မှန်းဦးရေများကို ဖော်ပြထားပါသည်။ အလုပ်သမားဟုဆိုရာတွင် ရည်ညွှန်းကာလ ၇ ရက်အတွင်း လုပ်ခ သို့မဟုတ် အကျိုးအမြတ်အတွက် ကုန်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်းစသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ဆောင်ရွက်ခဲ့သူကို ဆိုလိုပါသည်။

ဇယား ၁၄ တွင် ကျား မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေတွင် အလုပ်လုပ်သောကလေးများပါဝင်မှုအချိုး (WPR) ကို ရာခိုင်နှုန်းအားဖြင့် ခန့်မှန်းခြေကို ဖော်ပြထားပါသည်။ ဇယားတွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံရှိ ကလေးသူငယ်ဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်သည် အခကြေးငွေ သို့မဟုတ် အမြတ်အစွန်းအတွက် အလုပ်လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်သူ ပါဝင်မှုရာခိုင်နှုန်းအရ ကျေးလက်ဒေသ (၁၁.၄%) သည် မြို့ပြဒေသ (၈.၁%) ထက် ပါဝင်မှုမြင့်မားသည်ကို ထင်ရှားစွာတွေ့မြင်ရမည် ဖြစ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးသူငယ် ၁၀% ခန့်သည် အသက် ၁၂ နှစ်အရွယ်သို့ ရောက်သည့်အခါ စီးပွားရေးဆိုင်ရာ လုပ်ငန်းများတွင် အများအားဖြင့် ပါဝင်လုပ်ကိုင်လာကြပြီး အသက် ၁၅ နှစ်မှ ၁၇ နှစ် အသက်အရွယ် အပိုင်းအခြားသို့ ရောက်ရှိလာသောအခါ ၎င်းတို့၏ သုံးပုံတစ်ပုံသည် အခကြေးငွေ သို့မဟုတ် အမြတ်အစွန်းအတွက် အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။

အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ်အုပ်စုမှလွဲ၍ ကျန်အသက်အုပ်စုအားလုံးတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပါဝင်မှုရာခိုင်နှုန်း မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်သူ ပါဝင်မှုအချိုးသည် ကျေးလက်ဒေသများတွင် ယောကျ်ားလေးများက မိန်းကလေးများထက် သိသိသာသာ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အရွယ် အပိုင်းအခြားရှိ ကျေးလက်ဒေသမှ ယောကျ်ားလေးများ၏ ၄၇% ခန့်သည် စီးပွားရေးလုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဝင်ငွေ သိသိသာသာနည်းပါးသော မိသားစုများရှိ ကလေးများတွင် မိသားစုစားဝတ်နေရေးအတွက် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုပါဝင်၍ အလုပ်လုပ်ကိုင်လျက်ရှိသည်ကို

တွေ့ရှိရပါသည်။ စက်မှုလုပ်ငန်းများမရှိသည့် စိုက်ပျိုးရေးနှင့် အခြားကျေးလက်ဒေသဆိုင်ရာ လုပ်ဆောင်ချက်များတွင် မိသားစုများနှင့် ဒေသခံအလုပ်သမားများ၏ လုပ်ခအနည်းဆုံး သို့မဟုတ် လုပ်ခလစာမရဘဲ ဆောင်ရွက်မှုများရှိသည်ကို တွေ့ရသည်။

ဇယား-၁၄။ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နေသောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း

| နယ်ပယ် | ကျား၊ မ | အသက်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ (နှစ်) | | | |
|---|---|---|---|---|---|
| | | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း |
| ပြည်ထောင်စု | **ကလေးစုစုပေါင်း** | ၀.၃ | ၉.၈ | ၃၇.၇ | ၁၀.၅ |
| | ယောကျ်ားလေး | ၀.၃ | ၁၀.၂ | ၄၁.၈ | ၁၁.၃ |
| | မိန်းကလေး | ၀.၄ | ၉.၄ | ၃၃.၉ | ၉.၈ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | **ကလေးစုစုပေါင်း** | ၀.၅ | ၇.၁ | ၂၅.၁ | ၈.၁ |
| | ယောကျ်ားလေး | ၀.၃ | ၇.၇ | ၂၉.၃ | ၈.၉ |
| | မိန်းကလေး | ၀.၇ | ၆.၆ | ၂၁.၁ | ၇.၂ |
| ကျေးလက် | **ကလေးစုစုပေါင်း** | ၀.၃ | ၁၀.၇ | ၄၂.၈ | ၁၁.၄ |
| | ယောကျ်ားလေး | ၀.၂ | ၁၁.၂ | ၄၆.၉ | ၁၂.၁ |
| | မိန်းကလေး | ၀.၃ | ၁၀.၃ | ၃၉.၀ | ၁၀.၇ |

စစ်တမ်းအရ ရည်ညွှန်းကာလ လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းနှင့် အရေအတွက်များကို ဇယား ၁၅ တွင် ကျား မခွဲခြား၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖော်ပြထားပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေးလူဦးရေ ၁၂ သန်းခန့်တွင် အလုပ်လုပ်သော ကလေးဦးရေသည် ၁.၂ သန်းကျော်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ ကလေးဦးရေတွင် အလုပ်လုပ်သော ကလေးဦးရေမှာ ၁၀.၅% ရှိပြီး မိန်းကလေးများနှင့် နှိုင်းယှဉ်ပါက ယောကျ်ားလေးများ၏ ပါဝင်မှုမှာ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယားကိုကြည့်မည်ဆိုပါက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ် လုပ်ကိုင်နေသူဦးရေအချိုးများ ပြောင်းလဲမှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်နေသောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းအမြင့်ဆုံး (၁၀% နှင့်အထက်) ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တွေ့ရပါသည်။ အနည်းဆုံးအနေဖြင့် ချင်းပြည်နယ်ဖြစ်ပြီး အလုပ်လုပ်သောကလေး ပါဝင်မှုရာခိုင်နှုန်းမှာ ၄.၄% သာရှိကြောင်း တွေ့ရှိရပါသည်။

ဇယား ၁၅ ပါ အချက်အလက်များအရ ယောကျ်ားလေးများ၏ အလုပ်လုပ်သူ ပါဝင်မှုရာခိုင်နှုန်းသည် မိန်းကလေးများ၏ အလုပ်လုပ်သူ ပါဝင်မှုရာခိုင်နှုန်းထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ခြွင်းချက်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်တို့မှလွဲ၍ ကျန်ဒေသများတွင် ယောကျ်ားလေးများ၏ ပါဝင်မှုရာခိုင်နှုန်းသည် မိန်းကလေးများထက် မြင့်မားသည်ဆိုသော်လည်း တူညီလုနီးရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား-၁၅။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကျား၊ မ အလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း

| နယ်ပယ် | ကလေးများ | | ယောကျ်ားလေး | | မိန်းကလေး | |
|---|---|---|---|---|---|---|
| | အရေအတွက် | အလုပ်လုပ်ကိုင်သူ ပါဝင်မှု အချိုး | အရေအတွက် | အလုပ်လုပ်ကိုင်သူ ပါဝင်မှု အချိုး | အရေအတွက် | အလုပ်လုပ်ကိုင်သူ ပါဝင်မှု အချိုး |
| ပြည်ထောင်စု | ၁,၂၇၈,၉၀၉ | ၁၀.၅ | ၆၇၆,၂၀၈ | ၁၁.၃ | ၆၀၂,၇၀၁ | ၉.၈ |
| ကချင် | ၂၆,၈၀၆ | ၇.၃ | ၁၇,၁၂၉ | ၉.၇ | ၉,၆၇၇ | ၅.၁ |
| ကယား | ၈,၄၁၃ | ၁၀.၀ | ၄,၁၁၂ | ၁၀.၀ | ၄,၃၀၀ | ၁၀.၁ |
| ကရင် | ၃၇,၈၈၆ | ၈.၅ | ၂၄,၀၁၈ | ၁၁.၂ | ၁၃,၈၆၉ | ၆.၀ |
| ချင်း | ၆,၉၃၃ | ၄.၄ | ၄,၀၆၉ | ၅.၄ | ၂,၈၆၅ | ၃.၅ |
| စစ်ကိုင်း | ၁၅၃,၁၂၁ | ၁၁.၆ | ၇၂,၄၉၂ | ၁၁.၃ | ၈၀,၆၂၉ | ၁၁.၉ |
| တနင်္သာရီ | ၃၄,၉၅၉ | ၈.၅ | ၂၅,၅၃၉ | ၁၂.၇ | ၉,၄၂၀ | ၄.၄ |
| ပဲခူး | ၁၄၆,၂၄၈ | ၁၂.၅ | ၇၆,၂၁၂ | ၁၃.၂ | ၇၀,၀၃၆ | ၁၁.၉ |
| မကွေး | ၉၇,၈၆၉ | ၁၁.၀ | ၄၆,၁၅၀ | ၁၀.၈ | ၅၁,၇၁၉ | ၁၁.၁ |
| မန္တလေး | ၁၇၃,၁၀၂ | ၁၂.၄ | ၈၅,၈၀၇ | ၁၂.၅ | ၈၇,၂၉၅ | ၁၂.၄ |
| မွန် | ၄၇,၉၄၃ | ၈.၈ | ၂၉,၁၄၉ | ၁၀.၅ | ၁၈,၇၉၄ | ၇.၀ |
| ရခိုင် | ၄၉,၄၀၃ | ၈.၉ | ၃၀,၁၄၈ | ၁၁.၀ | ၁၉,၂၅၄ | ၆.၉ |
| ရန်ကုန် | ၁၂၉,၇၉၃ | ၈.၇ | ၆၉,၀၁၆ | ၉.၁ | ၆၀,၇၇၇ | ၈.၂ |
| ရှမ်း | ၁၆၃,၀၁၉ | ၁၀.၃ | ၈၂,၁၆၉ | ၁၀.၃ | ၈၀,၈၅၀ | ၁၀.၃ |
| ဧရာဝတီ | ၁၈၁,၆၃၂ | ၁၂.၄ | ၁၀၁,၉၉၆ | ၁၃.၉ | ၇၉,၆၃၆ | ၁၀.၉ |
| နေပြည်တော် | ၂၁,၇၈၂ | ၈.၂ | ၈,၂၀၁ | ၆.၄ | ၁၃,၅၈၁ | ၉.၈ |

ဇယား ၁၆ တွင် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကျား၊ မ ခွဲခြား၍ အလုပ်လုပ်ကိုင်နေသော ကလေးများအရေအတွက်ကို ဖော်ပြထားပါသည်။ ၎င်းကို စုစုပေါင်းလူဦးရေ အများဆုံးနေထိုင်လျက်ရှိသော ကျေးလက်ဒေသများတွင် အလုပ်လုပ်သော ကလေးများ၏ ၇၉% ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ယောကျ်ားလေးနှင့် မိန်းကလေး အလုပ်လုပ်ကိုင်သူ ရာခိုင်နှုန်းနှင့် မြို့ပြနှင့် ကျေးလက်ဒေသများ၏ ပါဝင်မှုရာခိုင်နှုန်းတို့သည် အနည်းငယ်သာ ကွဲလွဲမှုရှိပါသည်။

အလုပ်လုပ်ကိုင်သူဦးရေရာခိုင်နှုန်းတွင် သိသာသော ပြောင်းလဲမှုရှိကြောသော်လည်း အလုပ်လုပ်ကိုင်သောကလေးများသည် ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ကလေးသူငယ်ဦးရေ ပမာဏနှင့် အချိုးကျလုနီးပါး ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကလေး သူငယ်ဦးရေများစွာပါဝင်သော ပြည်နယ်၊ တိုင်းဒေသကြီးများတွင်လည်း အလုပ်လုပ်ကိုင်သော ကလေးများတွင် များစွာပါဝင်သည်ကို တွေ့ရှိရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အလုပ်လုပ်သောကလေးအရေအတွက် မြင့်မားစွာပါဝင်နေသည်ကို တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် ၁၀% ဝန်းကျင်ရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အလုပ်လုပ်သော ကလေးပါဝင်မှုသည် မြန်မာနိုင်ငံရှိ ကလေးလုပ်သား စုစုပေါင်း၏ ၇၀% ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အလုပ်လုပ်ကိုင်သော လူဦးရေ ပါဝင်မှုသည်လည်းမြင့်မားသည်ကို စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။

**ဇယား-၁၆။ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်လုပ်နေသော ကလေးပျံ့နှံ့မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ပြည်ထောင်စု | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | |
| မြို့ပြ | ၂၀.၆ | ၁၈.၆ | ၁၉.၇ |
| ကျေးလက် | ၇၉.၄ | ၈၁.၄ | ၈၀.၃ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | |
| ကချင် | ၂.၅ | ၁.၆ | ၂.၁ |
| ကယား | ၀.၆ | ၀.၇ | ၀.၇ |
| ကရင် | ၃.၆ | ၂.၃ | ၃.၀ |
| ချင်း | ၀.၆ | ၀.၅ | ၀.၅ |
| စစ်ကိုင်း | ၁၀.၇ | ၁၃.၄ | ၁၂.၀ |
| တနင်္သာရီ | ၃.၈ | ၁.၆ | ၂.၇ |
| ပဲခူး | ၁၁.၃ | ၁၁.၆ | ၁၁.၄ |
| မကွေး | ၆.၈ | ၈.၆ | ၇.၇ |
| မန္တလေး | ၁၂.၇ | ၁၄.၅ | ၁၃.၅ |
| မွန် | ၄.၃ | ၃.၁ | ၃.၇ |
| ရခိုင် | ၄.၅ | ၃.၂ | ၃.၉ |
| ရန်ကုန် | ၁၀.၂ | ၁၀.၁ | ၁၀.၁ |
| ရှမ်း | ၁၂.၂ | ၁၃.၄ | ၁၂.၇ |
| ဧရာဝတီ | ၁၅.၁ | ၁၃.၂ | ၁၄.၂ |
| နေပြည်တော် | ၁.၂ | ၂.၃ | ၁.၇ |

## ၅.၄ ကလေးများ၏ စီးပွားရေးဆောင်ရွက်ချက်နှင့် နေထိုင်မှုအဆင့်အတန်း

အလုပ်လုပ်ကိုင်သည့် ကလေးသူငယ်များ၏ ရာခိုင်နှုန်းနှင့် အပြန်အလှန် ဆက်စပ်မှုရှိသော အိမ်ထောင်စုအရွယ်အစားအမျိုးမျိုးကို လေ့လာမှုတစ်ရပ်အရ စာရင်းကောက်ကွက်တွင် ကလေးများ ပါဝင်လုပ်ဆောင်သည့် အိမ်ထောင်စုအချို့ကိုလည်း တွေ့ရှိရပါသည်။ လစဉ်အသုံးစရိတ်အပေါ် အခြေခံ၍ ၎င်းတို့၏ လူနေမှုအဆင့်အတန်းကို သိရှိနိုင်ရန်နှင့် အိမ်ထောင်စုအရွယ်အစားအလိုက် ကလေးလုပ်သား ပျံ့နှံ့တည်ရှိမှုတို့ကို ဤအခန်းတွင် ဖော်ပြထားပါသည်။

ဇယား-၁၇။ အလုပ်လုပ်သောကလေးများရှိသည့် အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း

| အိမ်ထောင်စုအရွယ်အစား | အိမ်ထောင်စုရာခိုင်နှုန်း | |
|---|---|---|
| | အနည်းဆုံးကလေးတစ်ယောက်ရှိသောအိမ်ထောင်စု | အလုပ်လုပ်သည့်ကလေး |
| ပြည်ထောင်စု | ၅၉.၄ | ၉.၉ |
| ၁-၃ | ၂၅.၆ | ၂.၉ |
| ၄-၆ | ၇၆.၂ | ၁၁.၅ |
| ၇-၉ | ၈၈.၄ | ၂၀.၈ |
| ၁၀+ | ၉၂.၂ | ၂၇.၁ |

ဇယား ၁၇ တွင် ဖော်ပြထားချက်အရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး ၆၀% တွင် ကလေးအနည်းဆုံးတစ်ယောက်ရှိပြီး အဆိုပါအိမ်ထောင်စုများ၏ ခြောက်အိမ်တွင် အိမ်ထောင်စုတစ်စု၌ အနည်းဆုံး အလုပ်လုပ်သည့် ကလေးတစ်ဦးရှိသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စုအရွယ်အစား အငယ်ဆုံးအုပ်စု (၁-၃) ၏ လေးပုံတစ်ပုံတွင် အနည်းဆုံးကလေးတစ်ဦးရှိပြီး အဆိုပါ အိမ်ထောင်စုများ၏ ၃% ခန့်တွင်သာ အလုပ်လုပ်ကိုင်သည့်ကလေး အနည်းဆုံးတစ်ဦးရှိသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု အရွယ်အစား ကြီးမားလာသည်နှင့်အမျှ ကလေးအရေအတွက်နှင့် အလုပ်လုပ်သော ကလေးအရေအတွက်သည်လည်း တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ဤနေရာတွင် အရေးကြီးသည့်အချက်မှာ ဒုတိယအိမ်ထောင်စုအရွယ်အစားအုပ်စုဖြစ်သည့် (၄-၆) မှစ၍ တိုးတက်မှုနှုန်းသည် သုံးဆမက တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စုအရွယ်အစား အကြီးဆုံးအုပ်စုဖြစ်သော (၁၀+) အရွယ်အစားတွင် အနည်းဆုံး ကလေးတစ်ဦးရှိသည့် အိမ်ထောင်စု ၉၂% နှင့် အလုပ်လုပ်ကိုင်သည့် ကလေးအနည်းဆုံးတစ်ဦးရှိသည့်အိမ်ထောင်စု ၂၇% ရှိသည်ကို တွေ့ရှိရပါသည်။ အရွယ်အစားကြီးသော အိမ်ထောင်စုများတွင် ကလေးသူငယ်များစွာ တွေ့ရှိရပြီး ၎င်းတို့၏ ရေရှည်ရပ်တည်နိုင်ရေးအတွက် မိသားစုများသည် ကလေးအရေအတွက်များစွာကို အလုပ်လုပ်ရန် စေလွှတ်ကြသည်ကို တွေ့ရှိရပါသည်။ သိသိသာသာပင် ဤအစီရင်ခံစာအရ အားနည်းချက် အများဆုံးအုပ်စုမှာ (၁၀+) အရွယ်အစားရှိသော အိမ်ထောင်စုများဖြစ်ပြီး (၇-၉) အရွယ်အစားရှိ အိမ်ထောင်စုများမှ ဒုတိယအားနည်းချက်အများဆုံးအုပ်စုဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား-၁၈။ လစဉ်ပျမ်းမျှအသုံးစရိတ်အလိုက် ကလေးများ၏ အလုပ်လုပ်သော ကလေးပါဝင်မှုရာခိုင်နှုန်း

| လစဉ်ပျမ်းမျှ အသုံးစရိတ် (ငါးကိုန်းစု) | ကလေးများ၏ | |
|---|---|---|
| | p.c. share | အလုပ်လုပ်သောကလေးဦးရေ ပါဝင်မှုအချိုး |
| ပြည်ထောင်စု | ၁၀၀.၀ | ၁၀.၅ |
| ၀-၂၀ | ၂၄.၉ | ၁၂.၆ |
| ၂၀-၄၀ | ၂၁.၇ | ၁၁.၅ |
| ၄၀-၆၀ | ၂၀.၂ | ၁၀.၂ |
| ၆၀-၈၀ | ၁၈.၃ | ၉.၆ |
| ၈၀-၁၀၀ | ၁၄.၈ | ၇.၃ |

ဇယား ၁၈ တွင် တွေ့ရှိချက်အရ ဝင်ငွေအသုံးစရိတ် အဆင့်မြင့်မားသော အိမ်ထောင်စုများတွင် စီးပွားရေးထုတ်လုပ်မှု လုပ်ဆောင်ချက်များ၌ ကလေးသူငယ်များ ပါဝင်ဆောင်ရွက်မှုမှာ သိသိသာသာလျော့နည်းသည်ကို တွေ့ရှိရပါသည်။ ဝင်ငွေနည်းပါးပြီး အသုံးစရိတ်လည်းနည်းပါးသော အိမ်ထောင်စုများ၌ အိမ်ထောင်စုများ၏ ငွေကြေးမလုံလောက်မှု ကိုဖြည့်ဆည်းရန် ကလေးသူငယ်ရာခိုင်နှုန်းအများစုကို လုပ်ငန်းခွင်များသို့ စေလွှတ်လုပ်ကိုင်စေကြောင်း တွေ့ရှိရပါသည်။ အဆင်းရဲဆုံး အိမ်ထောင်စုများဖြစ်ကြသည့် ငါးကိုန်းစု လစဉ်အသုံးစရိတ်အဆင့် ၀-၂၀ အတွင်းရှိ အကာအကွယ်မဲ့ ဆင်းရဲနွမ်းပါးသော မိသားစုများသည် ၎င်းတို့၏ ကလေးသူငယ်များကို လုပ်ငန်းခွင်များသို့ စေလွှတ်လုပ်ကိုင်စေမှုနှုန်းမှာ မြင့်မားလာသည်ကို တွေ့ရှိရပါသည်။

ပုံ-၆။ ငါးကိုန်းစု လစဉ်ပျမ်းမျှအသုံးစရိတ် အဆင့်အလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း



## ၅.၅ ကျောင်းတက်ရောက်မှု

တက္ကသိုလ် ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ၏ ပညာရေးအဆင့် အောင်မြင်မှုကို သိရှိနိုင်ရန် ကျား၊ မ အလိုက်၊ အသက်၊ အုပ်စုအလိုက်၊ မြို့ပြ၊ ကျေးလက်အလိုက် ကျောင်းအပ်နှံမှုနှုန်းနှင့် ကျောင်းထွက်နှုန်းများကို လေ့လာရန်လိုအပ်ပါသည်။

ဤအပိုင်းသည် အဓိကနောက်ခံသွင်ပြင် လက္ခဏာများအရ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုအဆင့်ကို ယေဘုယျခြုံငုံ တင်ပြထားပါသည်။ ဇယား ၁၉ တွင် ကျား၊ မ ၊ အသက်အုပ်စု၊ မြို့ပြ၊ ကျေးလက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးများ၏ ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းနှင့် အရေအတွက်ကို ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏ လေးပုံသုံးပုံသည် ကျောင်းတက်ရောက်လျက် ရှိကြပြီး သိသာသော ကျား၊ မ ကွဲပြားမှု မရှိကြောင်း တွေ့ရှိရပါသည်။ အသက်အုပ်စုအလိုက် ကြည့်မည်ဆိုပါက အသက်အုပ်စု ၅ နှစ်မှ ၁၁ နှစ်အုပ်စု၏ ၉၀% နီးပါးသော ကလေးသူငယ်များသည် ကျောင်းတက်ရောက်လျက်ရှိပြီး ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ရာခိုင်နှုန်းအကြား လက်တွေ့အားဖြင့် ခြားနားမှုမရှိကြောင်း တွေ့ရှိရပါသည်။ ကျောင်းနေသော ကလေးများရာခိုင်နှုန်းသည် နောက်အသက်အုပ်စုဖြစ်သည့် အသက် ၁၂ နှစ် မှ ၁၄ နှစ်အုပ်စုတွင် ၈၀% အထိ သိသိသာသာ ကျဆင်းသွားသည်ကိုတွေ့ရှိရပါသည်။ ကျောင်းနေသော ကလေးများ ရာခိုင်နှုန်းသည် သက်ငယ်အုပ်စုမှ ဆယ်ကျော်သက် အသက်အုပ်စုဖြစ်သော ၁၅ နှစ်မှ ၁၇ နှစ်သို့ ရောက်သွားသောအခါ ၅၀% အထိကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ ကလေးသူငယ် ရာခိုင်နှုန်းအတော်များများသည် ကျောင်းဆက်လက်တက်ရောက်ခြင်းမရှိတော့ဘဲ အစောပိုင်း အသက်အရွယ်၌ပင် လုပ်သားဈေးကွက်သို့ ဝင်ရောက်သွားကြရသည်ကို တွေ့ရှိရပါသည်။

ကျောင်းတက်ရောက်မှုတွင် အမျိုးအစား ၃ မျိုးစလုံး၌ မိန်းကလေးများသည် ယောကျ်ားလေးများထက် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသများရှိ ကလေးများသည် ကျောင်းတက်ရောက်မှုအဆင့် ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုသည် မြို့ပြနှင့် ကျေးလက်နှစ်မျိုးလုံးတွင် မြင့်မား သည်ကို တွေ့ရှိရပါသည်။ ယောကျ်ားလေးနှင့် မိန်းကလေး၏ ကျောင်းတက်ရောက်မှုနှုန်း ကွာခြားမှုသည် သိသာမှုမရှိသော်လည်း နမူနာအရွယ်အစား လုံလောက်မှုရှိသည့်အတွက် စာရင်းအင်းသဘောအရ လက်ခံနိုင်ဖွယ်ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား-၁၉။ တိုင်းဒေသကြီး၊ ပြည်နယ် ၊ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကျောင်းတက်နေသော ကလေးများ၏ ရာခိုင်နှုန်း

| နယ်ပယ် | လက်ရှိကျောင်းတက်နေသော ကလေးရာခိုင်နှုန်း | | |
|---|---|---|---|
| | ကလေးများ | ယောကျ်ားလေး | မိန်းကလေး |
| ပြည်ထောင်စု | ၇၇.၈ | ၇၇.၂ | ၇၈.၃ |
| မြို့ပြ၊ ကျေးလက် | | | |
| မြို့ပြ | ၈၁.၂ | ၈၀.၂ | ၈၂.၂ |
| ကျေးလက် | ၇၆.၆ | ၇၆.၂ | ၇၇.၀ |
| အသက်အုပ်စု (နှစ်) | | | |
| ၅-၁၁ | ၈၈.၈ | ၈၈.၃ | ၈၉.၄ |
| ၁၂-၁၄ | ၇၉.၈ | ၇၉.၀ | ၈၀.၆ |
| ၁၅-၁၇ | ၄၇.၀ | ၄၅.၈ | ၄၈.၂ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | |
| ကချင် | ၈၄.၉ | ၈၁.၇ | ၈၈.၀ |
| ကယား | ၇၈.၇ | ၇၈.၃ | ၇၉.၀ |
| ကရင် | ၇၄.၈ | ၇၃.၀ | ၇၆.၄ |
| ချင်း | ၈၆.၁ | ၈၅.၃ | ၈၆.၈ |
| စစ်ကိုင်း | ၇၆.၆ | ၇၆.၅ | ၇၆.၇ |
| တနင်္သာရီ | ၇၉.၉ | ၇၆.၈ | ၈၂.၈ |
| ပဲခူး | ၇၈.၀ | ၇၈.၉ | ၇၇.၀ |
| မကွေး | ၈၀.၁ | ၇၈.၉ | ၈၁.၂ |
| မန္တလေး | ၇၇.၅ | ၇၇.၉ | ၇၇.၁ |
| မွန် | ၇၇.၀ | ၇၅.၉ | ၇၈.၂ |
| ရခိုင် | ၅၇.၆ | ၅၈.၆ | ၅၆.၇ |
| ရန်ကုန် | ၈၀.၁ | ၇၈.၃ | ၈၂.၀ |
| ရှမ်း | ၈၀.၈ | ၈၀.၁ | ၈၁.၅ |
| ဧရာဝတီ | ၇၆.၂ | ၇၆.၂ | ၇၆.၃ |
| နေပြည်တော် | ၈၄.၉ | ၈၆.၁ | ၈၃.၉ |

တိုင်းဒေသကြီး၊ ပြည်နယ် (၁၅) ခုအနက် (၁၄) ခုတွင် ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းသည် ၇၅% နှင့်အထက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ် (၁၁) ခုတွင် မိန်းကလေးများ၏ ရာခိုင်နှုန်းသည် ယောကျ်ားလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ စာရင်းဇယားများအရ ရခိုင်ပြည်နယ်၏ ရာခိုင်နှုန်းမှာ ပြည်ထောင်စုအဆင့် ပျမ်းမျှတန်ဖိုး၏အောက်တွင် ရောက်ရှိနေပြီး တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ပြည်ထောင်စုအဆင့်တွင် အခြေခံပညာရေးအဆင့် ကျောင်းတက်ရောက်မှုနှုန်းသည် ကောင်းမွန်သည်ကို တွေ့ရှိရပြီး ပိုမိုတိုးတက်မှုရရှိစေရန်အတွက် နည်းဗျူဟာအရ ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း တွေ့ရှိရပါသည်။

## ၅.၆ အိမ်မှုကိစ္စများတွင် ကလေးများပါဝင်ဆောင်ရွက်မှု

ဤအပိုင်းတွင် အိမ်မှုကိစ္စများ၌ ကလေးများပါဝင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များကို ဖော်ပြထားပါသည်။ အိမ်တွင်းအလုပ်များ၌ ကလေးများပါဝင်ဆောင်ရွက်မှုသည် ကလေးများ၏ ကျောင်းနေခြင်းနှင့် တိုးတက်မှုများကို အပြုသဘော မဆောင်သည့် အကျိုးသက်ရောက်မှုများ မကောင်းမွန်သော သက်ရောက်မှုများ ရှိနိုင်ပြီး ရေးရိုးစွဲနေသော လုပ်ရိုးလုပ်စဉ်တစ်ရပ် အနေဖြင့်လည်း ဖြစ်သွားစေနိုင်ပါသည်။

စစ်တမ်းမှရရှိလာသော အချက်အလက်များအရ အိမ်မှုကိစ္စများ၌ ကလေးများပါဝင်ဆောင်ရွက်မှုများကို အသေးစိတ်ဖော်ပြထားပါသည်။ သို့ရာတွင် အိမ်မှုကိစ္စဆောင်ရွက်မှုအတွက် ကောက်ယူခဲ့သော အချက်အလက်များသည် အိမ်မှုကိစ္စများ၏ အန္တရာယ်ရှိသော သဘောသဘာဝ ရှိ၊ မရှိကိုမူ ဖော်ပြနိုင်ခြင်းမရှိပါ။ ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်သောကလေးများ၏ ရာခိုင်နှုန်းကို ဇယား ၂၀ တွင် ဖော်ပြထားပါသည်။

ဤစစ်တမ်းတွင် ကလေးများပါဝင်ဆောင်ရွက်သော အိမ်မှုကိစ္စများနှင့် စပ်လျဉ်း၍ ဈေးဝယ်၊ ချက်ပြုတ်၊ သန့်ရှင်း၊ လျှော်ဖွပ်ခြင်း စသည်တို့နှင့် ဆက်စပ်၍ မေးမြန်းထားပါသည်။ ယောကျ်ားလေးများသည် အဓိကအားဖြင့် ဈေးဝယ်၊ လျှော်ဖွပ်၊ သန့်ရှင်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးရပြီး မိန်းကလေးများသည် ယင်းအလုပ်များအပြင် ချက်ပြုတ်ခြင်းကိုပါ ဆောင်ရွက်ရကြောင်း တွေ့ရှိရပါသည်။ မျှော်မှန်းထားသည့်အတိုင်း အိမ်မှုကိစ္စများတွင် မိန်းကလေးများ၏ ပါဝင်လုပ်ကိုင်မှုသည် ရာခိုင်နှုန်းအားဖြင့် ယောကျ်ားလေးများထက် များစွာ ပိုမိုကြောင်း တွေ့ရှိရပါသည်။

ဇယားမှ အရေးကြီးသောတွေ့ရှိချက်မှာ အလုပ်လုပ်သောကလေးများ၏ ရာခိုင်နှုန်း အများစုသည် အလုပ်မလုပ်သောကလေးများ၏ ရာခိုင်နှုန်းထက်ပို၍ အိမ်မှုကိစ္စများ၌ ပါဝင်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။ ဖြစ်နိုင်သည်မှာ ၎င်းတို့သည် ဆင်းရဲသောမိသားစုများ ဖြစ်ကြသည့်အတွက် နေအိမ်ပြင်ပတွင် အချိန်များကို ခက်ခဲပင်ပန်းစွာ ကုန်ဆုံးခဲ့ကြရပါသည်။ အိမ်မှုကိစ္စလုပ်ကိုင်ရသော အမျိုးအစားအလိုက် ယောကျ်ားလေးနှင့် မိန်းကလေးများ အဓိက လုပ်ကိုင်ရသော အိမ်မှုကိစ္စလေးခုတွင် ကြီးမားသော ကွာခြားချက်ရှိသည်ကို တွေ့ရှိရပါသည်။

ဇယား-၂၀။ ကျား၊ မ အလိုက် အိမ်မှုကိစ္စ ဆောင်ရွက်ရသည့် အလုပ်လုပ်သောကလေးနှင့် အလုပ်မလုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အိမ်မှုကိစ္စများကို လုပ်ကိုင်သော ကလေးရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချက်ပြုတ်ခြင်း | အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း | အသုံးအဆောင်ပရိဘောဂ များ/အိမ်ရှင်းလင်းခြင်း | အဝတ်အစားများ လျှော်ဖွတ်ခြင်း | အိမ်ထောင်စုတွင် အသေးအဖွဲ့ပြင်ဆင်မှုများ | ကလေးများကို စောင့်ရှောက်ပြုစုခြင်း | သက်ကြီးရွယ်အိုများ၊ မကျန်းမာ သူများကို စောင့်ရှောက်ပြုစုခြင်း | အခြား အိမ်မှုကိစ္စ အလုပ်များ ဆောင်ရွက်ခြင်း |
| **ကလေးအားလုံး** | | | | | | | | |
| ပြည်ထောင်စု | ၁၄.၂ | ၂၃.၆ | ၁၉.၁ | ၁၇.၉ | ၉.၉ | ၁၁.၃ | ၆.၆ | ၁၃.၅ |
| ယောကျ်ားလေး | ၇.၇ | ၁၉.၃ | ၁၃.၈ | ၁၁.၉ | ၈.၁ | ၈.၈ | ၅.၂ | ၁၀.၇ |
| မိန်းကလေး | ၂၀.၆ | ၂၇.၉ | ၂၄.၃ | ၂၃.၈ | ၁၁.၇ | ၁၃.၇ | ၈.၁ | ၁၆.၂ |
| **အလုပ်လုပ်သောကလေး** | | | | | | | | |
| ပြည်ထောင်စု | ၃၂.၈ | ၃၅.၉ | ၃၃.၃ | ၃၇.၈ | ၂၂.၁ | ၁၉.၁ | ၁၅.၁ | ၂၅.၉ |
| ယောကျ်ားလေး | ၁၇.၃ | ၂၆.၁ | ၂၂.၀ | ၂၅.၁ | ၁၈.၅ | ၁၄.၆ | ၁၁.၅ | ၂၀.၀ |
| မိန်းကလေး | ၅၀.၃ | ၄၆.၉ | ၄၅.၉ | ၅၂.၁ | ၂၆.၁ | ၂၄.၀ | ၁၉.၀ | ၃၂.၆ |
| **အလုပ်လုပ်မသော ကလေး** | | | | | | | | |
| ပြည်ထောင်စု | ၁၂.၀ | ၂၂.၂ | ၁၇.၄ | ၁၅.၆ | ၈.၅ | ၁၀.၄ | ၅.၇ | ၁၂.၁ |
| ယောကျ်ားလေး | ၆.၅ | ၁၈.၄ | ၁၂.၈ | ၁၀.၃ | ၆.၈ | ၈.၁ | ၄.၄ | ၉.၆ |
| မိန်းကလေး | ၁၇.၃ | ၂၅.၈ | ၂၂.၀ | ၂၀.၇ | ၁၀.၁ | ၁၂.၆ | ၆.၉ | ၁၄.၅ |

ပုံ-၇။ အလုပ်လုပ်သောနှင့် အလုပ်မလုပ်သော ကလေးများကို ယောကျ်ားလေး၊
မိန်းကလေးအလိုက် အိမ်မှုကိစ္စဆောင်ရွက်မှု ပါဝင်မှုရာခိုင်နှုန်း




မြို့ပြ၊ ကျေးလက်အလိုက် အိမ်မှုကိစ္စများဆောင်ရွက်ရသော အလုပ်လုပ်သော ကလေးများနှင့် အလုပ်မလုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းများကို ဇယား ၂၁ တွင် ဖော်ပြထားပါသည်။ ဤဇယားတွင် အလုပ်လုပ်သောကလေးများနှင့် အလုပ်မလုပ်သောကလေး နှစ်မျိုးစလုံးတွင် ကျေးလက်နေကလေးများသည် မြို့ပြနေကလေးများထက် အိမ်မှုကိစ္စများ၌ ပိုမိုလုပ်ဆောင်ရကြောင်း တွေ့ရှိရပါသည်။ ကလေးများပါဝင်ဆောင်ရွက်သော အဓိက အိမ်မှုကိစ္စလေးခုမှာ ဈေးဝယ်၊ ချက်ပြုတ်၊ သန့်ရှင်း၊ လျှော်ဖွပ်ခြင်းတို့ ဖြစ်ကြပါသည်။ ရာခိုင်နှုန်းအလိုက် ကျေးလက်နေ အလုပ်လုပ်သောကလေးများသည် မြို့ပြနေကလေးများထက် ချက်ပြုတ်၊ ဈေးဝယ်၊ လျှော်ဖွပ်ခြင်းနှင့် အခြားသောအလုပ်များအားလုံးကို ပိုမိုလုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ သန့်ရှင်းခြင်း၊ အသေးစားပြင်ဆင်ခြင်းနှင့် လူမမာနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ခြင်းအလုပ်များတွင် မြို့ပြ၊ ကျေးလက်နှစ်ရပ်လုံးရှိ အလုပ်လုပ်သော ကလေးများသည် အတူတူနီးပါးလုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ မြို့ပြ၊ ကျေးလက် မခွဲခြားဘဲ တစ်ပြေးညီ လေ့လာမည်ဆိုပါက အိမ်မှုကိစ္စများ၌ ကလေးများပါဝင်ဆောင်ရွက်မှုသည် အလုပ်လုပ်သော ကလေးများသည် အလုပ်မလုပ်သော ကလေးများထက် ပိုမိုပါဝင်လုပ်ကိုင်ရသည်ကို တွေ့ရှိရပါသည်။

ဇယား-၂၁။ ဒေသအလိုက်အလုပ်လုပ်နေသော ကလေး၊ အလုပ်မလုပ်သော ကလေးများ၏ အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု ရာခိုင်နှုန်း

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အိမ်မှုကိစ္စလုပ်ကိုင်နေသော ကလေးများရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချက်ပြုတ်ခြင်း | အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း | အသုံးအဆောင်ပရိဘောဂ များ/အိမ်ရှင်းလင်းခြင်း | အဝတ်အစားများလျှော်ဖွပ်ခြင်း | အိမ်ထောင်စုတွင် အသေးအဖွဲပြင်ဆင်မှုများ | ကလေးများကို စောင့်ရှောက်ပြုစုခြင်း | သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများကို စောင့်ရှောက်ပြုစုခြင်း | အခြား အိမ်မှုကိစ္စ အလုပ်များ ဆောင်ရွက်ခြင်း |
| **ကလေးအားလုံး** | | | | | | | | |
| **ပြည်ထောင်စု** | **၁၄.၂** | **၂၃.၆** | **၁၉.၁** | **၁၇.၉** | **၉.၉** | **၁၁.၃** | **၆.၆** | **၁၃.၅** |
| မြို့ပြ | ၁၁.၂ | ၂၂.၄ | ၁၇.၁ | ၁၅.၇ | ၈.၅ | ၈.၈ | ၅.၇ | ၁၁.၃ |
| ကျေးလက် | ၁၅.၃ | ၂၄.၁ | ၁၉.၈ | ၁၈.၇ | ၁၀.၄ | ၁၂.၂ | ၇.၀ | ၁၄.၃ |
| **အလုပ်လုပ်နေသောကလေး** | | | | | | | | |
| **ပြည်ထောင်စု** | **၃၂.၈** | **၃၅.၉** | **၃၃.၃** | **၃၇.၈** | **၂၂.၁** | **၁၉.၁** | **၁၅.၁** | **၂၅.၉** |
| မြို့ပြ | ၂၅.၂ | ၃၀.၂ | ၃၂.၃ | ၃၁.၀ | ၂၃.၆ | ၁၆.၆ | ၁၇.၂ | ၂၅.၄ |
| ကျေးလက် | ၃၄.၇ | ၃၇.၃ | ၃၃.၅ | ၃၉.၅ | ၂၁.၇ | ၁၉.၇ | ၁၄.၅ | ၂၆.၁ |
| **အလုပ်မလုပ်သောကလေး** | | | | | | | | |
| **ပြည်ထောင်စု** | **၁၂.၀** | **၂၂.၂** | **၁၇.၄** | **၁၅.၆** | **၈.၅** | **၁၀.၄** | **၅.၇** | **၁၂.၁** |
| မြို့ပြ | ၉.၉ | ၂၁.၇ | ၁၅.၈ | ၁၄.၄ | ၇.၁ | ၈.၁ | ၄.၇ | ၁၀.၀ |
| ကျေးလက် | ၁၂.၈ | ၂၂.၄ | ၁၈.၀ | ၁၆.၀ | ၉.၀ | ၁၁.၂ | ၆.၀ | ၁၂.၈ |

အသက်အုပ်စုအလိုက် အိမ်မှုကိစ္စဆောင်ရွက်သော အလုပ်လုပ်သော ကလေးများနှင့် အလုပ်မလုပ်သော ကလေးများ၏ ရာခိုင်နှုန်းကို ဇယား ၂၂ တွင် ဖော်ပြထားပါသည်။ အဓိက အိမ်မှုကိစ္စ အလုပ် ၄ ခု၌ အလုပ်လုပ်သောကလေးများနှင့် အလုပ်မလုပ်သော ကလေးများ ပါဝင်ဆောင်ရွက်မှု ရာခိုင်နှုန်းမှာ ဈေးဝယ်ခြင်း (၂၃.၆%)၊ သန့်ရှင်းခြင်း (၁၉.၁%)၊ လျှော်ဖွပ်ခြင်း (၁၇.၉%) နှင့် ချက်ပြုတ်ခြင်း (၁၄.၂%) တို့ဖြစ်ကြပါသည်။ အသက် ၁၅ နှစ် မှ ၁၇ နှစ် အသက်အုပ်စုအတွင်းရှိ ကလေးများ၏ ၃၀% ကျော်သည် ၁၂ နှစ် မှ ၁၄ နှစ် အသက်အုပ်စုအတွင်းရှိ ကလေးများ၏ ၂၀% မှ ၃၄% ထက် အထက်ပါအလုပ်များတွင် ပိုမိုလုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ အဆိုပါ ရာခိုင်နှုန်းသည် အသက် ၅ နှစ်မှ ၁၁ နှစ် အသက်အုပ်စုအတွင်းရှိ ကလေးများတွင် အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။

အလုပ်လုပ်သော ကလေးများပါဝင်ဆောင်ရွက်မှုသည် ၁၅ နှစ် မှ ၁၇ နှစ် အသက်အုပ်စုတွင် ၃၂ မှ ၃၈%၊ ၁၂ နှစ်မှ ၁၄ နှစ်အသက်အုပ်စုတွင် ၃၀ မှ ၃၈%၊ ၅ နှစ် မှ ၁၁ နှစ် အသက်

အုပ်စုတွင် ၁၉ မှ ၃၀% ရှိပါသည်။ ရာခိုင်နှုန်းအားဖြင့် အများဆုံးပါဝင် ဆောင်ရွက်သည့် အလုပ်မှာ အဝတ်လျှော်ဖွပ်ခြင်းဖြစ်ပြီး ၎င်းနောက်တွင် အိမ်ထောင်စုများအတွက် ဈေးဝယ်ခြင်း အလုပ်ဖြစ်ပါသည်။ အလုပ်မလုပ်သော ကလေးများတွင် ဈေးဝယ်ခြင်း၊ သန့်ရှင်းခြင်း၊ လျှော်ဖွပ်ခြင်းနှင့် ချက်ပြုတ်ခြင်းတို့ကို အများဆုံးလုပ်ဆောင်ကြကြောင်း တွေ့ရှိရပါသည်။

ဇယား-၂၂။ အသက်အုပ်စုအလိုက် အိမ်မှုကိစ္စဆောင်ရွက်ရသည့် အလုပ်လုပ်နေသောကလေးများနှင့် အလုပ်မလုပ်သော ကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ကလေးများရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ချက်ပြုတ်ခြင်း | အိမ်ထောင်စုအတွက် ဈေးဝယ်ထွက်ခြင်း | အသုံးအဆောင်ပစ္စည်း များ/အိမ်ရှင်းလင်းခြင်း | အဝတ်အစားများ ချုပ် လျှော်ဖွပ်ခြင်း | အိမ်ထောင်စုတွင် အသေးအဖွဲပြင်ဆင်မှုများ | ကလေးများကို စောင့်ရှောက်ပြုစုခြင်း | သက်ကြီးရွယ်အိုများ၊ မကျန်းမာ သူများကို စောင့်ရှောက်ပြုစုခြင်း | အခြား အိမ်မှုကိစ္စ အလုပ်များ ဆောင်ရွက်ခြင်း |
| **ကလေးများအားလုံး** | | | | | | | | |
| ပြည်ထောင်စု | ၁၄.၂ | ၂၃.၆ | ၁၉.၁ | ၁၇.၉ | ၉.၉ | ၁၁.၃ | ၆.၆ | ၁၃.၅ |
| ၅-၁၁ | ၃.၇ | ၁၄.၂ | ၉.၃ | ၅.၄ | ၄.၀ | ၇.၂ | ၂.၉ | ၆.၆ |
| ၁၂-၁၄ | ၂၀.၅ | ၃၃.၅ | ၂၈.၅ | ၂၈.၁ | ၁၄.၁ | ၁၅.၇ | ၈.၉ | ၁၈.၆ |
| ၁၅-၁၇ | ၃၂.၈ | ၃၆.၇ | ၃၃.၇ | ၃၈.၆ | ၂၀.၂ | ၁၆.၉ | ၁၃.၇ | ၂၅.၃ |
| **အလုပ်လုပ်နေသော ကလေး** | | | | | | | | |
| ပြည်ထောင်စု | ၃၂.၈ | ၃၅.၉ | ၃၃.၃ | ၃၇.၈ | ၂၂.၁ | ၁၉.၁ | ၁၅.၁ | ၂၅.၉ |
| ၅-၁၁ | ၂၃.၀ | ၃၀.၀ | ၂၃.၆ | ၁၉.၄ | ၇.၂ | ၁၅.၀ | ၅.၂ | ၁၈.၄ |
| ၁၂-၁၄ | ၃၀.၀ | ၃၆.၇ | ၃၂.၂ | ၃၇.၇ | ၂၁.၅ | ၁၈.၁ | ၁၁.၁ | ၂၃.၂ |
| ၁၅-၁၇ | ၃၃.၉ | ၃၅.၈ | ၃၃.၈ | ၃၈.၃ | ၂၂.၆ | ၁၉.၄ | ၁၆.၅ | ၂၆.၉ |
| **အလုပ်မလုပ်သော ကလေး** | | | | | | | | |
| ပြည်ထောင်စု | ၁၂.၀ | ၂၂.၂ | ၁၇.၄ | ၁၅.၆ | ၈.၅ | ၁၀.၄ | ၅.၇ | ၁၂.၁ |
| ၅-၁၁ | ၃.၇ | ၁၄.၁ | ၉.၂ | ၅.၃ | ၄.၀ | ၇.၁ | ၂.၉ | ၆.၆ |
| ၁၂-၁၄ | ၂၀.၆ | ၃၃.၁ | ၂၈.၁ | ၂၇.၀ | ၁၃.၃ | ၁၅.၄ | ၈.၇ | ၁၈.၂ |
| ၁၅-၁၇ | ၃၂.၁ | ၃၇.၂ | ၃၃.၆ | ၃၈.၈ | ၁၈.၇ | ၁၅.၄ | ၁၂.၀ | ၂၄.၄ |

ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် အိမ်မှုကိစ္စလုပ်ဆောင်သည့် တစ်ပတ် ပျမ်းမျှအလုပ်ချိန်ကို ဇယား ၂၃ တွင် ဖော်ပြထားပါသည်။ အချက်အလက်များအရ ကလေးသူငယ်အားလုံး၏ လေးပုံသုံးပုံနီးပါးသည် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီ အိမ်မှုကိစ္စများ၌ လုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။ ဤရာခိုင်နှုန်းသည် မိန်းကလေးများက

ယောက်ျားလေးများထက် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ မြို့ပြရှိကလေးများ၏ ကျား၊ မ နှစ်မျိုးလုံး၏ ပါဝင်မှုရာခိုင်နှုန်းသည် ကျေးလက်ထက် ပိုမိုများပြားပြီး မြို့ပြ၊ ကျေးလက် မခွဲခြားဘဲ လေ့လာကြည့်ပါက ယောက်ျားလေးထက် မိန်းကလေးအရေအတွက်များ ပိုမိုပါဝင်နေသည်ကို တွေ့ရှိရပါသည်။

အသက်အုပ်စုအလိုက် ၅ နှစ်မှ ၁၁ နှစ် အသက်အုပ်စုအတွင်းရှိ မိန်းကလေးအားလုံးနီးပါး (၉၅%) သည် ရက်သတ္တပတ်တွင် အနည်းဆုံး တစ်နာရီ အိမ်မှုကိစ္စလုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။ ယောက်ျားလေးများတွင် ၃၀% သာ တွေ့ရှိရပါသည်။ အသက်အုပ်စု သုံးခုလုံး၌ အိမ်မှုကိစ္စများတွင် လုပ်ကိုင်ကြရသော မိန်းကလေးများ ရာခိုင်နှုန်းသည် ယောက်ျားလေးများထက် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် မြို့ပြ၊ ကျေးလက် နှစ်ခုလုံးရှိ အသက်အုပ်စုအားလုံးတွင် အိမ်မှုကိစ္စများ၌ မိန်းကလေးများ၏ တစ်ပတ်ပျမ်းမျှ အိမ်မှုကိစ္စလုပ်ချိန်သည် ယောက်ျားလေးများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသများတွင် အိမ်မှုကိစ္စ အနည်းဆုံးတစ်နာရီခန့်လုပ်သော မိန်းကလေးများ၏ ရာခိုင်နှုန်းသည် ယောက်ျားလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ သို့သော် ပျမ်းမျှအားဖြင့် မိန်းကလေးများ၏ အိမ်မှုကိစ္စအတွက် အချိန်ကုန်ဆုံးမှုသည် ယောက်ျားလေးများထက် နည်းသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသများတွင်မူ မိန်းကလေးများ၏ အိမ်မှုကိစ္စအတွက် အချိန်ကုန်ဆုံးမှုသည် ယောက်ျားလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား-၂၃။ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်နှင့် အသက်အုပ်စုအလိုက် လွန်ခဲ့သော ၇ ရက်အတွင်း အနည်းဆုံး တစ်နာရီခန့် အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကလေးများ၏ ပျမ်းမျှအလုပ်လုပ်ချိန်နှင့် ပါဝင်မှုရာခိုင်နှုန်း

| နယ်ပယ် | လွန်ခဲ့သော ၇ ရက်အတွင်း အနည်းဆုံး တစ်နာရီခန့် အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကလေးများ ရာခိုင်နှုန်း | | | အိမ်မှုကိစ္စများတွင် ကုန်ဆုံးသည့် ပျမ်းမျှတစ်ပတ်အလုပ်ချိန် | | |
|---|---|---|---|---|---|---|
| | ကလေး စုစုပေါင်း | ယောက်ျား လေး | မိန်းကလေး | ကလေး စုစုပေါင်း | ယောက်ျား လေး | မိန်းကလေး |
| ပြည်ထောင်စု | ၇၈.၆ | ၇၃.၀ | ၈၄.၉ | ၄.၆ | ၄.၀ | ၅.၃ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၈၇.၁ | ၈၂.၄ | ၉၃.၁ | ၄.၃ | ၅.၀ | ၃.၆ |
| ကျေးလက် | ၇၆.၅ | ၇၀.၆ | ၈၃.၁ | ၄.၆ | ၃.၇ | ၅.၇ |
| အသက်အုပ်စု (နှစ်) | | | | | | |
| ၅-၁၁ | ၇၀.၇ | ၃၀.၂ | ၉၅.၄ | ၂.၃ | ၁.၇ | ၂.၈ |
| ၁၂-၁၄ | ၇၉.၀ | ၇၄.၅ | ၈၃.၈ | ၄.၂ | ၃.၈ | ၄.၆ |
| ၁၅-၁၇ | ၇၈.၆ | ၇၃.၂ | ၈၄.၉ | ၄.၈ | ၄.၀ | ၅.၆ |

## ၅.၇ လုပ်ဆောင်ချက်များအရ ခွဲခြားထားသော ကလေးသူငယ်အုပ်စုများ

ဤအပိုင်းတွင် ကလေးများ၏ ကျောင်းတက်ရောက်မှုနှင့် စီးပွားရေးလုပ်ဆောင်မှုတွင် ပါဝင်မှုအခြေအနေအရ ကလေးများကို အုပ်စုလေးစုခွဲ၍ အရေအတွက်နှင့် ပျံ့နှံ့မှုရာခိုင်နှုန်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ထိုသို့ဖော်ပြရာတွင် စီးပွားရေးလုပ်ဆောင်မှုတွင်သာ လုပ်ဆောင်နေသော ကလေး၊ ကျောင်းသာတက်ရောက်နေသောကလေး၊ ကျောင်းတက်ရောက်ပြီး အလုပ်လုပ်နေသောကလေးနှင့် ကျောင်းမတက် အလုပ်မလုပ်သောကလေးဟူ၍ ဖြစ်ပါသည်။ ကလေးလူဦးရေကို ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်ခွဲခြားဖော်ပြထားပါသည်။

အသက်အုပ်စု ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိ ကလေးသူငယ် ၉၀% သည် ကျောင်းကိုသာ တက်ရောက်နေသော ကလေးအုပ်စုတွင် အကျုံးဝင်ပါသည်။ အသက်အုပ်စုတစ်ဆင့် တက်သွားသည်နှင့်အမျှ ရာခိုင်နှုန်းသည် လျော့နည်းကျဆင်းသွားပါသည်။ အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အသက်အုပ်စုတွင် ကျောင်းကိုသာ တက်ရောက်နေသူ ၇၉.၇%၊ ကျောင်းမတက် အလုပ်လုပ်နေသူ ၉.၄%၊ ကျောင်းတက်ရောက်ပြီး အလုပ်လုပ်နေသူ ၀.၃% နှင့် ကျောင်းမတက် အလုပ်မလုပ်သူ ၁၀.၆% ရှိကြောင်း တွေ့ရှိရပါသည်။ အသက်အုပ်စု ၁၅ နှစ်မှ ၁၇ နှစ်ထိ ကလေးသူငယ် ၄၇% ခန့်သည် ကျောင်းကိုသာတက်ရောက်နေသောအုပ်စုတွင် ပါဝင်၍ အလုပ်လုပ်နေသောကလေးနှင့် ကျောင်းမတက် အလုပ်မလုပ်သောကလေး အုပ်စုနှစ်ခုပေါင်းသည် ၅၀% ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ဤအဆင့်သို့ရောက်လျှင် ကလေးများ၏ ၃၀% မှာ ကျောင်းထွက်သွားကြပြီး ထိုသို့ကျောင်းထွက်ခြင်းမှာ မိန်းကလေးများထက် ယောကျာ်းလေးများတွင် ပိုမိုဖြစ်ပေါ်လေ့ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား-၂၄။ အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် လုပ်ဆောင်မှုအခြေအနေအရ ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ကျား၊ မ | ကလေးရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|---|
| | | ကျောင်းတက် အလုပ်မလုပ် | ကျောင်းမတက် အလုပ်လုပ် | ကျောင်းတက် အလုပ်လုပ် | ကျောင်းမတက် အလုပ်မလုပ် | စုစုပေါင်း |
| ပြည်ထောင်စု | **ကလေးစုစုပေါင်း** | ၇၇.၈ | ၁၀.၃ | ၀.၃ | ၁၁.၈ | ၁၀၀.၀ |
| | ယောကျာ်းလေး | ၇၇.၂ | ၁၁.၀ | ၀.၃ | ၁၁.၆ | ၁၀၀.၀ |
| | မိန်းကလေး | ၇၈.၃ | ၉.၅ | ၀.၂ | ၁၁.၉ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | **ကလေးစုစုပေါင်း** | ၈၁.၂ | ၇.၇ | ၀.၃ | ၁၀.၈ | ၁၀၀.၀ |
| | ယောကျာ်းလေး | ၈၀.၂ | ၈.၇ | ၀.၂ | ၁၀.၉ | ၁၀၀.၀ |
| | မိန်းကလေး | ၈၂.၂ | ၆.၆ | ၀.၄ | ၁၀.၈ | ၁၀၀.၀ |

| နယ်ပယ် | ကျား၊ မ | ကလေးရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|---|
| | | ကျောင်းတက် အလုပ်မလုပ် | ကျောင်းမတက် အလုပ်လုပ် | ကျောင်းတက် အလုပ်လုပ် | ကျောင်းမတက် အလုပ်မလုပ် | စုစုပေါင်း |
| ကျေးလက် | **ကလေးစုစုပေါင်း** | **၇၆.၆** | **၁၁.၁** | **၀.၂** | **၁၂.၁** | **၁၀၀.၀** |
| | ယောကျ်ားလေး | ၇၆.၁ | ၁၁.၇ | ၀.၃ | ၁၁.၈ | ၁၀၀.၀ |
| | မိန်းကလေး | ၇၇.၀ | ၁၀.၆ | ၀.၁ | ၁၂.၃ | ၁၀၀.၀ |
| **အသက်အုပ်စု (နှစ်)** | | | | | | |
| ၅-၁၁ | **ကလေးစုစုပေါင်း** | **၈၉.၀** | **၀.၂** | **၀.၁** | **၁၀.၉** | **၁၀၀.၀** |
| | ယောကျ်ားလေး | ၈၈.၅ | ၀.၂ | ၀.၁ | ၁၁.၃ | ၁၀၀.၀ |
| | မိန်းကလေး | ၈၉.၅ | ၀.၃ | ၀.၁ | ၁၀.၃ | ၁၀၀.၀ |
| ၁၂-၁၄ | **ကလေးစုစုပေါင်း** | **၇၉.၇** | **၉.၄** | **၀.၃** | **၁၀.၆** | **၁၀၀.၀** |
| | ယောကျ်ားလေး | ၇၈.၉ | ၉.၉ | ၀.၃ | ၁၁.၀ | ၁၀၀.၀ |
| | မိန်းကလေး | ၈၀.၆ | ၉.၁ | ၀.၂ | ၁၀.၁ | ၁၀၀.၀ |
| ၁၅-၁၇ | **ကလေးစုစုပေါင်း** | **၄၆.၅** | **၃၇.၀** | **၀.၇** | **၁၅.၈** | **၁၀၀.၀** |
| | ယောကျ်ားလေး | ၄၅.၁ | ၄၁.၀ | ၀.၈ | ၁၃.၁ | ၁၀၀.၀ |
| | မိန်းကလေး | ၄၇.၉ | ၃၃.၁ | ၀.၆ | ၁၈.၄ | ၁၀၀.၀ |

ကလေးငယ်များကို ၎င်းတို့အနေဖြင့် စီးပွားရေးလုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်မှု၊ အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်မှုနှင့် ကျောင်းပညာသင်ကြားမှုအခြေအနေတို့ကို ပေါင်းစပ်၍ အမျိုးအစား ၈ မျိုးခွဲခြားကာလေ့လာမှုကို ဤအပိုင်း၏နောက်တွင် ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

ဇယား ၂၄ တွင် ဖော်ပြထားချက်များအရ ကလေးသူငယ်ရာခိုင်နှုန်းများစွာတို့မှာ ကျောင်းနေပြီးအလုပ်မလုပ်သူများ (၇၈%) ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဤနေရာမှစ၍ ယင်းအမျိုးအစားကို ASNW ဟု ဖော်ပြသွားမည်ဖြစ်ပါသည်။ ဤအမျိုးအစားတွင် မိန်းကလေးရာခိုင်နှုန်းသည် ယောကျ်ားလေးများထက် အနည်းငယ်မြင့်မားကြောင်း တွေ့ရှိရပါသည်။ အခြားသော အမျိုးအစားနှစ်မျိုးဖြစ်သည့် "ကျောင်းမတက် အလုပ်လုပ်နေသည့်ကလေး" (NASW) နှင့် "ကျောင်းမတက် အလုပ်မလုပ်သောကလေး" (NASNW) အုပ်စုနှစ်ခုပေါင်းသည် ၂၂% ရှိပြီး ကျောင်းမနေသောကလေးရာခိုင်နှုန်းအဖြစ် သတ်မှတ်ပါသည်။

ကျောင်းနေခြင်းနှင့် အလုပ်လုပ်ခြင်း နှစ်မျိုးလုံးပြုလုပ်သော ကလေးရာခိုင်နှုန်းသည် ၀.၃% သာရှိပါသည်။ ဤအနည်းငယ်သောရာခိုင်နှုန်းသည် အဆိုပါလုပ်ရှားမှုနှစ်မျိုးလုံးကို ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသများတွင် ယောကျ်ားလေးနှင့် မိန်းကလေးနှစ်မျိုးလုံးတွင် ASNW ရာခိုင်နှုန်းသည် မြင့်မားသည်ကို တွေ့ရှိရပြီး အကျိုးဆက်အနေဖြင့် NASW နှင့် NASNW ရာခိုင်နှုန်း ပိုမိုနိမ့်ကျနေသည်ကို

တွေ့ရှိရပါသည်။ အလုပ်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ကျောင်း မတက်သောကလေးများသည် မြို့ပြဒေသများထက် ကျေးလက်ဒေသများတွင် သိသိသာသာ ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသများတွင် ကျောင်းမတက်ရောက်မှု ရာခိုင်နှုန်းကို မိန်းကလေးများထက် ယောကျ်ားလေးများတွင် ပိုမိုတွေ့ရှိရပါသည်။ ကျေးလက်ဒေသတွင်မူ ဤရာခိုင်နှုန်းသည် အနည်းနှင့်အများ တူညီသည်ကို တွေ့ရှိရပါသည်။

### ပုံ-၈။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံရှိ အသက် ၅ နှစ်မှ ၁၇ နှစ် ကလေးဦးရေ ပျံ့နှံ့မှု




*မှတ်ချက်။ အချို့သော ဖြေကြားမှုမရှိသည့် တန်ဖိုးများကြောင့် အခွဲများမှ ကလေးအရေအတွက်ကို ပေါင်းပါက စုစုပေါင်း ကလေး တန်ဖိုးနှင့် ညီမျှမည်မဟုတ်ပါ။*

### ဇယား-၂၅။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးများ၏ လုပ်ဆောင်မှု အုပ်စုများတွင် ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | လုပ်ဆောင်မှုအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း | | | | ခန့်မှန်းကလေး အရေအတွက် |
|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | ၅-၁၇ | |
| ကလေးအားလုံး | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၂,၁၄၆,၄၆၃ |
| အလုပ်လုပ်၊ ကျောင်းတက်၊ အိမ်မှုကိစ္စလုပ် | ၀.၁ | ၀.၁ | ၀.၅ | ၀.၂ | ၁၉,၂၄၆ |
| အလုပ်လုပ်၊ ကျောင်းတက် | ၀.၀ | ၀.၁ | ၀.၂ | ၀.၁ | ၁၁,၁၁၃ |
| အလုပ်လုပ်၊ အိမ်မှုကိစ္စလုပ် | ၀.၂ | ၇.၇ | ၂၉.၃ | ၈.၂ | ၉၉၁,၃၃၉ |
| အလုပ်လုပ်ခြင်းသာ | ၀.၁ | ၁.၉ | ၇.၇ | ၂.၁ | ၂၅၇,၂၁၀ |
| ကျောင်းတက်ခြင်းနှင့် အိမ်မှုကိစ္စလုပ်ခြင်း | ၁၇.၈ | ၃၄.၁ | ၁၉.၉ | ၂၂.၂ | ၂,၆၉၆,၇၅၃ |
| ကျောင်းတက်ခြင်းသာ | ၇၁.၀ | ၄၅.၅ | ၂၆.၄ | ၅၅.၃ | ၆,၇၂၂,၃၀၄ |
| အိမ်မှုကိစ္စလုပ်ခြင်းသာ | ၁.၆ | ၆.၆ | ၁၀.၆ | ၄.၇ | ၅၇၂,၁၈၄ |
| မည်သည့်အရာမျှမလုပ် | ၉.၃ | ၄.၁ | ၅.၄ | ၇.၂ | ၈၇၆,၃၁၃ |

ပိုမိုပြီးပြည့်စုံစွာလေ့လာသုံးသပ်နိုင်ရန်အတွက် ဇယား ၂၅ တွင် ကလေးများ၏ စီးပွားရေးအရ အလုပ်လုပ်ကိုင်မှု၊ အိမ်မှုကိစ္စဆောင်ရွက်မှုနှင့် ကျောင်းတက်ရောက်မှု အခြေအနေအားလုံးကို ပေါင်းစပ်၍ အုပ်စု ၈ မျိုးခွဲခြား၍ ပျံ့နှံ့မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။

အလုပ်လုပ်သောကလေးသူငယ် ၁.၂၈ သန်းတွင် အလုပ်လုပ်ခြင်း၊ အိမ်မှုကိစ္စလုပ်ခြင်းနှင့် ကျောင်းနေခြင်းအုပ်စုတွင် မပြောပလောက်သောရာခိုင်နှုန်း (၀.၃%) ကိုသာတွေ့ရှိရပါသည်။ သို့သော် အလုပ်လုပ်သောကလေးများသည် အိမ်မှုကိစ္စများ ပိုမိုလုပ်ကိုင်နေကြရကြောင်းတွေ့ရှိရပါသည်။ ယင်းကဲ့သို့ အလုပ်လုပ်သော ကလေးများ၏ ၇၇% ခန့်သည် အလုပ်ခွင်တွင်နာရီများစွာကြာမြင့်သော်လည်း အိမ်မှုကိစ္စများကို တာဝန်ယူကြပြီး မိသားစုကို အဓိကပံ့ပိုးနေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၂၅ တွင် ကလေးများ၏ ထက်ဝက်ကျော် (၁၂ သန်း၏ ၅၅.၃%) သို့မဟုတ် ၆.၇ သန်းသည် ကျောင်းကိုသာ တက်ရောက်နေကြောင်း တွေ့ရှိရပါသည်။ အခြား ၂၂.၂% သည် ကျောင်းတက်နေသည့်အပြင် အိမ်မှုကိစ္စများကိုလည်း လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ ကလေးများ၏ ၇၈% ကျော် (၁၂ သန်းတွင် ၉.၅ သန်း) သည် ပညာသင်ကြားလျက်ရှိကြောင်း တွေ့ရပါသည်။ ၎င်းသည် စုစုပေါင်းအရေအတွက်အားဖြင့် ကျောင်းတက်ရောက်မှုမရှိသော ကလေးများအရေအတွက်၏ ၅ ဆမျှရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကလေးသူငယ်အများစုသည် ၎င်းတို့လုပ်ဆောင်ရန် လိုအပ်သည့်အရာများကို ဆောင်ရွက်နေသောကြောင့် ထိုအချက်သည်ပင် အောင်မြင်သည်ဟု မဆိုနိုင်ပါ။

ကျောင်းကိုသာသီးသန့်တက်သောအုပ်စုတွင် အသက် ၅ နှစ်မှ ၁၁ နှစ် အသက်အုပ်စုသည် ရာခိုင်နှုန်းအများဆုံး (၇၁%) ဖြစ်ပြီး ယင်းနောက်တွင် အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စု (၄၅.၅%) ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အရွယ် အသက်အုပ်စုတွင်မူ ၂၆% သာရှိကြောင်း တွေ့ရှိရပါသည်။ ကျောင်းတက်ရောက်မှုနှင့် အခြားသောဆောင်ရွက်မှုများ ပေါင်းစပ်နေမှုသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကို ပြင်းထန်စွာ ထိခိုက်စေပြီး အခွင့်အရေးကိုထိပါးစေပါသည်။ သို့ရာတွင် မြီးကောင်ပေါက် အသက်အုပ်စုရှိ ကလေးများသည် အိမ်မှုကိစ္စများကို ကူညီလုပ်ကိုင်ပေးရပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်ရရှိသော အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မိသားစုများ၏ဝင်ငွေအတွက် ကူညီပေးရကြောင်း တွေ့ရှိရပါသည်။ အကျိုးဆက်အားဖြင့် ယင်းကလေးများသည် ကျောင်းတက်ခြင်းကို ရပ်ဆိုင်းလိုက်ရကြောင်း တွေ့ရှိရပါသည်။

# အခန်း ၆

# အလုပ်လုပ်သော ကလေးများ၏ သွင်ပြင်လက္ခဏာများ

## ၆.၁ နိဒါန်း

အလုပ်လုပ်သောကလေးများ သို့မဟုတ် အလုပ်ခွင်ရှိကလေးများအားလုံးသည် ကလေးလုပ်သားဟု မဆိုနိုင်ပါ။ သို့ရာတွင်မူ အလုပ်လုပ်သော ကလေးများ၏ အလုပ်အကိုင် အခြေအနေနှင့် ဝိသေသလက္ခဏာများကို ပြည့်ပြည့်စုံစုံလေ့လာမှသာလျှင် ကလေးလုပ်သားများကို လေ့လာနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် အလုပ်လုပ်သောကလေးများ၏ ပမာဏ၊ ဖွဲ့စည်းပုံ၊ သဘောသဘာဝနှင့် ၎င်းတို့၏ စီးပွားရေး လုပ်ဆောင်ချက်များအပေါ် လေ့လာမှုသည် ကလေးလုပ်သားများ၏ ပျံ့နှံ့မှုကို တွက်ချက်ခြင်းအတွက် လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။

အစီရင်ခံစာ၏ ဤအခန်းတွင် အလုပ်လုပ်သောကလေးများ၏ အလုပ်လုပ်ကိုင်နေသော လုပ်ငန်းကဏ္ဍ၊ အလုပ်အကိုင်အမျိုးအစား၊ အလုပ်အကိုင်အခြေအနေ၊ အလုပ်ချိန်နာရီနှင့် စီးပွားရေးအတွက်မဟုတ်သော လှုပ်ရှားမှုအခြေအနေ၊ လုပ်ခရရှိမှုအခြေအနေနှင့် အခြား အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များကို အသေးစိတ် လေ့လာဖော်ပြသွားမည်ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ကလေးသူငယ်ဟူသော ဝေါဟာရသည် အသက် ၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုရှိသူများအားလုံးကို ဆိုလိုပါသည်။ မည်သူမဆိုလုပ်ကိုင်နိုင်သော ရလဒ်တစ်ခု ထွက်ပေါ်လာနိုင်သည့် ယေဘုယျထုတ်လုပ်မှု မူဘောင်တစ်ခုအတွင်း ကျရောက်သော လှုပ်ရှားမှုအားလုံးကို ထုတ်လုပ်မှုဆိုင်ရာလှုပ်ရှားမှုအဖြစ် သတ်မှတ်ပါသည်။ သို့ဖြစ်၍ ထုတ်လုပ်မှုမဟုတ်သော လှုပ်ရှားမှုဟုဆိုရာတွင် အဆိုပါလှုပ်ရှားမှုများမဟုတ်သော လှုပ်ရှားမှုများဖြစ်သည့် ပညာသင်ကြားခြင်းနှင့် အပန်းဖြေခြင်းကဲ့သို့သော လှုပ်ရှားမှုမျိုးဖြစ်ပါသည်။

အထက်ပါဖော်ပြချက်များအရ အလုပ်လုပ်သောကလေးဟု ဆိုရာတွင် ဈေးကွက်တွင် ရောင်းချရန် ရည်ရွယ်၍ ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်းကို ဦးတည်သော စီးပွားရေး ထုတ်လုပ်မှုများတွင် ပါဝင်ဆောင်ရွက်သော အသက် ၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုအတွင်းရှိ ကလေးများကို ဆိုလိုပါသည်။ သို့ရာတွင် အလုပ်လုပ်သော ကလေးအားလုံးသည် ကလေးလုပ်သားများ မဟုတ်ကြပေ။ စာရင်းအင်းသဘောအရ တိုင်းတာနိုင်ရန်အတွက် ကလေးလုပ်သားဟုသတ်မှတ်ရာတွင် သတ်မှတ်ထားသော အချိန်ကာလအတွင်း အောက်ဖော်ပြပါလှုပ်ရှားမှု တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ လုပ်ဆောင်သော အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများကို ဆိုလိုပါသည် -

(က) အန္တရာယ်ရှိသော အလုပ်များထက်ပို၍ အဆိုးဆုံးသော ကလေးလုပ်သားပုံစံ

(ခ) အန္တရာယ်ရှိသော အလုပ်များနှင့်

(ဂ) အခြားကလေးလုပ်သားပုံစံများ

## ၆.၂ အလုပ်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းကဏ္ဍ

ဤအပိုင်းတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ယောကျ်ားလေးနှင့် မိန်းကလေးများ၏ လုပ်ငန်းကဏ္ဍများကို ဖော်ပြသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းကဏ္ဍများသည် ကလေးလုပ်သား အစီအမံများအတွက် ပစ်မှတ်ထားဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ ဇယား ၂၆ တွင် လုပ်ငန်းကဏ္ဍအလိုက်၊ ကျား မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုကို ဖော်ပြထားပါသည်။ အဓိကစိတ်ဝင်စားသည့်အချက်မှာ ကလေးများ အများဆုံးလုပ်ကိုင်နေသည့် လုပ်ငန်းကဏ္ဍနှင့် ယောကျ်ားလေးနှင့် မိန်းကလေးအကြား၊ အသက် အုပ်စုများအကြား၊ မြို့ပြ၊ ကျေးလက်အကြား ခြားနားမှုပင်ဖြစ်ပါသည်။

ဇယား ၂၆ တွင် ဖော်ပြထားသော ပျံ့နှံ့မှုရာခိုင်နှုန်းများသည် အလုပ်လုပ်သောကလေးများ ဖြေဆိုလာသော လုပ်ငန်းကဏ္ဍများမှ ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပါသည်။ လုပ်ငန်းကဏ္ဍ ဖြေဆိုခြင်းမရှိပါက ဇယားတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ဤမေးခွန်းနှင့်စပ်လျဥ်းသည့် ဖြေဆိုမှုမရှိသည့်နှုန်းမှာ ၂.၃% သာ (နမူနာအလုပ်လုပ်သောကလေး ၂,၃၀၂ တွင် မဖြေဆိုသူ ၅၃ ဦး) ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အလုပ်လုပ်သောကလေးများ၏ ၅၉.၇% သည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ပြီး ယင်းတို့၏ ၄ ပုံ ၃ ပုံသည် ကျေးလက်နေ ကလေးများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ပါဝင်ဆောင်ရွက်မှု သည် တန်းတူနီးပါး ဖြစ်ပါသည်။ ကျေးလက်ဒေသ၏ သဘောသဘာဝအတိုင်း ငွေရေးကြေးရေး အကန့်အသတ်ရှိသော အိမ်ထောင်စုများသည် ကလေးများကို လုပ်သားဈေးကွက်သို့ ဝင်ရောက် ရန် လုံလောက်သော အခွင့်အရေးကို ဖန်တီးပေးနေခြင်းဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။ ဆင်းရဲနွမ်းပါးမှု မြင့်မားနေခြင်းသည် ကလေးများကို အလုပ်အကိုင် ပိုမိုရှာဖွေစေသည့် အကြောင်းအရင်းဖြစ်ပါသည်။ မြို့ပြရှိ ကလေးများ၏ ၁၀% သည် လယ်ယာကဏ္ဍတွင် လုပ်ကိုင် နေကြကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်သော ကလေးအများအပြား လုပ်ကိုင်လျက်ရှိကြ သော စီးပွားရေးလုပ်ဆောင်မှုအုပ်စုမှာ ထုတ်လုပ်မှုကဏ္ဍဖြစ်ပြီး အလုပ်လုပ်သော ကလေး ၁၂.၀% လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ ကျား၊ မ မညီမျှမှုတွင် မိန်းကလေး အရေအတွက်မှာ ပိုမိုများပြားနေပြီး မိန်းကလေး ရာခိုင်နှုန်းအများစုသည် ကျေးလက်ဒေသများ တွင် နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက်ခြားနားမှုကို ထည့်သွင်းစဉ်းစားခြင်းမပြုပါက "လက်လီနှင့် လက်ကား ရောင်းဝယ်ရေး၊ မော်တော်ယာဉ်ပြင်ဆင်ရေးလုပ်ငန်းကဏ္ဍ" (၁၀.၉%) တွင် မိန်းကလေး ရာခိုင်နှုန်းသည် ယောကျ်ားလေးရာခိုင်နှုန်းထက် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။ အခြားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (၆.၁%) တွင် မိန်းကလေးပါဝင်မှုနှုန်းသည် ယောကျ်ားလေး ပါဝင်မှုနှုန်းထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နေသော ကလေးများ၏

၈၅% နီးပါးသည် အဓိကလုပ်ငန်းကဏ္ဍများဖြစ်သော လယ်ယာစိုက်ပျိုးရေး၊ ထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေးစသည်တို့တွင် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသနှစ်မျိုးလုံးတွင် မိန်းကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းသည် လုပ်ငန်းကဏ္ဍ အားလုံးနီးပါး၌ သိသိသာသာမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

**ဇယား-၂၆။ ကျား၊ မ နှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသောကလေးများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း**

| လုပ်ငန်းအမျိုးအစား | ပျံ့နှံ့မှုရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | မြို့ပြ ယောကျ်ားလေး | မြို့ပြ မိန်းကလေး | ကျေးလက် ယောကျ်ားလေး | ကျေးလက် မိန်းကလေး | အားလုံး |
| **ပြည်ထောင်စု** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၈.၉ | ၁၀.၇ | ၇၀.၉ | ၇၂.၁ | ၅၉.၇ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၀.၉ | ၁.၀ | ၁.၀ | ၀.၆ | ၀.၈ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၂၂.၅ | ၂၄.၈ | ၈.၃ | ၉.၈ | ၁၁.၉ |
| လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှုလုပ်ငန်း | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ |
| ဆောက်လုပ်ရေး | ၁၈.၈ | ၄.၀ | ၆.၄ | ၀.၈ | ၅.၄ |
| လက်လီ၊ လက်ကားရောင်းဝယ်ရေး၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ် ပြုပြင်ရေး | ၃၂.၀ | ၃၆.၄ | ၃.၁ | ၇.၅ | ၁၀.၉ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်း | ၂.၅ | ၀.၅ | ၂.၂ | ၀.၃ | ၁.၃ |
| တည်းခိုရေးနှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း | ၂.၅ | ၂.၆ | ၀.၆ | ၁.၀ | ၁.၂ |
| စီမံအုပ်ချုပ်ရေးနှင့် အထောက်အကူပြုမှုဆိုင်ရာ လုပ်ငန်းများ | ၂.၂ | ၂.၆ | ၁.၈ | ၁.၃ | ၁.၇ |
| အိမ်ဖော်နှင့်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများ | ၀.၅ | ၇.၆ | ၀.၁ | ၀.၃ | ၀.၉ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၉.၂ | ၉.၉ | ၄.၆ | ၆.၁ | ၆.၁ |
| **အလုပ်လုပ်ကိုင်နေသော ကလေးများ ခန့်မှန်းဦးရေ** | ၁၃၉,၄၉၈ | ၁၁၂,၁၇၃ | ၅၃၆,၇၁၁ | ၄၉၀,၅၂၇ | ၁,၂၇၈,၉၀၉ |

ဇယား ၂၆ နှင့် ၂၇ အတွက် အသုံးပြုသော လုပ်ငန်းကဏ္ဍ အမျိုးအစားများသည် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းအမျိုးအစားခွဲခြားမှု (ISIC Rev.4) ကို အခြေခံထားပါသည်။ 'အခြား' ဟူသော အမျိုးအစားတွင် 'သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး'၊ 'ငွေရေးကြေးရေးနှင့်အာမခံလုပ်ငန်းများ'၊ 'အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ'၊ 'အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံနှင့် စက်မှုလက်မှုပညာဆိုင်ရာလုပ်ငန်းများ'၊ 'စီမံအုပ်ချုပ်ရေးနှင့် အထောက်အကူပြုမှုဆိုင်ရာလုပ်ငန်းများ'၊ 'ပြည်သူ့အုပ်ချုပ်ရေးနှင့်ကာကွယ်ရေး၊ မဝင်မနေရ လူမှုဖူလုံရေး'၊ 'ပညာရေး'၊ 'ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ'၊ 'ပန်းချီအနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေး'၊ 'အခြားဝန်ဆောင်မှုလုပ်ငန်းများ' နှင့် 'ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်းမရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ' စသည်တို့ ပါဝင်ပါသည်။

ဇယား ၂၇ တွင် အသက်အုပ်စု တစ်ခုချင်းစီအတွက် လုပ်ငန်းအမျိုးအစားများအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဖော်ပြထားပါသည်။ အလုပ်လုပ်ကိုင်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းအရ အတက်ကြွဆုံး အသက်အုပ်စုသည် ၁၅ နှစ်မှ ၁၇ နှစ် (၇၅%)၊ ယင်းနောက် ရာခိုင်နှုန်း ၃ ပုံ ၁ ပုံ သည် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စု ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မျှော်လင့်ထားသည့်အတိုင်း အသက်အုပ်စုများအားလုံးရှိ ကလေးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေပြီး အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင် ၆၀.၁%၊ ယင်းနောက် အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုတွင် ၆၀% ရှိသည်ကို တွေ့ရှိရပါသည်။ ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားတွင်လည်း အသက် ၁၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုသည် အများဆုံး လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုသည် လက်လီ၊ လက်ကား ရောင်းဝယ်ရေး အစရှိသည်တို့တွင် အခြားအုပ်စုထက် သာလွန်နေသည်ကို တွေ့ရှိရပါသည်။ ထိလွယ်ရှလွယ်ပြီး အငယ်ဆုံးသော အသက်အုပ်စုဖြစ်သည့် အသက် ၅ နှစ်မှ ၁၁ နှစ် အုပ်စုသည် စိုက်ပျိုးရေးတွင် ၃၆% ဖြင့် အနည်းဆုံးပါဝင်ဆောင်ရွက်သော်လည်း ကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်းများတွင် အများဆုံး ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။ ယင်းသည် ကြီးမားသောပတ်သက်မှု ဖြစ်ပါသည်။ ကျောင်းထွက်ခြင်း၊ ခက်ခဲပင်ပန်းသောအလုပ်များတွင် ပါဝင်လုပ်ကိုင်ခြင်းတို့သည် ကလေးသူငယ်များ ရထိုက်သောအခွင့်အရေးများဖြစ်သည့် ပညာသင်ကြားခွင့်နှင့် အနားယူအပန်းဖြေခွင့်တို့ကို ဆုံးရှုံးမှုဖြစ်စေပါသည်။

ဇယား-၂၇။ အသက်အုပ်စု အသီးသီးတွင် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများပျံ့နှံ့မှု

| လုပ်ငန်း | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | အားလုံး |
|---|---|---|---|---|
| **ပြည်ထောင်စု** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၃၆.၀ | ၆၀.၀ | ၆၀.၁ | ၅၉.၇ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်း လုပ်ငန်း | ၁.၀ | ၁.၁ | ၀.၇ | ၀.၈ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၂၃.၀ | ၁၀.၅ | ၁၂.၀ | ၁၁.၉ |
| လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှုလုပ်ငန်း | ၀.၀ | ၀.၁ | ၀.၀ | ၀.၀ |
| ဆောက်လုပ်ရေး | ၀.၀ | ၅.၀ | ၅.၇ | ၅.၄ |
| လက်လီ၊ လက်ကားရောင်းဝယ်ရေး၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ် ပြုပြင်ရေး | ၁၄.၇ | ၁၂.၃ | ၁၀.၄ | ၁၀.၉ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်း သိုလှောင်ရေးလုပ်ငန်း | ၁၁.၆ | ၀.၆ | ၁.၃ | ၁.၃ |
| တည်းခိုရေးနှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း | ၇.၁ | ၁.၂ | ၁.၀ | ၁.၂ |
| စီမံအုပ်ချုပ်ရေးနှင့် အထောက်အကူပြု မှုဆိုင်ရာ လုပ်ငန်းများ | ၀.၀ | ၂.၃ | ၁.၆ | ၁.၇ |
| အိမ်ဖော်နှင့်ဆိုင်သော ဝန်ဆောင်မှု လုပ်ငန်းများ | ၀.၀ | ၀.၀ | ၁.၂ | ၀.၉ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၆.၅ | ၆.၉ | ၅.၉ | ၆.၁ |
| **အလုပ်လုပ်ကိုင်နေသောကလေးများ ခန့်မှန်းဦးရေ** | ၂၁,၉၃၅ | ၂၉၀,၂၁၆ | ၉၆၆,၇၅၈ | ၁,၂၇၈,၉၀၉ |

## ၆.၃ အလုပ်အကိုင်အမျိုးအစား ခွဲခြားခြင်း

ဤအပိုင်းတွင် အလုပ်ခွင်ရှိကလေးများ၏ ဆောင်ရွက်နေသော တာဝန် (သို့မဟုတ်) အလုပ်အကိုင်များနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။ ဇယား ၂၈ တွင် အလုပ်အကိုင်အမျိုးအစား၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ် လုပ်ကိုင်သော ကလေးသူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ ဇယားတွင် ခန့်မှန်းခြေ ပျံ့နှံ့မှုရာခိုင်နှုန်းများသည် အလုပ်လုပ်ကိုင်နေသော ကလေးများဖြေဆိုသော အလုပ်အကိုင် အမျိုးအစားအပေါ်တွင်အခြေခံ၍ ဖော်ပြထားခြင်းဖြစ်ပါသည်။

မျှော်မှန်းထားသည့်အတိုင်းပင် ကျေးလက်နေ ကလေးအများစုသည် ရွေးချယ်စရာများ မရှိကြပါ။ ၎င်းတို့သည် အလိုအလျှောက် တစ်နည်းအားဖြင့် ကျွမ်းကျင်သောစိုက်ပျိုးရေးနှင့် ဆက်စပ်အလုပ်များကို ၎င်းတို့၏ အဓိကအလုပ်အကိုင်အဖြစ် ရွေးချယ်ကြပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများရှိ လူပ်ရှားသွားလာမှုကို ကန့်သတ်ခံရသော မိန်းကလေးများ၏ ယင်းကဲ့သို့ ကြုံတွေ့ရမှုသည် ကျေးလက်နေ ယောကျ်ားလေးများထက် အနည်းငယ် လျော့နည်းသည်ကို

တွေ့ရှိရပါသည်။ မြို့ပြဒေသများတွင် ကလေးများကို စက်ရုံနှင့် စက်မောင်းနှင်ခြင်းကဲ့သို့သော ကျွမ်းကျင်အလုပ်များတွင် အသုံးမပြုကြခြင်းမှာ ထိုလုပ်ဆောင်ချက်များတွင် လုံလောက်သော ကျွမ်းကျင်မှုမရှိခြင်း သို့မဟုတ် ထိုကျွမ်းကျင်မှုများမရှိခြင်းကြောင့် ဖြစ်ပါသည်။

မြို့ပြဒေသရှိ ယောကျ်ားလေးများ၏ သုံးပုံတစ်ပုံကျော်သည် လက်မှုပညာရပ်များနှင့် ဆက်စပ်သော ကုန်သွယ်ရေးအလုပ်များတွင် လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ ၂၅.၄% ခန့်သည် ဝန်ဆောင်မှုနှင့် အရောင်းဌာနများတွင် လုပ်ကိုင်နေကြပြီး အခြားသော အခြေခံအလုပ်များတွင်လည်း ယင်းရာခိုင်နှုန်းအတိုင်း လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ အခြားသောအခြေခံအလုပ်အကိုင်များတွင် လုပ်ကိုင်ကြသောရာခိုင်နှုန်းသည် မြို့ပြနှင့် ကျေးလက်ဒေသများတွင် ထပ်တူနီးပါးဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးလက်နေ မိန်းကလေးများ ရာခိုင်နှုန်းသည် အနည်းငယ်မြင့်မားကြောင်း တွေ့ရှိရပါသည်။

ကျေးလက်မိန်းကလေးအများစု (၅၀% ခန့်) သည် စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်း မြို့ပြရှိ သက်တူရွယ်တူများသည် ဝန်ဆောင်မှုနှင့် အရောင်းအလုပ်သမားများအဖြစ် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ၂၀-၃၀% ခန့်သည် အခြေခံအလုပ်အကိုင်များကို လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြနှင့် ကျေးလက်ဒေသများတွင် ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ပျံ့နှံ့မှုမှာ စက်ရုံနှင့် စက်ပစ္စည်းများ ကိုင်တွယ်မောင်းနှင်မှု၊ တပ်ဆင်မှုများကဲ့သို့သော အလုပ်အကိုင်များတွင် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အချုပ်အားဖြင့် စိုက်ပျိုးရေးသည် ကျေးလက်ဒေသများတွင် အဓိကအလုပ်အကိုင်ပေးသောကဏ္ဍ ဖြစ်ပါသည်။ မြို့ပြရှိ ယောကျ်ားလေးအများစုသည် လက်မှုပညာနှင့် ဆက်စပ်သော ရောင်းဝယ်ရေး အလုပ်သမားများအဖြစ် ပိုမိုလုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ မြို့ပြရှိ မိန်းကလေးများအနေဖြင့် အရောင်းနှင့်ဝန်ဆောင်မှုလုပ်သားများအဖြစ် ပိုမိုလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား-၂၈။ မြို့ပြနှင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ယောကျ်ားလေးနှင့် မိန်းကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| အဓိကအလုပ်အကိုင်အုပ်စု | မြို့ပြ ယောကျ်ားလေး | မြို့ပြ မိန်းကလေး | ကျေးလက် ယောကျ်ားလေး | ကျေးလက် မိန်းကလေး |
|---|---|---|---|---|
| အလုပ်လုပ်ကိုင်နေသောကလေး | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှုနှင့်အရောင်းလုပ်သားများ | ၂၅.၄ | ၄၂.၈ | ၃.၇ | ၈.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၇.၈ | ၇.၇ | ၅၇.၆ | ၅၀.၃ |
| လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း လုပ်သားများ | ၃၅.၁ | ၁၆.၄ | ၉.၇ | ၉.၅ |

| အဓိကအလုပ်အကိုင်အုပ်စု | မြို့ပြ ယောက်ျားလေး | မြို့ပြ မိန်းကလေး | ကျေးလက် ယောက်ျားလေး | ကျေးလက် မိန်းကလေး |
|---|---|---|---|---|
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူ များ | ၄.၃ | ၃.၃ | ၂.၈ | ၂.၀ |
| အခြေခံအလုပ်အကိုင်များ | ၂၅.၃ | ၂၆.၈ | ၂၅.၇ | ၂၉.၅ |
| အခြား | ၂.၁ | ၃.၀ | ၀.၅ | ၀.၇ |
| **အလုပ်လုပ်ကိုင်နေသော ကလေးများ ခန့်မှန်းဦးရေ** | **၁၃၉,၄၉၈** | **၁၁၂,၁၇၃** | **၅၃၆,၇၁၁** | **၄၉၀,၅၂၇** |

ဇယား ၂၉ တွင် အသက်အုပ်စုများ၌ အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ ကျွမ်းကျင်စိုက်ပျိုးရေးလုပ်ငန်းများတွင် အသက်အုပ်စုအားလုံးရှိ ကလေးအများဆုံး (၃၅% မှ ၄၅% ထိ) လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ထို့နောက် အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုတွင် အခြေခံအလုပ်အကိုင်များလုပ်ကိုင်နေသူ ရာခိုင်နှုန်းမြင့်မားစွာ ပါဝင်သည်ကို တွေ့ရှိရပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အရောင်းဌာနများတွင် သက်ငယ်အုပ်စုများဖြစ်သည့် အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုအတွက် ပိုမိုဆွဲဆောင်မှုရှိသည်ကို တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုသည် စိုက်ပျိုးရေးလုပ်ငန်းပြီးလျှင် အခြေခံအလုပ်များတွင် ပိုမိုလုပ်ကိုင်ခြင်းကို တွေ့ရှိရပါသည်။

အချုပ်အားဖြင့် ကလေးအားလုံး၏ ၇၃% ခန့်သည် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ထုတ်လုပ်မှုဆိုင်ရာ လှုပ်ရှားမှုများနှင့် အခြေခံအလုပ်အကိုင်များအား လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အရွယ်ရောက်ပြီးဖြစ်သော အသက် ၁၅ နှစ်မှ ၁၇ နှစ်အသက် အုပ်စု၏ ၇၂% သည် (ဤလေ့လာမှု၏ စာရင်းအင်းဆိုင်ရာ လိုအပ်ချက်အတွက်) အဆိုပါ လုပ်ငန်းကဏ္ဍများတွင် ပါဝင်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

**ဇယား-၂၉။ အသက်အုပ်စုနှင့် အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| အဓိကအလုပ်အကိုင်အုပ်စု | အသက်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | အားလုံး |
| **အလုပ်လုပ်ကိုင်နေသောကလေး** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၁၉.၃ | ၁၃.၆ | ၁၀.၃ | ၁၁.၂ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၃၅.၇ | ၄၅.၂ | ၄၅.၁ | ၄၅.၀ |
| လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း လုပ်သားများ | ၂.၈ | ၉.၇ | ၁၄.၃ | ၁၃.၀ |

| အဓိကအလုပ်အကိုင်အုပ်စု | အသက်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | အားလုံး |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၁၇.၁ | ၁.၉ | ၂.၆ | ၂.၇ |
| အခြေခံအလုပ်အကိုင်များ | ၂၅.၁ | ၂၉.၀ | ၂၆.၇ | ၂၇.၂ |
| အခြား | ၀.၀ | ၀.၆ | ၁.၀ | ၀.၉ |
| **အလုပ်လုပ်ကိုင်နေသော ကလေးများ ခန့်မှန်းဦးရေ** | **၂၁,၉၃၅** | **၂၉၀,၂၁၆** | **၉၆၆,၇၅၈** | **၁,၂၇၈,၉၀၉** |

*ဤအလုပ်အကိုင် အမျိုးအစားများသည် အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင် အမျိုးအစားခွဲခြားခြင်း (ISCO-08) ကို အခြေခံ၍ အသုံးပြုထားပါသည်။*

## ၆.၄ အလုပ်အကိုင်အခြေအနေ

ဤအပိုင်းတွင် အကြမ်းဖျင်းအသက်အုပ်စုသုံးစုနှင့် မြို့ပြ၊ ကျေးလက်ဒေသများရှိ အလုပ်လုပ်ကိုင်လျက်ရှိသော ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ အလုပ်အကိုင် အခြေအနေကို အဓိကဖော်ပြထားပါသည်။ အလုပ်အကိုင်အခြေအနေဆိုသည်မှာ အလုပ်တစ်ခုကို ဆောင်ရွက်သည့်အခါ ပုဂ္ဂိုလ်တစ်ဦး၊ အခြားပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများနှင့်ထားရှိသော သဘောတူညီမှုပုံစံဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင် အခြေအနေအမျိုးအစားခွဲခြားခြင်း (ICSE-93) တွင် အဓိကအမျိုးအစား ၆ မျိုး ပါဝင်ပါသည်။ ယင်းတို့မှာ အလုပ်သမားများ၊ အလုပ်ရှင်များ၊ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်သူများ၊ သမဝါ ယမ အမှုဆောင်၊ မိသားစုလုပ်ငန်းတွင် ပါဝင်ကူညီလုပ်ကိုင်ပေးနေသော အလုပ်သမားများနှင့် ခွဲခြားနိုင်ခြင်း မရှိသောအုပ်စုများဖြစ်ပါသည်။ အလုပ်လုပ်ကိုင်နေသောကလေးများတွင် အလုပ်ရှင်အဖြစ် လုပ်ကိုင်နေသူ အလွန်နည်းပါးပါသည်။ လေ့လာချက်အရ နမူနာ အလုပ်လုပ်သော ကလေး ၂,၃၀၁ ယောက်တွင် နှစ်ယောက်သာ အလုပ်ရှင်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် *အလုပ်ရှင်များနှင့် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နေသူများ*ကို *ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ*ဟူသော အမျိုးအစားတစ်ခုအဖြစ် ဖွဲ့စည်းထားပါသည်။

ဇယား ၃၀ တွင် လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်နေသူ၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ၊ မိသားစုလုပ်ငန်းတွင် အခကြေးငွေမရဘဲ ကူညီလုပ်ကိုင်သူ (အခကြေးငွေမရသော မိသားစုဝင် လုပ်သား) နှင့် အခြား (အခြားအလုပ်အကိုင် အဆင့်အတန်းများကို တစ်အုပ်စုတည်း မှတ်ယူထားသော) လုပ်ကိုင်နေသူ ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ အလုပ်လုပ်သောကလေးများ၏ ထက်ဝက်ကျော်သည် အလုပ်သမားများအဖြစ်သာ လုပ်ကိုင်ကြပြီး လေးပုံတစ်ပုံသည် အခကြေးငွေမရသော မိသားစုဝင် အလုပ်သမားများဖြစ်ကြ၍ ၅ ပုံ ၁ ပုံ

သည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျား၊ မ အကြား ကြီးမားသည့် ကွာခြားမှုမရှိကြောင်း တွေ့ရှိရပါသည်။

သို့ရာတွင် မြို့ပြနှင့် ကျေးလက်ဒေသများအကြား အလုပ်အကိုင်အခြေအနေ ပျံ့နှံ့မှုပုံစံမှာ ကွဲပြားမှုရှိသည်ကို တွေ့ရှိရပါသည်။ ပျံ့နှံ့မှုပုံစံတိုင်းတွင် အလုပ်သမားများသည် အများဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။ မြို့ပြရှိ အလုပ်လုပ်သော ယောကျာ်းလေးနှင့် မိန်းကလေးများ၏ ၇၂% နှင့် ၇၅% သည် အလုပ်သမားများဖြစ်ကြပါသည်။ ကျေးလက်ဒေသများတွင်မူ မြို့ပြပါဝင်မှုထက်လျော့နည်းသည်ကို တွေ့ရှိရပါသည်(၅၀% နှင့် ၅၃%)။ ထိုသို့လျော့နည်းပါဝင်မှုသည် အခြားသောအခြေအနေနှစ်ရပ်ကို ဖြစ်ပေါ်စေသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသများရှိ အလုပ်လုပ်သော ကလေးများ၏ ကိုယ်ပိုင်လုပ်ငန်းများနှင့် အခကြေးငွေမရသော မိသားစု လုပ်သားများအဖြစ် ပါဝင်လုပ်ကိုင်မှု ရာခိုင်နှုန်းသည် မြို့ပြဒေသများရှိရာခိုင်နှုန်းထက် နှစ်ဆ မြင့်မားနေသည်ကို တွေ့ရှိရပါသည်။

**ဇယား-၃၀။ မြို့ပြ၊ ကျေးလက်နှင့် အသက်အုပ်စုများတွင် ကျား၊ မ အတွက် အလုပ်အကိုင်အခြေအနေ အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ ရာခိုင်နှုန်း | | | | | အလုပ်လုပ်ကိုင်နေသော ခန့်မှန်း ကလေးဦးရေ |
|---|---|---|---|---|---|---|
| | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ | အခကြေးငွေ မရသော မိသားစုဝင် လုပ်သား | အခြား | စုစုပေါင်း | |
| **ပြည်ထောင်စု** | ၅၅.၇ | ၁၉.၄ | ၂၄.၀ | ၀.၉ | ၁၀၀.၀ | ၁,၂၇၈,၉၀၉ |
| ယောကျာ်းလေး | ၅၄.၁ | ၂၀.၄ | ၂၄.၁ | ၁.၄ | ၁၀၀.၀ | ၆၇၆,၂၀၈ |
| မိန်းကလေး | ၅၇.၄ | ၁၈.၁ | ၂၃.၉ | ၀.၆ | ၁၀၀.၀ | ၆၀၂,၇၀၁ |
| **မြို့ပြ၊ ကျေးလက်** | | | | | | |
| **မြို့ပြ** | ၇၃.၃ | ၁၁.၆ | ၁၀.၉ | ၄.၂ | ၁၀၀.၀ | ၂၅၁,၆၇၁ |
| ယောကျာ်းလေး | ၇၁.၈ | ၁၀.၆ | ၁၁.၈ | ၅.၈ | ၁၀၀.၀ | ၁၃၉,၄၉၈ |
| မိန်းကလေး | ၇၅.၃ | ၁၂.၈ | ၉.၈ | ၂.၁ | ၁၀၀.၀ | ၁၁၂,၁၇၃ |
| **ကျေးလက်** | ၅၁.၄ | ၂၁.၃ | ၂၇.၂ | ၀.၂ | ၁၀၀.၀ | ၁,၀၂၇,၂၃၈ |
| ယောကျာ်းလေး | ၄၉.၆ | ၂၃.၀ | ၂၇.၃ | ၀.၂ | ၁၀၀.၀ | ၅၃၆,၇၁၁ |
| မိန်းကလေး | ၅၃.၃ | ၁၉.၃ | ၂၇.၂ | ၀.၂ | ၁၀၀.၀ | ၄၉၀,၅၂၇ |
| **အသက်အုပ်စု (နှစ်)** | | | | | | |
| **၅-၁၁** | ၄၇.၁ | ၅.၅ | ၄၇.၄ | ၀.၀ | ၁၀၀.၀ | ၂၀,၉၃၅ |
| ယောကျာ်းလေး | ၁၂.၄ | ၁၂.၅ | ၇၅.၀ | ၀.၀ | ၁၀၀.၀ | ၈,၄၃၇ |
| မိန်းကလေး | ၆၈.၈ | ၁.၁ | ၃၀.၁ | ၀.၀ | ၁၀၀.၀ | ၁၃,၄၉၉ |

| နယ်ပယ် | အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ ရာခိုင်နှုန်း | | | | | အလုပ်လုပ်ကိုင်နေသော ခန့်မှန်းကလေးဦးရေ |
|---|---|---|---|---|---|---|
| | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | အခကြေးငွေ မရသော မိသားစုဝင်လုပ်သား | အခြား | စုစုပေါင်း | |
| **၁၂-၁၄** | **၅၉.၀** | **၁၆.၅** | **၂၃.၃** | **၁.၂** | ၁၀၀.၀ | **၂၉၀,၂၁၆** |
| ယောကျ်ားလေး | ၅၉.၇ | ၁၆.၈ | ၂၁.၆ | ၁.၉ | ၁၀၀.၀ | ၁၄၈,၇၁၃ |
| မိန်းကလေး | ၅၈.၂ | ၁၆.၂ | ၂၅.၂ | ၀.၅ | ၁၀၀.၀ | ၁၄၁,၅၀၃ |
| **၁၅-၁၇** | **၅၄.၉** | **၂၀.၅** | **၂၃.၇** | **၀.၉** | ၁၀၀.၀ | **၉၆၆,၇၅၈** |
| ယောကျ်ားလေး | ၅၃.၂ | ၂၁.၅ | ၂၄.၀ | ၁.၂ | ၁၀၀.၀ | ၅၁၉,၀၅၉ |
| မိန်းကလေး | ၅၆.၈ | ၁၉.၂ | ၂၃.၄ | ၀.၆ | ၁၀၀.၀ | ၄၄၇,၆၉၉ |

အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင် ၄၇% ခန့်သည် အလုပ်သမားများဖြစ်ကြပြီး အခကြေးငွေမရသော မိသားစုဝင်အလုပ်သမားများသည်လည်း ရာခိုင်နှုန်းအတူတူပင် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါအသက်အရွယ်ရှိ မိန်းကလေးများ၏ ၃၀% သည် အခကြေးငွေမပေးရသော မိသားစုဝင် အလုပ်သမားများဖြစ်ကြပြီး ယင်းရာခိုင်နှုန်း၏ နှစ်ဆသည် အလုပ်သမားများဖြစ်ကြသည်ကို တွေ့ရှိရပါသည်။ ပိုမိုအရေးကြီးသည်မှာ ယောကျ်ားလေး ၇၅% သည် အခကြေးငွေမရသော မိသားစုဝင် အလုပ်သမားများဖြစ်ပြီး မိန်းကလေး ၆၉% သည် အလုပ်သမားဖြစ်နေသည်ကို တွေ့ရှိရပါသည်။

အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုနှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုများတွင် အများစု ၅၅% မှ ၅၉% သည် အလုပ်သမားများဖြစ်ကြပြီး ကျား-မအချိုးသည် ၁ သို့ ညီမျှလုနီးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ အသက်အုပ်စု နှစ်ခုစလုံးတွင် အခကြေးငွေမရသော မိသားစုဝင်အလုပ်သမားသည် ၄ ပုံ ၁ ပုံခန့်ရှိပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူမှာ ၂၀% မှ ၂၅% ရှိသည်ကို တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုတွင် အလုပ်သမားပါဝင်မှု (၅၉%) မြင့်မားသည်ကိုတွေ့ရှိရပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင် အခကြေးငွေမရသောမိသားစုအလုပ်သမား ပါဝင်မှုမြင့်မားစွာတွေ့ရှိရပြီး ယောကျ်ားလေးများ၏ ပါဝင်မှုရာခိုင်နှုန်းသည် မိန်းကလေးများထက် ၂ ဆခွဲခန့် မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်သောကလေးများတွင် အများဆုံးတွေ့ရှိရသော အလုပ်အကိုင်အခြေအနေမှာ အလုပ်သမားဖြစ်ပါသည်။ အဆိုပါအချက်သည် ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်ဒေသများအကြား ကွဲပြားမှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အနည်းဆုံးလိုအပ်သည့် ငွေကြေးကို အဆင်သင့်မဖြစ်ကြပေ။

## ၆.၅ တစ်ပတ်အလုပ်ချိန်နာရီ

ဆန်းစစ်လေ့လာချက်သည် ကလေးများကို အများဆုံးတွေ့ရှိနိုင်သော လုပ်ငန်းကဏ္ဍ အမျိုးအစားများနှင့် အုပ်စုများအကြားခြားနားချက်များကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကလေးများ ပါဝင်လုပ်ကိုင်သော အလုပ်အကိုင်သွင်ပြင်လက္ခဏာများကို ဆန်းစစ်လေ့လာရာတွင် အလုပ်၏ ပြင်းထန်မှုကိုလေ့လာမည်ဖြစ်ပြီး လုပ်ငန်းခွင်အန္တရာယ်ရှိမှုအလားအလာအတွက် အရေးကြီး သော လေ့လာမှုတစ်ရပ်ဖြစ်ပါသည်။ အလုပ်ချိန်ကြာမြင့်မှုသည် ကလေးများ၏ ပညာရေးနှင့် အနားယူ အပန်းဖြေမှုအတွက် အချိန်အနည်းငယ်သာရခြင်းဟု ဆိုလိုနိုင်ပါသည်။

တစ်ပတ်အတွင်းအလုပ်ချိန်နာရီဆိုင်ရာ အညွှန်းကိန်းကို တွက်ချက်ရာတွင် စစ်တမ်း ကောက်ယူသည့်နေ့မှ လွန်ခဲ့သော ၇ ရက်အတွင်း အဓိကအလုပ် သို့မဟုတ် အလုပ်အားလုံးတွင် လုပ်ကိုင်ခဲ့သော အလုပ်ချိန်နာရီများကို ဆိုလိုပါသည်။ ကလေးတစ်ဦးကို အလုပ်လုပ်နေသည်ဟု ဆိုသော်လည်း ယင်းကလေးသည် လွန်ခဲ့သော ၇ ရက်အတွင်း ဖျားနာမှု၊ အားလပ်ရက် သို့မဟုတ် အခြားအကြောင်းပြချက်များကြောင့် ယာယီပျက်ကွက်ပါက အလုပ်ချိန်ကို (ထိုကလေးများ အတွက်သာ) တစ်ပတ်လျှင် ပုံမှန်အလုပ်ချိန်ဖြင့် သတ်မှတ်ပေးနိုင်ပါသည်။ ဇယား ၃၁ နှင့် ဇယား ၃၂ တွင် အလုပ်လုပ်သောကလေးများအတွက် အသက်အုပ်စု၊ ကျား၊ မအုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် တစ်ပတ်လျှင်လုပ်ကိုင်သည့် အလုပ်ချိန်အရေအတွက်များကို ဖော်ပြထား ပါသည်။ နမူနာကောက်ယူခဲ့သော အလုပ်လုပ်သောကလေး ၂,၃၀၁ ဦးတွင် တစ်ပတ်အလုပ်ချိန် နာရီများကို ဖြေဆိုခဲ့ခြင်းမရှိသော အလုပ်လုပ်သောကလေး ၅ ဦးအတွက် ဖော်ပြထားခြင်း မရှိပါ။ ဤဇယားများတွင် ဖော်ပြထားသော ခန့်မှန်းခြေများသည် ကောက်ယူရရှိထားသော အလုပ်ချိန် နာရီများပေါ်တွင် အခြေခံထားခြင်းဖြစ်ပါသည်။

ဇယား ၃၁ တွင် မြန်မာနိုင်ငံ၌ ကလေးများသည် တစ်ပတ်ပျမ်းမျှအလုပ်ချိန် ၅၁.၇ နာရီ လုပ်ကိုင်နေကြပြီး ယောကျ်ားလေးများ၏ တစ်ပတ်ပျမ်းမျှအလုပ်ချိန်သည် ၅၁ နာရီ ဖြစ်ပြီး မိန်းကလေးများမှာ ၅၂ နာရီဖြင့် အနည်းငယ်ပိုမိုလုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ ယင်းသည် အလုပ်လုပ်ရသည့် ရက်များအတွက် တစ်ရက် ၇ နာရီထက်ပိုသော အလုပ်ကို လုပ်ကိုင်နေရသဖြင့် ကလေးများ၏ ပညာရေးနှင့် အပန်းဖြေအနားယူရေးအတွက် သိသိသာသာ လျော့နည်းစေသော အလုပ်ချိန်နာရီများဖြစ်သည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ချိန်များသည် မြို့ပြရှိ မိန်းကလေးများ၏ အလုပ်ချိန်နာရီ (၅၇.၄ နာရီ) သည် မြို့ပြရှိယောကျ်ားလေးများ၏ အလုပ်ချိန်နာရီ (၅၀.၈ နာရီ) နှင့် ကျေးလက်ရှိ မိန်းကလေးများ၏ အလုပ်ချိန်နာရီ (၅၁.၂ နာရီ) တို့ထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

အသက် ၁၂ နှစ်မှ ၁၄ နှစ်နှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ် အုပ်စုအတွင်းရှိ ကလေးများ၏ တစ်ပတ်လျှင် အလုပ်ချိန် ခန့်မှန်းခြေ ၅၂ နာရီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာသင်ကြား ခြင်းနှင့် ကစားခြင်းတို့ဖြင့်သာ အချိန်ကုန်ဆုံးသင့်သော အငယ်ဆုံးအသက်ဖြစ်သည့် အသက် ၅

နှစ်မှ ၁၁ နှစ်အုပ်စုရှိ အလုပ်လုပ်သော ကလေးများ၏ တစ်ပတ်အလုပ်ချိန်နာရီသည် ၄၀ နာရီ ဖြစ်ပြီး မိန်းကလေးများ၏ အလုပ်ချိန်သည် ယောက်ျားလေးများထက် ပိုများသည်ကို တွေ့ရှိရသည့်အတွက် အသက်ငယ်ရွယ်သော မိန်းကလေးများသည် ယင်းတို့၏ ပညာသင်ကြားခွင့် အခွင့်အရေးနှင့် အနားယူအပန်းဖြေခွင့် အခွင့်အရေးများ ပိုမိုဆုံးရှုံးနေရကြောင်း တွေ့ရှိရပါသည်။

ဇယား-၃၁။ မြို့ပြ၊ ကျေးလက်နှင့် အသက်အုပ်စုများရှိ ကျား၊ မ အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ တစ်ပတ်ပျမ်းမျှအလုပ်လုပ်ချိန်

| နယ်ပယ် | တစ်ပတ်ပျမ်းမျှအလုပ်လုပ်ချိန် | | |
|---|---|---|---|
| | ကလေးများ | ယောက်ျားလေး | မိန်းကလေး |
| ပြည်ထောင်စု | ၅၁.၇ | ၅၁.၀ | ၅၂.၄ |
| မြို့ပြ၊ ကျေးလက် | | | |
| မြို့ပြ | ၅၃.၈ | ၅၀.၈ | ၅၇.၄ |
| ကျေးလက် | ၅၁.၁ | ၅၁.၀ | ၅၁.၂ |
| အသက် (နှစ်) | | | |
| ၅-၁၁ | ၄၀.၉ | ၃၀.၇ | ၄၇.၃ |
| ၁၂-၁၄ | ၅၁.၄ | ၅၀.၀ | ၅၂.၈ |
| ၁၅-၁၇ | ၅၁.၉ | ၅၁.၅ | ၅၂.၄ |
| အလုပ်လုပ်ကိုင်နေသော ကလေးများ ခန့်မှန်းဦးရေ | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ |

ဇယား ၃၂ တွင် တစ်ပတ်အလုပ်ချိန်နာရီအုပ်စုအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းများကို ဖော်ပြထားပြီး အလုပ်လုပ်ရက်တစ်ရက်လျှင် ၈-၉ နာရီထက် ပိုမိုလုပ်ကိုင်ရသော ကလေးများ၏ ပျံ့နှံ့မှုကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ အလုပ်ချိန်နာရီ ရှည်ကြာခြင်းသည် ကလေးများ၏ ကျောင်းပညာသင်ကြားခြင်းနှင့် အပန်းဖြေအနားယူခြင်းတို့ကို ထိခိုက်စေခြင်းသာမက ၎င်းတို့၏ကောင်းမွန်စွာ နေထိုင်နိုင်မှုကိုလည်း ထိခိုက်စေနိုင်ပါသည်။

တစ်ပတ်လျှင်နာရီ ၆၀ သို့မဟုတ် တစ်နေ့လျှင် ၈ နာရီထက်ပိုမို အလုပ်လုပ်သော ကလေးအားလုံး၏ ၄ ပုံ ၁ ပုံတွင် ၃၃.၆% သည် တစ်ပတ်လျှင် ၅၀-၅၉ နာရီ အလုပ်လုပ်ကိုင်နေကြရပြီး ၂၅.၄% သည် တစ်ပတ်လျှင် ၄၀-၄၉ နာရီ အလုပ်လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ ဤပျံ့နှံ့မှုပုံစံသည် ယောက်ျားလေးများနှင့် မိန်းကလေးများ နှစ်ခုစလုံးတွင် ထပ်တူနီးပါးတူညီနေသည်ကို တွေ့ရှိရပါသည်။ တစ်နေ့လျှင် ၈ နာရီထက်ပိုမို အလုပ်လုပ်သော ကလေးများ ရာခိုင်နှုန်းတွင် မိန်းကလေးများသည် ယောက်ျားလေးများထက် ပိုမိုသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသများတွင် ကလေးများ၏မြင့်မားသောရာခိုင်နှုန်း (၃၃.၃%) သည် တစ်ပတ်လျှင် နာရီ ၆၀ ထက်ပို၍ အလုပ်လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ သို့သော် ကျေးလက်ဒေသများတွင် ၅၀-၅၉ နာရီတွင် လုပ်ကိုင်နေသူများမှာ ပိုမိုမြင့်မားသောရာခိုင်နှုန်း (၃၅.၆%) ရှိသည်ကို တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်နှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စု နှစ်မျိုးလုံးတွင် ကလေးအားလုံး၏ ၄ ပုံ ၁ ပုံသည် တစ်ပတ်အလုပ်ချိန်နာရီ ၆၀ နှင့်အထက် လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ ပါဝင်မှုရာခိုင်နှုန်းသည် နာရီ ၅၀ မှ ၅၉ နာရီတွင် ပိုမိုမြင့်မားသောရာခိုင်နှုန်း (၃၃.၆%) ရှိကြောင်း တွေ့ရှိရပါသည်။ အငယ်ဆုံး အသက်အုပ်စုဖြစ်သည့် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင် ၃၅% သည် နာရီ ၄၀ အောက်အလုပ်လုပ်ကြပြီး ၁၂.၁% သည် နာရီ ၆၀ အထက် အလုပ်လုပ်ကြသည်ကို တွေ့ရှိရပါသည်။

**ဇယား-၃၂။ တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | ခန့်မှန်း အလုပ်လုပ်သော ကလေး ဦးရေ |
|---|---|---|---|---|---|---|
| | ၄၀ နာရီ အောက် | ၄၀-၄၉ | ၅၀-၅၉ | နာရီ ၆၀ နှင့် အထက် | စုစုပေါင်း | |
| ပြည်ထောင်စု | ၁၇.၆ | ၂၅.၄ | ၃၃.၆ | ၂၄.၄ | ၁၀၀.၀ | ၁,၂၇၈,၉၀၉ |
| ကျား၊ မ | | | | | | |
| ယောကျ်ားလေး | ၁၆.၄ | ၂၆.၀ | ၃၄.၆ | ၂၂.၉ | ၁၀၀.၀ | ၆၇၆,၂၀၈ |
| မိန်းကလေး | ၁၆.၇ | ၂၄.၇ | ၃၂.၄ | ၂၆.၁ | ၁၀၀.၀ | ၆၀၂,၇၀၁ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၁၄.၇ | ၂၆.၆ | ၂၅.၄ | ၃၃.၃ | ၁၀၀.၀ | ၂၅၁,၆၇၁ |
| ကျေးလက် | ၁၇.၁ | ၂၅.၁ | ၃၅.၆ | ၂၂.၃ | ၁၀၀.၀ | ၁,၀၂၇,၂၃၈ |
| အသက်အုပ်စု (နှစ်) | | | | | | |
| ၅-၁၁ | ၃၄.၉ | ၂၈.၈ | ၂၄.၂ | ၁၂.၁ | ၁၀၀.၀ | ၂၁,၉၃၅ |
| ၁၂-၁၄ | ၁၉.၆ | ၁၉.၄ | ၃၅.၃ | ၂၅.၈ | ၁၀၀.၀ | ၂၉၀,၂၁၆ |
| ၁၅-၁၇ | ၁၅.၂ | ၂၇.၁ | ၃၃.၃ | ၂၄.၃ | ၁၀၀.၀ | ၉၆၆,၇၅၈ |

ဇယား ၃၃ တွင် နာရီကြာမြင့်စွာ အလုပ်လုပ်သောကလေးများ၏ သွင်ပြင်လက္ခဏာများကို ဦးစားပေးဖော်ပြထားပါသည်။ ထိုသို့ဖော်ပြထားချက်အရ ကြာမြင့်သောအလုပ်ချိန်ရှိသော စက်မှုလုပ်ငန်းများကို ခွဲခြားတွေ့မြင်နိုင်မည်ဟု မျှော်လင့်ပါသည်။ ထိုသို့ဖော်ပြရာတွင် ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်၊ ကျောင်းတက်ရောက်မှုအခြေအနေနှင့် လုပ်ငန်းကဏ္ဍများအလိုက် ခွဲခြားဖော်ပြထားပါသည်။ ဇယားတွင် ဖော်ပြထားသော ပျံ့နှံ့မှုရာခိုင်နှုန်းများသည် အလုပ်လုပ်သောကလေးများ ဖြေဆိုသော လုပ်ငန်းကဏ္ဍ အမျိုးအစားပေါ်တွင် အခြေခံ၍ ခန့်မှန်းတွက်ချက် ဖော်ပြထားခြင်းဖြစ်ပါသည်။ စာရင်းဇယားထုတ်ယူရာ၌ လုပ်ငန်းအမျိုးအစားကို ဖြေဆိုခြင်းမရှိသော စာရင်းဇယားများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ လုပ်ငန်းအမျိုး

အစားနှင့်စပ်လျဉ်း၍ ဖြေဆိုမှုမရှိသောနှုန်းသည် ၂.၃% ခန့် (နမူနာ အလုပ်လုပ်သောကလေး ၂,၃၀၂ ယောက်တွင် ၅၃ ယောက်) သာရှိသည်ကို တွေ့ရှိရပါသည်။

ကလေးများ၏ လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော အဓိကလုပ်ငန်း အမျိုးအစားတွင် ကလေးများသည် တစ်ပတ်ပျမ်းမျှ ၅၁.၈ နာရီကြာ အလုပ်လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားသောလုပ်ငန်းများတွင် ၅၅ နာရီ၊ သတ္တုတူးဖော်ရေးနှင့်ကျောက်မိုင်းလုပ်ငန်းများတွင် ၄၈.၈ နာရီ အလုပ်လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်သော ယောကျ်ားလေးများသည် အဓိကလုပ်ငန်းကဏ္ဍများဖြစ်သော လယ်ယာ၊ သတ္တုတူးဖော်ရေးနှင့် ကျောက်တူးဖော်ရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် လက်လီလက်ကား ရောင်းဝယ်ရေးနှင့် အခြားလုပ်ငန်းများတွင် တစ်ပတ်လျှင် ၅၁ နာရီခန့် လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်သော မိန်းကလေးများ၏ အလုပ်ချိန်နာရီသည် ယောကျ်ားလေးများထက် ပျမ်းမျှအားဖြင့် အနည်းငယ်သာ ပိုသည်ကို တွေ့ရှိရပါသည်။ ကျား၊ မ အုပ်စုအချိုးသည် အဓိကလုပ်ငန်းအမျိုးအစားများ အားလုံးတွင် ထပ်တူနီးပါး ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသများရှိ အလုပ်လုပ်သော ကလေးများ၏ တစ်ပတ်အလုပ်ချိန်သည် ကျေးလက်ဒေသများထက် အနည်းငယ်မြင့်မားကြောင်း တွေ့ရှိရပါသည်။ အခြားလုပ်ငန်းအမျိုးအစားများသည် မြို့ပြဒေသများတွင် အများဆုံးအလုပ်ချိန် ၅၉.၂ နာရီဖြစ်ပြီး ၎င်းနောက်တွင် သတ္တုတူးဖော်ရေးနှင့် ကျောက်တူးဖော်ရေးလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများ ဖြစ်ပါသည်။ ကျန်အုပ်စုများသည် နောက်တွင်နီးကပ်စွာ တည်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးလက်ဒေသများတွင် လယ်ယာနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင်သာ အလုပ်ချိန် အနည်းငယ်ပိုသည်ကို တွေ့ရှိရပါသည်။

အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုရှိ အလုပ်လုပ်သောကလေးများသည် လုပ်ငန်းအမျိုးအစားများဖြစ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေး၊ လက်လီ၊ လက်ကား ရောင်းဝယ်ရေးနှင့် အခြားလုပ်ငန်းများတွင် အခြားအသက်အုပ်စုနှင့်နှိုင်းယှဉ်ကြည့်လျှင် တစ်ပတ်အလုပ်ချိန်များ ပိုမိုသည်ကိုတွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုရှိ အလုပ်လုပ်သောကလေးများ၏ အလုပ်ချိန်များသည် အဓိကလုပ်ငန်းအမျိုးအစားများတွင် တူညီလုနီးပါးရှိသည်ကို တွေ့ရှိရပါသည်။ အသက်အငယ်ဆုံးအုပ်စုသည် အဓိကလုပ်ငန်း အမျိုးအစားများတွင် ၎င်းတို့၏အလုပ်အကိုင်အတွက် တစ်နေ့လျှင် ၇ နာရီအောက် အလုပ်လုပ်နေကြသည်ကို တွေ့ရှိရပါသည်။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် အလုပ်လုပ်ပြီးကျောင်းတက်နေရသော ကလေးများသည် ၎င်းတို့၏ မူလတန်းပညာရေးအဆင့် ပြီးဆုံးသည့်အခါ အလုပ်ချိန် ပိုမိုရှည်ကြာစွာ

လုပ်ကိုင်လာရကြောင်း တွေ့ရှိရပြီး (အိမ်မှုကိစ္စများကိုလည်း လုပ်ကိုင်လာရပြီး) ကျောင်းတက်ရောက်ရန် အချိန်မပေးနိုင်ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား-၃၃။ မြို့ပြ၊ ကျေးလက်၊ ကျား၊ မနှင့် အသက်အုပ်စုအလိုက် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းအမျိုးအစားများအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ အပတ်စဉ်ပျမ်းမျှအလုပ်ချိန်

| နယ်ပယ် | အပတ်စဉ်ပျမ်းမျှ အလုပ်လုပ်ချိန် | | | | | | | အလုပ်လုပ်ကိုင်နေသော ခန့်မှန်းကလေးဦးရေ |
|---|---|---|---|---|---|---|---|---|
| | လယ်ယာ၊ သစ်တော၊ အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်း | သတ္တုတူးဖော်ခြင်းနှင့် ကျောက်မိုင်းလုပ်ငန်း | ကုန်ထုတ်လုပ်မှုလုပ်ငန်း | ဆောက်လုပ်ရေး | လက်လီ၊ လက်ကားရောင်းဝယ်ခြင်းလုပ်ငန်း | အခြား | အားလုံး | |
| ပြည်ထောင်စု | ၅၀.၄ | ၄၈.၈ | ၅၂.၃ | ၅၂.၈ | ၅၅.၀ | ၅၅.၄ | ၅၁.၈ | ၁,၂၅၁,၅၄၄ |
| ကျား၊ မ | | | | | | | | |
| ယောကျ်ားလေး | ၅၀.၁ | ၄၉.၀ | ၅၁.၇ | ၅၂.၆ | ၅၅.၆ | ၅၂.၀ | ၅၁.၁ | ၆၅၃,၁၅၈ |
| မိန်းကလေး | ၅၀.၇ | ၄၈.၄ | ၅၂.၉ | ၅၄.၀ | ၅၄.၆ | ၅၈.၉ | ၅၂.၅ | ၅၉၈,၃၈၆ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၄၅.၁ | ၅၅.၀ | ၅၂.၇ | ၄၉.၂ | ၅၅.၇ | ၅၉.၂ | ၅၄.၀ | ၂၄၃,၀၀၅ |
| ကျေးလက် | ၅၀.၅ | ၄၇.၀ | ၅၂.၁ | ၅၅.၇ | ၅၃.၉ | ၅၃.၃ | ၅၁.၂ | ၁,၀၀၈,၅၃၉ |
| အသက်အုပ်စု (နှစ်) | | | | | | | | |
| ၅-၁၁ | ၄၄.၅ | ၃၀.၀ | ၂၃.၀ | ၀.၀ | ၃၈.၆ | ၅၄.၀ | ၄၀.၉ | ၂၁,၉၃၅ |
| ၁၂-၁၄ | ၄၈.၅ | ၄၂.၈ | ၅၅.၇ | ၅၄.၀ | ၅၈.၉ | ၅၅.၉ | ၅၁.၅ | ၂၈၅,၄၃၈ |
| ၁၅-၁၇ | ၅၁.၀ | ၅၂.၀ | ၅၂.၈ | ၅၂.၄ | ၅၄.၂ | ၅၅.၂ | ၅၂.၁ | ၉၄၄,၁၇၁ |

## ၆.၆ ဝင်ငွေရရှိမှုသွင်ပြင်လက္ခဏာများ

ဤအခန်းတွင် ကလေးများ၏ အလုပ်အကိုင်အခြေအနေအလိုက် ဝင်ငွေရရှိမှုပုံစံများ၊ ပျမ်းမျှဝင်ငွေရရှိမှုနှင့်ပုံစံများ၊ လုပ်ခရသည့်အကြိမ်အရေအတွက်နှင့် ဝင်ငွေသုံးစွဲမှုပုံစံများကို ဖော်ပြထားပါသည်။ ဇယား ၃၄ တွင် မြန်မာနိုင်ငံ၏ ၀.၇ သန်းသော ကလေးများသည် လုပ်ခလစာရရှိသည့် အလုပ်အကိုင်များတွင် လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ နောက်ဆုံးလုပ်ခရရှိမှုတွင် တစ်လအတွက် လစာရရှိသည့် ကလေးအရေအတွက်မှာ ၃၀% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်သော ကလေးအများစု (၆၁.၁%) သည် ၎င်းတို့၏ လုပ်ခကို

တစ်ရက်ချင်းရရှိကြောင်း တွေ့ရှိရပါသည်။ ကျန်ရှိသော လုပ်ခပေးချေမှုပုံစံများကိုမူ အလုပ်လုပ်သော ကလေးများတွင် အနည်းငယ်သာ တွေ့ရှိရပါသည်။

နောက်ဆုံးလုပ်ခရရှိမှုတွင် တစ်လအတွက် ရရှိသည့် မိန်းကလေးအရေအတွက်မှာ ၃ ပုံ ၁ ပုံခန့်ရှိပြီး ယောကျ်ားလေးရာခိုင်နှုန်းမှာ ၂၇.၃% ဖြစ်သည်ကို တွေ့ရှိရပါသည်။ အဓိကအားဖြင့် ယောကျ်ားလေး ၆၃.၅% နှင့် မိန်းကလေး ၅၈.၇% သည် လုပ်ခကို တစ်ရက်အတွက် ရရှိကြကြောင်း တွေ့ရှိရပါသည်။ မြို့ပြရှိ အလုပ်လုပ်ကိုင်နေသောမိန်းကလေးများ၏ ၆၅% သည် တစ်လစာ လုပ်ခလစာရရှိကြပြီး မြို့ပြရှိ အလုပ်လုပ်ကိုင်နေသော ယောကျ်ားလေး ရာခိုင်နှုန်းမှာ ၄၆.၈% ဖြင့် အနည်းငယ် နည်းပါးသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသရှိ ယောကျ်ားလေး ၄၁.၄% နှင့် မိန်းကလေး ၂၇.၂% သည် တစ်ရက်အတွက် လုပ်ခ ရရှိကြပါသည်။ ကျေးလက်ဒေသရှိ ယောကျ်ားလေး ၁၉.၅% နှင့် မိန်းကလေး ၂၁.၉% သည် တစ်လအတွက် လုပ်ခရရှိကြပြီး မြို့ပြဒေသထက် များစွာနည်းပါးသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသရှိ ကလေးများ၏ ၇၀% သည် တစ်ရက်တာအတွက် လုပ်ခရရှိကြကြောင်း တွေ့ရှိရပါသည်။ မြို့ပြရှိကလေးများတွင် အဓိကအားဖြင့် တစ်လစာ လုပ်ခရရှိကြပြီး ကျေးလက်ရှိ ကလေးများတွင် တစ်ရက်စာ လုပ်ခလစာရရှိမှုသည် အဓိကဖြစ်သည်ကို တွေ့ရှိရပါသည်။ အဆိုပါ အကျိုးရလဒ်သည် မြို့ပြရှိ အလုပ်အကိုင်ရရှိမှုတွင် ပုံမှန်လုပ်ကိုင်ရမှုနှင့် လုံခြုံစိတ်ချရမှု အခြေအနေများနှင့် ဆက်စပ်နေပါသည်။ မိန်းကလေးများ၏ လအလိုက် လုပ်ခရရှိမှုသည် ယောကျ်ားလေးများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

**ဇယား-၃၄။ ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်ခရ အလုပ်လုပ်ကိုင်နေသော ကလေးများ၏ လုပ်ခ/လစာရရှိသည့် ကာလအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | နောက်ဆုံး လစာရရှိသည့် ကာလ | | | | | | လစာရရှိသည့် ခန့်မှန်း ကလေးဦးရေ |
|---|---|---|---|---|---|---|---|
| | တစ်ရက် | တစ်ပတ် | နှစ်ပတ် | တစ်လ | အခြား | စုစုပေါင်း | |
| **ပြည်ထောင်စု** | ၆၁.၁ | ၆.၁ | ၀.၆ | ၂၉.၉ | ၂.၃ | ၁၀၀.၀ | ၇၁၆,၈၇၇ |
| ယောကျ်ားလေး | ၆၃.၅ | ၅.၂ | ၁.၀ | ၂၇.၃ | ၃.၀ | ၁၀၀.၀ | ၃၆၉,၅၁၄ |
| မိန်းကလေး | ၅၈.၇ | ၆.၉ | ၀.၃ | ၃၂.၇ | ၁.၅ | ၁၀၀.၀ | ၃၄၇,၃၆၄ |
| **မြို့ပြ၊ ကျေးလက်** | | | | | | | |
| **မြို့ပြ** | ၃၅.၃ | ၇.၆ | ၁.၁ | ၅၅.၀ | ၁.၀ | ၁၀၀.၀ | ၁၉၁,၉၅၅ |
| ယောကျ်ားလေး | ၄၁.၄ | ၈.၂ | ၂.၁ | ၄၆.၈ | ၁.၄ | ၁၀၀.၀ | ၁၀၅,၁၃၀ |
| မိန်းကလေး | ၂၇.၇ | ၆.၈ | ၀.၀ | ၆၅.၀ | ၀.၄ | ၁၀၀.၀ | ၈၆,၈၂၅ |
| **ကျေးလက်** | ၇၀.၆ | ၅.၅ | ၀.၅ | ၂၀.၇ | ၂.၇ | ၁၀၀.၀ | ၅၂၄,၉၂၃ |
| ယောကျ်ားလေး | ၇၂.၂ | ၄.၁ | ၀.၅ | ၁၉.၅ | ၃.၇ | ၁၀၀.၀ | ၂၆၄,၃၈၄ |
| မိန်းကလေး | ၆၉.၀ | ၇.၀ | ၀.၄ | ၂၁.၉ | ၁.၈ | ၁၀၀.၀ | ၂၆၀,၅၃၉ |

| နယ်ပယ် | နောက်ဆုံး လစာရရှိသည့် ကာလ | | | | | | လစာရရှိသည့် ခန့်မှန်း ကလေးဦးရေ |
|---|---|---|---|---|---|---|---|
| | တစ်ရက် | တစ်ပတ် | နှစ်ပတ် | တစ်လ | အခြား | စုစုပေါင်း | |
| **အသက်အုပ်စု** | | | | | | | |
| ၅-၁၁ | ၇၁.၀ | ၀.၀ | ၀.၀ | ၂၉.၀ | ၀.၀ | ၁၀၀.၀ | ၁၀,၃၃၂ |
| ယောကျ်ားလေး | ၆၇.၉ | ၀.၀ | ၀.၀ | ၃၂.၁ | ၀.၀ | ၁၀၀.၀ | ၁,၀၄၉* |
| မိန်းကလေး | ၇၁.၄ | ၀.၀ | ၀.၀ | ၂၈.၆ | ၀.၀ | ၁၀၀.၀ | ၉,၂၈၂* |
| ၁၂-၁၄ | ၅၉.၂ | ၆.၀ | ၁.၄ | ၃၀.၁ | ၃.၄ | ၁၀၀.၀ | ၁၇၁,၉၂၂ |
| ယောကျ်ားလေး | ၆၂.၃ | ၄.၂ | ၁.၉ | ၂၆.၉ | ၄.၆ | ၁၀၀.၀ | ၈၈,၉၃၇ |
| မိန်းကလေး | ၅၅.၇ | ၇.၉ | ၀.၉ | ၃၃.၄ | ၂.၀ | ၁၀၀.၀ | ၈၂,၉၈၅ |
| ၁၅-၁၇ | ၆၁.၆ | ၆.၂ | ၀.၄ | ၂၉.၈ | ၁.၉ | ၁၀၀.၀ | ၅၃၄,၆၂၄ |
| ယောကျ်ားလေး | ၆၃.၈ | ၅.၆ | ၀.၇ | ၂၇.၄ | ၂.၅ | ၁၀၀.၀ | ၂၇၉,၅၂၇ |
| မိန်းကလေး | ၅၉.၂ | ၆.၉ | ၀.၁ | ၃၂.၅ | ၁.၃ | ၁၀၀.၀ | ၂၅၅,၀၉၆ |

*ဤခန့်မှန်းခြေများကို အလွန်နည်းပါးသော နမူနာပေါ်တွင် အခြေခံထားပါသည်။နမူနာကောက်ယူရာတွင် အဆိုပါ အသက်အုပ်စုများရှိ လုပ်ခလစာဖြင့် အလုပ် လုပ်ကိုင်လျက်ရှိသော ယောကျ်ားလေး ၃ ဦးနှင့် မိန်းကလေး ၁၂ ဦးသာ ရှိပါသည်။

အသက် ၁၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုအတွင်းရှိ ခန့်မှန်းခြေအားဖြင့် ၂၉.၈% သော ကလေးများသည် လုပ်ခလစာဖြင့် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ တစ်လအတွက် လုပ်ခရရှိသည့် မိန်းကလေးရာခိုင်နှုန်းသည် ယောကျ်ားလေးရာခိုင်နှုန်းထက် ပိုမိုများပြားသည်ကိုတွေ့ရှိရပါသည်။ တစ်ပတ်အတွက် လုပ်ခလစာရရှိမှုတွင်လည်း ပမာဏနည်းပါးသော်လည်း မိန်းကလေးရာခိုင်နှုန်းသည် ပိုမိုများသည်ကို တွေ့ရှိရပါသည်။ အဆိုပါဖြစ်စဉ်သည် အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုတွင်လည်း ရာခိုင်နှုန်းအားဖြင့် အနည်းငယ်သာ ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ် အသက်အုပ်စုတွင် တစ်လအတွက် လုပ်ခရရှိသည့် ရာခိုင်နှုန်းမှာ ၂၉% နှင့် တစ်ရက်အတွက် လုပ်ခရရှိမှုမှာ ၇၁% ဖြစ်ပါသည်။

**ဇယား-၃၅။ ကျား၊မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ တစ်ရက်ပျမ်းမျှဝင်ငွေ**

| နယ်ပယ် | နေ့စဉ်ဝင်ငွေ (ကျပ်ထောင်ပေါင်း) | လစဉ်လစာရငွေ (ကျပ်ထောင်ပေါင်း) | |
|---|---|---|---|
| | | တစ်လ | တစ်ရက်(ပြောင်းလဲတွက်ချက်) |
| **ပြည်ထောင်စု** | **၃.၅** | **၇၇.၀** | **၃.၁** |
| ယောကျ်ားလေး | ၃.၉ | ၈၁.၈ | ၃.၃ |
| မိန်းကလေး | ၃.၁ | ၇၂.၇ | ၂.၉ |
| **မြို့ပြ၊ ကျေးလက်** | | | |
| **မြို့ပြ** | **၄.၅** | **၇၉.၈** | **၃.၂** |
| ယောကျ်ားလေး | ၅.၇ | ၈၆.၂ | ၃.၄ |
| မိန်းကလေး | ၃.၀ | ၇၄.၁ | ၃.၀ |

| နယ်ပယ် | နေ့စဉ်ဝင်ငွေ (ကျပ်ထောင်ပေါင်း) | လစဉ်လစာရငွေ (ကျပ်ထောင်ပေါင်း) | |
|---|---|---|---|
| | | တစ်လ | တစ်ရက်(ပြောင်းလဲတွက်ချက်) |
| ကျေးလက် | ၃.၁ | ၇၄.၂ | ၃.၀ |
| ယောကျ်ားလေး | ၃.၂ | ၇၇.၅ | ၃.၁ |
| မိန်းကလေး | ၃.၁ | ၇၁.၃ | ၂.၉ |
| အသက်အုပ်စု | | | |
| ၅-၁၁* | ၂.၅ | ၆၄.၆ | ၂.၆ |
| ယောကျ်ားလေး* | ၃.၀ | ၃၅.၀ | ၁.၄ |
| မိန်းကလေး* | ၂.၄ | ၆၈.၃ | ၂.၇ |
| ၁၂-၁၄ | ၃.၃ | ၆၂.၆ | ၂.၅ |
| ယောကျ်ားလေး | ၃.၀ | ၆၄.၁ | ၂.၆ |
| မိန်းကလေး | ၃.၆ | ၆၁.၃ | ၂.၅ |
| ၁၅-၁၇ | ၃.၅ | ၈၁.၉ | ၃.၃ |
| ယောကျ်ားလေး | ၄.၁ | ၈၇.၇ | ၃.၅ |
| မိန်းကလေး | ၂.၉ | ၇၆.၇ | ၃.၁ |

*မှတ်ချက်။ တစ်လအတွက် လုပ်ခရရှိသည့် လစာများအတွက် တစ်ရက်လုပ်ခအဖြစ်ပြောင်းလဲတွက်ချက်ရာတွင် တစ်လအတွင်းအလုပ်လုပ်ရက်ကို ၂၅ ရက်အဖြစ် သတ်မှတ်၍တွက်ချက်ထားပါသည်။*

**ခန့်မှန်းတန်ဖိုးများသည် အလွန်နည်းသော နမူနာအရေအတွက်ပေါ်တွင် အခြေခံထားခြင်းဖြစ်ပါသည်။ ဤအသက်အပိုင်းအခြားအတွင်းတွင် လုပ်ခရအလုပ်လုပ်သော ယောကျ်ားလေး ၃ ဦးနှင့် မိန်းကလေး ၁၂ ဦး ကိုသာ နမူနာကောက်ယူနိုင်ခဲ့ပါသည်။*

ဇယား ၃၅ တွင် ကျား၊ မ၊ မြို့ပြ၊ ကျေးလက်နှင့် အသက်အုပ်စု အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ တစ်ရက် လုပ်ခရရှိမှုကို ဖော်ပြထားပါသည်။ ကလေးများ၏ လုပ်ခရရှိမှုတွင် တစ်လအတွက် လုပ်ခရရှိမှုကို တစ်ရက်အတွက် လုပ်ခရရှိမှု အဖြစ်ပြောင်းလဲလိုက်ပါက တစ်ရက်အတွက်လုပ်ခရရှိမှုသည် တစ်လအတွက် လုပ်ခရရှိမှုထက် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရမည်ဖြစ်ပြီး ဖြစ်နိုင်သည်မှာ အလုပ်အကိုင်မလုံခြုံမှုအတွက် အနည်းငယ်သော လျော်ကြေးကို ထည့်သွင်းပေးထားခြင်းဟု သုံးသပ်နိုင်ပါသည်။ ယောကျ်ားလေးများသည် မိန်းကလေးများထက် အနည်းငယ်သာပိုမိုရရှိသည်ကို တွေ့ရှိရပါသည်။

မြို့ပြရှိ ယောကျ်ားလေးများ၏ လစာသည် ကျေးလက်ထက် ပိုမိုများပြားပြီး အခြားတစ်ဖက်တွင်မူ ကျေးလက်ရှိ မိန်းကလေးများသည် တစ်ရက်အတွက် လုပ်ခရရှိမှုပုံစံဖြင့် မြို့ပြရှိ မိန်းကလေးများထက် ပိုမိုကောင်းမွန်သော လုပ်ခရရှိသည်ကို တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက် မခွဲခြားဘဲ တစ်ရက်စာလုပ်ခရရှိမှု (သို့မဟုတ်) တစ်လစာလုပ်ခရရှိမှုများတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အသက်အုပ်စုနှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုတွင် တစ်ရက်အတွက် လုပ်ခရရှိမှုသည် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

ဇယား-၃၆။ လုပ်ငန်းအမျိုးအစားအလိုက် ပျမ်းမျှတစ်နာရီအတွက်ဝင်ငွေ

| လုပ်ငန်း | ဝင်ငွေ (ကျပ်ထောင်ပေါင်း) / နာရီ | | |
|---|---|---|---|
| | ယောကျ်ားလေး | မိန်းကလေး | ကလေးအားလုံး |
| ပြည်ထောင်စု | ၀.၅ | ၀.၄ | ၀.၄ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၀.၄ | ၀.၄ | ၀.၄ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၀.၄ | ၃.၄ | ၀.၆ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၀.၆ | ၀.၄ | ၀.၅ |
| ဆောက်လုပ်ရေး | ၀.၄ | ၀.၈ | ၀.၅ |
| လက်လီ၊ လက်ကား ရောင်းဝယ်ရေး | ၀.၆ | ၀.၃ | ၀.၅ |
| အခြားလုပ်ငန်းများ | ၀.၅ | ၀.၄ | ၀.၄ |

ဇယား ၃၆ တွင် မြန်မာနိုင်ငံ၏ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသည့် ကလေးများ၏ ပျမ်းမျှတစ်နာရီဝင်ငွေရရှိမှုများကို ဖော်ပြထားပါသည်။ ဇယားတွင် ဖော်ပြထားသော ခန့်မှန်းတန်ဖိုးများမှာ လုပ်ခလစာရရှိသော ကလေးလုပ်သားများ၏ တစ်ပတ်အလုပ်ချိန်နာရီနှင့် တစ်ပတ်အတွင်း ဝင်ငွေများအပေါ် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။ နမူနာလုပ်ခရ အလုပ်လုပ်သောကလေးအရေအတွက် ၁,၂၃၇ တွင် ၁၇ ဦးသည် တစ်ပတ်အလုပ်ချိန်နာရီ သို့မဟုတ် ဝင်ငွေတို့ကို ဖြေဆိုခြင်းမရှိပါ။ သို့ဖြစ်၍ ဇယားတွင်ဖော်ပြထားချက်များသည် တစ်ပတ်အတွင်း အလုပ်ချိန်နာရီနှင့် ဝင်ငွေ နှစ်မျိုးလုံးကိုဖြေဆိုခဲ့သော လုပ်ခရ အလုပ်လုပ်သည့် နမူနာကလေး ၁,၂၂၀ ဦးပေါ်တွင်သာ အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

ပျမ်းမျှအားဖြင့် ကလေး အလုပ်သမားတစ်ဦးသည် တစ်နာရီလျှင် ၄၀၀ ကျပ် ရရှိပါသည်။ သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်းအမျိုးအစားတွင် အမြင့်ဆုံးလုပ်ခရရှိပြီး တစ်နာရီလျှင် ၆၀၀ကျပ်၊ ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေးနှင့် လက်လီ၊ လက်ကား ရောင်းဝယ်ရေး လုပ်ငန်းတွင် တစ်နာရီလျှင် ၅၀၀ကျပ် ရရှိသည်ကို တွေ့ရှိရပါသည်။ 'အခြားလုပ်ငန်း' များတွင် တစ်နာရီလျှင် ၄၀၀ကျပ် နီးပါးရရှိပါသည်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းမှ လွဲ၍ အခြားသော အဓိကလုပ်ငန်းအားလုံးတွင် ယောကျ်ားလေးများ၏ တစ်နာရီဝင်ငွေရရှိမှုသည် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ၂ ဆ ပိုမိုရရှိ သည်ကို တွေ့ရှိရပါသည်။

## ၆.၇ အခြားဆက်စပ်သည့် သွင်ပြင်လက္ခဏာများ

ဤအခန်းတွင် ယခင်အခန်းများတွင် ရှင်းလင်းတင်ပြထားသော အကြောင်းအရာများ အပြင် ယောကျ်ားလေးနှင့် မိန်းကလေးများ၏ အလုပ်လုပ်ကိုင်နေသော အခြေအနေများနှင့် သွင်ပြင်လက္ခဏာများကိုနားလည်သဘောပေါက်စေရန်အတွက် အခြားဆက်စပ်သည့် အကြောင်းအရာများကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ထိုသို့ဖော်ပြရာတွင် အလုပ်နေရာ၊ ကျား၊ မ၊ အသက်အုပ်စုများနှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သတင်းအချက်အလက်များကို ဖော်ပြသွားမည်ဖြစ်ပါသည်။

ဇယား ၃၇ တွင် အလုပ်နေရာများအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ခန့်မှန်းခြေကို ဖော်ပြထားပါသည်။ ဤဇယားကိုကြည့်ခြင်းအားဖြင့် အလုပ်လုပ်သော ကလေးများ၏တစ်နေ့တာ အလုပ်ချိန်နာရီများကို မည်သို့သောလုပ်ငန်းခွင် ပတ်ဝန်းကျင်တွင် ကုန်ဆုံးနေကြသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ဇယား-၃၇။ အလုပ်လုပ်ကိုင်နေသည့် အလုပ်နေရာအလိုက် ကလေးများပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | အလုပ်လုပ်ကိုင်နေသော ကလေးရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အိမ်ထဲ (သို့) အိမ်ဘေး | အလုပ်ရှင်၏ အိမ်/ အလုပ် နေရာ | နေရာ အတည်တကျနှင့် အဆောက်အဦ | နေရာ အတည်တကျ ရှိသော် လည်း အဆောက်အဦမရှိ | နေရာအတည်တကျမရှိ (လမ်းတွင် လှည်လည်ရောင်းသူ စသည်) | မွေးမြူရေးခြံ၊ စိုက်ခင်း၊ ပင်လယ်၊ မြစ်၊ ဆောက်လုပ်ရေး လုပ်ငန်းခွင် | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၈.၉ | ၂၁.၀ | ၇.၂ | ၃.၀ | ၃.၆ | ၅၅.၇ | ၀.၄ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | |
| ယောကျ်ားလေး | ၇.၆ | ၂၀.၇ | ၆.၃ | ၃.၅ | ၃.၈ | ၅၇.၆ | ၀.၅ | ၁၀၀.၀ |
| မိန်းကလေး | ၁၀.၅ | ၂၁.၄ | ၈.၃ | ၂.၅ | ၃.၄ | ၅၃.၅ | ၀.၄ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၁၄.၂ | ၄၄.၆ | ၂၀.၉ | ၃.၄ | ၃.၆ | ၁၃.၁ | ၀.၀ | ၁၀၀.၀ |
| ကျေးလက် | ၇.၇ | ၁၅.၂ | ၃.၉ | ၂.၉ | ၃.၆ | ၆၆.၂ | ၀.၆ | ၁၀၀.၀ |
| အသက်အုပ်စု (နှစ်) | | | | | | | | |
| ၅-၁၁ | ၂၂.၇ | ၂၄.၈ | ၁၁.၉ | ၁.၄ | ၁.၄ | ၃၇.၈ | ၀.၀ | ၁၀၀.၀ |
| ၁၂-၁၄ | ၈.၅ | ၂၁.၈ | ၈.၄ | ၃.၃ | ၄.၅ | ၅၂.၉ | ၀.၆ | ၁၀၀.၀ |
| ၁၅-၁၇ | ၈.၈ | ၂၀.၇ | ၆.၈ | ၂.၉ | ၃.၄ | ၅၆.၉ | ၀.၄ | ၁၀၀.၀ |

ဇယား ၃၇ တွင် ကလေးအများစု (၅၅.၇%) သည် လယ်ယာ၊ စိုက်ပျိုးရေး၊ မြစ်၊ ပင်လယ်၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အဓိကအားဖြင့် လုပ်ကိုင်နေသည်ကို တွေ့ရှိရ ပါသည်။ အဆိုပါရာခိုင်နှုန်း၏ ၃ ပုံ ၁ ပုံသည် အလုပ်ရှင်၏ အိမ်၊ အလုပ်နေရာတွင် လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ အိမ်ရှေ့၊ အိမ်ဘေးနေရာတွင် အလုပ်လုပ်ကိုင်နေမှုမှာ ၉% နှင့် နေရာအတည်တကျနှင့် အဆောက်အဦအတည်တကျဖြင့် လုပ်ကိုင်နေသည့် ရာခိုင်နှုန်းမှာ ၇% ဖြစ်သည်ကို တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်နေသောကလေးများ၏ ၈၆% ကျော်သည် မွေးမြူရေး၊ လယ်ယာစိုက်ခင်း၊ အိမ်ထဲ၊ အိမ်ရှေ့နှင့် အလုပ်ရှင်၏ အိမ်၊ အလုပ်နေရာတွင် လုပ်ကိုင်နေသူများ ဖြစ်ကြပါသည်။ ယောကျ်ားလေး ၅၈% နှင့် မိန်းကလေး ၅၄% ခန့်သည် လယ်ယာစိုက်ခင်းများတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်၏ အိမ် (သို့မဟုတ်) အိမ်ရှေ့၊ အိမ်ဘေးတွင် အလုပ်လုပ်ကိုင်ခြင်းတွင် မိန်းကလေးများ၏ပါဝင်မှုမှာ အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ယောကျ်ားလေးနှင့် မိန်းကလေးအကြား အလုပ်နေရာအလိုက် ပျံ့နှံ့မှုကို ဖော်ပြရာတွင် ရွေးချယ်ရန် အခက်အခဲများစွာရှိသည်ကို တွေ့ရှိရပါသည်။

မျှော်လင့်ထားသည့်အတိုင်း ကျေးလက်ဒေသတွင် ၆၆% ကျော်သည် လယ်ယာစိုက်ခင်းများ၌ လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ အိမ်ရှေ့၊ အိမ်ဘေး၊ နေရာအတည်တကျနှင့် အဆောက်အဦ အတည်တကျဖြင့် အလုပ်ရှင်၏အိမ်၊ အလုပ်နေရာတွင် လုပ်ကိုင်နေမှုများတွင် မြို့ပြရှိ အလုပ်လုပ်ကိုင်နေသော ကလေးရာခိုင်နှုန်းသည် ကျေးလက်ဒေသထက် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ အဓိကအားဖြင့် အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုတွင် ၅၂.၉% နှင့် အသက် ၁၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုတွင် ၅၆.၉% သည် လယ်ယာစိုက်ခင်းများတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ အသက်အုပ်စုအားလုံးတွင် အလုပ်ရှင်၏အိမ်/ အလုပ်နေရာတွင် လုပ်ကိုင်နေသည့် ရာခိုင်နှုန်းမှာ ၂၀-၂၅% ရှိကြောင်း တွေ့ရှိရပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အသက်အုပ်စု၏ အိမ်ထဲ၊ အိမ်ဘေးတွင် လုပ်ကိုင်ရမှုသည် ၂၂.၇% ဖြစ်သည်ကို တွေ့ရှိရပါသည်။

**ဇယား-၃၈။ အလုပ်နေရာ ပိုင်ဆိုင်မှုအလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အစိုးရ/ အများပိုင် | ပုဂ္ဂလိက ပိုင် | အခြား | စုစုပေါင်း | အလုပ်လုပ်ကိုင်နေသော ခန့်မှန်းကလေးဦးရေ (အလုပ်နေရာပိုင်ဆိုင်မှု ကိုဖြေဆိုသော) |
|---|---|---|---|---|---|
| ပြည်ထောင်စု | ၁.၈ | ၉၃.၉ | ၄.၃ | ၁၀၀.၀ | ၁,၂၆၄,၇၁၂ |
| ကျား၊ မ | | | | | |
| ယောကျ်ားလေး | ၁.၉ | ၉၅.၀ | ၃.၁ | ၁၀၀.၀ | ၆၆၇,၇၃၀ |
| မိန်းကလေး | ၁.၆ | ၉၂.၇ | ၅.၇ | ၁၀၀.၀ | ၅၉၆,၉၈၂ |

| နယ်ပယ် | အစိုးရ/ အများပိုင် | ပုဂ္ဂလိက ပိုင် | အခြား | စုစုပေါင်း | အလုပ်လုပ်ကိုင်နေသော ခန့်မှန်းကလေးဦးရေ (အလုပ်နေရာပိုင်ဆိုင်မှု ကိုဖြေဆိုသော) |
|---|---|---|---|---|---|
| **မြို့ပြ၊ ကျေးလက်** | | | | | |
| မြို့ပြ | ၃.၅ | ၈၆.၆ | ၉.၉ | ၁၀၀.၀ | ၂၅၀,၅၂၂ |
| ကျေးလက် | ၁.၃ | ၉၅.၇ | ၃.၀ | ၁၀၀.၀ | ၁,၀၁၄,၁၉၀ |
| **အသက်အုပ်စု (နှစ်)** | | | | | |
| ၅-၁၁ | ၀.၀ | ၉၅.၇ | ၄.၃ | ၁၀၀.၀ | ၂၁,၉၃၅ |
| ၁၂-၁၄ | ၀.၈ | ၉၆.၉ | ၂.၃ | ၁၀၀.၀ | ၂၈၆,၅၁၅ |
| ၁၅-၁၇ | ၂.၁ | ၉၃.၀ | ၄.၉ | ၁၀၀.၀ | ၉၅၆,၂၆၂ |

*မှတ်ချက်။ ဇယားရှိ ပုဂ္ဂလိကလုပ်ငန်းဆိုသည်မှာ အိမ်ထောင်စုများပိုင်ဆိုင်သည့် လုပ်ငန်းများအပါအဝင် တစ်နိုင်ငံလုံးတွင် လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကပိုင်လုပ်ငန်းအားလုံးကို ကိုယ်စားပြုပါသည်။*

ဇယား ၃၈ တွင် ကလေးများ၏ အလုပ်နေရာများ၏ ပိုင်ဆိုင်မှုအမျိုးအစားအလိုက် ပျံ့နှံ့မှုကို ဖော်ပြထားပါသည်။ ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ၉၄% ခန့်က လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ အစိုးရ/အများပိုင်လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေသော ကလေးရာခိုင်နှုန်းမှာ အလွန်နည်းပါးပြီး ၁.၈% သာရှိသည်ကို တွေ့ရှိရပါသည်။ အစိုးရ/အများပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ယောကျာ်းလေး ရာခိုင်နှုန်းမှာ ၁.၉% ဖြစ်ပြီး မိန်းကလေးရာခိုင်နှုန်းထက် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။

ကျေးလက်ဒေသရှိ ကလေး ၉၆% နှင့် မြို့ပြဒေသရှိ ကလေး ၈၇% မှာ ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ မြို့ပြဒေသတွင် 'အခြား' ပိုင်ဆိုင်မှုအမျိုးအစား၌ လုပ်ကိုင်နေသူများမှာ ၁၀% ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ အစိုးရ/အများပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေမှု၌ မြို့ပြဒေသများသည် ကျေးလက်ဒေသများထက် ၃ ဆ ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ အသက်အုပ်စု အားလုံးတွင် ၉၃.၉၇% ကျော်သည် အဓိကအားဖြင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ 'အခြား' ပိုင်ဆိုင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသည့်ရာခိုင်နှုန်းမှာ အလွန်ပင်နည်းပါးသည်ကို တွေ့ရှိရပါသည်။

# အခန်း ၇

# ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်များ

## ၇.၁ နိဒါန်း

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အတည်ပြုလက်ခံ ကျင့်သုံး ထားပြီးဖြစ်ပါသည်။ သို့ရာတွင် လက်ရှိအခြေအနေများအရ မြန်မာနိုင်ငံ၌ ကလေးလုပ်သား များနှင့်ပတ်သက်၍ တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပါ။ ကလေးသူငယ်ဥပဒေတွင် ‘ကလေးသူငယ်’ကို အသက် ၁၆ နှစ်အောက် အရွယ်ရှိသူဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိအလုပ်သမား ဥပဒေများအရ စက်ရုံများ၊ ဈေးဆိုင်များ၊ စီးပွားဖြစ် သို့မဟုတ် အများပြည်သူ ဖျော်ဖြေရေး လုပ်ငန်းများတွင် လုပ်ကိုင်နိုင်သော အနိမ့်ဆုံးအသက်ကို ၁၄ နှစ်ဟု ဆိုင်နှင့် အလုပ်ဌာနအက်ဥပဒေပြင်ဆင်ချက် ၂၀၁၆ အရ သတ်မှတ်ထားပါသည်။ ထို့ပြင် အလုပ်သမားရေးရာဥပဒေများတွင် အသက် ၁၄ နှစ်မှ ၁၆ နှစ်အရွယ်ရှိ ကလေးသူငယ်များကို နံနက် ၆ နာရီမှ ည ၆ နာရီ အတွင်း တစ်ရက်လျှင် ၄ နာရီ ထက်ပို၍ အလုပ်လုပ်ခြင်းကို တားမြစ်ထားပြီး အလုပ်လုပ်ကိုင်မည်ဆိုပါက ကျန်းမာကြောင်း ထောက်ခံချက် လိုအပ်ပါသည်။ ထို့အပြင် အလုပ်ချိန်နာရီနှင့် ပတ်သက်၍ လက်ရှိကျင့်သုံးမှု အခြေအနေဖြင့် အသက် ၁၄ နှစ်မှ ၁၆ နှစ်အကြား ကလေးသူငယ်များကို တစ်ရက်လျှင် ၄ နာရီ အောက်သာ ခိုင်းစေရမည်ဖြစ်ပြီး အသက် ၁၆ နှစ်နှင့် အထက်ရှိကလေးငယ်များအား ၈ နာရီသာ ခိုင်းစေခွင့်ပြုထားပြီး ၎င်းတို့အား ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း အလုပ်ခိုင်းစေခြင်း မပြုရန် သတ်မှတ်ထားပါသည်။ အသက် ၁၆ နှစ်မှ ၁၇ နှစ် အတွင်းရှိ ကလေးသူငယ်များ အတွက် တစ်ပတ်လျှင် အများဆုံးအလုပ်ချိန်သည် ၁၆ နာရီ သတ်မှတ်ထားသည်ကို တွေ့ရှိရ ပါသည်။

သို့ရာတွင် နိုင်ငံအဆင့် အလုပ်သမားဥပဒေကို တစ်နိုင်ငံလုံးအတွက်ခြုံငုံ၍ သုံးသပ် လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်များတွင် အလုပ် လုပ်နိုင်သော အငယ်ဆုံးအသက် သတ်မှတ်ချက်မှုများကို ချမှတ်ထားသော်လည်း ကလေး လုပ်သားအများစုရှိသည်ဟု ယုံကြည်ရသော သမရိုးကျမဟုတ်သော (informal) စီးပွားရေး လုပ်ငန်းများ၌ လုပ်ကိုင်လျက်ရှိသော ကလေးသူငယ်များအားလုံးကို ခြုံငုံမိခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဤအခန်းသည် အစီရင်ခံစာတွင် ကလေးလုပ်သား အညွှန်းကိန်း တစ်ခုစီ တွက်ချက်ရန် အသုံးပြုသော ခန့်မှန်းခြေနည်းစနစ်၏ အကျဉ်းချုပ်နှင့် အန္တရာယ်ရှိသော အလုပ်များ၏ သွင်ပြင်လက္ခဏာများကို ဖော်ပြထားပါသည်။

ဤအခန်းသည် တားမြစ်ထားပြီး အန္တရာယ်ရှိသော လုပ်ဆောင်ချက်များ သို့မဟုတ် လူမှုရေးပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာအရ မလိုလားအပ်သော အလုပ်အမျိုးအစားတွင် ကလေးလုပ်သားများအဖြစ် ပါဝင်လုပ်ကိုင်နေရသော ကလေးသူငယ်များ၏ အခြေအနေများကို ဦးစားပေးဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် ကလေးလုပ်သားနှင့်စပ်လျဉ်း၍ တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးပါ ။ ထို့ကြောင့် စစ်တမ်းတွင်အသုံးပြုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် နိုင်ငံတကာတွင် ကျင့်သုံးနေမှုအရ အောက်တွင်ဖော်ပြထားသော ပုံစံများတွင် အလုပ်လုပ်သောကလေး အမျိုးအစားများကို ကလေးလုပ်သားအဖြစ် သတ်မှတ်ပါသည် -

(က) အသက် ၅ နှစ် မှ ၁၇ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် အန္တရာယ်ရှိသော အလုပ်များတွင် တစ်ပတ်လျှင်အနည်းဆုံး တစ်နာရီ လုပ်ကိုင်ခြင်း၊ (သို့မဟုတ်)

(ခ) အသက် ၅ နှစ် မှ ၁၂ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် အနည်းဆုံး တစ်နာရီ လုပ်ကိုင်ခြင်း၊ (သို့မဟုတ်)

(ဂ) အသက် ၁၃ နှစ် မှ ၁၄ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၂၄ နာရီထက်ပို၍ လုပ်ကိုင်ခြင်း သို့မဟုတ် ညအချိန်များ (ည ၆ နာရီမှ နံနက် ၆ နာရီ) တွင် အလုပ်လုပ်ခြင်း (သို့မဟုတ်)

(ဃ) အသက် ၁၅ နှစ် မှ ၁၇ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၄၄ နာရီ ထက်ပို၍လုပ်ကိုင်ခြင်း၊

ကျန်ရှိသည့် အလုပ်လုပ်သော ကလေးများကို ဤအစီရင်ခံစာတွင် ကလေးလုပ်သားအဖြစ် မသတ်မှတ်ဘဲ ‘ကလေးလုပ်သား မဟုတ်သည့် အလုပ်လုပ်နေသော ကလေးများ’ ဟူ၍ သတ်မှတ်ထားပါသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်များ လုပ်ကိုင်ရန်မသင့်သော အန္တရာယ်ရှိသည့်လုပ်ငန်းများနှင့် အလုပ်အကိုင်များ၏ တရားဝင်စာရင်း ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ကို လက်ခံကျင့်သုံးထားသော နိုင်ငံများသည် အန္တရာယ်ရှိသောလုပ်ငန်းများကို ‘သက်ဆိုင်ရာ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင်ထည့်သွင်း စဉ်းစားလျက် ပြည်တွင်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ်ပြဋ္ဌာန်းပေးရန်’ တာဝန်ရှိပါသည်။ ထို့ပြင် နိုင်ငံများသည် ထားရှိရမည့် အလုပ်အကိုင်အမျိုးအစားများကို သတ်မှတ်ပေးရန်၊ ကလေးသူငယ်များ လုပ်ကိုင်ရန်မသင့်သော သို့မဟုတ်

ခိုင်းစေရန်မသင့်သော သတ်မှတ်ထားသည့် အန္တရာယ်ရှိသောလုပ်ငန်းများနှင့် အလုပ်အကိုင်များ စာရင်းကို အသိပေးရန်၊ သုံးသပ်ရန်နှင့် စာရင်းကို အခါအားလျော်စွာ ပြင်ဆင်ရန်တာဝန်ရှိ ပါသည်။ ဤလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၌ စတင်ခြင်းမရှိသေးပါ။

သို့ရာတွင် ကလေးလုပ်သားများကို လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်း အပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင် ကောက်ယူရရှိခဲ့သော အောက်ပါအချက်အလက်များကို အခြေခံတွက်ချက်ထားပါသည်-

- ကလေးများကို ဖုန်မှုန့်၊ အခိုးအငွေ့၊ မီး၊ ဓာတ်ငွေ့နှင့် မီးတောက်၊ ကျယ်လောင်သော အသံ၊ တုန်ခါမှု၊ ပြင်းထန်သော အအေး သို့မဟုတ် အပူနှင့် ထိတွေ့ရသောအလုပ်၊
- မြေအောက်၊ ရေအောက်၊ အန္တရာယ်ရှိသောအမြင့် သို့မဟုတ် ကန့်သတ်ထားသော နေရာများ၌ လုပ်ကိုင်ရသောအလုပ်၊
- အန္တရာယ်ရှိသော စက်ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ လက်နက်ကိရိယာများ၊ သို့မဟုတ် အလွန်လေးလံသော အရာများကို လက်ဖြင့် ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သယ်ယူပို့ဆောင်ရသော အလုပ်၊
- ကလေးများကို ကျန်းမာရေးမကောင်းသော ပတ်ဝန်းကျင် ဥပမာအားဖြင့် အန္တရာယ်ရှိ သောအရာများ၊ ထောက်ကူပစ္စည်းများ သို့မဟုတ် လုပ်ငန်းစဉ်များ သို့မဟုတ် အပူချိန် များ၊ ဆူညံမှုအဆင့်များ သို့မဟုတ် ကျန်းမာရေးထိခိုက်စေသော တုန်ခါမှုများရှိသော အလုပ်၊
- အချိန်ကြာမြင့်သော အလုပ်များ၊ ညဆိုင်း အလုပ်များ သို့မဟုတ် အလုပ်ရှင်၏ ပိုင်နက် အတွင်း မလျော်ကန်သောပုံစံဖြင့် ကန့်သတ်ထားသော အလုပ်များကဲ့သို့သော အထူးခက်ခဲသော အခြေအနေအောက်ရှိ အလုပ်။

အကယ်၍ အခြားမှတ်သားရန်အချက်မှာ ကလေးများအနေဖြင့် အထက်တွင်ဖော်ပြထား သော အမှတ်စဉ် ၁ မှ ၃ ပါ အခြေအနေတစ်ခုခုဖြင့် ကိုက်ညီနေပါက ကလေးများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ကလေးတစ်ဦး၏ ဖွံ့ဖြိုးမှုကို ဆိုးကျိုးသက်ရောက်မှုဖြစ်စေသော အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသောကလေးများအဖြစ် သတ်မှတ်ရမည် ဖြစ်ပါသည်။ လုပ်သားအင်အားစစ်တမ်းနှင့် ကလေးလုပ်သားစစ်တမ်းတွင် အသုံးပြုထားသော စာရင်းအင်းဆိုင်ရာနည်းလမ်းအတိုင်း အလုပ်သမားများ၏ နေထိုင်ရာအိမ်ထောင်စုများသို့ သွားရောက် မေးမြန်းထားမှုများဖြစ်ပြီး အဖြေများသည် ဖြေဆိုသူပြောသမျှ အချက်အလက်များ ပေါ်တွင် အခြေခံထားပါသည်။ အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များ ဖြေဆိုချက်များ အပေါ် ပြန်လည်စစ်ဆေးသည့်အနေဖြင့် အလုပ်ခွင်သို့သွားရောက်မေးမြန်းခြင်းများ မပြုလုပ်ခဲ့

ပါ ။ ထို့ကြောင့် လုပ်ငန်းခွင်များတွင် အမှန်တကယ် အန္တရာယ်ရှိသော အခြေအနေကို သေချာစွာ ဖော်ပြ၍မရပေ။ ပိုမိုတိကျသော ဆန်းစစ်လေ့လာမှုအတွက် ဤကိစ္စနှင့်စပ်လျဉ်းသည့် နောက်ထပ် သုတေသနပြုမှု သို့မဟုတ် လေ့လာမှုကို ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

## ၇.၂ ကလေးလုပ်သား

အခန်း (၄) တွင် ဖော်ပြထားသော ကလေးလုပ်သားဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များ အရ ကလေးလုပ်သားများကို ၎င်းတို့၏အလုပ်အကိုင်အမျိုးအစားနှင့် အခြေအနေအရ အပြန် အလှန်ပါဝင်ခြင်းမရှိသော သီးခြားအမျိုးအစားအလိုက် အုပ်စုခွဲခြားနိုင်ပါသည်။ ဤအမျိုးအစား ခွဲခြားခြင်းသည် ကလေးများအနေဖြင့် အခက်အခဲများစွာ ရင်ဆိုင်နေရသော်လည်း ကလေး တစ်ဦးလျှင် တစ်ကြိမ်သာထည့်သွင်းရေတွက်သော ပုံနှိပ်မှုရာခိုင်နှုန်းကို ဖြည့်ဆည်းပေးပါသည်။

အန္တရာယ်ရှိသော အလုပ်အပြင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုကို အိမ်ထောင်စုအခြေပြု ကလေးလုပ်သားစစ်တမ်းများမှ ဖော်ပြနိုင်ခြင်းမရှိသည့်အတွက် အဆိုပါ ကလေးလုပ်သားပုံစံကို ယခုကလေးလုပ်သား ခန့်မှန်းတန်ဖိုးများတွင် ဖော်ပြထားခြင်းမရှိပါ။ သို့ဖြစ်၍ စာရင်းအင်းဆိုင်ရာ တိုင်းတာမှုအတွက် ကလေးလုပ်သား အမျိုးအစားခွဲခြားခြင်း ဖြစ်စဉ်တွင် အောက်ပါအတိုင်းပါဝင်ပါသည် -

(၁) အန္တရာယ်ရှိသောအလုပ်

- အန္တရာယ်ရှိသော လုပ်ငန်းအမျိုးအစားများဟု သတ်မှတ်ထားသော လုပ်ငန်း များတွင် လုပ်ကိုင်နေသည့် အသက် ၅ နှစ်မှ ၁၇ နှစ်ရှိ ကလေးများအားလုံး (အမည်အားဖြင့် သတ္တုတူးဖော်ရေးနှင့် ကျောက်တူးဖော်ခြင်း လုပ်ငန်းနှင့် ဆောက်လုပ်ရေး)
- အသက် ၅ နှစ်မှ ၁၇ နှစ်ရှိ အလုပ်လုပ်သော ကလေးများအနက် အန္တရာယ်ရှိ သည့် လုပ်ငန်းအမျိုးအစားများတွင် လုပ်ကိုင်ခြင်းမရှိသော်လည်း သတ်မှတ် ထားသော အန္တရာယ်ရှိသည့် အလုပ်အကိုင်များတွင်လုပ်ကိုင်နေသည့် ကလေး များ အားလုံး
- အသက် ၅ နှစ်မှ ၁၇ နှစ်ရှိ အလုပ်လုပ်သော ကလေးများအနက် အန္တရာယ် ရှိသည့် လုပ်ငန်းအမျိုးအစားများနှင့် အန္တရာယ်ရှိသည့် အလုပ်အကိုင်များတွင် လည်း လုပ်ကိုင်ခြင်းမရှိသော်လည်း အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်နေသည့် ကလေးများအားလုံး (တစ်ပတ်လျှင် ၄၃ နာရီ သို့မဟုတ် ထိုထက်ပိုသောနာရီ)
- အသက် ၅ နှစ်မှ ၁၇ နှစ်ရှိ အလုပ်လုပ်သော ကလေးများအနက် အန္တရာယ် ရှိသည့် လုပ်ငန်းအမျိုးအစားများနှင့် အန္တရာယ်ရှိသည့် အလုပ်အကိုင်များတွင်

လုပ်ကိုင်ခြင်းမရှိ၊ အလုပ်ချိန် မကြာမြင့်သော်လည်း အန္တရာယ်ရှိသည့် အခြေအနေတွင် လုပ်ကိုင်နေသည့် ကလေးများအားလုံး

(၂) အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေခြင်းမှလွဲ၍ ကလေးလုပ်သားများအဖြစ် သတ်မှတ်ခြင်းတွင်-

- အန္တရာယ်ရှိ လုပ်ငန်းများတွင် လုပ်ကိုင်ခြင်းမရှိသော်လည်း အသက် ၅ နှစ်မှ ၁၁ နှစ်ရှိ အလုပ်လုပ်ကိုင်နေသောကလေး
- အန္တရာယ်ရှိ လုပ်ငန်းများတွင် လုပ်ကိုင်ခြင်းမရှိသော်လည်း (သက်သာသည့် အလုပ်မဟုတ်ဘဲ) အလုပ်ချိန် ၁၄ နာရီ သို့မဟုတ် ၎င်းထက်ပို၍ လုပ်ကိုင်နေရသော အသက် ၁၂ နှစ်မှ ၁၄ နှစ်ရှိ ကလေးများအားလုံး

## ၇.၃ အဓိက ကလေးလုပ်သား သွင်ပြင်လက္ခဏာများ

ဤအပိုင်းတွင် နိုင်ငံအတွင်းရှိ ကလေးလုပ်သားပုံစံများနှင့် ပါဝင်ဖွဲ့စည်းမှုပုံစံအမျိုးမျိုးကိုဖော်ပြထားပါသည်။ အချက်အလက်များကို ဖော်ပြရာတွင် ကျား၊ မ၊ အသက်အုပ်စု၊ မြို့ပြ၊ ကျေးလက်အလိုက် ကလေးသူငယ်များတွင် ကလေးလုပ်သား၊ ကလေးလုပ်သားမဟုတ်သော အလုပ်လုပ်သောကလေး၊ အလုပ်မလုပ်သောကလေးများ၏ ပါဝင်မှုအရေအတွက်နှင့် ရာခိုင်နှုန်းများကိုဖော်ပြထားပါသည်။

ဇယား ၃၉ တွင် မြန်မာနိုင်ငံရှိ ကလေးသူငယ် ၉.၃% သို့မဟုတ် စုစုပေါင်း ၁၂.၁၄ သန်းအနက် ၁.၁၂ သန်းသည် ကလေးလုပ်သားဖြစ်သည်ကို တွေ့ရှိရပါသည်။ အလွန်နည်းပါးသောရာခိုင်နှုန်း (စုစုပေါင်းတွင် ၁.၃% သို့မဟုတ် ၁၅၃,၃၇၆ ဦး) သည် အလုပ်လုပ်ကိုင်နေသော်လည်း ကလေးလုပ်သားမဟုတ်ကြောင်း တွေ့ရှိရပါသည်။ ကလေးအများစု (၈၉.၅% သို့မဟုတ် ၁၀.၈၆ သန်း) သည် အလုပ်လုပ်ကိုင်နေခြင်း မရှိကြောင်းကို တွေ့ရှိရပါသည်။ ယောကျ်ားလေးများအားလုံး၏ ၁၀% နှင့် မိန်းကလေးများအားလုံး၏ ၈.၅% သည် ကလေးလုပ်သားများအဖြစ် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အရေအတွက်အားဖြင့် ယောကျ်ားလေး ၆၀၁,၄၇၁ ဦးနှင့် မိန်းကလေး ၅၂၄,၁၉၀ ဦးရှိကြောင်း တွေ့ရှိရပါ သည်။ ကလေးလုပ်သားမဟုတ်သော အလုပ်လုပ်သည့်ကလေးအုပ်စုတွင် ယောကျ်ားလေး (၁.၂%) နှင့် မိန်းကလေး (၁.၃%) ရာခိုင်နှုန်းသည် အလွန်နီးစပ်မှုရှိသည်ကို တွေ့ရှိရပါသည်။

ကျေးလက်ဒေသကလေးများ (၁၀%) တွင် ယောကျ်ားလေးများ (၁၀.၇%) သည် မြို့ပြဒေသကလေးများ (၇.၁%) ၏ ယောကျ်ားလေးများ (၈.၀%) နှင့် နှိုင်းယှဉ်လျှင် ကလေးလုပ်သားအုပ်စုတွင် ပိုမိုပါဝင်သည်ကို တွေ့ရှိရပါသည်။ ကျေးလက် စီးပွားရေးလုပ်ငန်းသည် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့်အတွက် ချို့တဲ့သောအိမ်ထောင်စုများရှိ ကလေးများအနေဖြင့် အဆိုပါလုပ်ငန်းတွင် ပိုမိုလုပ်ကိုင်ရန် အခွင့်အရေးများသည်ကို လွယ်ကူစွာ

သိမြင်နိုင်ပါသည်။ အလုပ်လုပ်သော်လည်း ကလေးလုပ်သား မဟုတ်သောကလေးများ၏ ရာခိုင်နှုန်းသည် ကျေးလက်ဒေသရှိ ယောကျ်ားလေးနှင့် မိန်းကလေး နှစ်ခုလုံးတွင် မြင့်မားသည်ကို တွေ့ရှိရပါသည်။

လုပ်သားဈေးကွက်တွင် အများဆုံးပါဝင်သော ကလေးများ၏ အသက်အုပ်စုသည် ၁၅ နှစ်မှ ၁၇ နှစ် အသက်အုပ်စုဖြစ်ပါသည်။ ထိုကလေးများသည် ကျယ်ပြန့်သော လုပ်သားဈေးကွက်သို့ ဝင်ရောက်ခြင်း၏အစဖြစ်ပါသည်။ အဆိုပါအသက်အုပ်စုအတွင်းရှိ ယောကျ်ားလေးများ၏ သုံးပုံတစ်ပုံ (၃၆.၂%) သည် ကလေးလုပ်သားများဖြစ်ပြီး မိန်းကလေးပါဝင်မှု (၂၈.၁%) ထက်အနည်းငယ်မြင့်မားကြောင်း တွေ့ရှိရပါသည်။ အကျိုးဆက်အားဖြင့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း "အလုပ်မလုပ်သူ" သည်အနည်းစုဖြစ်သော်လည်း "အလုပ်လုပ်သော်လည်း ကလေးလုပ်သားမဟုတ်သူ" အုပ်စုတွင်မူ (အသက် ၁၂-၁၄ နှစ် အုပ်စု၏ပါဝင်မှု ၀.၂% ရှိချိန်တွင် ၅.၇%) အများစုပါဝင်နေသည်ကိုတွေ့ရှိရပါသည်။ အသက်အငယ်ဆုံးနှင့် အရေအတွက်အများဆုံးဖြစ်သော အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင် ကလေးလုပ်သား ၀.၃-၀.၄% သာတွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုတွင် ကလေးလုပ်သားပါဝင်မှု ၉.၅% ရှိသည်ကို တွေ့ရှိရပြီး ၎င်းတို့သည် မကြာမီနှစ်များတွင် အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုသို့ ရောက်ရှိမည့်သူများ ဖြစ်ကြပါသည်။

ဇယား-၃၉။ ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးလုပ်သား၊ ကလေးလုပ်သား မဟုတ်သော အလုပ်လုပ်ကိုင်နေသည့်ကလေးနှင့် အလုပ်မလုပ်သော ကလေးများ၏ **အရေအတွက်နှင့် ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ကျား၊ မ | ရာခိုင်နှုန်း | | | | အရေအတွက် | | | |
|---|---|---|---|---|---|---|---|---|---|
| | | ကလေးလုပ်သား စုစုပေါင်း | ကလေးလုပ်သားမဟုတ်သော အလုပ်လုပ်ကိုင်နေသည့်ကလေး | အလုပ်မလုပ်သောကလေး | စုစုပေါင်း | ကလေးလုပ်သားစုစုပေါင်း | ကလေးလုပ်သား မဟုတ်သော အလုပ်လုပ်ကိုင်နေသည့်ကလေး | အလုပ်မလုပ်သောကလေး | စုစုပေါင်း |
| ပြည်ထောင်စု | ကလေးအားလုံး | ၉.၃ | ၁.၃ | ၈၉.၅ | ၁၀၀.၀ | ၁,၁၂၅,၆ဖ၁ | ၁၅၃,၃၇၆ | ၁၀,၈၆၇,၄၂၆ | ၁၂,၁၄၆,၄၆၃ |
| | ယောကျ်ားလေး | ၁၀.၀ | ၁.၂ | ၈၈.၇ | ၁၀၀.၀ | ၆၀၁,၄၇၁ | ၇၄,၇၃၇ | ၅,၃၃၄,၂၅၁ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၈.၅ | ၁.၃ | ၉၀.၂ | ၁၀၀.၀ | ၅၂၄,၁၉၀ | ၇၈,၆၃၈ | ၅,၅၃၃,၁၇၅ | ၆,၁၃၆,၀၀၄ |
| မြို့ပြ | ကလေးအားလုံး | ၇.၁ | ၁.၀ | ၉၁.၉ | ၁၀၀.၀ | ၂၂၁,၉၇၈ | ၂၉,၆၉၃ | ၂,၈၇၀,၅၄၇ | ၃,၁၂၂,၂၁၈ |
| | ယောကျ်ားလေး | ၈.၀ | ၁.၀ | ၉၁.၁ | ၁၀၀.၀ | ၁၂၄,၀၄၆ | ၁၅,၄၅၂ | ၁,၄၁၉,၆၆၄ | ၁,၅၅၉,၁၆၂ |
| | မိန်းကလေး | ၆.၃ | ၀.၉ | ၉၂.၈ | ၁၀၀.၀ | ၉၇,၉၃၁ | ၁၄,၂၄၂ | ၁,၄၅၀,၈၈၄ | ၁,၅၆၃,၀၅၇ |

| နယ်ပယ် | ကျား၊ မ | ရာခိုင်နှုန်း | | | | အရေအတွက် | | | |
|---|---|---|---|---|---|---|---|---|---|
| | | ကလေးလုပ်သား စုစုပေါင်း | ကလေးလုပ်သားမဟုတ်သော အလုပ်လုပ်ကိုင်နေသည့်ကလေး | အလုပ်မလုပ်သောကလေး | စုစုပေါင်း | ကလေးလုပ်သားစုစုပေါင်း | ကလေးလုပ်သား မဟုတ်သော အလုပ်လုပ်ကိုင် နေသည့်ကလေး | အလုပ်မလုပ်သောကလေး | စုစုပေါင်း |
| ကျေးလက် | ကလေးအားလုံး | ၁၀.၀ | ၁.၄ | ၈၈.၆ | ၁၀၀.၀ | ၉၀၃,၆၈၃ | ၁၂၃,၆၈၃ | ၇,၉၉၆,၈၇၉ | ၉,၀၂၄,၂၄၄ |
| | ယောကျ်ားလေး | ၁၀.၇ | ၁.၃ | ၈၇.၉ | ၁၀၀.၀ | ၄၇၇,၄၂၄ | ၅၉,၂၈၇ | ၃,၉၁၄,၅၈၇ | ၄,၄၅၁,၂၉၈ |
| | မိန်းကလေး | ၉.၃ | ၁.၄ | ၈၉.၃ | ၁၀၀.၀ | ၄၂၆,၂၅၉ | ၆၄,၃၉၆ | ၄,၀၈၂,၂၉၂ | ၄,၅၇၂,၉၄၇ |
| ၅-၁၁ | ကလေးအားလုံး | ၀.၃ | ၀.၀ | ၉၉.၇ | ၁၀၀.၀ | ၂၁,၉၃၅ | ၀ | ၆,၅၉၁,၇၆၁ | ၆,၆၁၃,၆၉၆ |
| | ယောကျ်ားလေး | ၀.၃ | ၀.၀ | ၉၉.၇ | ၁၀၀.၀ | ၈,၄၃၇ | ၀ | ၃,၃၀၂,၉၇၀ | ၃,၃၁၁,၄၀၇ |
| | မိန်းကလေး | ၀.၄ | ၀.၀ | ၉၉.၆ | ၁၀၀.၀ | ၁၃,၄၉၉ | ၀ | ၃,၂၈၈,၇၉၁ | ၃,၃၀၂,၂၈၉ |
| ၁၂-၁၄ | ကလေးအားလုံး | ၉.၅ | ၀.၂ | ၉၀.၂ | ၁၀၀.၀ | ၂၈၃,၀၆၀ | ၇,၁၅၆ | ၂,၆၇၈,၆၂၀ | ၂,၉၆၈,၈၃၅ |
| | ယောကျ်ားလေး | ၉.၉ | ၀.၃ | ၈၉.၈ | ၁၀၀.၀ | ၁၄၃,၈၂၃ | ၄,၈၉၀ | ၁,၃၀၈,၄၅၃ | ၁,၄၅၇,၁၆၆ |
| | မိန်းကလေး | ၉.၂ | ၀.၁ | ၉၀.၆ | ၁၀၀.၀ | ၁၃၉,၂၃၇ | ၂,၂၆၆ | ၁,၃၇၀,၁၆၇ | ၁,၅၁၁,၆၇၀ |
| ၁၅-၁၇ | ကလေးအားလုံး | ၃၂.၀ | ၅.၇ | ၆၂.၃ | ၁၀၀.၀ | ၈၂၀,၆၆၆ | ၁၄၆,၂၂၀ | ၁,၅၉၇,၀၄၆ | ၂,၅၆၃,၉၃၁ |
| | ယောကျ်ားလေး | ၃၆.၂ | ၅.၆ | ၅၈.၂ | ၁၀၀.၀ | ၄၄၉,၂၁၁ | ၆၉,၈၄၈ | ၇၂၂,၈၂၈ | ၁,၂၄၁,၈၈၇ |
| | မိန်းကလေး | ၂၈.၁ | ၅.၈ | ၆၆.၁ | ၁၀၀.၀ | ၃၇၁,၄၅၅ | ၇၆,၃၇၂ | ၈၇၄,၂၁၈ | ၁,၃၂၂,၀၄၄ |

ဇယား ၄၀ တွင် အန္တရာယ်ရှိသောလုပ်ငန်းများ (အန္တရာယ်ရှိသော လုပ်ငန်းများနှင့် အလုပ်အကိုင်များ) သို့မဟုတ် ခက်ခဲသောအခြေအနေများ (အသက်ငယ်ခြင်း၊ ညဆိုင်းအလုပ်၊ အချိန်များစွာ လုပ်ကိုင်ရခြင်းစသည်တို့) တွင် ကလေးများပါဝင်လုပ်ဆောင်မှုကို ဖော်ပြထားပါသည်။ ကလေးသူငယ်များ၏ ၇.၆% သည် တစ်ပတ်လျှင် ၄၃ နာရီထက် ပိုမိုလုပ်ကိုင်နေရပြီး ယောကျ်ားလေးများ၏ ပါဝင်မှုသည် (၈.၁%) မိန်းကလေး၏ပါဝင်မှု (၇.၁%) ထက်မြင့်မားသည်ကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၅% ကျော်သည် (ယောကျ်ားလေး ၅.၆% နှင့် မိန်းကလေး ၄.၆%) အန္တရာယ်ရှိသောလုပ်ငန်းများတွင် လုပ်ကိုင်ကြပါသည်။ "မည်သည့် ကလေးလုပ်သား လုပ်ဆောင်ချက်မဆို" ပါဝင်မှုတွင် ယောကျ်ားလေးများ၏ ပါဝင်မှုသည် ၁၀.၀% ရှိပြီး မိန်းကလေးများသည် ၈.၅% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကလေးသူငယ် ရာခိုင်နှုန်း အနည်းငယ်သာ (၀.၅%) သည် ငယ်ရွယ်သောအသက် (အသက် ၁၂ နှစ်မတိုင်မီ) တွင် အလုပ်လုပ်ကိုင်နေကြရကြောင်း၊ ထိုထက်နည်းသော ရာခိုင်နှုန်း (၀.၃%) သာ ညဆိုင်းအလုပ် များ (ည ၆နာရီမှ နံနက် ၆ နာရီ) တွင် လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ရာခိုင်နှုန်းအားဖြင့်

မိန်းကလေးများသည် သိသာစွာပင် အနည်းငယ်သာ ထိုသို့အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် မိန်းကလေးများသည် လူမှုရေးအရ၊ ကျင့်ဝတ်အရ လက်ခံနိုင်ဖွယ်မရှိသည့် အလုပ်များတွင် အရေအတွက် ပိုမိုများပြားနေသည်ကို တွေ့ရှိရပါသည်။

ဇယား-၄၀။ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် အမျိုးမျိုးသောကလေးလုပ်သားများ၏ ပါဝင်မှုရာခိုင်နှုန်း

| နယ်ပယ် | ကျား၊ မ | ကလေးရာခိုင်နှုန်း | | | | | ခန့်မှန်းကလေးဦးရေ |
|---|---|---|---|---|---|---|---|
| | | အန္တရာယ်ရှိသောအလုပ်တွင်လုပ်ကိုင်နေရသူများ | သက်ငယ်အုပ်စုများအလုပ်လုပ်ခြင်း | ညပိုင်းတွင်အလုပ်လုပ်ခြင်း | အလုပ်ချိန်များစွာလုပ်ကိုင်ရခြင်း | မည်သည့်ကလေးလုပ်သားမဆို | |
| **ပြည်ထောင်စု** | **ကလေးအားလုံး** | **၅.၁** | **၀.၅** | **၀.၃** | **၇.၆** | **၉.၃** | **၁၂,၁၄၆,၄၆၃** |
| | ယောကျ်ားလေး | ၅.၆ | ၀.၆ | ၀.၃ | ၈.၁ | ၁၀.၀ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၄.၆ | ၀.၅ | ၀.၃ | ၇.၁ | ၈.၅ | ၆,၁၃၆,၀၀၄ |
| **မြို့ပြ** | **ကလေးအားလုံး** | **၃.၄** | **၀.၅** | **၀.၂** | **၆.၁** | **၇.၁** | **၃,၁၂၂,၂၁၈** |
| | ယောကျ်ားလေး | ၄.၁ | ၀.၅ | ၀.၀ | ၆.၇ | ၈.၀ | ၁,၅၅၉,၁၆၂ |
| | မိန်းကလေး | ၂.၇ | ၀.၄ | ၀.၄ | ၅.၆ | ၆.၃ | ၁,၅၆၃,၀၅၇ |
| **ကျေးလက်** | **ကလေးအားလုံး** | **၅.၇** | **၀.၆** | **၀.၄** | **၈.၁** | **၁၀.၀** | **၉,၀၂၄,၂၄၄** |
| | ယောကျ်ားလေး | ၆.၂ | ၀.၆ | ၀.၄ | ၈.၆ | ၁၀.၇ | ၄,၄၅၁,၂၉၈ |
| | မိန်းကလေး | ၅.၂ | ၀.၆ | ၀.၃ | ၇.၆ | ၉.၃ | ၄,၅၇၂,၉၄၇ |

ကျေးလက်ဒေသများရှိ ယောကျ်ားလေးနှင့် မိန်းကလေး နှစ်မျိုးလုံးသည် မြို့ပြဒေသများရှိ ကလေးများထက် အန္တရာယ်ရှိသော လုပ်ငန်းများတွင် ပိုမိုလုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသများရှိ မိန်းကလေးများ၏ပါဝင်မှုသည် မြို့ပြဒေသများရှိ မိန်းကလေးများထက် ၂ ဆခန့်မြင့်မားကြောင်း (၅.၂% တွင် ၂.၇%) တွေ့ရှိရပါသည်။ ကျေးလက်ရှိ ကလေးများသည် ပိုမို၍ အလုပ်ချိန်ရှည်ကြာစွာလုပ်ကိုင်ရသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် 'အခြားကလေးလုပ်သား' အုပ်စုတွင်လည်း (၁၀% တွင် ၇.၁%) မြင့်မားကြောင်း တွေ့ရှိရပါသည်။

ဇယား-၄၁။ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကလေးလုပ်သားအမျိုးမျိုးတွင် ပါဝင်မှုရာခိုင်နှုန်း

| နယ်ပယ် | ကျား၊ မ | ကလေးရာခိုင်နှုန်း | | | | | ခန့်မှန်း ကလေး ဦးရေ |
|---|---|---|---|---|---|---|---|
| | | အန္တရာယ် ရှိသော အလုပ် တွင် လုပ်ကိုင် နေရသူ များ | သက်ငယ် အုပ်စုများ အလုပ် လုပ်ခြင်း | ညပိုင်း တွင် အလုပ် လုပ်ခြင်း | အလုပ် ချိန် များစွာ လုပ် ကိုင်ရ ခြင်း | မည်သည့် ကလေး လုပ်သား မဆို | |
| **ပြည်ထောင်စု** | **ကလေးအားလုံး** | **၅.၁** | **၀.၅** | **၀.၃** | **၇.၆** | **၉.၃** | **၁၂,၁၄၆,၄၆၃** |
| | ယောက်ျားလေး | ၅.၆ | ၀.၆ | ၀.၃ | ၈.၁ | ၁၀.၀ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၄.၆ | ၀.၅ | ၀.၃ | ၇.၁ | ၈.၅ | ၆,၁၃၆,၀၀၄ |
| **၅-၁၁** | **ကလေးအားလုံး** | **၀.၁** | **၀.၃** | **၀.၀** | **၀.၀** | **၀.၃** | **၆,၆၁၃,၆၉၆** |
| | ယောက်ျားလေး | ၀.၁ | ၀.၃ | ၀.၀ | ၀.၀ | ၀.၃ | ၃,၃၁၁,၄၀၇ |
| | မိန်းကလေး | ၀.၁ | ၀.၄ | ၀.၀ | ၀.၀ | ၀.၄ | ၃,၃၀၂,၂၈၉ |
| **၁၂-၁၄** | **ကလေးအားလုံး** | **၅.၀** | **၁.၅** | **၁.၄** | **၇.၆** | **၉.၅** | **၂,၉၆၈,၈၃၅** |
| | ယောက်ျားလေး | ၅.၆ | ၁.၇ | ၁.၄ | ၇.၄ | ၉.၉ | ၁,၄၅၇,၁၆၆ |
| | မိန်းကလေး | ၄.၅ | ၁.၃ | ၁.၄ | ၇.၈ | ၉.၂ | ၁,၅၁၁,၆၇၀ |
| **၁၅-၁၇** | **ကလေးအားလုံး** | **၁၈.၀** | **၀.၀** | **၀.၀** | **၂၇.၀** | **၃၂.၀** | **၂,၅၆၃,၉၃၁** |
| | ယောက်ျားလေး | ၂၀.၄ | ၀.၀ | ၀.၀ | ၃၀.၄ | ၃၆.၂ | ၁,၂၄၁,၈၈၇ |
| | မိန်းကလေး | ၁၅.၇ | ၀.၀ | ၀.၀ | ၂၃.၉ | ၂၈.၁ | ၁,၃၂၂,၀၄၄ |

ဇယား ၄၁ တွင် အန္တရာယ်ရှိသောလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ၌ အသက်အရွယ်အုပ်စုအလိုက် ကလေးများပါဝင်လုပ်ဆောင်မှုရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုရှိ ၂.၅၆ သန်းသောကလေးများတွင် ၁၈% သည် အန္တရာယ်ရှိသောလုပ်ငန်းများတွင်လည်းကောင်း ၂၇% သည် အလုပ်ချိန်ရှည်ကြာစွာဖြင့်လည်းကောင်း၊ ၃၂% သည် "အခြားကလေးလုပ်သား" အုပ်စုတွင်လည်းကောင်း လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ကလေးလုပ်သားအုပ်စု သုံးမျိုးလုံးတွင် ယောက်ျားလေး ရာခိုင်နှုန်းသည် မိန်းကလေး ရာခိုင်နှုန်း ထက်ပိုမိုမြင့်မားသော်လည်း မိန်းကလေးအရေအတွက်သည် ယောက်ျားလေးအရေအတွက်ထက် ပိုများကြောင်း တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ် အုပ်စု၏ သက်ဆိုင်ရာ ရာခိုင်နှုန်းများတွင် ၃ ဆမှ ၄ ဆအထိ လျော့နည်းနေပြီး အသက် ၅ နှစ်မှ ၁၁ နှစ် အုပ်စုတွင် ၁% အောက် သာရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါဇယားအရ အန္တရာယ်ရှိသောလုပ်ငန်းများ၏ သက်ရောက်မှုကို အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုသည် အဆိုးဆုံးခံစားရကြောင်း တွေ့ရှိရပါသည်။

ဇယား ၄၂ တွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးလုပ်သား၊ ကလေးလုပ်သားမဟုတ်သည့်အလုပ်လုပ်သောကလေးနှင့်အလုပ်မလုပ်သောကလေးများ၏ ပျံ့နှံ့မှုနှင့်အရေအတွက်

များကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏ ၉.၃% (၁,၁၂၅,၆၆၁ ဦး) သည် ကလေးလုပ်သားများဖြစ်ကြပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုအနက် ၇ ခု၌ သာလျှင် ကလေးလုပ်သား ၉% မှ ၁၂% အတွင်းရှိကြောင်း တွေ့ရှိရပါသည်။ ယင်းတို့မှာ ကယား၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရှမ်းနှင့် ဧရာဝတီတို့ ဖြစ်ကြပါသည်။ ကလေးလုပ်သား ရာခိုင်နှုန်းသည် ချင်းပြည်နယ်တွင် အနိမ့်ဆုံး (၃.၆%) ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးတွင် အမြင့်ဆုံး (၁၁.၆%) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အရေအတွက်အားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ကလေးလုပ်သားအရေအတွက် အများဆုံးရှိပြီး ချင်းပြည်နယ်တွင် အနည်းဆုံးရှိကြောင်း တွေ့ရှိရပါသည်။ လူဦးရေ (ကလေးအရေအတွက်) အများဆုံးပြည်နယ်ဖြစ်သော ရှမ်းပြည်နယ်တွင် ၉.၃% သည် ကလေးလုပ်သားဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား-၄၂။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးလုပ်သား၊ ကလေး လုပ်သားမဟုတ်သည့် အလုပ်လုပ်ကိုင်နေသောကလေး၊ အလုပ်မလုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းနှင့် အရေအတွက်

| နယ်ပယ် | ရာခိုင်နှုန်း | | | | အရေအတွက် | | | |
|---|---|---|---|---|---|---|---|---|
| | ကလေး လုပ်သား စုစုပေါင်း | ကလေး လုပ်သား မဟုတ် သော အလုပ် လုပ်ကိုင် နေသည့် ကလေး | အလုပ် မလုပ် သော ကလေး | စုစု ပေါင်း | ကလေး လုပ်သား စုစုပေါင်း | ကလေး လုပ်သား မဟုတ် သော အလုပ် လုပ်ကိုင် နေသည့် ကလေး | အလုပ်မလုပ် သောကလေး | စုစုပေါင်း |
| ပြည်ထောင်စု | ၉.၃ | ၁.၃ | ၈၉.၅ | ၁၀၀.၀ | ၁,၁၂၅,၆၆၁ | ၁၅၃,၃၇၆ | ၁၀,၈၆၇,၄၂၆ | ၁၂,၁၄၆,၄၆၃ |
| ကချင် | ၆.၃ | ၁.၀ | ၉၂.၇ | ၁၀၀.၀ | ၂၃,၀၄၀ | ၃,၇၆၆ | ၃၃၈,၅၃၄ | ၃၆၅,၃၄၀ |
| ကယား | ၉.၈ | ၀.၂ | ၉၀.၀ | ၁၀၀.၀ | ၈,၂၂၈ | ၁၈၅ | ၇၅,၃၄၉ | ၈၃,၇၆၂ |
| ကရင် | ၆.၉ | ၁.၆ | ၉၁.၅ | ၁၀၀.၀ | ၃၀,၇၆၂ | ၇,၁၂၄ | ၄၀၈,၆၆၁ | ၄၄၆,၅၄၇ |
| ချင်း | ၃.၆ | ၀.၉ | ၉၅.၅ | ၁၀၀.၀ | ၅,၆၉၂ | ၁,၃၇၀ | ၁၅၀,၁၄၈ | ၁၅၇,၂၁၀ |
| စစ်ကိုင်း | ၉.၈ | ၁.၈ | ၈၈.၄ | ၁၀၀.၀ | ၁၂၉,၆၇၈ | ၂၃,၄၄၃ | ၁,၁၆၅,၁၁၇ | ၁,၃၁၈,၂၃၈ |
| တနင်္သာရီ | ၇.၇ | ၀.၇ | ၉၁.၅ | ၁၀၀.၀ | ၃၁,၉၈၂ | ၂,၉၇၇ | ၃၇၈,၄၈၈ | ၄၁၃,၄၄၇ |
| ပဲခူး | ၁၁.၆ | ၀.၉ | ၈၇.၅ | ၁၀၀.၀ | ၁၃၆,၁၅၀ | ၁၀,၀၉၇ | ၁,၀၂၂,၉၄၈ | ၁,၁၆၉,၁၉၅ |
| မကွေး | ၉.၂ | ၁.၈ | ၈၉.၀ | ၁၀၀.၀ | ၈၂,၁၂၇ | ၁၅,၇၄၂ | ၇၉၂,၉၀၁ | ၈၉၀,၇၇၀ |
| မန္တလေး | ၁၁.၁ | ၁.၃ | ၈၇.၆ | ၁၀၀.၀ | ၁၅၅,၀၁၈ | ၁၈,၀၈၃ | ၁,၂၁၉,၄၀၅ | ၁,၃၉၂,၅၀၇ |
| မွန် | ၆.၈ | ၂.၁ | ၉၁.၂ | ၁၀၀.၀ | ၃၆,၇၇၇ | ၁၁,၁၆၆ | ၄၉၅,၁၅၈ | ၅၄၃,၁၀၂ |
| ရခိုင် | ၇.၀ | ၂.၀ | ၉၁.၁ | ၁၀၀.၀ | ၃၈,၅၄၄ | ၁၀,၈၅၉ | ၅၀၃,၆၈၃ | ၅၅၃,၀၈၅ |
| ရန်ကုန် | ၇.၆ | ၁.၀ | ၉၁.၃ | ၁၀၀.၀ | ၁၁၄,၃၅၀ | ၁၅,၄၄၂ | ၁,၃၆၈,၇၆၇ | ၁,၄၉၈,၅၆၀ |
| ရှမ်း | ၉.၃ | ၁.၁ | ၈၉.၇ | ၁၀၀.၀ | ၁၄၆,၄၂၅ | ၁၆,၅၉၄ | ၁,၄၁၆,၅၂၆ | ၁,၅၇၉,၅၄၅ |
| ဧရာဝတီ | ၁၁.၅ | ၀.၉ | ၈၇.၆ | ၁၀၀.၀ | ၁၆၈,၁၅၄ | ၁၃,၄၇၈ | ၁,၂၈၆,၆၈၉ | ၁,၄၆၈,၃၂၁ |
| နေပြည်တော် | ၇.၀ | ၁.၁ | ၉၁.၈ | ၁၀၀.၀ | ၁၈,၇၃၄ | ၃,၀၄၉ | ၂၄၅,၀၅၂ | ၂၆၆,၈၃၄ |

တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် ကလေးလုပ်သားမဟုတ်သော အလုပ်လုပ်ကိုင်နေသည့် ကလေးရာခိုင်နှုန်းသည် ၀% မှ ၂% ဖြစ်ပြီး နိုင်ငံအဆင့်တွင် ယင်းသည် ၁.၃% ရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်မလုပ်သော ကလေးများရာခိုင်နှုန်း ၉၀% ထက်ပိုသော တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ချင်းပြည်နယ် (၉၅.၅%)၊ ကချင်ပြည်နယ် (၉၂.၇%)၊ ကရင်ပြည်နယ်(၉၁.၅%)၊ တနင်္သာရီတိုင်းဒေသကြီး (၉၁.၅%)၊ နေပြည်တော် (၉၁.၈%)၊ ရန်ကုန်တိုင်းဒေသကြီး (၉၁.၃%)၊ မွန်ပြည်နယ် (၉၁.၂%) နှင့် ရခိုင်ပြည်နယ် (၉၁.၁%) တို့ဖြစ်ကြပါသည်။

ဇယား ၄၃ တွင် အိမ်ထောင်စုများ၏ တစ်ဦးချင်းလစဉ် ပျမ်းမျှအသုံးစရိတ် အခြေအနေအလိုက် ကလေးလုပ်သားဖြစ်ရပ်အပေါ် အကျိုးသက်ရောက်မှုကို ဖော်ပြထားပါသည်။ ငါးကိန်းစုအဆင့်တွင် အောက်ခြေအဆင့်ဖြစ်သည့် စကေး (၀-၂၀) အဆင့်တွင် ကလေးလုပ်သားရာခိုင်နှုန်းအများဆုံး (၁၀.၉%) နှင့် အလုပ်မလုပ်သောကလေးရာခိုင်နှုန်း အနည်းဆုံး (၈၇.၄%)၊ အန္တရာယ်ရှိသောလုပ်ငန်းများတွင် အလုပ်လုပ်သောကလေး ပါ၀င်မှုရာခိုင်နှုန်း အမြင့်ဆုံး (၅.၈%) ရှိကြောင်းတွေ့ရှိရပါသည်။ စကေးအဆင့် မြင့်လာသည်နှင့်အမျှ အဆိုပါ ပါ၀င်မှုရာခိုင်နှုန်း သုံးမျိုးလုံးတွင် ကောင်းမွန်သည့်အခြေအနေသို့ တဖြည်းဖြည်းရောက်ရှိလာပြီး အမြင့်ဆုံးစကေး (၈၀-၁၀၀ အဆင့်) တွင် ကလေးလုပ်သားရာခိုင်နှုန်းသည် ၆.၅%၊ အလုပ်မလုပ်သော ကလေးရာခိုင်နှုန်းသည် ၉၂.၇% နှင့် အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေရသောကလေးရာခိုင်နှုန်းသည် ၃.၉% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤနေရာတွင် ယေဘုယျလေ့လာတွေ့ရှိချက်အနေဖြင့် အသုံးစရိတ်မြင့်မားသော မိသားစုများသည် ၀င်ငွေလည်း မြင့်မားကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်သည့်အတွက် အသုံးစရိတ်မြင့်မားသော အိမ်ထောင်စုရှိ ကလေးများအနေဖြင့် ကလေးလုပ်သားဈေးကွက်သို့ ၀င်ရောက်ခြင်းမရှိဘဲ ကျောင်းတက်ခြင်းနှင့် အပန်းဖြေခြင်းတို့ကို ပြုလုပ်နိုင်ကြကြောင်း တွေ့ရှိရပါသည်။

**ပုံ-၉။ ငါးကိန်းစုလစဉ်တစ်ဦးပျမ်းမျှအသုံးစရိတ်အဆင့်တွင် ကလေးလုပ်သားပါ၀င်မှု**



ဇယား-၄၃။ ငါးကိန်းစု တစ်ဦးချင်း လစဉ်ပျမ်းမျှအသုံးစရိတ်နှင့် ကျား၊ မ အလိုက် ကလေးလုပ်သား နှင့် ကလေးလုပ်သားမဟုတ်သော အလုပ်လုပ်နေသည့် ကလေးနှင့် အလုပ်မလုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | ကျား၊ မ | ကလေးရာခိုင်နှုန်း | | | | | ခန့်မှန်း ကလေးဦးရေ |
|---|---|---|---|---|---|---|---|
| | | အလုပ် မလုပ် သော ကလေး | အလုပ် လုပ် သော ကလေး | ကလေး လုပ်သား စုစုပေါင်း | အန္တရာယ် ရှိသော ကလေး လုပ်သား | အခြား ကလေး လုပ်သား | |
| ပြည်ထောင်စု | **ကလေးအားလုံး** | ၈၉.၅ | ၁၀.၅ | ၉.၃ | ၅.၁ | ၄.၂ | ၁၂,၁၄၆,၄၆၃ |
| | ယောကျ်ားလေး | ၈၈.၇ | ၁၁.၃ | ၁၀.၀ | ၅.၆ | ၄.၄ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၉၀.၂ | ၉.၈ | ၈.၅ | ၄.၆ | ၄.၀ | ၆,၁၃၆,၀၀၄ |
| ၀-၂၀ | **ကလေးအားလုံး** | ၈၇.၄ | ၁၂.၆ | ၁၀.၉ | ၅.၈ | ၅.၁ | ၃,၀၂၈,၀၇၂ |
| | ယောကျ်ားလေး | ၈၆.၆ | ၁၃.၄ | ၁၁.၆ | ၆.၀ | ၅.၆ | ၁,၄၆၂,၅၄၂ |
| | မိန်းကလေး | ၈၈.၁ | ၁၁.၉ | ၁၀.၃ | ၅.၇ | ၄.၇ | ၁,၅၆၅,၅၃၀ |
| ၂၀-၄၀ | **ကလေးအားလုံး** | ၈၈.၅ | ၁၁.၅ | ၁၀.၂ | ၄.၉ | ၅.၃ | ၂,၆၄၁,၄၃၉ |
| | ယောကျ်ားလေး | ၈၈.၇ | ၁၁.၃ | ၁၀.၁ | ၅.၁ | ၅.၀ | ၁,၃၂၄,၆၂၀ |
| | မိန်းကလေး | ၈၈.၃ | ၁၁.၇ | ၁၀.၃ | ၄.၇ | ၅.၇ | ၁,၃၁၆,၈၁၉ |
| ၄၀-၆၀ | **ကလေးအားလုံး** | ၈၉.၈ | ၁၀.၂ | ၈.၉ | ၅.၅ | ၃.၅ | ၂,၄၅၇,၃၅၂ |
| | ယောကျ်ားလေး | ၈၉.၂ | ၁၀.၈ | ၉.၈ | ၆.၂ | ၃.၅ | ၁,၂၁၇,၉၇၉ |
| | မိန်းကလေး | ၉၀.၅ | ၉.၅ | ၈.၁ | ၄.၇ | ၃.၄ | ၁,၂၃၉,၃၇၃ |
| ၆၀-၈၀ | **ကလေးအားလုံး** | ၉၀.၄ | ၉.၆ | ၈.၅ | ၄.၈ | ၃.၇ | ၂,၂၁၉,၄၈၅ |
| | ယောကျ်ားလေး | ၈၈.၃ | ၁၁.၇ | ၁၀.၇ | ၆.၃ | ၄.၅ | ၁,၁၁၂,၈၆၀ |
| | မိန်းကလေး | ၉၂.၆ | ၇.၄ | ၆.၂ | ၃.၃ | ၂.၉ | ၁,၁၀၆,၆၂၅ |
| ၈၀-၁၀၀ | **ကလေးအားလုံး** | ၉၂.၇ | ၇.၃ | ၆.၅ | ၃.၉ | ၂.၆ | ၁,၇၉၉,၆၁၄ |
| | ယောကျ်ားလေး | ၉၂.၃ | ၇.၇ | ၆.၇ | ၄.၀ | ၂.၇ | ၈၉၂,၂၈၄ |
| | မိန်းကလေး | ၉၃.၁ | ၆.၉ | ၆.၃ | ၃.၈ | ၂.၅ | ၉၀၇,၃၃၀ |

ငါးကိန်းစုအဆင့်တိုင်းတွင် ကလေးများတွင် အလုပ်လုပ်သောကလေးပါဝင်မှုရာခိုင်နှုန်းသည် ၆.၉% မှ ၁၂% အကြားတွင်လည်းကောင်း၊ ကလေးလုပ်သားရာခိုင်နှုန်းသည် ၆.၅% မှ ၁၀.၉% အကြားတွင်လည်းကောင်း၊ အန္တရာယ်ရှိသောလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်သော ကလေးများရာခိုင်နှုန်းသည် ၃.၉% မှ ၅.၈% အကြားတွင်လည်းကောင်း တွေ့ရှိရပါသည်။ ကလေးလုပ်သားဈေးကွက်တွင် ယောကျ်ားလေးများသည် ပိုမိုပါဝင်လေ့ရှိကြသော်လည်း ကြီးမားသည့် ကွာခြားမှုမရှိသည်ကို တွေ့ရှိရပါသည်။ မိန်းကလေးများအနေဖြင့် မြင့်မားစွာ လျော့နည်းနေခြင်းမျိုး မတွေ့ရပေ။ ငါးကိန်းစု ၂၀-၄၀ အဆင့်၌ ကလေးလုပ်သားပါဝင်မှုတွင် မိန်းကလေးများသည် ရာခိုင်နှုန်းအားဖြင့် အနည်းငယ်ပိုမိုပါဝင်နေသည်ကို တွေ့ရှိရပါသည်။

ငါးကိန်းစု ၆၁-၈၀ အဆင့်တွင် ယောကျ်ားလေး (၁၀.၇%) နှင့် မိန်းကလေး (၆.၂%) ကွာခြားမှုရာခိုင်နှုန်း အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရှိရပြီး အခြားအဆင့်များ၏ ယေဘုယျ ကွာခြားမှုပုံစံနှင့် ကွဲပြားမှုရှိသည်ကို တွေ့ရှိရပါသည်။ တစ်ဆက်တည်းအနေဖြင့် အဆိုပါ အဆင့်တွင်ရှိသော ယောကျ်ားလေးများ၏ အန္တရာယ်ရှိသောအလုပ်တွင် ပါဝင်လုပ်ကိုင်နေမှုနှင့် အခြားကလေးလုပ်သားအဖြစ် ပါဝင်မှုတို့သည် မိန်းကလေးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

## ၇.၄ ကလေးလုပ်သားနှင့် ကလေးများအတွက် အန္တရာယ်ရှိသောလုပ်ငန်းများ

ဤအပိုင်းတွင် အန္တရာယ်ရှိသောလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်သော အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိကလေးများ၏ လုပ်ငန်းခွင်အခြေအနေကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ကလေးများ လုပ်ကိုင်နေရသည့် အန္တရာယ်ရှိသောအလုပ်၏ သဘောသဘာဝနှင့် အခြေအနေများကို ပြည့်ပြည့်စုံစုံ ဖော်ပြသွားမည်ဖြစ်ပါသည်။ အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ကလေးများ၏ ရာခိုင်နှုန်း၊ လုပ်ငန်းကဏ္ဍ၊ အလုပ်အကိုင်အမျိုးအစားနှင့် အလုပ်နေရာများ၏ သဘောသဘာဝများကို ဖော်ပြသွားမည်ဖြစ်ပါသည်။

ဇယား ၄၄ တွင် အသက်အုပ်စုအလိုက် အလုပ်လုပ်သောကလေးများကို ယောကျ်ားလေးနှင့် မိန်းကလေး ခွဲခြား၍ အရေအတွက်နှင့် ပျံ့နှံ့မှုရာခိုင်နှုန်းတို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် အလုပ်လုပ်သော ကလေးများဦးရေသည် ၁.၁ သန်းကျော်ရှိပြီး ၎င်းအနက် ၀.၆ သန်းသည် ယောကျ်ားလေးများဖြစ်ပြီး ၀.၅ သန်းသည် မိန်းကလေးများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်သော ကလေး ၁.၁ သန်းတွင် ၀.၈ သန်းကျော် (အလုပ်လုပ်သော ကလေး ၄ ပုံ ၃ ပုံခန့်) သည် ဆယ်ကျော်သက်အရွယ်များ (၁၅ နှစ်မှ ၁၇ နှစ်ရှိ အသက်အုပ်စု) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်သောကလေးအရေအတွက်သည် အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုတွင် ၄ ပုံ ၁ ပုံရှိပြီး ၅ နှစ်မှ ၁၁ နှစ် အသက်အုပ်စုတွင် ၂% ရှိသည်ကို တွေ့ရှိရပါသည်။ အသက်အုပ်စုများတွင် ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းသည် စုစုပေါင်းကလေးသူငယ်များ၏ ပျံ့နှံ့မှုရာခိုင်နှုန်းနှင့် နီးစပ်မှုရှိသည်ကို တွေ့ရှိရပါသည်။ လက်ရှိစစ်တမ်းအတွက် ကလေးလုပ်သားဟု အဓိပ္ပာယ်သတ်မှတ်ချက်အရ ဆယ်ကျော်သက်အရွယ်များအနေဖြင့် အန္တရာယ်ရှိသော အလုပ်များတွင် သို့မဟုတ် တစ်ပတ်လျှင် အလုပ်ချိန် ၄၄ နာရီနှင့်အထက်ပိုသော အလုပ်များတွင်လုပ်ကိုင်နေသော ဆယ်ကျော်သက် ကလေးများကိုသာ ကလေးလုပ်သားအဖြစ် သတ်မှတ်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မျှော်လင့်ထားသည့်အတိုင်း အန္တရာယ်ရှိသော လုပ်ငန်းများ၌ လုပ်ကိုင်နေသော ကလေးလုပ်သားအများစုသည် ဆယ်ကျော်သက် ကလေးများအုပ်စုမှဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အဆိုပါအသက်အုပ်စုအတွင်းရှိ သန်းဝက်ကျော်ခန့်သည် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ကလေးလုပ်သားများ ဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အုပ်စုတွင် ၀.၁၅ သန်းသည် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသည့်

ကလေးလုပ်သားများ ဖြစ်သည်ကို တွေ့ရှိရပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ် အသက်အုပ်စုတွင်မူ ကလေး ၈,၀၀၀ ခန့်သာ အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ကလေးလုပ်သား များဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား-၄၄။ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေရသော ကလေးလုပ်သားနှင့် ကလေးလုပ်သားများ၏အရေအတွက်

| အသက်အုပ်စု | စုစုပေါင်း | | ယောကျ်ားလေး | | မိန်းကလေး | |
|---|---|---|---|---|---|---|
| | အရေအတွက် | % | အရေအတွက် | % | အရေအတွက် | % |
| ကလေးလုပ်သား | | | | | | |
| **စုစုပေါင်း** | ၁,၁၂၅,၆၆၁ | ၁၀၀.၀ | ၆၀၁,၄၇၁ | ၁၀၀.၀ | ၅၂၄,၁၉၀ | ၁၀၀.၀ |
| ၅-၁၁ | ၂၀,၉၃၅ | ၁.၉ | ၈,၄၃၇ | ၁.၄ | ၈,၄၃၇ | ၁.၆ |
| ၁၂-၁၄ | ၂၈၃,၀၆၀ | ၂၅.၁ | ၁၄၃,၈၂၃ | ၂၃.၉ | ၁၃၉,၂၃၇ | ၂၆.၆ |
| ၁၅-၁၇ | ၈၂၀,၆၆၆ | ၇၂.၉ | ၄၄၉,၂၁၁ | ၇၄.၇ | ၃၇၁,၄၅၅ | ၇၀.၉ |
| အန္တရာယ်ရှိသော ကလေးလုပ်သား | | | | | | |
| **စုစုပေါင်း** | ၆၁၆,၈၁၅ | ၁၀၀.၀ | ၃၃၇,၃၁၈ | ၁၀၀.၀ | ၂၇၉,၄၉၈ | ၁၀၀.၀ |
| ၅-၁၁ | ၇,၉၄၈ | ၁.၃ | ၃,၂၅၅ | ၁.၀ | ၄,၆၉၃ | ၁.၇ |
| ၁၂-၁၄ | ၁၄၈,၄၄၈ | ၂၄.၁ | ၈၁,၁၃၄ | ၂၄.၁ | ၆၇,၃၁၄ | ၂၄.၁ |
| ၁၅-၁၇ | ၄၆၀,၄၁၉ | ၇၄.၆ | ၂၅၂,၉၂၈ | ၇၅.၀ | ၂၀၇,၄၉၁ | ၇၄.၂ |

ဇယား ၄၅ တွင် လစဉ်တစ်ဦးပျမ်းမျှအသုံးစရိတ်အဆင့်အလိုက် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းကို ဖော်ပြထားပြီး အဆိုပါ အချက်အလက်များကိုကြည့်ခြင်းအားဖြင့် လစဉ်တစ်ဦးပျမ်းမျှအသုံးစရိတ်အဆင့်နှင့် အန္တရာယ် ရှိသောလုပ်ငန်းများတွင် ကလေးများပါဝင်လုပ်ကိုင်ရမှုတို့အကြား ဆက်စပ်မှုကို လေ့လာနိုင်မည် ဖြစ်ပါသည်။ အလယ်အလတ်အဆင့်ဖြစ်သော အသုံးစရိတ်အဆင့် ၄၀-၆၀ အုပ်စုတွင် အန္တရာယ် ရှိသော အလုပ်လုပ်ကိုင်နေသော ကလေးလုပ်သားပါဝင်မှုသည် ၆၁.၇% ဖြင့် အမြင့်မားဆုံး ဖြစ်သည်ကို တွေ့ရှိရပြီး ၈၀-၁၀၀ အဆင့်တွင် ၅၉.၉% နှင့် ၆၀-၈၀ အဆင့်တွင် ၅၆.၄% တို့ဖြင့် ကပ်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါအချက်သည် အသုံးစရိတ်အဆင့်နှင့် ဝင်ငွေရရှိမှု အဆင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများတွင် အခြားအုပ်စုမှ အိမ်ထောင်စုများထက် ကလေးများကို အန္တရာယ်ရှိသောအလုပ်များအား ပိုမိုလုပ်ကိုင်စေနိုင်သည်ဟု တွေ့ရှိရပါသည်။ ဖြစ်နိုင်သည်မှာ စွန့်စားရမှုများခြင်းနှင့် အန္တရာယ်ရှိမှုအလုပ်များနှင့်ယှဉ်လျှင် လုပ်ခကောင်း ကောင်းရခြင်းက မက်မောဖွယ် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဇယား-၄၅။ ငါးကိန်းစုအဆင့်အလိုက် ကလေးလုပ်သားများထဲမှ အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေရသော ကလေးလုပ်သား (ရာခိုင်နှုန်း)

| ငါးကိန်းစု တစ်ဦးချင်း လစဉ်ပျမ်းမျှ အသုံးစရိတ်အဆင့် | ကလေးလုပ်သားများထဲမှ အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေရသော ကလေးလုပ်သား (ရာခိုင်နှုန်း) | | |
|---|---|---|---|
| | ကလေးများ | ယောကျ်ားလေး | မိန်းကလေး |
| ပြည်ထောင်စု | ၅၄.၈ | ၅၆.၁ | ၅၃.၃ |
| ၀-၂၀ | ၅၃.၁ | ၅၁.၈ | ၅၅.၀ |
| ၂၀-၄၀ | ၄၈.၀ | ၅၀.၆ | ၄၅.၄ |
| ၄၀-၆၀ | ၆၁.၇ | ၆၃.၄ | ၅၇.၇ |
| ၆၀-၈၀ | ၅၆.၄ | ၅၉.၀ | ၅၂.၉ |
| ၈၀-၁၀၀ | ၅၉.၉ | ၅၉.၈ | ၆၀.၀ |

ငါးကိန်းစုအဆင့် ၀-၂၀ အုပ်စုမှလွဲ၍ ကျန်အဆင့်အုပ်စုများတွင် အန္တရာယ်ရှိသော လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေသောယောကျ်ားလေးများ၏ ရာခိုင်နှုန်းသည် မိန်းကလေးများ ရာခိုင်နှုန်းထက် ပိုများနေသည်ကို တွေ့ရှိရပါသည်။ ငါးကိန်းအုပ်စုအဆင့် ၀-၂၀ အတွင်းရှိ အိမ်ထောင်စုများရှိ ကလေးလုပ်သား ၅၃.၁% နှင့် မိန်းကလေးကလေးလုပ်သား ၅၅% သည် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။

ဇယား ၄၆ တွင် အလုပ်လုပ်သောကလေးများ၏ အလုပ်အကိုင်မှုအခြေအနေအရ လုပ်ငန်းခွင်အခြေအနေ ပြင်းထန်မှုအဆင့်ကို အပြန်အလှန်အားဖြင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။ အလုပ်အကိုင်အခြေအနေများတွင် 'အခြား' အမျိုးအစားကို ဇယားတွင် မဖော်ပြထားခြင်းမှာ အဆိုပါ အမျိုးအစားနှင့် ပတ်သက်၍ နမူနာမပါရှိသောကြောင့် ဖြစ်ပါသည်။ နမူနာကလေးများ တွင် အလုပ်ရှင်အဖြစ် လုပ်ကိုင်သူ ၂ ဦးသာ တွေ့ရှိခဲ့ရသည့်အတွက် 'အလုပ်ရှင်' နှင့် 'ကိုယ်ပိုင် စီးပွားရေးလုပ်ကိုင်သူ' အမျိုးအစားတို့ကိုပေါင်း၍ 'ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ' ဟူသော အမျိုးအစားတစ်ခုတည်းအဖြစ် ဖော်ပြထားပါသည်။ အံ့ဩဖွယ်မှာ အလုပ်ရှင်များဖြစ်ကြသော အလုပ်လုပ်သော ကလေးများသည် အန္တရာယ်ရှိသောအခြေအနေများကို ကြုံတွေ့ကြရခြင်း ဖြစ်ပါသည်။ သို့သော် အရေအတွက် (၇၁၇ ဦး) မှာမူ အလွန်းနည်းပါးကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် အလုပ်သမားအဖြစ်လုပ်ကိုင်ကြသော အလုပ်လုပ်သောကလေး ၉၀% တွင် ၄၈.၂% သည် အန္တရာယ်ရှိသောအခြေအနေများကို ရင်ဆိုင်နေကြရပြီး ၄၂.၁%သည် အခြား ကလေး လုပ်သားများအဖြစ် လုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။ ကိုယ်ပိုင်အလုပ်လုပ်ကိုင်သော အမျိုးအစားတွင် ၅၀% သည် အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေကြသော ကလေး လုပ်သားများဖြစ်ကြပြီး ၃၆% သည် အခြားကလေးလုပ်သားများအဖြစ် လုပ်ကိုင်နေကြရ ကြောင်း တွေ့ရှိရပါသည်။

ဇယား-၄၆။ အလုပ်အကိုင်အခြေအနေများတွင် လုပ်ငန်းခွင်အခြေအနေအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| အလုပ်အကိုင်အခြေအနေ | အလုပ်လုပ်ကိုင်နေသော ကလေးများ ရာခိုင်နှုန်း | | | | ခန့်မှန်း ကလေးဦးရေ |
|---|---|---|---|---|---|
| | အန္တရာယ် ရှိသော အလုပ်တွင် လုပ်ကိုင် နေရသူများ | အခြား ကလေး လုပ်သား | ကလေး လုပ်သား မဟုတ်သော ကလေး | အလုပ်လုပ် ကိုင်နေသော ကလေး အားလုံး | |
| **စုစုပေါင်း** | ၅.၁ | ၄.၂ | ၉၀.၇ | ၁၀၀.၀ | ၁၂,၁၄၆,၄၆၃ |
| အလုပ်သမား | ၄၈.၂ | ၄၂.၁ | ၉.၆ | ၁၀၀.၀ | ၇၂၄,၅၂၁ |
| ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ | ၅၀.၂ | ၃၅.၈ | ၁၄.၀ | ၁၀၀.၀ | ၂၄၇,၃၇၂ |
| အခကြေးငွေမရသော မိသားစုဝင်လုပ်သား | ၄၆.၅ | ၃၇.၅ | ၁၆.၀ | ၁၀၀.၀ | ၃၀၇,၁၄၃ |

အခကြေးငွေမပေးရသော မိသားစုလုပ်သားတွင်လည်း ၄၆.၅% သည် အန္တရာယ်ရှိသော အခြေအနေများတွင်လုပ်ကိုင်ကြပြီး ၃၇.၅% သည် အခြားကလေးလုပ်သားများအဖြစ် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ အဓိကအလုပ်အကိုင်အဆင့် ၃ မျိုးလုံးတွင် ကလေးများ၏ ၅၀% နီးပါးသည် အန္တရာယ်ရှိသော ကလေးလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းသည် နိုင်ငံကို ထိုးဖောက်လျက်ရှိသည့် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေကြသော ကလေးလုပ်သားများ၏ များပြားလှစွာသော အတိုင်းအတာအညွှန်းကိန်းပမာဏကို ဖော်ပြထားပါသည်။

ဇယား ၄၇ တွင် ၎င်းတို့၏ အလုပ်အကိုင်အခြေအနေအလိုက် အန္တရာယ်ရှိသော ကလေးလုပ်သားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းကိုဖော်ပြထားပါသည်။ အဆိုပါဇယားအရ အလုပ် သမားအဖြစ် လုပ်ကိုင်နေသူများသည် အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေသော ကလေး လုပ်သားအဖြစ် အများဆုံး (၅၆.၇၀%) တွေ့ရှိရမည်ဖြစ်ပါသည်။ အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများတွင် ၂၀% ခန့်သည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ပြီး ၂၃.၂% သည် အခကြေးငွေမရသော မိသားစုဝင်လုပ်သားများဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ အထင်ရှားဆုံးမှာ အခကြေးငွေမရသော မိသားစုဝင်လုပ်သားများကို ယင်းတို့၏ ဆန္ဒအရဟုထင်ရစေလျက် အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေရသော ကလေးလုပ်သားများအဖြစ် အတင်းအကြပ် ပြုလုပ်စေသည့် အချက်ဖြစ်သည်ကို တွေ့ရှိရပါသည်။

ပုံ-၁၀။ အလုပ်အကိုင်အခြေအနေအလိုက် အန္တရာယ်ရှိသောအလုပ်တွင်
လုပ်ကိုင်နေသောကလေးလုပ်သားများ




ဇယား-၄၇။ အလုပ်အကိုင်အခြေအနေအလိုက် အန္တရာယ်ရှိသော အလုပ်တွင်လုပ်ကိုင်နေသော ကလေးလုပ်သားပျံ့နှံ့မှုရာခိုင်နှုန်း

| အလုပ်အကိုင် အခြေအနေ | အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သား ရာခိုင်နှုန်း |
|---|---|
| **စုစုပေါင်း** | ၁၀၀.၀ |
| အလုပ်သမား | ၅၆.၇ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၂၀.၂ |
| အခကြေးငွေမရသော မိသားစုဝင်လုပ်သား | ၂၃.၂ |

ဇယား ၄၈ သည် ကလေးများ၏ သာမန်ဖွံ့ဖြိုးမှုကို ထိခိုက်စေသော အလုပ်ပြင်းထန်မှုအဖြစ် သတ်မှတ်ထားသော လုပ်ငန်းများနှင့် သတ်မှတ်ထားခြင်းမရှိသော လုပ်ငန်းများရှိ အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေရသော ကလေးလုပ်သားများ၏ ပါဝင်မှုရာခိုင်နှုန်းအများဆုံးမှာ ဆောက်လုပ်ရေးလုပ်ငန်း (အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ၆၃.၄%) ဖြစ်ပြီး ယင်းနောက်တွင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း (၅၄.၆%)၊ လျှပ်စစ်နှင့် ဓာတ်ငွေ့လုပ်ငန်း (၅၆%) နှင့် သတ္တုတူးဖော်ရေးနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်း(၄၃.၁%) တို့ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ယင်းတို့သည် အန္တရာယ်ရှိသော လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးလုပ်သားပါဝင်မှု မြင့်မားသော အဓိကလုပ်ငန်းအမျိုးအစား အနည်းငယ်ဖြစ်ပါသည်။ အခြားကလေးလုပ်သား အမျိုးအစားများကို ကုန်သွယ်ရေး၊ အိမ်အကူအလုပ်၊ သတ္တုတွင်းနှင့် ထုတ်လုပ်ရေးတို့တွင် ပိုမိုတွေ့ရှိရပါသည်။

ဇယား-၄၈။ အဓိကလုပ်ငန်းအမျိုးအစားများအလိုက် ပြင်းထန်သော အလုပ်အကိုင်များကို လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | အလုပ်လုပ်ကိုင်နေသော ကလေးရာခိုင်နှုန်း | | | | အလုပ်လုပ်ကိုင်နေသော ခန့်မှန်း ကလေး ဦးရေ |
|---|---|---|---|---|---|
| | အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသူများ | အခြား ကလေး လုပ်သား | ကလေး လုပ်သား မဟုတ်သော ကလေး | အလုပ်လုပ်ကိုင်နေသော ကလေး အားလုံး | |
| ပြည်ထောင်စု | ၄၇.၈ | ၄၀.၂ | ၁၂.၀ | ၁၀၀.၀ | ၁,၂၅၁,၅၄၄ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၅၄.၆ | ၃၃.၇ | ၁၁.၇ | ၁၀၀.၀ | ၇၅၇,၇၉၃ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၄၃.၁ | ၄၉.၂ | ၇.၆ | ၁၀၀.၀ | ၁၀,၅၀၉ |
| ကုန်ထုတ်လုပ်မှု | ၄၁.၉ | ၄၇.၇ | ၁၀.၄ | ၁၀၀.၀ | ၁၅၀,၇၀၀ |
| လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေ ဖြန့်ဖြူးမှုလုပ်ငန်း | ၅၆.၀ | ၀.၀ | ၄၄.၀ | ၁၀၀.၀ | ၄၅၅ |
| ဆောက်လုပ်ရေး | ၆၃.၄ | ၃၁.၉ | ၄.၆ | ၁၀၀.၀ | ၅၀,၅၆၆ |
| လက်လီ၊ လက်ကား ရောင်းဝယ်ရေး၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ် ပြုပြင်ရေး | ၂၇.၄ | ၅၉.၃ | ၁၃.၃ | ၁၀၀.၀ | ၁၃၈,၄၈၅ |
| အိမ်ဖော်နှင့်ဆိုင်သော ဝန်ဆောင်မှု လုပ်ငန်းများ | ၃၀.၀ | ၅၁.၉ | ၁၈.၁ | ၁၀၀.၀ | ၁၁,၃၇၁ |
| အခြားလုပ်ငန်းများ | ၃၃.၄ | ၄၉.၉ | ၁၆.၆ | ၁၀၀.၀ | ၁၃၁,၆၆၆ |

အရေအတွက်အားဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားအရေအတွက် အများဆုံးဖြစ်ပြီး လျှပ်စစ်၊ သဘာဝဓာတ်ငွေ့ စသည့် လုပ်ငန်းတို့တွင် အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တွင် အခြားကလေးလုပ်သားများ အများဆုံးပါဝင်နေသည်ကိုလည်းတွေ့ရှိရပါသည်။ ယင်းသည် စိုက်ပျိုးရေးလုပ်ငန်းတွင် ပြင်းထန်ပြီး အန္တရာယ်ရှိသော အလုပ်အခြေအနေများကို ကလေးများ ပိုမိုရင်ဆိုင်ရသည်ဟူသောအချက်ကို ဖော်ပြလျက်ရှိပါသည်။ လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ရေ ဖြန့်ဖြူးခြင်းလုပ်ငန်းတို့တွင် ကလေးလုပ်သားမဟုတ်သည့် အလုပ်လုပ်ကိုင်သော ကလေးများ ရာခိုင်နှုန်းအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၄၉ တွင် သတ်မှတ်ထားသည့် အဓိက အလုပ်အကိုင်များ၊ အန္တရာယ်ရှိသော အခြေအနေများဖြစ်သည့် အလုပ်ချိန်ကြာမြင့်မှု၊ ပြင်းထန်မှုအစရှိသည့် အခြေအနေတို့ဖြင့် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ အရေအတွက်အားဖြင့်

ကျွမ်းကျင်လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း အလုပ်အကိုင်တွင် ကလေးသူငယ် အများဆုံး (၅၇၀,၉၈၀ ဦး) ပါဝင်လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ ယင်းတို့အနက် ၅၁.၇% သည် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေရသော ကလေးလုပ်သားများ ဖြစ်ကြပြီး ၃၄.၉% သည် အခြားကလေးလုပ်သားများ ဖြစ်ကြကြောင်း တွေ့ရှိရပါသည်။

**ဇယား-၄၉။ အဓိကအလုပ်အကိုင်အမျိုးအစားများအလိုက် ပြင်းထန်သော အလုပ်အကိုင်များကို လုပ်ကိုင်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်လုပ်ကိုင်နေသော ကလေး ရာခိုင်နှုန်း | | | | အလုပ်လုပ်ကိုင်နေသော ခန့်မှန်း ကလေး ဦးရေ |
|---|---|---|---|---|---|
| | အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသူများ | အခြား ကလေး လုပ်သား | ကလေး လုပ်သား မဟုတ်သော ကလေး | အလုပ်လုပ်ကိုင်နေသော ကလေး အားလုံး | |
| **ပြည်ထောင်စု** | **၄၈.၃** | **၃၉.၈** | **၁၁.၉** | **၁၀၀.၀** | **၁,၂၇၀,၀၉၆** |
| ဝန်ဆောင်မှုနှင့်အရောင်း လုပ်သားများ | ၂၅.၀ | ၆၁.၉ | ၁၃.၂ | ၁၀၀.၀ | ၁၄၂,၁၁၉ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင် လုပ်သားများ | ၅၁.၇ | ၃၄.၉ | ၁၃.၄ | ၁၀၀.၀ | ၅၇၀,၉၈၀ |
| လက်မှုပညာနှင့်ဆက်စပ် လုပ်ငန်းလုပ်သားများ | ၄၉.၂ | ၃၆.၈ | ၁၃.၉ | ၁၀၀.၀ | ၁၆၅,၃၈၆ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ် အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၃၄.၁ | ၅၅.၅ | ၁၀.၄ | ၁၀၀.၀ | ၃၄,၅၆၀ |
| အခြေခံအလုပ်အကိုင်များ | ၅၄.၀ | ၃၈.၀ | ၈.၀ | ၁၀၀.၀ | ၃၄၅,၈၃၄ |
| အခြား | ၂၂.၈ | ၆၇.၃ | ၉.၉ | ၁၀၀.၀ | ၁၁,၂၁၈ |

ထို့ကြောင့် ဤကဏ္ဍသည် အန္တရာယ်ရှိသော အခြေအနေများ၏ အမြင့်မားဆုံးအကျိုးသက်ရောက်မှုရှိနေသည်ကို ဖော်ပြလျက်ရှိပါသည်။ အခြေခံအလုပ်အကိုင်များတွင် အလုပ်လုပ်သောကလေးများ ၀.၃၅ သန်း (၅၄.၀%) သည် အန္တရာယ်ရှိသော အလုပ်ကိုလုပ်ကိုင်နေရသော ကလေးလုပ်သားများဖြစ်ကြပြီး ၃၈% သည် အခြားကလေးလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ လက်မှုလုပ်ငန်းများနှင့် ဆက်စပ်နေသော အရောင်းအဝယ် အလုပ်သမားများသည် ၀.၁၇ သန်းရှိသည့်အနက် ၄၉.၂% သည် အန္တရာယ်ရှိသော အလုပ်ကိုလုပ်ကိုင်နေရသော ကလေးလုပ်သားများဖြစ်ကြပြီး ၃၆.၈% သည် အခြားကလေးလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အားလုံးခြုံငုံကြည့်ပါက အလုပ်လုပ်သောကလေးများ၏ ၄၈.၃% သည် အန္တရာယ်ရှိသော

အလုပ်ကို လုပ်ကိုင်နေရသော ကလေးလုပ်သားများဖြစ်ကြပြီး ၃၉.၈% သည် အခြားကလေး လုပ်သားများဖြစ်ကြကာ ၁၁.၉% သည် ကလေးလုပ်သားများ မဟုတ်ကြောင်း တွေ့ရှိရပါသည်။ အဓိက အလုပ်အကိုင်သုံးခုဖြစ်သည့် စိုက်ပျိုးရေး၊ လက်မှုလုပ်ငန်းနှင့် အခြေခံအလုပ်အကိုင်များ ကို လုပ်ကိုင်နေကြသည့် ကလေးများ၏ ထက်ဝက်ဝန်းကျင်သည် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေရသော ကလေးလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား ၅၀ တွင် အလုပ်ချိန်ကြာမြင့်မှု၊ အလုပ်ပြင်းထန်မှု အစရှိသည်တို့ကြောင့် အန္တရာယ် ရှိသော အလုပ်အကိုင်အဖြစ် သတ်မှတ်ထားသည့် အဓိကလုပ်ငန်းများနှင့် သတ်မှတ်ထားခြင်းမရှိ သည့် အဓိကလုပ်ငန်းများအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းကို ဖော်ပြ ထားပါသည်။

**ဇယား-၅၀။ အဓိကအလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နေသောကလေးများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း**

| နယ်ပယ် | ပျံ့နှံ့မှုရာခိုင်နှုန်း | | | |
|---|---|---|---|---|
| | အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသူများ | အခြား ကလေး လုပ်သား | ကလေး လုပ်သား မဟုတ်သော ကလေး | အလုပ်လုပ်သော ကလေး အားလုံး |
| **ပြည်ထောင်စု** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၅.၈ | ၁၇.၄ | ၁၂.၄ | ၁၁.၂ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၄၈.၁ | ၃၉.၄ | ၅၀.၆ | ၄၅.၀ |
| လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း လုပ်သားများ | ၁၃.၃ | ၁၂.၀ | ၁၅.၂ | ၁၃.၀ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၁.၉ | ၃.၈ | ၂.၄ | ၂.၇ |
| အခြေခံအလုပ်အကိုင်များ | ၃၀.၄ | ၂၆.၀ | ၁၈.၃ | ၂၇.၂ |
| အခြား | ၀.၄ | ၁.၅ | ၀.၇ | ၀.၉ |




ပုံ-၁၁။ အလုပ်အကိုင်အမျိုးအစားအလိုက် အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်နေသော ကလေးလုပ်သား

ဇယားတွင် ဖော်ပြထားသော သတင်းအချက်အလက်များအရ အန္တရာယ်ရှိသော ကလေးလုပ်သားများကို ကျွမ်းကျင် လယ်ယာ၊ သစ်တောနှင့်ငါးဖမ်းလုပ်သားများတွင် ၄၈.၁% ဖြင့် အများဆုံး တွေ့ရှိရပြီး ယင်းနောက် အခြေခံအလုပ်အကိုင်များတွင် ၃၀.၄%၊ လက်မှုလုပ်ငန်းနှင့် ဆက်စပ်နေသော ရောင်းဝယ်ရေး အလုပ်အကိုင်တွင် ၁၃.၃% ရှိကြောင်းတွေ့ရှိရပါသည်။ အဆိုပါ အလုပ်အကိုင်သုံးခုစလုံးကို ပေါင်းလိုက်ပါက အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေရသော ကလေး ရာခိုင်နှုန်းမှာ ၉၂% ရှိသည်ကိုတွေ့ရှိရပါသည်။ အထက်တွင်ဖော်ပြထားသော အလုပ်အကိုင်သုံးမျိုးလုံး၌ အခြား ကလေးလုပ်သားအမျိုးအစားတွင် ၇၇% ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်သော်လည်း ကလေးလုပ်သားမဟုတ်သော ကလေးများ၏ ၅၀% ကျော်သည် စိုက်ပျိုးရေးလုပ်သားများ အဖြစ်လုပ်ကိုင်ကြပြီး ၁၅% သည် လက်မှုလုပ်ငန်းနှင့် ၁၈% သည် အခြေခံအလုပ်အကိုင်များတွင် လုပ်ကိုင်ကြပါသည်။ အန္တရာယ်ရှိသော ကလေးလုပ်သားများသည် လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းအလုပ်အကိုင်နှင့် အခြေခံအလုပ်အကိုင်များတွင် ပိုမို တွေ့ရှိရပါသည်။

ဇယား ၅၁ အရ တစ်ဦးချင်း လစဉ်ပျမ်းမျှအသုံးစရိတ်အဆင့်အလိုက် အထက်သို့တက်သွားသည်နှင့်အမျှ ကလေးလုပ်သားရာခိုင်နှုန်းနှင့် အန္တရာယ်ရှိသော အလုပ်ကိုလုပ်ကိုင်နေသော ကလေးလုပ်သားရာခိုင်နှုန်းသည် တဖြည်းဖြည်းကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ ၀-၂၀ အဆင့်တွင် ကလေးများ၏ ၃၀% သည် ကလေးလုပ်သားများဖြစ်ပြီး ကလေးလုပ်သား၏ ၂၈.၅% သည် အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်နေသည့် ကလေးလုပ်သားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၈၀ မှ ၁၀၀ အဆင့်တွင် ကလေးလုပ်သားရာခိုင်နှုန်းသည် ၃ ပုံ ၁ ပုံ (၁၀.၄%) နှင့် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေသောကလေးလုပ်သားရာခိုင်နှုန်းသည် ၁၁.၄% သို့ ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။

ဇယား-၅၁။ ကျား၊ မ အလိုက် တစ်ဦးချင်းလစဉ်ပျမ်းမျှအသုံးစရိတ်ပေါ်တွင် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသော ကလေးလုပ်သားများနှင့် ကလေးလုပ်သားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | ပျံ့နှံ့မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ကလေး | ယောကျ်ားလေး | မိန်းကလေး |
| ကလေးလုပ်သား | | | |
| ပြည်ထောင်စု | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ၀-၂၀ | ၂၉.၄ | ၂၈.၂ | ၃၀.၈ |
| ၂၀-၄၀ | ၂၄.၀ | ၂၂.၂ | ၂၅.၉ |
| ၄၀-၆၀ | ၁၉.၅ | ၁၉.၈ | ၁၉.၂ |
| ၆၀-၈၀ | ၁၆.၈ | ၁၉.၈ | ၁၃.၁ |
| ၈၀-၁၀၀ | ၁၀.၄ | ၉.၉ | ၁၀.၉ |
| အန္တရာယ်ရှိသော အလုပ်ကို လုပ်ကိုင်နေသော ကလေးများ | | | |
| ပြည်ထောင်စု | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| ၀-၂၀ | ၂၈.၅ | ၂၆.၁ | ၃၁.၈ |
| ၂၀-၄၀ | ၂၁.၀ | ၂၀.၁ | ၂၂.၁ |
| ၄၀-၆၀ | ၂၁.၉ | ၂၂.၄ | ၂၀.၈ |
| ၆၀-၈၀ | ၁၇.၃ | ၂၀.၈ | ၁၃.၀ |
| ၈၀-၁၀၀ | ၁၁.၄ | ၁၀.၆ | ၁၂.၃ |

စားသုံးမှုအဆင့်တစ်ခုချင်းစီရှိ ကလေးလုပ်သားများ၏ ကျား၊ မ ဖွဲ့စည်းမှုသည် အချို့သော အဆင့်တစ်ခု၊ နှစ်ခုမှလွဲ၍ ယောကျ်ားလေးနှင့်မိန်းကလေးအတွက် တူညီလုနီးပါးရှိသည်ကို တွေ့ရှိရပါသည်။ စားသုံးမှုအဆင့် ၆၀ မှ ၈၀ အဆင့်ရှိ အိမ်ထောင်စုများတွင် အလုပ်လုပ်သော ယောကျ်ားလေးများနှင့် မိန်းကလေးများ၏အချိုးသည် ၁.၅ ထက်ပိုပြီး ယောကျ်ားလေး အရေအတွက်ပိုများသည်ကို တွေ့ရှိရပါသည်။ ထိုနည်းတူ အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေရသော ကလေးလုပ်သားများနှင့်စပ်လျဉ်း၍ ၀-၂၀ အဆင့်တွင် ယောကျ်ားလေးများနှင့် မိန်းကလေးများအချိုးသည် ၁.၂ ကျော်ရှိပြီး မိန်းကလေးအရေအတွက် ပိုများသည်ကို တွေ့ရှိရပါသည်။ ၆၀-၈၀ အဆင့်တွင်မူ အချိုးမှာ ၁.၆ ရှိပြီး ယောကျ်ားလေး အရေအတွက် ပိုများကြောင်းတွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် တစ်ဦးချင်းလစဉ် ပျမ်းမျှအသုံးစရိတ်အဆင့်နိမ့်လေလေ ယောကျ်ားလေးများထက် မိန်းကလေးများသည် ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော အလုပ်ကိုလုပ်ကိုင်နေရသော ကလေးလုပ်သားများအဖြစ် လုပ်ကိုင်နေကြရသည်ကိုတွေ့ရှိရပါသည်။

ပုံ-၁၂။ ငါးကိန်းစုလစဉ်တစ်ဦးပျမ်းမျှအသုံးစရိတ်အဆင့်အလိုက် အန္တရာယ်ရှိသော အလုပ်လုပ်နေသည့် ကလေးလုပ်သား




## ၇.၅ အလုပ်တွင် အန္တရာယ်ရှိမှုနှင့် ခံစားခွင့်ရရှိမှုများ

အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင်လုပ်ကိုင်နေသော ကလေးလုပ်သား အဓိပ္ပာယ် သတ်မှတ်ချက်အရ အလုပ်လုပ်သော ကလေးများသည် သတ်မှတ်ထားသော လုပ်ငန်းကဏ္ဍနှင့် အလုပ်အကိုင်အမျိုးအစားများ၊ အလုပ်ချိန်ရှည်ကြာသော အလုပ်များတွင် လုပ်ကိုင်နေရပါက အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားအဖြစ် သတ်မှတ်ပါသည်။ ထို့အပြင် အလုပ်လုပ်သော ကလေးများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို အန္တရာယ်ဖြစ်စေသော အချို့သော လုပ်ငန်းခွင်အခြေအနေများကိုလည်း အန္တရာယ်ရှိသော အလုပ်အဖြစ် သတ်မှတ်နိုင်ပါသည်။ အန္တရာယ်ရှိသော လုပ်ငန်းခွင်အခြေအနေများသည် ကျန်းမာရေးထိခိုက်စေသော လုပ်ငန်းခွင်၊ လုံခြုံစိတ်ချရမှုမရှိသော စက်ပစ္စည်းကိရိယာများနှင့် လေးလံသော ဝန်ထုတ်ဝန်ပိုးများ၊ အန္တရာယ်ရှိသော အလုပ်နေရာများ ဖြစ်နိုင်ပါသည်။ အဆိုပါအခြေအနေများနှင့်စပ်လျဉ်း၍ ရရှိသောအချက်အလက်များကို အခြေခံ၍ အသေးစိတ်လေ့လာမှုကို ဤအပိုင်းတွင် ဖော်ပြထား ပါသည်။

ဇယား ၅၂ တွင် အလုပ်လုပ်သော ကလေးများ၏ ၎င်းတို့လက်ရှိလုပ်ကိုင်လျက်ရှိသော လုပ်ငန်းကဏ္ဍများတွင် အမျိုးမျိုးသော အန္တရာယ်ရှိမှု အခြေအနေများနှင့် တွေ့ကြုံနေရမှုများကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ ကလေးများ အဓိကတွေ့ကြုံနေရသည့် အန္တရာယ်ရှိမှု ပုံစံများ မှာ ဖုန်၊ အခိုးငွေ့ကို အလုပ်လုပ်သော ကလေး ၄၀ ရာခိုင်နှုန်းကလည်းကောင်း၊ အန္တရာယ်ရှိသော စက်ပစ္စည်း ကိရိယာများကို အလုပ်လုပ်သောကလေး ၁၆.၅ ရာခိုင်နှုန်းကလည်းကောင်း၊ ပြင်းထန်သော အပူချိန် သို့မဟုတ် အအေးဓာတ်ကို အလုပ်လုပ်သောကလေး ၁၁.၃ ရာခိုင်နှုန်းက

လည်းကောင်း၊ ဓာတုဆေးဝါးနှင့် ပိုးသတ်ဆေးများကို အလုပ်လုပ်သောကလေး ၉.၅ ရာခိုင်နှုန်းကလည်းကောင်း ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်သောကလေး ၈၀ ရာခိုင်နှုန်းသည် အဆိုပါအန္တရာယ်ရှိမှုအခြေအနေ တစ်ခုမဟုတ် တစ်ခုဖြင့် ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည်။

လယ်ယာ၊ သတ္တုတူးဖော်ခြင်း၊ ကုန်ထုတ်လုပ်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများသည် အလုပ်လုပ်သောကလေးအများစုကို ဖုန်၊ အခိုးငွေ့များနှင့် ထိတွေ့စေသည့် အဓိကလုပ်ငန်းကဏ္ဍများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါလုပ်ငန်းကဏ္ဍများသည် အလုပ်လုပ်သော ကလေးများကို အန္တရာယ်ရှိသော စက်ပစ္စည်းကိရိယာများ၊ ပိုးသတ်ဆေးနှင့် ဓာတုပစ္စည်းများ၊ ပြင်းထန်သော အပူချိန်နှင့် အအေးဓာတ်များ၊ လေးလံသောပစ္စည်းသယ်ယူခြင်းများ စသည်တို့ကို ကြုံတွေ့စေသည့် လုပ်ငန်းကဏ္ဍများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍသည် အလုပ်လုပ်သောကလေး ၃၀ ရာခိုင်နှုန်းကို အမြင့်တွင်လုပ်ကိုင်စေသော လုပ်ငန်းကဏ္ဍဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား ၅၂။ လက်ရှိ အဓိကအလုပ်၏ အဓိကလုပ်ငန်းကဏ္ဍများတွင် တွေ့ကြုံရသော အန္တရာယ်ရှိမှု အခြေအနေများအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း**

| လုပ်ငန်းကဏ္ဍ | အန္တရာယ်ရှိမှု အခြေအနေများအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | | | | | | |
|---|---|---|---|---|---|---|---|
| | ဖုန်၊ အခိုးငွေ့ | မီး၊ ဓာတ်ငွေ့၊ မီးတောက် မီးလျှံ | ကျယ်လောင်သော ဆူညံသံ သို့မဟုတ် တုန်ခါမှု | ပြင်းထန်သော အအေးဓာတ် သို့မဟုတ် အပူရှိန် | အန္တရာယ်ရှိသော စက်ပစ္စည်း ကိရိယာ | မြေအောက်တွင် လုပ်ကိုင်ရခြင်း | အမြင့်တွင် လုပ်ကိုင်ရခြင်း |
| **ပြည်ထောင်စု** | ၄၀.၁ | ၅.၀ | ၄.၇ | ၁၁.၃ | ၁၆.၅ | ၀.၇ | ၂.၇ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၄၉.၀ | ၃.၈ | ၂.၁ | ၁၄.၇ | ၂၀.၆ | ၀.၂ | ၁.၁ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၄၂.၀ | ၂.၈ | ၁၅.၇ | ၂.၀ | ၂၀.၁ | ၃.၃ | ၁.၂ |
| ကုန်ထုတ်လုပ်မှု | ၂၇.၅ | ၇.၇ | ၁၀.၇ | ၆.၇ | ၁၁.၅ | ၁.၁ | ၁.၄ |
| ဆောက်လုပ်ရေး | ၅၀.၂ | ၁.၃ | ၁၃.၆ | ၁၃.၄ | ၁၆.၇ | ၀.၈ | ၃၀.၃ |
| လယ်လီ၊ လက်ကား ရောင်းဝယ်ရေး | ၂၃.၄ | ၈.၈ | ၃.၃ | ၁.၀ | ၇.၅ | ၀.၀ | ၀.၀ |
| အခြားလုပ်ငန်းများ | ၁၉.၂ | ၅.၉ | ၉.၃ | ၇.၇ | ၈.၈ | ၃.၄ | ၅.၆ |
| **ခန့်မှန်းဦးရေ** | ၄၉၈,၉၄၀ | ၆၁,၅၈၂ | ၅၇,၈၆၉ | ၁၄၀,၂၂၀ | ၂၀၅,၅၈၁ | ၈,၇၅၉ | ၃၃,၀၇၀ |
| **နမူနာဦးရေ** | ၈၅၃ | ၉၉ | ၁၁၁ | ၂၃၆ | ၃၂၂ | ၁၄ | ၅၉ |

ဇယား ၅၂ (အဆက်)

| လုပ်ငန်းကဏ္ဍ | အန္တရာယ်ရှိမှု အခြေအနေများအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | ရေထဲ/ကန်/ပင်လယ်/မြစ်ထဲတွင် လုပ်ကိုင်ခြင်း | အလုပ်နေရာ အလွန်မှောင်ခြင်း သို့မဟုတ် အချုပ်အချယ်နှင့်ထားခြင်း | မလုံလောက်သော လေဝင်လေထွက် | ဓာတုပစ္စည်းများ | ပေါက်ကွဲ လွယ်သော | အခြား (အလေးများ သယ်ဆောင် ခြင်း စသည်) |
| **ပြည်ထောင်စု** | ၂.၉ | ၀.၃ | ၀.၄ | ၉.၅ | ၀.၈ | ၈.၇ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၄.၂ | ၀.၄ | ၀.၆ | ၁၄.၃ | ၀.၇ | ၉.၅ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၀.၀ | ၃.၃ | ၃.၃ | ၀.၀ | ၃.၃ | ၁၇.၃ |
| ကုန်ထုတ်လုပ်မှု | ၀.၃ | ၀.၀ | ၀.၀ | ၄.၁ | ၀.၈ | ၆.၇ |
| ဆောက်လုပ်ရေး | ၀.၂ | ၀.၄ | ၀.၀ | ၁.၅ | ၀.၂ | ၁၉.၆ |
| လယ်လီ၊ လက်ကား ရောင်းဝယ်ရေး | ၀.၂ | ၀.၀ | ၀.၀ | ၀.၅ | ၀.၀ | ၃.၅ |
| အခြားလုပ်ငန်းများ | ၂.၂ | ၀.၃ | ၀.၅ | ၁.၈ | ၁.၇ | ၇.၀ |
| **ခန့်မှန်းဦးရေ** | ၃၅,၇၅၈ | ၃,၆၄၆ | ၅,၂၇၄ | ၁၁၇,၈၅၈ | ၉,၅၂၅ | ၁၀၇,၈၉၀ |
| **နမူနာဦးရေ** | ၆၄ | ၈ | ၁၀ | ၁၇၃ | ၁၈ | ၁၈၇ |

ဇယား ၅၃ တွင် ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သောကလေးများ၏ လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အချို့သော အန္တရာယ်ရှိမှုပုံစံများအလိုက် ပါဝင်မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ ဇယားတွင် ဖော်ပြထားချက်အရ ဖုန်၊ အခိုးငွေ့များနှင့် ထိတွေ့ရခြင်းသည် ရာခိုင်နှုန်းမြင့်မားစွာဖြင့် အလုပ်လုပ်သော ကလေးများကို အန္တရာယ်ရှိသော လုပ်ငန်းခွင်သို့ ကျရောက်စေသည်ကို တွေ့ရှိရပါသည်။

ဇယား ၅၃။ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်များတွင် ရွေးချယ်ထားသော လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အန္တရာယ်ရှိမှုအမျိုးအစားများအလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း

| နယ်ပယ် | အန္တရာယ်ရှိမှုအမျိုးအစားများအလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း | | | | | | |
|---|---|---|---|---|---|---|---|
| | ဖုန်၊ အခိုးငွေ့ | မီး၊ ဓာတ်ငွေ့၊ မီးတောက်၊ မီးလျှံ | ကျယ်လောင်သော ဆူညံသံ သို့မဟုတ် တုန်ခါမှု | ပြင်းထန်သော အအေးဓာတ် သို့မဟုတ် အပူရှိန် | အန္တရာယ် ရှိသာ စက်ပစ္စည်း ကိရိယာ | ဓာတုပစ္စည်းများ | အခြား (အလေးများ သယ်ဆောင် ခြင်း စသည်) |
| ပြည်ထောင်စု | ၄၀.၅ | ၄.၉ | ၄.၈ | ၁၁.၂ | ၁၆.၃ | ၉.၈ | ၉.၀ |
| ကျား၊ မ | | | | | | | |
| ကျား | ၄၁.၅ | ၄.၃ | ၆.၅ | ၁၃.၀ | ၁၆.၃ | ၁၀.၆ | ၁၁.၅ |
| မ | ၃၉.၄ | ၅.၆ | ၃.၀ | ၉.၂ | ၁၆.၁ | ၉.၀ | ၆.၃ |
| မြို့ပြ၊ ကျေးလက် | | | | | | | |
| မြို့ပြ | ၂၈.၇ | ၉.၂ | ၉.၇ | ၅.၉ | ၁၃.၄ | ၄.၀ | ၇.၁ |
| ကျေးလက် | ၄၃.၃ | ၃.၉ | ၃.၇ | ၁၂.၄ | ၁၆.၉ | ၁၁.၂ | ၉.၅ |
| အသက်အုပ်စု (နှစ်) | | | | | | | |
| ၅-၁၁ | ၂၈.၉ | ၆.၃ | ၈.၂ | ၁၅.၄ | ၇.၇ | ၄.၅ | ၃.၉ |
| ၁၂-၁၄ | ၄၃.၇ | ၅.၄ | ၄.၁ | ၁၄.၆ | ၁၆.၄ | ၁၁.၂ | ၈.၄ |
| ၁၅-၁၇ | ၃၉.၈ | ၄.၇ | ၅.၀ | ၁၀.၀ | ၁၆.၄ | ၉.၅ | ၉.၃ |

ယောကျာ်းလေးများသည် အိမ်ထောင်စုတွင် အမှားများစွာဖြစ်တတ်သည်နှင့်အညီ အန္တရာယ်ရှိသော အခြေအနေများကို ပိုမိုတွေ့ကြုံရသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသများတွင် အလုပ်လုပ်သော ကလေးအများစုသည် ဖုန်၊ အခိုးငွေ့၊ ပြင်းထန်သော အအေးဓာတ် သို့မဟုတ် အပူရှိန်၊ ဓာတုပစ္စည်း စသည်တို့ဖြင့် ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသများတွင် အလုပ်လုပ်သော ကလေးအများစုသည် မီးတောက်မီးလျှံ၊ ဓာတ်ငွေ့၊ ဆူညံမှု စသည်တို့နှင့် အများဆုံးကြုံတွေ့ကြရသည်ကို တွေ့ရှိရပါသည်။

အသက်အုပ်စု ၁၅-၁၇ နှစ်နှင့် ၁၂-၁၄ နှစ်တွင် အလုပ်လုပ်သောကလေးအများစုသည် ဖုန်၊ အခိုးငွေ့၊ ပြင်းထန်သော အအေးဓာတ် သို့မဟုတ် အပူရှိန်၊ အန္တရာယ်ရှိသော စက်ပစ္စည်းကိရိယာ၊ ပိုးသတ်ဆေးနှင့် ဓာတုပစ္စည်းများဖြင့် အများဆုံး ကြုံတွေ့ကြရသည်ကို တွေ့ရှိရပါသည်။ အဆိုပါ အန္တရာယ်ရှိမှုအခြေအနေများသည် လယ်ယာကဏ္ဍနှင့် ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား ၅၄ တွင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အလုပ်လုပ်သောကလေးများ၏ အဖြစ်များသော အန္တရာယ်ရှိမှု အခြေအနေများတွင် ပါဝင်မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ အလုပ်လုပ်သော ကလေးများ၏ ၄၀ ရာခိုင်နှုန်းကျော်သည် ဖုန်၊ အခိုးငွေ့များနှင့် ထိတွေ့နေရသည်ကို တွေ့ရှိရပါသည်။ အဆိုပါ အန္တရာယ်ရှိသောအခြေအနေနှင့် ကြုံတွေ့ရသည့် အလုပ်လုပ်သောကလေး ၄၀ ရာခိုင်နှုန်းကျော်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ကယား၊ ရှမ်း၊ ပဲခူး၊ ဧရာဝတီ၊ မကွေး၊ မန္တလေးနှင့် နေပြည်တော်တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကယား ပြည်နယ်သည် ရာခိုင်နှုန်းအမြင့်ဆုံး (၅၈%) ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ရာခိုင်နှုန်း အနိမ့်ဆုံး (၁၆.၉%) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပြင်းထန်သော အအေးဓာတ် သို့မဟုတ် အပူရှိန်နှင့် ကြုံတွေ့ရသော အလုပ်လုပ်သောကလေးများရာခိုင်နှုန်းများတွင် ပြည်ထောင်စုအဆင့် ရာခိုင်နှုန်းထက် မြင့်မားသော တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ကချင်၊ ချင်း၊ တနင်္သာရီ၊ မကွေး၊ မွန်၊ ရှမ်းနှင့် ဧရာဝတီတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ချင်း၊ မွန်၊ ရှမ်းနှင့် ဧရာဝတီတို့တွင် အန္တရာယ်ရှိသော စက်ပစ္စည်းများနှင့် ထိတွေ့နေရသော အလုပ်လုပ်သောကလေးရာခိုင်နှုန်းသည် မြင့်မား သည်ကိုတွေ့ရှိရပါသည်။ ရှမ်းနှင့် ဧရာဝတီတို့တွင် အချို့သော ရွေးချယ်ထားသည့် အန္တရာယ်ရှိသော လုပ်ငန်းခွင်အခြေအနေများကို ကြုံတွေ့ရသည့် အလုပ်လုပ်သောကလေးပါဝင်မှု အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရှိရပြီး စစ်ကိုင်း၊ ရခိုင်နှင့် ရန်ကုန်တို့တွင် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရ ပါသည်။

**ဇယား ၅၄။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်၌ အတွေ့များသော အန္တရာယ်ရှိမှုအမျိုးအစား ၅ ခု တွင် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း**

| နယ်ပယ် | အန္တရာယ်ရှိမှုအမျိုးအစားများအလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | ဖုန်၊ အခိုးငွေ့ | ပြင်းထန်သော အအေးဓာတ် သို့မဟုတ် အပူရှိန် | အန္တရာယ်ရှိသော စက်ပစ္စည်းကိရိယာ | ဓာတုပစ္စည်းများ | အခြား (အလေးများ သယ်ဆောင် ခြင်း စသည်) |
| **ပြည်ထောင်စု** | ၄၀.၅ | ၁၁.၂ | ၁၆.၃ | ၉.၈ | ၉.၀ |
| ကချင် | ၃၃.၃ | ၁၅.၈ | ၁၀.၅ | ၅.၉ | ၉.၆ |
| ကယား | ၅၈.၀ | ၁.၂ | ၁၃.၄ | ၁.၂ | ၁၁.၈ |
| ကရင် | ၃၅.၈ | ၂.၇ | ၃.၈ | ၇.၂ | ၀.၀ |
| ချင်း | ၂၆.၇ | ၁၁.၄ | ၂၃.၈ | ၇.၃ | ၁၀.၅ |
| စစ်ကိုင်း | ၂၆.၂ | ၆.၄ | ၁၀.၂ | ၅.၉ | ၃.၃ |
| တနင်္သာရီ | ၂၈.၇ | ၂၀.၀ | ၁၁.၃ | ၂.၆ | ၁၁.၅ |
| ပဲခူး | ၅၂.၁ | ၁၀.၇ | ၉.၀ | ၄.၁ | ၅.၁ |

| နယ်ပယ် | အန္တရာယ်ရှိမှုအမျိုးအစားများအလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှု ရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | ဖုန်၊ အခိုးငွေ့ | ပြင်းထန်သော အအေးဓာတ် သို့မဟုတ် အပူရှိန် | အန္တရာယ်ရှိသော စက်ပစ္စည်းကိရိယာ | ဓာတုပစ္စည်းများ | အခြား (အလေးများ သယ်ဆောင် ခြင်း စသည်) |
| မကွေး | ၄၆.၈ | ၁၄.၆ | ၁၆.၈ | ၆.၃ | ၆.၈ |
| မန္တလေး | ၄၆.၆ | ၃.၂ | ၁၃.၁ | ၅.၈ | ၃.၈ |
| မွန် | ၂၃.၉ | ၂၀.၁ | ၁၉.၈ | ၃.၃ | ၁၂.၁ |
| ရခိုင် | ၂၈.၇ | ၆.၇ | ၆.၀ | ၂.၀ | ၄.၅ |
| ရန်ကုန် | ၁၆.၉ | ၈.၁ | ၁၆.၈ | ၄.၇ | ၁၀.၉ |
| ရှမ်း | ၅၆.၄ | ၁၄.၂ | ၃၃.၃ | ၃၄.၇ | ၂၃.၁ |
| ဧရာဝတီ | ၄၆.၂ | ၁၉.၉ | ၂၀.၂ | ၉.၆ | ၁၀.၁ |
| နေပြည်တော် | ၄၁.၇ | ၆.၁ | ၃.၅ | ၂.၇ | ၃.၀ |

လေ့လာတွေ့ရှိချက်များအရ ကလေးများ၏ အဓိကကြုံတွေ့ရသော အန္တရာယ်ရှိသော လုပ်ငန်းခွင်အခြေအနေသည် အချို့သောကျန်းမာရေးအခြေအနေအရ အန္တရာယ်ရှိမှုအခြေအနေများကို ကလေးငယ်အုပ်စုအချို့သာ တွေ့ကြုံရသည်ကို တွေ့ရှိရပြီး အချို့သော အလုပ်အကိုင်နှင့် လုပ်ငန်းကဏ္ဍများသည်သာ အန္တရာယ်ရှိသော အခြေအနေနှင့် ကြုံတွေ့ကြရသည်ကို တွေ့ရှိရပါသည်။

## ၇.၆ တစ်ပတ်အလုပ်ချိန်နာရီ

ဇယား ၅၅ တွင် ကျား၊ မ အုပ်စု၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက် ခွဲခြား၍ အလုပ်ချိန်ကြာမြင့်မှုကြောင့် ကလေးလုပ်သားဖြစ်ပေါ်ရမှုအခြေအနေကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ ကလေးလုပ်သားအရေအတွက်သည် ခန့်မှန်းခြေအားဖြင့် ၁,၁၂၅,၆၆၀ ဦးရှိပါသည်။ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်သည် ၅၄.၂၂ နာရီဖြစ်ရာ တစ်ပတ်အလုပ်လုပ်ရက် ၆ ရက်အဖြစ် ယူဆမည်ဆိုပါက တစ်နေ့လျှင်အလုပ်ချိန် ၉ နာရီထက်ပိုသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ မိန်းကလေးများ၏ အလုပ်ချိန်သည် ရွယ်တူယောကျ်ားလေးများထက် နာရီပိုများသည်ကို တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင် ကလေးလုပ်သား ၇၃% ပါဝင်ပြီး အခြားအသက်အုပ်စုများထက် ပျမ်းမျှတစ်ပတ်အလုပ်ချိန် (၅၅.၂၂ နာရီ) ပိုမိုလုပ်ကိုင်ကြရကြောင်း တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုသည် အနည်းငယ်သာလျော့နည်းသော ပျမ်းမျှတစ်ပတ်အလုပ်ချိန် ၅၂.၃၃ နာရီ လုပ်ကိုင်ကြရကြောင်းတွေ့ရှိရပါသည်။ အငယ်ဆုံးအသက်အုပ်စုဖြစ်သော ၅ နှစ်မှ ၁၁ နှစ်အုပ်စုသည် ပျမ်းမျှတစ်နေ့ ၇ နာရီ လုပ်ကိုင်နေကြရပြီး ၎င်းတို့၏

ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်ကို အဟန့်အတား ဖြစ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်းကို မြို့ပြဒေသများရှိ ကလေးများ (တစ်ပတ် ပျမ်းမျှ အလုပ်ချိန်နာရီ ၅၆.၆၄ နာရီ)တွင်တွေ့ရှိရပြီး အထူးသဖြင့်မြို့ပြဒေသများရှိ မိန်းကလေးများ သည် တစ်ရက်ပျမ်းမျှအလုပ်ချိန် ၁၀ နာရီထက် ပိုမိုလုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်နှင့် ၁၂ နှစ်မှ ၁၄ နှစ်အသက်အုပ်စုအတွင်းရှိ မြို့ပြဒေသများရှိ ကလေး လုပ်သားများ၏တစ်ပတ်ပျမ်းမျှအလုပ်ချိန်သည် ကျေးလက်ဒေသများရှိ သက်တူရွယ်တူ ကလေး လုပ်သားများထက် မြင့်မားသည်ကိုတွေ့ရှိရပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စု တွင်မူ ကျေးလက်ရှိကလေးလုပ်သားများ၏ တစ်ပတ်ပျမ်းမျှအလုပ်ချိန်သည် မြို့ပြဒေသရှိ သက်တူ ကလေးလုပ်သားများထက် များစွာမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

ယောက်ျားလေး၊ မိန်းကလေးအချိုးသည် အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုနှင့် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုတွင် ၁ ထက်ပိုပြီး ကျေးလက်မိန်းကလေးများက ပိုသည်ကိုတွေ့ရှိရပါသည်။ သို့သော် အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင် အချိုးသည် ၁.၅၄ ရှိကြောင်း တွေ့ရှိရပါသည်။ အသက် ၅ နှစ် မှ ၁၁ နှစ်အုပ်စုရှိ ကျား မအချိုးသည် ကျေးလက်ဒေသမိန်းကလေးများတွင် ၁.၅၄ ဖြစ်ပြီး မြို့ပြဒေသမိန်းကလေးများတွင် ၁.၇၈ ရှိကြောင်းတွေ့ရှိရပါသည်။ အခြားအသက်အုပ်စု အားလုံး တွင် မြို့ပြဒေသများရှိ ကျား၊ မအချိုးသည် ၁ ဝန်းကျင်ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား-၅၅။ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် ကလေးလုပ်သားများ ဆောင်ရွက်ခဲ့ သည့် တစ်ပတ်အလုပ်ချိန်နာရီ**

| အသက်အုပ်စု | ယောက်ျားလေး | မိန်းကလေး | စုစုပေါင်း | ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ပြည်ထောင်စု | | | | |
| **စုစုပေါင်း** | **၅၃.၄၂** | **၅၅.၁၃** | **၅၄.၂၂** | **၁,၁၂၅,၆၆၀** |
| ၅-၁၁ | ၃၀.၇၁ | ၄၇.၃၅ | ၄၀.၉၅ | ၂၁,၉၃၅ |
| ၁၂-၁၄ | ၅၁.၂၅ | ၅၃.၄၄ | ၅၂.၃၃ | ၂၈၃,၀၆၀ |
| ၁၅-၁၇ | ၅၄.၅၄ | ၅၆.၀၄ | ၅၅.၂၂ | ၈၂၀,၆၆၆ |
| မြို့ပြ | | | | |
| **စုစုပေါင်း** | **၅၃.၂၀** | **၆၀.၉၉** | **၅၆.၆၄** | **၂၂၀,၉၇၈** |
| ၅-၁၁ | ၁၉.၆၆ | ၃၅.၀၆ | ၂၉.၉၃ | ၈,၂၇၀ |
| ၁၂-၁၄ | ၅၃.၇၈ | ၆၁.၀၆ | ၅၇.၂၀ | ၅၃,၃၈၁ |
| ၁၅-၁၇ | ၅၄.၀၄ | ၆၃.၀၈ | ၅၇.၈၄ | ၁၆၀,၃၂၆ |
| ကျေးလက် | | | | |
| **စုစုပေါင်း** | **၅၃.၄၇** | **၅၃.၇၈** | **၅၃.၆၂** | **၉၀၃,၆၈၃** |

| အသက်အုပ်စု | ယောကျ်ားလေး | မိန်းကလေး | စုစုပေါင်း | ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ၅-၁၁ | ၃၆.၀၈ | ၅၅.၈၃ | ၄၇.၆၂ | ၁၃,၆၆၅ |
| ၁၂-၁၄ | ၅၀.၆၃ | ၅၁.၇၆ | ၅၁.၁၉ | ၂၂၉,၆၇၈ |
| ၁၅-၁၇ | ၅၄.၆၇ | ၅၄.၄၈ | ၅၄.၅၉ | ၆၆၀,၃၄၀ |

ဇယား ၅၆ တွင် ကျား၊ မ အုပ်စု၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်ဒေသများအလိုက် အန္တရာယ်ရှိသော အလုပ်များနှင့် ထိတွေ့လုပ်ကိုင်ရသော ကလေးသူငယ်များကို အလေးပေး ဖော်ပြထားပါသည်။ ကလေး ၆၁၆,၈၁၅ ဦးသည် အန္တရာယ်ရှိသော အလုပ်များတွင် ပါဝင် လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့သည် တစ်ပတ်လျှင် ပျမ်းမျှအလုပ်ချိန် ၅၁.၉ နာရီလုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စု (၇၅%) နှင့် အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စု (၂၄%) တို့သည် ပျမ်းမျှတစ်ပတ်လျှင် အလုပ်ချိန် ၅၂ နာရီ လုပ်ကိုင် နေကြရသည့်အတွက် တစ်ပတ်အလုပ်လုပ်ရက် ၆ ရက်နှင့်တွက်ပါက တစ်ရက်လျှင် ၉ နာရီ လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုသည် တစ်ရက် ၆.၇ နာရီ၊ တစ်ပတ် ၄၀.၂ နာရီ လုပ်ကိုင်နေကြရပြီး အန္တရာယ်ရှိသောအလုပ်လုပ်ကိုင်နေသည့် ကလေး လုပ်သားအဖြစ် ၁.၂၈% ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

မိန်းကလေးများသည် ယောကျ်ားလေးများထက် နာရီအနည်းငယ်ပိုမိုကြာရှည်စွာ အလုပ် လုပ်ကြရကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုနှင့် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စု တွင် ယောကျ်ားလေးနှင့် မိန်းကလေး တစ်ပတ်အလုပ်ချိန်နာရီသည် တန်းတူနီးပါးဖြစ်သော် လည်း အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင်မူ မိန်းကလေးလုပ်သားသည် ယောကျ်ားလေးထက် ၁.၈ ဆ အလုပ်ချိန်ပိုမိုလုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ ယင်းသည် အငယ်ဆုံးအသက် အုပ်စုဖြစ်သည့် ၅ နှစ်မှ ၁၁ နှစ်အုပ်စုအတွင်းရှိ မိန်းကလေးများအား အန္တရာယ်ရှိသော အလုပ်ကို လုပ်ကိုင်နေသော ကလေးလုပ်သားအဖြစ် တွန်းပို့နေခြင်းပင်ဖြစ်သည်။

အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေသည့် ကလေးလုပ်သား ၁၇% တွင်ပါဝင်သော မြို့ပြဒေသများရှိ ကလေးများသည် ပျမ်းမျှတစ်ပတ်လျှင် ၅၄.၄ နာရီအလုပ်လုပ်ကြပြီး ကျေးလက် ဒေသများရှိ ကလေးများ (၈၃%) သည် ၅၁.၁ နာရီလုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုမှအပ မြို့ပြဒေသများရှိကလေးများ၏ ပျမ်းမျှတစ်ပတ် အလုပ်ချိန် နာရီသည် ပိုမိုမြင့်မားသည်ကိုတွေ့ရှိရပါသည်။ ၅ နှစ်မှ ၁၁ နှစ် အသက်အုပ်စုတွင် ကျေးလက် ဒေသကလေးများသည် မြို့ပြဒေသကလေးများထက် ၁.၃ ဆ ပိုမိုကြာရှည်စွာ အလုပ်လုပ်ကြရ ကြောင်း တွေ့ရှိရပါသည်။

ဇယား-၅၆။ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ်ရှိသော အလုပ်ကို လုပ်ကိုင်နေသော ကလေးလုပ်သားများ ဆောင်ရွက်ခဲ့သည့် တစ်ပတ်အလုပ်ချိန်နာရီ

| အသက်အုပ်စု | ယောကျ်ားလေး | မိန်းကလေး | စုစုပေါင်း | ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ပြည်ထောင်စု | | | | |
| **စုစုပေါင်း** | **၅၁.၃** | **၅၂.၇** | **၅၁.၉** | **၆၁၆,၈၁၅** |
| ၅-၁၁ | ၂၇.၂ | ၄၉.၂ | ၄၀.၂ | ၇,၉၄၈ |
| ၁၂-၁၄ | ၅၁.၀ | ၅၂.၉ | ၅၁.၉ | ၁၄၈,၄၄၈ |
| ၁၅-၁၇ | ၅၁.၇ | ၅၂.၇ | ၅၂.၂ | ၄၆၀,၄၁၉ |
| မြို့ပြ | | | | |
| **စုစုပေါင်း** | **၅၁.၁** | **၅၉.၄** | **၅၄.၄** | **၁၀၅,၄၃၈** |
| ၅-၁၁ | ၂၄.၅ | ၅၆.၀ | ၃၂.၁ | ၁,၄၀၄ |
| ၁၂-၁၄ | ၅၂.၄ | ၅၉.၇ | ၅၅.၈ | ၂၅,၂၇၂ |
| ၁၅-၁၇ | ၅၁.၃ | ၅၉.၃ | ၅၄.၃ | ၇၈,၇၆၂ |
| ကျေးလက် | | | | |
| **စုစုပေါင်း** | **၅၁.၃** | **၅၁.၆** | **၅၁.၄** | **၅၁၁,၃၇၇** |
| ၅-၁၁ | ၂၈.၅ | ၄၈.၇ | ၄၁.၉ | ၆,၅၄၄ |
| ၁၂-၁၄ | ၅၀.၇ | ၅၁.၅ | ၅၁.၁ | ၁၂၃,၁၇၆ |
| ၁၅-၁၇ | ၅၁.၈ | ၅၁.၆ | ၅၁.၇ | ၃၈၁,၆၅၈ |

မကြာခဏဆိုသလိုပင် ၅ နှစ်မှ ၁၁ နှစ် အသက်အုပ်စု၏ အကာအကွယ်မဲ့မှု ပြဿနာကို အထူးသဖြင့် မိန်းကလေးများတွင်တွေ့ရပြီး တွေ့ရှိချက်များကိုဖော်ပြထားပါသည်။ အဆိုပါ အသက်အုပ်စုအတွင်းရှိ ကလေးများသည် ဘဝတွင်မူလတန်းပညာရေးနှင့် အနားယူအပန်းဖြေမှုကို ၎င်းအသက်အရွယ်တွင် ရရှိသင့်ပါသည်။ ထိုသို့ရရှိရမည့်အစား ၎င်းတို့အနေဖြင့် ကလေးလုပ်သားများအဖြစ် တည်ရှိနေသည်ကိုတွေ့ရှိရပါသည်။ ထိုသို့လုပ်ကိုင်နေရခြင်းသည် အနာဂတ်နိုင်ငံတည်ဆောက်ကြမည့်သူများအတွက် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားများ ဖြစ်စေပါသည်။ သို့ဖြစ်၍ အဆိုပါကိစ္စရပ်အပေါ် မူဝါဒများချမှတ်သွားရန် လိုအပ်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား ၅၇ တွင် အန္တရာယ်ရှိသော အလုပ်တွင်လုပ်ကိုင်နေသည့် ကလေးများမဟုတ် သည့် ကလေးများ၏ အလုပ်ချိန်နာရီများကို ဖော်ပြထားပါသည်။ ခန့်မှန်းခြေအားဖြင့် ၅၀၈,၈၄၆ ဦးသော ကလေးများသည် ဤအလုပ်အမျိုးအစားတွင် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့သည် ပျမ်းမျှတစ်ပတ်လျှင် ၅၆.၉၇ နာရီ လုပ်ကိုင်နေကြရပြီး မိန်းကလေးများသည် ယောကျ်ားလေးများထက် အနည်းငယ်ပို၍လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ကလေးများတွင် အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုသည် ၇၁% ရှိပြီး ၎င်းတို့သည် တစ်ပတ် ပျမ်းမျှ အလုပ်ချိန်နာရီမှာ ၅၉.၁၃ နာရီ လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ ယင်းနောက်တွင်

အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စု (၂၆%) သည် တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီမှာ ၅၂.၈၀ နာရီ လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။

အန္တရာယ်ရှိသောအလုပ် လုပ်ကိုင်နေသည့် ကလေးလုပ်သားများမဟုတ်သော ကျေးလက် ဒေသများရှိ ကလေးများ (၇၇%) သည် မြို့ပြဒေသထက် ၃ ဆရှိသည်ကိုတွေ့ရှိရပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုမှလွဲ၍ မြို့ပြဒေသများရှိ ကလေးများသည် ကျေးလက်ဒေသရှိ ကလေးများ ထက် တစ်ပတ်အလုပ်ချိန်ကို ၂ ဆခန့် ပိုမိုလုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။

ကျေးလက်ဒေသများတွင် ယောကျ်ားလေး၊ မိန်းကလေးအလုပ်ချိန်အချိုးသည် ၁၂ နှစ် မှ ၁၄ နှစ်အုပ်စုနှင့် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင် ၁ နှင့်အတူတူနီးပါးဖြစ်သည်။ မြို့ပြဒေသများတွင် ယင်းအသက်အုပ်စုများရှိ ကျားမအချိုးမှာ ၁.၁၂ ဖြစ်ပြီး မိန်းကလေးများက ပိုမိုသည်ကို တွေ့ရှိရ ပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင်မူ အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်နေသည့် ကလေးလုပ်သားမဟုတ်သော ကျေးလက်ဒေသရှိ ကလေးများ၏ ပျမ်းမျှအလုပ်ချိန်သည် မြို့ပြ ဒေသရှိ ကလေးများ၏ အလုပ်ချိန်ထက် ယောကျ်ားလေးနှင့် မိန်းကလေး နှစ်မျိုးလုံးတွင် ၂ ဆ ခန့်ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုတွင် မြို့ပြကလေးများ၏ တစ်ပတ်ပျမ်းမျှအလုပ်ချိန်သည် ယောကျ်ားလေး၊ မိန်းကလေးနှစ်မျိုးစလုံးတွင် ပိုများကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင် ကျေးလက် ယောကျ်ားလေးများ၏ အလုပ်ချိန်သည်ပိုများပြီး မိန်းကလေးများသည် ပိုနည်းသည်ကို တွေ့ရှိရပါသည်။

ဇယား-၅၇။ မြို့ပြ၊ ကျေးလက်၊ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် အန္တရာယ်ရှိသော အလုပ်ကို လုပ်ကိုင်နေသည့် ကလေးလုပ်သားမဟုတ်သည့် ကလေးများ၏ ပျမ်းမျှတစ်ပတ် အလုပ် ချိန်နာရီ

| အသက်အုပ်စု | ယောကျ်ားလေး | မိန်းကလေး | စုစုပေါင်း | ခန့်မှန်း အရေအတွက် |
|---|---|---|---|---|
| ပြည်ထောင်စု | | | | |
| **စုစုပေါင်း** | **၅၆.၁၃** | **၅၇.၈၇** | **၅၆.၉၇** | **၅၀၈,၈၄၆** |
| ၅-၁၁ | ၃၂.၉၃ | ၄၆.၃၆ | ၄၁.၃၈ | ၁၃,၉၈၇ |
| ၁၂-၁၄ | ၅၁.၅၄ | ၅၃.၉၀ | ၅၂.၈၀ | ၁၃၄,၆၁၁ |
| ၁၅-၁၇ | ၅၈.၂၀ | ၆၀.၂၃ | ၅၉.၁၃ | ၃၆၀,၂၄၇ |
| မြို့ပြ | | | | |
| **စုစုပေါင်း** | **၅၅.၄၅** | **၆၂.၁၈** | **၅၈.၆၉** | **၁၁၆,၅၄၀** |
| ၅-၁၁ | ၁၆.၆၀ | ၃၃.၇၀ | ၂၉.၄၉ | ၆,၈၆၆ |
| ၁၂-၁၄ | ၅၅.၀၄ | ၆၂.၂၉ | ၅၈.၄၆ | ၂၈,၁၀၉ |
| ၁၅-၁၇ | ၅၇.၀၉ | ၆၆.၀၇ | ၆၁.၂၃ | ၈၁,၅၆၅ |
| ကျေးလက် | | | | |
| **စုစုပေါင်း** | **၅၆.၃၃** | **၅၆.၅၉** | **၅၆.၄၅** | **၃၉၂,၃၀၆** |
| ၅-၁၁ | ၄၀.၈၃ | ၆၄.၄၁ | ၅၂.၈၅ | ၇,၁၂၁ |
| ၁၂-၁၄ | ၅၀.၄၆ | ၅၂.၀၀ | ၅၁.၃၁ | ၁၀၆,၅၀၂ |
| ၁၅-၁၇ | ၅၈.၅၃ | ၅၈.၄၉ | ၅၈.၅၁ | ၂၇၈,၆၈၂ |

# အခန်း(၈)

# ပညာရေးဆိုင်ရာ ဝိသေသလက္ခဏာများ

## ၈.၁ နိဒါန်း

ပညာရေးသည် ကလေးလုပ်သားများကို တားဆီးရန်သော့ချက်တစ်ခုဖြစ်ပါသည်။ အရည်အသွေးမြင့်သော ပညာကို သင်ယူနိုင်ခဲ့ခြင်းမရှိသည့် ကလေးများအနေဖြင့် လုပ်သားဈေးကွက်သို့ ဝင်ရောက်ရန်အပြင် အခြားရွေးချယ်ရန် မရှိနိုင်ပေ။ အခြားတစ်ဖက်တွင်လည်း ကလေးများသည် အချိန်ပြည့် အလုပ်လုပ်နေရသောကြောင့် ကျောင်းမသွားနိုင်ခြင်းနှင့် အလုပ် တစ်ဖက်နှင့် ကျောင်းတက်နေရခြင်းများကြောင့် ကလေးလုပ်သားသည် ကျောင်းပညာ သင်ကြားခြင်းကို အဟန့်အတားဖြစ်စေသော အဓိကအတားအဆီးတစ်ခုဖြစ်ပါသည်။

အသေးစိတ်လေ့လာနိုင်ရန်အတွက် ကလေးများ၏ ကျောင်းအပ်နှံမှု၊ ကျောင်းပြင်ပရောက်ရှိမှု (ကျောင်းမတက်ရောက်ခြင်းနှင့် ကျောင်းထွက်ခြင်း) များဆိုင်ရာ သတင်းအချက်အလက်နှင့် ဆွေးနွေးခြင်းများ လိုအပ်မည်ဖြစ်ပါသည်။ ကျောင်းတက်နေသည့်အတန်း/ အသက်မကိုက်ညီမှု၊ ကျရှုံးမှုနှုန်းနှင့် ကျောင်းတက်မှန်ကန်မှုစသည့် အခြားတွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်သော အချက်အလက်များကိုလည်း ဖော်ပြသွားမည်ဖြစ်ပါသည်။ ကလေးသူငယ်များ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတက်ရောက်မှုနှင့် မိဘများ၏ပညာရေးအဆင့်နှင့် ကလေးများဆောင်ရွက်ရသော အလုပ်များ၏အခြေအနေများကို ဤအခန်းတွင် ထည့်သွင်း ဖော်ပြထားပါသည်။

## ၈.၂ ကျောင်းတက်ရောက်ခြင်း

ကျောင်းတက်ရောက်မှု (သို့မဟုတ်) ကျောင်းအပ်နှံမှုနှုန်းသည် ကလေးများ၏ အဓိကကျသော လုပ်ဆောင်မှုအပေါ် ဆောင်ရွက်နေမှုအခြေအနေကို ထင်ဟပ်စေပါသည်။ ယခုအခန်းတွင် အလုပ်လုပ်နေရသောကလေးများနှင့် အလုပ်လုပ်ကိုင်ခြင်းမရှိသောကလေးများ၏ နောက်ခံသတင်းအချက်အလက်များအား ထည့်သွင်းစဉ်းစားလျက် ကလေးလုပ်သားများ၏ ကျောင်းအပ်နှံမှု အခြေအနေများကိုဖော်ပြထားပါ သည်။ ဇယား-၅၈ တွင် ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ကလေးများ၏ ကျောင်းတက်ရောက်မှုနှင့် အလုပ်အကိုင်အခြေအနေများအား ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် ကလေးများ၏အလုပ်လုပ်ကိုင်ခြင်းကြောင့် ပညာရေးအပေါ် အကျိုးသက်ရောက်မှုသည် ၇၈.၁% သော ကလေးများ၏ ကျောင်းတက်ရောက်ခြင်းနှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရှိရပါသည်။ ဆိုလိုသည်မှာ အများစုသည် လုပ်ငန်းခွင်ဝင်ရောက်ရခြင်းကြောင့် ကျောင်းတက်ရောက်ခြင်းမရှိသည့်အပြင် ၎င်းတို့၏အားလပ်ချိန်များပါ ဆုံးရှုံးကြရကြောင်းတွေ့ရှိရသည်။ အဆိုပါကျောင်းတက်ရောက်မှုရာခိုင်နှုန်းသည် အောင်မြင်မှုတစ်ခုဟု

ဆိုနိုင်သော်လည်း သတိထားရမည့်အချက်မှာ ၂၀% ကျော်သော ကလေးများသည် ကျောင်းလုံး၀ တက်ရောက်မှုမရှိခြင်းဖြစ်ပြီး အမျိုးမျိုးသော လူမှု-စီးပွားရေး အကြောင်းအရင်းများကြောင့် အလုပ်လုပ်နေကြရခြင်းပင်ဖြစ်ပါ သည်။ အခြား ၁၆% သည် ကျောင်းထွက်သွားသူများဖြစ်ပြီး ၅.၉% မှာမူ ကျောင်းတက်ရောက်ခြင်းလည်း မရှိ၊ အလုပ်လုပ်ကိုင်နေခြင်းလည်းမရှိသည်ကို တွေ့ရှိရပါသည်။ အနည်းစုဖြစ်သော ၀.၃ ရာခိုင်နှုန်းသည်သာလျှင် ကျောင်းတစ်ဖက်နှင့် အလုပ်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

ယောကျ်ားလေးနှင့် မိန်းကလေးရာခိုင်နှုန်းသည် အထက်ဖော်ပြထားသော အခြေအနေများတွင် သိသာထင်ရှားသောခြားနားမှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုသည် ယောကျ်ားလေးများထက် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ကျောင်းတက်ရောက်မှုနှုန်းမှာ မြို့ပြဒေသများတွင် ပိုမိုနေသော်လည်း ယောကျ်ားလေးနှင့် မိန်းကလေးများအကြားတွင် သိသိသာသာကွဲပြားမှုမရှိကြောင်း တွေ့ရှိရပါသည်။ မြို့ပြရှိ မိန်းကလေးများ၏ ကျောင်းတက်ရင်းအလုပ်လုပ်နေကြသည့် ရာခိုင်နှုန်းသည် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရသည်။

**ဇယား-၅၈။ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးများ၏ အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်ခြင်းအခြေအနေအရ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ကျား၊ မ | အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်မှု အခြေအနေအလိုက် ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | ခန့်မှန်းကလေးဦးရေ |
|---|---|---|---|---|---|---|---|---|---|
| | | ကျောင်းတက် အလုပ်မလုပ် | ကျောင်းတက်၊ အလုပ်လုပ် | လက်ရှိကျောင်းမတက်၊ အလုပ်မလုပ် | လက်ရှိကျောင်းမတက်၊ အလုပ်လုပ် | ကျောင်းမတက်ဖူး၊ အလုပ်မလုပ် | ကျောင်းမတက်ဖူး၊ အလုပ်လုပ် | စုစုပေါင်း | |
| ပြည်ထောင်စု | ကလေး | ၇၇.၈ | ၀.၃ | ၅.၉ | ၉.၆ | ၅.၉ | ၀.၇ | ၁၀၀.၀ | ၁၂,၁၄၆,၄၆၃ |
| | ယောကျ်ားလေး | ၇၇.၂ | ၀.၃ | ၅.၃ | ၁၀.၃ | ၆.၃ | ၀.၇ | ၁၀၀.၀ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၇၈.၃ | ၀.၂ | ၆.၅ | ၈.၈ | ၅.၄ | ၀.၇ | ၁၀၀.၀ | ၆,၁၃၆,၀၀၄ |
| မြို့ပြ | ကလေး | ၈၁.၂ | ၀.၃ | ၆.၁ | ၇.၃ | ၄.၇ | ၀.၄ | ၁၀၀.၀ | ၃,၁၂၂,၂၁၈ |
| | ယောကျ်ားလေး | ၈၀.၂ | ၀.၂ | ၅.၃ | ၈.၄ | ၅.၆ | ၀.၃ | ၁၀၀.၀ | ၁,၅၅၉,၁၆၂ |
| | မိန်းကလေး | ၈၂.၂ | ၀.၅ | ၇.၀ | ၆.၂ | ၃.၈ | ၀.၄ | ၁၀၀.၀ | ၁,၅၆၃,၀၅၇ |
| ကျေးလက် | ကလေး | ၇၆.၆ | ၀.၂ | ၅.၈ | ၁၀.၃ | ၆.၃ | ၀.၈ | ၁၀၀.၀ | ၉,၀၂၄,၂၄၄ |
| | ယောကျ်ားလေး | ၇၆.၁ | ၀.၃ | ၅.၂ | ၁၀.၉ | ၆.၆ | ၀.၈ | ၁၀၀.၀ | ၄,၄၅၁,၂၉၈ |
| | မိန်းကလေး | ၇၇.၀ | ၀.၁ | ၆.၃ | ၉.၈ | ၆.၀ | ၀.၈ | ၁၀၀.၀ | ၄,၅၇၂,၉၄၇ |

ဇယား ၅၉ တွင် အသက်အုပ်စုများအလိုက် ကလေးများ၏ ကျောင်းတက်ရောက်မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စု ကလေး ၆.၆ သန်း

အတွင်းရှိ ၈၉% သော ကလေးသည် ကျား၊ မ အကြား ကွာခြားမှုမရှိ ကျောင်းတက်ရောက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုတွင်လည်း ကျောင်းကိုသာ တက်ရောက်ပြီး အလုပ်လုပ်ကိုင်ခြင်းမရှိသော ကလေးများ၏ရာခိုင်နှုန်းမှာ ၇၉.၇% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင်မူ ၅၀% သော ကလေးများသည် ကျောင်းထွက်သွားကြပြီး များသောအားဖြင့် ကျောင်းမတက်၊ အလုပ်လုပ်နေသော ကလေးများ (၃၄.၇%) ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထိုကူးပြောင်းမှုပုံစံသည် မိန်းကလေးများ (၃၀.၈%) ထက် ယောကျ်ားလေးများ (၃၈.၇%) တွင်ပိုတွေ့ရှိရမည် ဖြစ်ပါသည်။

ကျောင်းမတက်၊ အလုပ်မလုပ်သော ကလေးများ၏ ရာခိုင်နှုန်းသည်လည်း အသက်အရွယ်ကြီးလာသည်နှင့်အမျှ ရာခိုင်နှုန်းပိုမိုမြင့်မားလာသည်ကို တွေ့ရှိရမည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စု၏ ပါဝင်မှုရာခိုင်နှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ ပျမ်းမျှရာခိုင်နှုန်းထက်မြင့်မားသည်ကို တွေ့ရှိရပါသည်။ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်ရောက်မှုနှုန်း ပိုမိုမြင့်မားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါ အသက်အုပ်စု၏ ကျောင်းတက်ရောက်မှု ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်သွားရန်လိုအပ်မည် ဖြစ်ပါသည်။

**ဇယား-၅၉။ ကျား၊ မနှင့် အသက်အုပ်စုအလိုက် ကလေးများ၏ အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်ခြင်းရာခိုင်နှုန်း**

| နယ်ပယ် | ကျား/မ | အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်နေသော အခြေအနေအလိုက် ကလေးပျံ့နှံ့မှု ရာခိုင်နှုန်း | | | | | | | ခန့်မှန်းကလေးဦးရေ |
|---|---|---|---|---|---|---|---|---|---|
| | | ကျောင်းတက် အလုပ်မလုပ် | ကျောင်းတက်၊ အလုပ်လုပ် | လက်ရှိကျောင်းမတက်၊ အလုပ်မလုပ် | လက်ရှိကျောင်းမတက်၊ အလုပ်လုပ် | ကျောင်းမတက်ဖူး၊ အလုပ်မလုပ် | ကျောင်းမတက်ဖူး၊ အလုပ်လုပ် | စုစုပေါင်း | |
| ပြည်ထောင်စု | ကလေး | ၇၇.၈ | ၀.၃ | ၅.၉ | ၉.၆ | ၅.၉ | ၀.၇ | ၁၀၀.၀ | ၁၂,၁၄၆,၄၆၃ |
| | ယောကျ်ားလေး | ၇၇.၂ | ၀.၃ | ၅.၃ | ၁၀.၃ | ၆.၃ | ၀.၇ | ၁၀၀.၀ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၇၈.၃ | ၀.၂ | ၆.၅ | ၈.၈ | ၅.၄ | ၀.၇ | ၁၀၀.၀ | ၆,၁၃၆,၀၀၄ |
| ၅-၁၁ | ကလေး | ၈၉.၀ | ၀.၁ | ၂.၀ | ၀.၂ | ၈.၇ | ၀.၀ | ၁၀၀.၀ | ၆,၆၁၃,၆၉၆ |
| | ယောကျ်ားလေး | ၈၈.၅ | ၀.၁ | ၁.၉ | ၀.၂ | ၉.၄ | ၀.၀ | ၁၀၀.၀ | ၃,၃၁၁,၄၀၇ |
| | မိန်းကလေး | ၈၉.၅ | ၀.၁ | ၂.၁ | ၀.၃ | ၈.၀ | ၀.၀ | ၁၀၀.၀ | ၃,၃၀၂,၂၈၉ |
| ၁၂-၁၄ | ကလေး | ၇၉.၇ | ၀.၂ | ၈.၁ | ၈.၇ | ၂.၅ | ၀.၇ | ၁၀၀.၀ | ၂,၉၆၈,၈၃၅ |
| | ယောကျ်ားလေး | ၇၈.၉ | ၀.၃ | ၈.၁ | ၉.၁ | ၂.၉ | ၀.၈ | ၁၀၀.၀ | ၁,၄၅၇,၁၆၆ |
| | မိန်းကလေး | ၈၀.၆ | ၀.၂ | ၈.၀ | ၈.၄ | ၂.၁ | ၀.၇ | ၁၀၀.၀ | ၁,၅၁၁,၆၇၀ |
| ၁၅-၁၇ | ကလေး | ၄၆.၅ | ၀.၇ | ၁၃.၄ | ၃၄.၇ | ၂.၄ | ၂.၃ | ၁၀၀.၀ | ၂,၅၆၃,၉၃၁ |
| | ယောကျ်ားလေး | ၄၅.၁ | ၀.၈ | ၁၀.၈ | ၃၈.၇ | ၂.၃ | ၂.၃ | ၁၀၀.၀ | ၁,၂၄၁,၈၈၇ |
| | မိန်းကလေး | ၄၇.၉ | ၀.၆ | ၁၅.၈ | ၃၀.၈ | ၂.၆ | ၂.၃ | ၁၀၀.၀ | ၁,၃၂၂,၀၄၄ |

ဇယား ၆၀ တွင် အိမ်ထောင်စုများ၏ အသုံးစရိတ်အဆင့်နှင့် ၎င်းတို့ကလေးများ၏ ကျောင်းတက်ရောက်မှုအဆင့်ကို ဆက်စပ်ဖော်ပြထားပါသည်။ အိမ်ထောင်စုများ၏ လစဉ်တစ်ဦးပျမ်းမျှအသုံးစရိတ်အလိုက် အဆင့်များခွဲ၍ဖော်ပြရာတွင် ကျောင်းတက်ရောက်နေသောရာခိုင်နှုန်းသည် အဆင့်တိုင်းအတွက် ၇၀% ထက်မြင့်မားသည်ကို တွေ့ရှိရပါသည်။ ၀ မှ ၂၀ အဆင့်တွင် ၇၀.၉% ဖြင့်အနည်းဆုံးနှင့် ၈၀ မှ ၁၀၀ တွင် ၈၅% ဖြင့် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၀ မှ ၂၀ အဆင့်တွင် ကလေးများ၏ လေးပုံတစ်ပုံပါဝင်ပြီး အလုပ်လုပ်သည်ဖြစ်စေ၊ အလုပ်မလုပ်သည်ဖြစ်စေ ကျောင်းတက်ရောက်ခြင်းမရှိသော ကလေးများ၏ ရာခိုင်နှုန်းမှာ ၂၈.၉% ဖြစ်သည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်သည်ဖြစ်စေ၊ အလုပ်မလုပ်သည်ဖြစ်စေ ကျောင်းတက်ရောက်ခြင်းမရှိသော ကလေးများပါဝင်မှုကို ပျမ်းမျှတစ်ဦး လစဉ်အသုံးစရိတ်အဆင့်တစ်ဆင့်ချင်းအလိုက် ၈၀-၁၀၀ အထိလေ့လာကြည့်ရာတွင် အသုံးစရိတ်အဆင့် ၆၀-၈၀ အဆင့်အထိ ကျောင်းမတက်သူရာခိုင်နှုန်းသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိရပါသည်။

အိမ်ထောင်စုများ၏ အသုံးစရိတ်နှင့် ဝင်ငွေအဆင့်များသည် ကလေးများ၏ ပညာရေးနှင့် ဆက်နွယ်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ကုန်ကျစရိတ်အနည်းငယ်ကိုသာ အသုံးပြုနိုင်သောအခြေအနေများတွင် ကလေးများ၏ ပညာရေးအပေါ် စိတ်ဝင်စားမှုနည်းပါးပြီး ကျောင်းထွက်မှုနှုန်း မြင့်မားနေသည်ကို တွေ့ရှိရသည်။

**ဇယား-၆၀။ ကျား၊ မနှင့် ငါးကိန်းစု လစဉ်အသုံးစရိတ်အဆင့်အလိုက် ကလေးများ၏ အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်ခြင်း ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ကျား၊ မ | ကလေးများ၏အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်မှုရာခိုင်နှုန်း | | | | | | | ခန့်မှန်းအရေအတွက် |
|---|---|---|---|---|---|---|---|---|---|
| | | ကျောင်းတက် အလုပ်မလုပ် | ကျောင်းတက်၊ အလုပ်လုပ် | လက်ရှိကျောင်းမတက်၊ အလုပ်မလုပ် | လက်ရှိကျောင်းမတက်၊ အလုပ်လုပ် | ကျောင်းမတက်ဖူး၊ အလုပ်မလုပ် | ကျောင်းမတက်ဖူး၊ အလုပ်လုပ် | စုစုပေါင်း | |
| **ပြည်ထောင်စု** | **ကလေး** | **၇၇.၈** | **၀.၃** | **၅.၉** | **၉.၆** | **၅.၉** | **၀.၇** | **၁၀၀.၀** | **၁၂,၁၄၆,၄၆၃** |
| | ယောကျ်ားလေး | ၇၇.၂ | ၀.၃ | ၅.၃ | ၁၀.၃ | ၆.၃ | ၀.၇ | ၁၀၀.၀ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၇၈.၃ | ၀.၂ | ၆.၅ | ၈.၈ | ၅.၄ | ၀.၇ | ၁၀၀.၀ | ၆,၁၃၆,၀၀၄ |
| **၀-၂၀** | **ကလေး** | **၇၀.၉** | **၀.၂** | **၇.၅** | **၁၀.၉** | **၉.၂** | **၁.၃** | **၁၀၀.၀** | **၃,၀၂၈,၀၇၂** |
| | ယောကျ်ားလေး | ၆၉.၉ | ၀.၄ | ၇.၀ | ၁၁.၆ | ၉.၈ | ၁.၃ | ၁၀၀.၀ | ၁,၄၆၂,၅၄၂ |
| | မိန်းကလေး | ၇၁.၈ | ၀.၁ | ၈.၀ | ၁၀.၃ | ၈.၆ | ၁.၃ | ၁၀၀.၀ | ၁,၅၆၅,၅၃၀ |
| **၂၀-၄၀** | **ကလေး** | **၇၆.၀** | **၀.၄** | **၆.၅** | **၁၀.၇** | **၆.၀** | **၀.၅** | **၁၀၀.၀** | **၂,၆၄၁,၄၃၉** |
| | ယောကျ်ားလေး | ၇၅.၉ | ၀.၃ | ၅.၉ | ၁၀.၇ | ၆.၉ | ၀.၃ | ၁၀၀.၀ | ၁,၃၂၄,၆၂၀ |
| | မိန်းကလေး | ၇၆.၁ | ၀.၄ | ၇.၂ | ၁၀.၇ | ၅.၀ | ၀.၆ | ၁၀၀.၀ | ၁,၃၁၆,၈၁၉ |
| **၄၀-၆၀** | **ကလေး** | **၇၉.၃** | **၀.၂** | **၅.၆** | **၉.၄** | **၄.၉** | **၀.၅** | **၁၀၀.၀** | **၂,၄၅၇,၃၅၂** |
| | ယောကျ်ားလေး | ၇၉.၉ | ၀.၂ | ၄.၆ | ၉.၉ | ၄.၆ | ၀.၇ | ၁၀၀.၀ | ၁,၂၁၇,၉၇၉ |
| | မိန်းကလေး | ၇၈.၇ | ၀.၁ | ၆.၅ | ၈.၉ | ၅.၃ | ၀.၄ | ၁၀၀.၀ | ၁,၂၃၉,၃၇၃ |

| နယ်ပယ် | ကျား၊ မ | ကလေးများ၏အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်မှုရာခိုင်နှုန်း | | | | | | | ခန့်မှန်း အရေ အတွက် |
|---|---|---|---|---|---|---|---|---|---|
| | | ကျောင်း တက် အလုပ် မလုပ် | ကျောင်း တက်၊ အလုပ် လုပ် | လက်ရှိ ကျောင်း မတက်၊ အလုပ် မလုပ် | လက်ရှိ ကျောင်း မတက်၊ အလုပ် လုပ် | ကျောင်း မတက် ဖူး၊ အလုပ် မလုပ် | ကျောင်း မတက် ဖူး၊ အလုပ် လုပ် | စုစု ပေါင်း | |
| ၆၀-၈၀ | ကလေး | ၈၁.၇ | ၀.၂ | ၄.၉ | ၉.၁ | ၃.၉ | ၀.၃ | ၁၀၀.၀ | ၂,၂၁၉,၄၈၅ |
| | ယောကျ်ားလေး | ၇၉.၉ | ၀.၁ | ၄.၀ | ၁၁.၂ | ၄.၄ | ၀.၄ | ၁၀၀.၀ | ၁,၁၁၂,၈၆၀ |
| | မိန်းကလေး | ၈၃.၄ | ၀.၂ | ၅.၇ | ၆.၉ | ၃.၅ | ၀.၃ | ၁၀၀.၀ | ၁,၁၀၆,၆၂၅ |
| ၈၀-၁၀၀ | ကလေး | ၈၅.၀ | ၀.၃ | ၃.၈ | ၆.၄ | ၃.၉ | ၀.၆ | ၁၀၀.၀ | ၁,၇၉၉,၆၁၄ |
| | ယောကျ်ားလေး | ၈၃.၈ | ၀.၃ | ၃.၈ | ၆.၉ | ၄.၇ | ၀.၅ | ၁၀၀.၀ | ၈၉၂,၂၈၄ |
| | မိန်းကလေး | ၈၆.၃ | ၀.၄ | ၃.၈ | ၅.၉ | ၃.၀ | ၀.၆ | ၁၀၀.၀ | ၉၀၇,၃၃၀ |

ဇယား ၆၁ တွင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းတက်ရောက်မှုအဆင့်များကို ဖော်ပြထားပါသည်။ ချင်းပြည်နယ်ရှိကလေးဦးရေ ၁၅၇,၂၁၀ ဦးတွင် ကျောင်းတက်ရောက်မှု ၈၅.၅% ဖြင့် အမြင့်ဆုံးဖြစ်ပြီး ၎င်းနောက် နေပြည်တော်တွင် ၈၄.၇% နှင့် ကချင်ပြည်နယ်တွင် ၈၄.၈% တို့ အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်ရှိ ကလေးဦးရေ ၅၅၃,၀၈၅ ဦးတွင် ၅၇.၇% ဖြင့်အနိမ့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ် ၆ ခုတွင် တစ်နိုင်ငံလုံးပျမ်းမျှတန်ဖိုးအောက်တွင် ရောက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ချင်းပြည်နယ်၏ ကျောင်းတက်၊ အလုပ်လုပ်နေသော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၁.၃% ဖြင့် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကျောင်းမတက်သောကလေးများ (အလုပ်လုပ်သူနှင့် အလုပ်မလုပ်သူများအပါအဝင်) ၏ ပါဝင်မှုရာခိုင်နှုန်းသည် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၀% နှင့်အထက်ရှိပြီး အမြင့်ဆုံး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း အဆိုပါ ရာခိုင်နှုန်းနှင့် နီးစပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကျောင်းမတက်သောကလေးများ ရာခိုင်နှုန်းသည် ချင်းပြည်နယ်တွင် အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကလေးဦးရေအများဆုံးဖြစ်သော ရှမ်းပြည်နယ်တွင် ကလေးများ၏ ၈၁.၀% သည် ကျောင်းတက်ရောက်နေသည်ကို တွေ့ရှိရပြီး ၁၉% အောက်သာလျှင် ကျောင်းတက်ရောက်မှု မရှိသည်ကို တွေ့ရှိရပါသည်။

ဇယား-၆၁။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးများ၏ အလုပ်လုပ်ခြင်းနှင့် ကျောင်းတက်ရောက်ခြင်းပုံ့နှံမှုရာခိုင်နှုန်း

| နယ်ပယ် | ကလေးများ၏အလုပ်လုပ်ခြင်းနှင့်ကျောင်းတက်ရောက်ခြင်း ရာခိုင်နှုန်း | | | | | | | ခန့်မှန်းအရေအတွက် |
|---|---|---|---|---|---|---|---|---|
| | ကျောင်းတက်အလုပ်မလုပ် | ကျောင်းတက်၊ အလုပ်လုပ် | လက်ရှိကျောင်းမတက်၊ အလုပ်မလုပ် | လက်ရှိကျောင်းမတက်၊ အလုပ်လုပ် | ကျောင်းမတက်ဖူး၊ အလုပ်မလုပ် | ကျောင်းမတက်ဖူး၊ အလုပ်လုပ် | စုစုပေါင်း | |
| ပြည်ထောင်စု | ၇၇.၈ | ၀.၃ | ၅.၉ | ၉.၆ | ၅.၉ | ၀.၇ | ၁၀၀.၀ | ၁၂,၁၄၆,၄၆၃ |
| ကချင် | ၈၄.၈ | ၀.၂ | ၄.၀ | ၇.၁ | ၃.၈ | ၀.၁ | ၁၀၀.၀ | ၃၆၅,၃၄၀ |
| ကယား | ၇၈.၅ | ၀.၂ | ၇.၀ | ၇.၉ | ၄.၄ | ၂.၀ | ၁၀၀.၀ | ၈၃,၇၆၂ |
| ကရင် | ၇၄.၇ | ၀.၁ | ၉.၅ | ၇.၈ | ၇.၃ | ၀.၇ | ၁၀၀.၀ | ၄၄၆,၅၄၇ |
| ချင်း | ၈၅.၅ | ၁.၃ | ၃.၃ | ၂.၃ | ၇.၄ | ၀.၁ | ၁၀၀.၀ | ၁၅၇,၂၁၀ |
| စစ်ကိုင်း | ၇၆.၇ | ၀.၂ | ၅.၄ | ၁၀.၈ | ၆.၄ | ၀.၅ | ၁၀၀.၀ | ၁,၃၁၈,၂၃၈ |
| တနင်္သာရီ | ၇၉.၉ | ၀.၁ | ၆.၄ | ၇.၉ | ၅.၂ | ၀.၅ | ၁၀၀.၀ | ၄၁၃,၄၄၇ |
| ပဲခူး | ၇၇.၇ | ၀.၄ | ၅.၃ | ၁၂.၀ | ၄.၅ | ၀.၁ | ၁၀၀.၀ | ၁,၁၆၉,၁၉၅ |
| မကွေး | ၈၀.၂ | ၀.၀ | ၅.၆ | ၁၀.၆ | ၃.၂ | ၀.၃ | ၁၀၀.၀ | ၈၉၀,၇၇၀ |
| မန္တလေး | ၇၇.၅ | ၀.၀ | ၄.၇ | ၁၂.၁ | ၅.၃ | ၀.၃ | ၁၀၀.၀ | ၁,၃၉၂,၅၀၇ |
| မွန် | ၇၆.၉ | ၀.၃ | ၇.၂ | ၇.၀ | ၇.၁ | ၁.၆ | ၁၀၀.၀ | ၅၄၃,၁၀၂ |
| ရခိုင် | ၅၇.၇ | ၀.၃ | ၁၀.၇ | ၆.၁ | ၂၂.၇ | ၂.၆ | ၁၀၀.၀ | ၅၅၃,၀၈၅ |
| ရန်ကုန် | ၈၀.၃ | ၀.၆ | ၇.၃ | ၇.၆ | ၃.၉ | ၀.၄ | ၁၀၀.၀ | ၁,၄၉၈,၅၆၀ |
| ရှမ်း | ၈၁.၀ | ၀.၀ | ၂.၈ | ၈.၇ | ၅.၉ | ၁.၆ | ၁၀၀.၀ | ၁,၅၇၉,၅၄၅ |
| ဧရာဝတီ | ၇၅.၈ | ၀.၅ | ၇.၆ | ၁၁.၅ | ၄.၃ | ၀.၃ | ၁၀၀.၀ | ၁,၄၆၈,၃၂၁ |
| နေပြည်တော် | ၈၄.၇ | ၀.၅ | ၂.၇ | ၇.၅ | ၄.၅ | ၀.၁ | ၁၀၀.၀ | ၂၅၃,၅၉၄ |

## ၈.၃ ကျောင်းပြင်ပရောက်ကလေးများ

ယခုအပိုင်းတွင် ကျောင်းတက်ရောက်မှုမရှိသော ကလေးများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ဤအပိုင်းတွင် ကလေးများကို ကျောင်းလုံးဝတက်ရောက်ဖူးခြင်းမရှိသော ကလေးများနှင့် ကျောင်းတက်ရောက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်သောကလေးများအဖြစ်ခွဲခြား ဖော်ပြသွားမည် ဖြစ်ပါသည်။ ၎င်းအညွှန်းကိန်းများသည် ကလေးများ၏ ကျောင်းအပ်နှံမှုနှင့် ကျောင်းတက်ရောက်မှုများကို အကျိုးသက်ရောက်မှုရှိစေရန် ဆောင်ရွက်မှုများအတွက် အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

ဇယား ၆၂ တွင် ကျောင်းလုံးဝတက်ရောက်ဖူးခြင်းမရှိသော အလုပ်လုပ်နေသော ကလေးများနှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်လျက်ရှိသော ကလေးလုပ်သားများ၏ အကြောင်းအရင်းများနှင့်သက်ဆိုင်သည့် အချက်အလက်များကို ဖော်ပြထားပါသည်။ တစ်နိုင်ငံ

လုံးအတိုင်းအတာဖြင့် ကလေးများ၏ ၇၇.၈၀% (ယောကျ်ားလေး ၇၇.၂၄% နှင့် မိန်းကလေး ၇၈.၃၄%) သည် ကျောင်းတက်ရောက်နေသည်ကို တွေ့ရှိရသော်လည်း ၆.၅၂% (အလုပ်လုပ်နေသူများနှင့် မလုပ်နေသူများအပါအဝင်) မှာ ကျောင်းလုံးဝတက်ရောက်ဖူးခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ၁၅.၆၈% မှာ ကျောင်းတက်ရောက်ခဲ့ဖူးသော်လည်း ယခုအခါ ကျောင်းထွက်ပြီးဖြစ်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုအကြောင်းအရာအားလုံးအတွက် ကျား၊ မ နှိုင်းယှဉ်ချက်များကို ဖော်ပြထားပါသည်။ ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းတွင် မြို့ပြဒေသများရှိ ယောကျ်ားလေးနှင့် မိန်းကလေးများ၏ရာခိုင်နှုန်းသည် ကျေးလက်ဒေသများရှိ ယောကျ်ားလေးနှင့် မိန်းကလေးများ၏ ရာခိုင်နှုန်းထက် မြင့်မားသော်လည်း အရေအတွက်အားဖြင့် ကျေးလက်ဒေသရှိ ယောကျ်ားလေးနှင့် မိန်းကလေးများ၏ အရေအတွက်သည် ပိုမိုမြင့်မားပြီး စုစုပေါင်းကလေးဦးရေ၏ လေးပုံသုံးပုံရှိသည်ကို တွေ့ရှိရပါသည်။ ကျောင်းလုံးဝတက်ရောက်ဖူးခြင်းမရှိသောအုပ်စု (အလုပ်လုပ်နေသူနှင့် မလုပ်သူများအပါအဝင်) တွင် ကျေးလက်ဒေသသည် မြင့်မားကြောင်း တွေ့ရှိရပါသည်။

အသက်အကြီးဆုံး အသက်အုပ်စုဖြစ်ပြီး လုပ်သားဈေးကွက်သို့ ဝင်ရောက်မှုများသည့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင် အမျိုးမျိုးသော လူမှု-စီးပွားရေးအခြေအနေများကြောင့် ကျောင်းမှနုတ်ထွက်ခဲ့ရပြီး 'ကျောင်းတက်ရောက်ဖူးသော်လည်း လက်ရှိကျောင်းတက်ရောက်ခြင်းမရှိ' သည့်အုပ်စုတွင် အများဆုံးတွေ့မြင့်ရမည်ဖြစ်ပါသည်။ ၎င်းရာခိုင်နှုန်းသည် အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုမှစ၍ ထက်ဝက်ခန့်လျော့ကျလာပြီး ၄၇% သာလျှင် လက်ရှိ ကျောင်းတက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စု အသက်အပိုင်းအခြားတွင် ၈၀% မှာ ကျောင်းတက်ရောက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဤလေ့လာမှု၏ အရေးကြီးဆုံးတွေ့ရှိချက်မှာ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုသည် ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သကဲ့သို့ ကျောင်းလုံးဝ တက်ရောက်ဖူးခြင်းမရှိသော ရာခိုင်နှုန်းလည်း မြင့်မားနေခြင်းဖြစ်ပါသည်။ အသက်အရွယ် အားလုံးအတွက် ယောကျ်ားလေးနှင့် မိန်းကလေးများအကြား သိသာသောကွာခြားချက်မရှိသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုနှုန်းသည် ယောကျ်ားလေးများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား-၆၂။ ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကလေးများ၏ ကျောင်းတက်ရောက်ခြင်းနှင့် အလုပ်တွင်ပါဝင်ခြင်း ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | ကလေးရာခိုင်နှုန်း | | | | | | ခန့်မှန်း အရေအတွက် |
|---|---|---|---|---|---|---|---|
| | ကျား/မ | ကျောင်း တက် | ကျောင်း တက်ဖူး၊ လက်ရှိ မတက် | ကျောင်း လုံးဝ မတက်ဖူး၊ အလုပ် လုပ် | ကျောင်း လုံးဝ မတက်ဖူး၊ အလုပ် မလုပ် | အားလုံး | |
| **ပြည်ထောင်စု** | **ကလေး** | **၇၇.၈၀** | **၁၅.၆၈** | **၀.၆၇** | **၅.၈၅** | **၁၀၀.၀** | **၁၂,၁၄၆,၄၆၃** |
| | ယောကျ်ားလေး | ၇၇.၂၄ | ၁၅.၇၇ | ၀.၆၆ | ၆.၃၃ | ၁၀၀.၀ | ၆,၀၁၀,၄၅၉ |
| | မိန်းကလေး | ၇၈.၃၄ | ၁၅.၅၉ | ၀.၆၈ | ၅.၃၉ | ၁၀၀.၀ | ၆,၁၃၆,၀၀၄ |
| **မြို့ပြ** | **ကလေး** | **၈၁.၁၉** | **၁၃.၇၉** | **၀.၃၆** | **၄.၆၅** | **၁၀၀.၀** | **၃,၁၂၂,၂၁၈** |
| | ယောကျ်ားလေး | ၈၀.၁၉ | ၁၃.၈၉ | ၀.၃၄ | ၅.၅၇ | ၁၀၀.၀ | ၁,၅၅၉,၁၆၂ |
| | မိန်းကလေး | ၈၂.၁၉ | ၁၃.၇၀ | ၀.၃၈ | ၃.၇၃ | ၁၀၀.၀ | ၁,၅၆၃,၀၅၇ |
| **ကျေးလက်** | **ကလေး** | **၇၆.၆၂** | **၁၆.၃၃** | **၀.၇၈** | **၆.၂၇** | **၁၀၀.၀** | **၉,၀၂၄,၂၄၄** |
| | ယောကျ်ားလေး | ၇၆.၂၁ | ၁၆.၄၃ | ၀.၇၇ | ၆.၅၉ | ၁၀၀.၀ | ၄,၄၅၁,၂၉၈ |
| | မိန်းကလေး | ၇၇.၀၂ | ၁၆.၂၄ | ၀.၇၈ | ၅.၉၆ | ၁၀၀.၀ | ၄,၅၇၂,၉၄၇ |
| **၅-၁၁** | **ကလေး** | **၈၈.၈၃** | **၂.၄၇** | **၀.၀၂** | **၈.၆၈** | **၁၀၀.၀** | **၆,၆၁၃,၆၉၆** |
| | ယောကျ်ားလေး | ၈၈.၂၉ | ၂.၃၅ | ၀.၀၁ | ၉.၃၅ | ၁၀၀.၀ | ၃,၃၁၁,၄၀၇ |
| | မိန်းကလေး | ၈၉.၃၇ | ၂.၅၉ | ၀.၀၃ | ၈.၀၁ | ၁၀၀.၀ | ၃,၃၀၂,၂၈၉ |
| **၁၂-၁၄** | **ကလေး** | **၇၉.၈၁** | **၁၆.၉၃** | **၀.၇၄** | **၂.၅၂** | **၁၀၀.၀** | **၂,၉၆၈,၈၃၅** |
| | ယောကျ်ားလေး | ၇၈.၉၇ | ၁၇.၃၄ | ၀.၇၆ | ၂.၉၄ | ၁၀၀.၀ | ၁,၄၅၇,၁၆၆ |
| | မိန်းကလေး | ၈၀.၆၂ | ၁၆.၅၄ | ၀.၇၂ | ၂.၁၂ | ၁၀၀.၀ | ၁,၅၁၁,၆၇၀ |
| **၁၅-၁၇** | **ကလေး** | **၄၇.၀၀** | **၄၈.၃၁** | **၂.၂၆** | **၂.၄၂** | **၁၀၀.၀** | **၂,၅၆၃,၉၃၁** |
| | ယောကျ်ားလေး | ၄၅.၇၇ | ၄၉.၇၁ | ၂.၂၇ | ၂.၂၄ | ၁၀၀.၀ | ၁,၂၄၁,၈၈၇ |
| | မိန်းကလေး | ၄၈.၁၆ | ၄၆.၉၉ | ၂.၂၆ | ၂.၅၉ | ၁၀၀.၀ | ၁,၃၂၂,၀၄၄ |

ကျောင်းတက်ရောက်ဖူးခြင်းမရှိဘဲ အလုပ်လုပ်နေသော ကလေးများသည် အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင် အမြင့်ဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပြီး ၎င်းတို့အနက် ယောကျ်ားလေး ၅၀.၃% ရှိကြောင်း တွေ့ရှိရပါသည်။ အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုတွင်မူ ထက်ဝက်နီးပါးရှိပြီး အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စုတွင် ပါဝင်မှုရာခိုင်နှုန်း လျော့နည်းသွားကြောင်း တွေ့ရှိရပါသည်။ အသက်အုပ်စု တစ်ခုချင်းစီအတွက် ယောကျ်ားလေးနှင့် မိန်းကလေးအကြား ကွာဟချက်နည်းပါးပြီး ၃% မှ ၄% ထိသာ ကွာခြားကြောင်း တွေ့ရှိရပါသည်။

ယောကျ်ားလေးများသည် မိန်းကလေးများထက် ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသောကလေးလုပ်သားအဖြစ် ပိုမိုတွေ့ရှိရပါသည်။ ကလေးလုပ်သားနှင့် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေသည့်ကလေးလုပ်သားရာခိုင်နှုန်းသည် အသက်

၁၅ နှစ်မှ ၁၇ နှစ်အသက်အုပ်စုတွင် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသက်အပိုင်းအခြားအလိုက် နှိုင်းယှဉ်ဖော်ပြရာတွင် ၁၅ နှစ် မှ ၁၇ နှစ်အုပ်စုတွင် အလုပ် လုပ်ကိုင်နေသော ကလေး ၃၈.၇ ရာခိုင်နှုန်းတွင် အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုတွင် ရာခိုင်နှုန်း ၂၀.၁ ရာခိုင်နှုန်း ပါဝင်နေသည်ကိုတွေ့ရှိရပါသည်။ ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိ အသက်အရွယ် အပိုင်းအခြားတွင် ကလေးလုပ်သားနှင့် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသော ကလေးလုပ်သား ပါဝင်မှု အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်မှ ၁၇ နှစ်အသက်အပိုင်းအခြားရှိ ယောကျ်ားလေးများ၏ ကလေးလုပ်သားနှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသော ကလေးလုပ်သားရာခိုင်နှုန်းသည် အသက် ၁၂ နှစ်မှ ၁၄ နှစ် အသက်အပိုင်းအခြားရှိ ယောကျ်ားလေးများ၏ သက်ဆိုင်ရာ ရာခိုင်နှုန်း၏ ၂ဆ နီးပါးရှိကြောင်း တွေ့ရှိရပါသည်။ အခြားကလေးလုပ်သား အမျိုးအစားတွင်လည်း အသက် ၁၅ နှစ် မှ ၁၇ နှစ် အုပ်စုရှိ ပါဝင်မှုရာခိုင်နှုန်းသည် အသက် ၁၂ နှစ်မှ ၁၄ နှစ်အုပ်စုရှိ ပါဝင်မှု ရာခိုင်နှုန်း၏ ၂ ဆနီးပါး ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား-၆၃။ ကျား မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်အလိုက် ကျောင်းတက်ရောက်ဖူးခြင်း မရှိသော အလုပ်မလုပ်သော၊ အလုပ်လုပ်သောကလေးနှင့် ကလေးလုပ်သား ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | ကျား/မ | ကျောင်းမတက်ရောက်ဖူးသောကလေးရာခိုင်နှုန်း | | | | | ကျောင်းလုံးဝ မတက်ရောက်ဖူးသော ခန့်မှန်းကလေး အရေအတွက် |
|---|---|---|---|---|---|---|---|
| | | အလုပ်မလုပ် | အလုပ်လုပ် | စုစုပေါင်းကလေးလုပ်သား | အန္တရာယ်ရှိအလုပ်ခွင်မှ ကလေးလုပ်သား | အခြား | |
| ပြည်ထောင်စု | ကလေး | ၈၉.၇ | ၁၀.၃ | ၈.၅ | ၃.၇ | ၄.၈ | ၇၉၂,၄၀၅ |
| | ယောကျ်ားလေး | ၉၀.၆ | ၉.၄ | ၈.၂ | ၄.၁ | ၄.၂ | ၄၁၉,၈၅၁ |
| | မိန်းကလေး | ၈၈.၈ | ၁၁.၂ | ၈.၈ | ၃.၃ | ၅.၅ | ၃၇၂,၅၅၄ |
| မြို့ပြ | ကလေး | ၉၂.၈ | ၇.၂ | ၆.၈ | ၂.၄ | ၄.၄ | ၁၅၆,၅၇၁ |
| | ယောကျ်ားလေး | ၉၄.၂ | ၅.၈ | ၅.၃ | ၂.၄ | ၂.၈ | ၉၂,၂၄၀ |
| | မိန်းကလေး | ၉၀.၇ | ၉.၃ | ၉ | ၂.၄ | ၆.၆ | ၆၄,၃၃၁ |
| ကျေးလက် | ကလေး | ၈၉ | ၁၁ | ၈.၉ | ၄.၀ | ၄.၉ | ၆၃၅,၈၃၄ |
| | ယောကျ်ားလေး | ၈၉.၆ | ၁၀.၄ | ၉.၁ | ၄.၅ | ၄.၅ | ၃၂၇,၆၁၁ |
| | မိန်းကလေး | ၈၈.၄ | ၁၁.၆ | ၈.၇ | ၃.၅ | ၅.၂ | ၃၀၈,၂၂၃ |
| ၅-၁၁ | ကလေး | ၉၉.၈ | ၀.၂ | ၀.၂ | ၀.၁ | ၀.၁ | ၅၇၅,၅၁၁ |
| | ယောကျ်ားလေး | ၉၉.၉ | ၀.၁ | ၀.၁ | ၀.၁ | ၀ | ၃၀၉,၉၉၉ |
| | မိန်းကလေး | ၉၉.၆ | ၀.၄ | ၀.၄ | ၀.၂ | ၀.၂ | ၂၆၅,၅၁၃ |
| ၁၂-၁၄ | ကလေး | ၇၇.၃ | ၂၂.၇ | ၂၀.၁ | ၈.၉ | ၁၁.၂ | ၉၆,၇၃၇ |
| | ယောကျ်ားလေး | ၇၉.၅ | ၂၀.၅ | ၁၆.၈ | ၉.၃ | ၇.၅ | ၅၃,၈၀၆ |
| | မိန်းကလေး | ၇၄.၅ | ၂၅.၅ | ၂၄.၂ | ၈.၅ | ၁၅.၈ | ၄၂,၉၃၁ |

| နယ်ပယ် | ကျား/မ | ကျောင်းမတက်ရောက်ဖူးသောကလေးရာခိုင်နှုန်း | | | | | ကျောင်းလုံးဝမတက်ရောက်ဖူးသော ခန့်မှန်းကလေး အရေအတွက် |
|---|---|---|---|---|---|---|---|
| | | အလုပ်မလုပ် | အလုပ်လုပ် | စုစုပေါင်းကလေးလုပ်သား | အန္တရာယ်ရှိအလုပ်ခွင်မှကလေးလုပ်သား | အခြား | |
| ၁၅-၁၇ | ကလေး | ၅၁.၇ | ၄၈.၃ | ၃၈.၇ | ၁၆.၈ | ၂၁.၉ | ၁၂၀,၁၅၆ |
| | ယောကျ်ားလေး | ၄၉.၇ | ၅၀.၃ | ၄၅ | ၂၁.၁ | ၂၃.၉ | ၅,၆၀၄ |
| | မိန်းကလေး | ၅၃.၄ | ၄၆.၆ | ၃၃.၂ | ၁၃ | ၂၀.၂ | ၆၄,၁၁၁ |

ဇယား ၆၄ တွင် ကျောင်းတက်ရောက်ဖူးခြင်း မရှိသော ကလေးများ၊ အလုပ် တစ်ဖက် နှင့် ကျောင်းတက်နေရသောကလေးများ (သို့မဟုတ်) အလုပ်မလုပ်သော်လည်း ကျောင်းတက်ရောက်ခြင်း မရှိသောကလေးများ၊ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းများကို တစ်ဦးချင်းစီ၏ လစဉ်ပျမ်းမျှ အသုံးစရိတ်အလိုက် ဖော်ပြထားပါသည်။ အလုပ်လုပ်နေရသောကြောင့် ကျောင်းမတက်ရောက်နိုင်သော ကလေးများ၏ ရာခိုင်နှုန်းသည် ငါးကိန်းစုအဆင့် ၈၀ မှ ၁၀၀ တွင် ၁၂.၆% ဖြင့် အမြင့်ဆုံးဖြစ်ပြီး ၎င်းနောက် ငါးကိန်းစုအဆင့် ၀ မှ ၂၀ အပိုင်းအခြားတွင် ၁၂.၂% ရှိသည်ကိုတွေ့ရှိရပါသည်။ အခြား ငါးကိန်းစုအဆင့်များတွင်မူ ၇ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်း ဝန်းကျင်သာရှိကြောင်း တွေ့ရှိရပါသည်။ ငါးကိန်းစုအဆင့် ၄၀ မှ ၆၀ အပိုင်းအခြားမှလွဲ၍ ကျန်အမျိုးအစားများတွင် ကျောင်းလုံးဝ တက်ရောက်ဖူးခြင်းမရှိသည့် အလုပ်လုပ်ကိုင်နေသော မိန်းကလေး ရာခိုင်နှုန်းမှာ ယောကျ်ားလေး ရာခိုင်နှုန်းထက်များပြားပြီး ၄၀ မှ ၆၀ အပိုင်းအခြားတွင် ယောကျ်ားလေး ရာခိုင်နှုန်းမှာ မိန်းကလေးရာခိုင်နှုန်း၏ ၂ ဆ ရှိသည်ကို တွေ့ရှိရပါသည်။

ကျောင်းလုံးဝတက်ရောက်ဖူးခြင်းမရှိသည့် အလုပ်လုပ်နေသောကလေးများတွင် ကလေးလုပ်သား ၈.၅% ရှိပြီး မိန်းကလေးရာခိုင်နှုန်းသည် အနည်းငယ်မြင့်မားကြောင်း တွေ့ရှိရပါသည်။ တစ်ဦးချင်းစီ၏ လစဉ်ပျမ်းမျှအသုံးစရိတ် အပိုင်းအခြားများကြားတွင် တသတ်မတ်တည်း ကျသောပုံစံမတွေ့ရှိရဘဲ ပြောင်းလဲမှုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ငါးကိန်းစုအဆင့် ၈၀ မှ ၁၀၀ အပိုင်းအခြားတွင် ၁၂.၆% ဖြင့် အမြင့်ဆုံးဖြစ်ပြီး ၂၀ မှ ၄၀ အပိုင်းအခြားတွင် ၉.၇% ဖြင့် ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကလေးလုပ်သားများ၏ ကျား၊ မ ပါဝင်မှုရာခိုင်နှုန်းသည် ၀ မှ ၂၀ အပိုင်းအခြားမှလွဲ၍ ကျန်အပိုင်းအခြားများတွင် ကွာဟချက်မြင့်မားကြောင်း တွေ့ရှိရပါသည်။ ၈၀ မှ ၁၀၀ အပိုင်းအခြားနှင့် ၂၀ မှ ၄၀ အပိုင်းအခြားတွင် မိန်းကလေးရာခိုင်နှုန်းသည် ယောကျ်ားလေး ရာခိုင်နှုန်း၏ ၂ ဆ ရှိပြီး ၄၀ မှ ၆၀ အပိုင်းအခြားတွင် ယောကျ်ားလေး ရာခိုင်နှုန်းသည် မိန်းကလေး ရာခိုင်နှုန်း၏ ၂ ဆနှင့် ၆၀ မှ ၈၀ အပိုင်းအခြားတွင် ၃ ဆ ရှိကြောင်း တွေ့ရှိရ ပါ သည်။

ကျောင်းလုံးဝတက်ရောက်ဖူးခြင်းမရှိသည့် ကလေးလုပ်သားများ၏ ၅၀% နီးပါးသည် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသော ကလေးလုပ်သားများဖြစ်ပြီး ကျန် ၅၀% မှာ အခြားကလေးလုပ်သား အမျိုးအစားများအဖြစ် လုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါ သည်။ ကျောင်းလုံးဝတက်ရောက်ဖူးခြင်းမရှိသည့် အလုပ်လုပ်ကိုင်နေသော ကလေးများတွင် ငါးကိန်းစုအဆင့် ၄၀ မှ ၆၀ အပိုင်းအခြား၌ ကလေးလုပ်သားပါဝင်မှုသည် ၅.၆% ဖြစ်နေသည်ကလွဲ၍ ကျန်အပိုင်းအခြားများတွင် အန္တရာယ်ရှိသောအလုပ်ခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသော ကလေးလုပ်သားများ၏ ရာခိုင်နှုန်းမှာ ၂.၇% နှင့် ၃.၆% ကြားတွင်ရှိကြောင်း တွေ့ရှိရပါသည်။

ကျောင်းလုံးဝတက်ရောက်ခြင်းမရှိသော အန္တရာယ်ရှိသောအလုပ်ခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသည့် ကလေးများပါဝင်မှုသည် ယောကျ်ားလေးနှင့်မိန်းကလေးများအကြား သိသာစွာ ကွာဟနေသည်ကို တွေ့ရှိရပါသည်။ ၀-၂၀ အပိုင်း နှင့် ၆၀-၈၀ အပိုင်းတို့သည် အစွန်းတစ်ဖက်တစ်ချက်စီတွင်ရှိနေကြပြီး ယောကျ်ားလေး-မိန်းကလေး အချိုးသည် ၁.၆ မှ ၃.၅၈ အကြား ပြောင်းလဲလျက်ရှိရာ ၂၀-၄၀ အုပ်စုတွင် ၁.၇၆ နှင့် ၈၀-၁၀၀ အုပ်စုတွင် ၂.၁၆ ဖြင့် မိန်းကလေးများဘက်ကို အလေးသာနေခြင်းမှလွဲ၍ ကျန်အုပ်စုများတွင် ယောကျ်ားလေးများဘက်ကို အလေးသာသည်ကို တွေ့ရှိရပါသည်။

**ဇယား-၆၄။ ကျား၊ မနှင့် ငါးကိန်းစုလစဉ်အသုံးစရိတ်အလိုက် ကျောင်းတက်ရောက်ဖူးခြင်းမရှိသော အလုပ်လုပ်နေသော၊ အလုပ်မလုပ်သောနှင့် ကလေးလုပ်သားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ကျား/မ | ကျောင်းတက်ရောက်ဖူးခြင်းမရှိသော ကလေးရာခိုင်နှုန်း | | | | | ကျောင်းတက်ရောက်ဖူးခြင်းမရှိသော ခန့်မှန်းကလေးအရေအတွက် |
|---|---|---|---|---|---|---|---|
| | | အလုပ်မလုပ် | အလုပ်လုပ် | စုစုပေါင်းကလေးလုပ်သား | အန္တရာယ်ရှိ အလုပ်ခွင်မှ ကလေးလုပ်သား | အခြား | |
| ပြည်ထောင်စု | ကလေး | ၈၉.၇ | ၁၀.၃ | ၈.၅ | ၃.၇ | ၄.၈ | ၇၉၂,၄၀၅ |
| | ယောကျ်ားလေး | ၉၀.၆ | ၉.၄ | ၈.၂ | ၄.၁ | ၄.၂ | ၄၁၉,၈၅၁ |
| | မိန်းကလေး | ၈၈.၈ | ၁၁.၂ | ၈.၈ | ၃.၃ | ၅.၅ | ၃၇၂,၅၅၄ |
| ၀-၂၀ | ကလေး | ၈၇.၈ | ၁၂.၂ | ၉.၇ | ၃.၆ | ၆.၁ | ၃၁၄,၇၁၇ |
| | ယောကျ်ားလေး | ၈၈.၆ | ၁၁.၄ | ၉.၇ | ၄.၅ | ၅.၃ | ၁၆၁,၀၇၈ |
| | မိန်းကလေး | ၈၇.၀ | ၁၃.၀ | ၉.၇ | ၂.၈ | ၆.၉ | ၁၅၃,၆၃၉ |
| ၂၀-၄၀ | ကလေး | ၉၂.၉ | ၇.၁ | ၆.၅ | ၃.၃ | ၃.၂ | ၁၆၉,၄၁၁ |
| | ယောကျ်ားလေး | ၉၅.၉ | ၄.၁ | ၄.၁ | ၂.၅ | ၁.၆ | ၉၅,၂၀၃ |
| | မိန်းကလေး | ၈၉.၁ | ၁၀.၉ | ၉.၇ | ၄.၄ | ၅.၃ | ၇၄,၂၀၈ |

| နယ်ပယ် | ကျား/မ | ကျောင်းတက်ရောက်ဖူးခြင်းမရှိသော ကလေးရာခိုင်နှုန်း | | | | | ကျောင်းတက်ရောက်ဖူးခြင်းမရှိသော ခန့်မှန်း ကလေး အရေအတွက် |
|---|---|---|---|---|---|---|---|
| | | အလုပ်မလုပ် | အလုပ်လုပ် | စုစုပေါင်း ကလေး လုပ်သား | အန္တရာယ်ရှိ အလုပ်ခွင်မှ ကလေး လုပ်သား | အခြား | |
| ၄၀-၆၀ | ကလေး | ၉၀.၂ | ၉.၈ | ၈.၀ | ၅.၆ | ၂.၄ | ၁၃၄,၃၈၁ |
| | ယောကျ်ားလေး | ၈၆.၅ | ၁၃.၅ | ၁၀.၈ | ၆.၉ | ၃.၉ | ၆၄,၃၀၂ |
| | မိန်းကလေး | ၉၃.၅ | ၆.၅ | ၅.၅ | ၄.၄ | ၁.၁ | ၇၀,၀၇၈ |
| ၆၀-၈၀ | ကလေး | ၉၁.၉ | ၈.၁ | ၅.၁ | ၂.၉ | ၂.၂ | ၉၄,၄၉၆ |
| | ယောကျ်ားလေး | ၉၁.၉ | ၈.၁ | ၇.၂ | ၄.၃ | ၂.၉ | ၅၂,၉၆၄ |
| | မိန်းကလေး | ၉၁.၉ | ၈.၁ | ၂.၅ | ၁.၂ | ၁.၃ | ၄၁,၅၃၃ |
| ၈၀-၁၀၀ | ကလေး | ၈၇.၄ | ၁၂.၆ | ၁၂.၆ | ၂.၇ | ၉.၉ | ၇၉,၃၉၉ |
| | ယောကျ်ားလေး | ၉၁.၀ | ၉.၀ | ၉.၀ | ၁.၈ | ၇.၃ | ၄၆,၃၀၃ |
| | မိန်းကလေး | ၈၂.၅ | ၁၇.၅ | ၁၇.၅ | ၃.၉ | ၁၃.၆ | ၃၃,၀၉၆ |

**၈.၄ ကလေးများ၏ပညာရေးအခြေအန**

ဖော်ပြခဲ့ပြီးအပိုင်းများတွင် ကျောင်းတက်ရောက်မှုအပေါ် အလုပ်နှင့် အထူးသဖြင့် ကလေးလုပ်သားများ၏ အကျိုးသက်ရောက်မှုများကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် ကလေးလုပ်သားဖြစ်ခြင်းသည် ကျောင်းတက်ရောက်မှုအတွက် အတားအဆီးဖြစ်စေသည်သာမက အလုပ်တစ်ဖက် နှင့် ကျောင်းတက်နေရသော ကလေးများ၏ပညာရေး အဆင့်အတန်းများကိုပါ များစွာအကျိုးသက်ရောက်စေပါသည်။ အဆိုပါဆက်စပ်မှုကို လေ့လာနိုင်ရန်အတွက် ဤအပိုင်းတွင် ကလေးများ၏ စာတတ်မြောက်မှု၊ အတန်းပညာနှင့် အသက်အရွယ်မညီမျှမှုများ၊ စာတတ်မြောက်မှုနှုန်းနှင့် ကျောင်းပျက်ကွက်မှုများနှင့် ပတ်သက်၍ တင်ပြထားပါသည်။

ဇယား ၆၅ တွင် အလုပ်လုပ်ကိုင်နေသောကလေးနှင့် အလုပ်မလုပ်သောကလေးများ၊ ကလေးလုပ်သား၊ အန္တရာယ်ရှိသော လုပ်ငန်းတွင်လုပ်ကိုင်နေသည့် ကလေးလုပ်သားများ အစရှိသည်တို့၏ ပညာရေးအဆင့်အလိုက် ကျောင်းတက်ရောက်နေမှုအခြေအနေများကို ဖော်ပြထားပါသည်။

ကလေးများ၏ ၇၃,၂၈၁ ဦးမှာ လက်ရှိကျောင်းတက်နေကြပြီး ၉၈.၈% (ကလေး ၇၂,၄၀၁ ဦး) မှာ အလုပ်လုပ်ကိုင်ခြင်းမရှိသည်ကို တွေ့ရှိရသည်။ အရေအတွက်အားဖြင့် အလုပ်လုပ်ကိုင်နေပြီး ကျောင်းတက်နေသည့် ကလေး ၈၇၉ ဦးတွင် ၁၁ ဦး သည် ကလေးလုပ်သားများဖြစ်ကြကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့အနက် ၈ ဦးမှာ အန္တရာယ်ရှိသော အလုပ်ခွင်တွင်

ဝင်ရောက်လုပ်ကိုင်နေသော ကလေးလုပ်သားများဖြစ်ပြီး ကျန်ဦးရေမှာ အခြားကလေးလုပ်သား များဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား-၆၅။ လက်ရှိတက်ရောက်နေသော အတန်းအလိုက် အလုပ်မလုပ်သော၊ အလုပ်လုပ်နေသောကလေးနှင့် ကလေးလုပ်သားရာခိုင်နှုန်း**

| လက်ရှိ တက်ရောက်နေသော ပညာအဆင့် | ကလေးရာခိုင်နှုန်း | | | | | လက်ရှိကျောင်း တက်နေသော ခန့်မှန်း ကလေး အရေအတွက် |
|---|---|---|---|---|---|---|
| | အလုပ် မလုပ် | အလုပ် လုပ် | စုစုပေါင်း ကလေး လုပ်သား | အန္တ ရာယ်ရှိ အလုပ် ခွင်မှ ကလေး လုပ်သား | အခြား ကလေး လုပ်သား | |
| လက်ရှိတက်ရောက် | ၉၈.၈ | ၁.၂ | ၁.၂ | ၁.၀ | ၀.၂ | ၇၃,၂၈၁ |
| သူငယ်တန်းမှ ၃ တန်း | ၉၇.၉ | ၂.၁ | ၂.၁ | ၂.၁ | ၀.၀ | ၂၃,၉၂၀ |
| ၄ တန်းမှ ၇ တန်း | ၉၉.၂ | ၀.၈ | ၀.၈ | ၀.၅ | ၀.၃ | ၃၈,၂၀၈ |
| ၈ တန်းမှ ၁၀ တန်း | ၉၉.၄ | ၀.၆ | ၀.၆ | ၀.၆ | ၀.၀ | ၁၁,၁၅၃ |
| အသက်မွေးမှုသင်တန်း | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀ |
| ဘွဲ့ကြို/ဒီပလိုမာနှင့် အထက် | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀ |

ကျောင်းတက်ရောက်မှုနှုန်းအမြင့်ဆုံးမှာ အဆင့် ၅ မှ အဆင့် ၈ ထိဖြစ်ပြီး အရေအတွက်အားဖြင့် ၃၈,၂၀၈ ဦးရှိရာ ၎င်းတို့အနက် ၃၀၆ ဦးသာအလုပ်လုပ်နေပြီး ၂ ဦးမှာ အန္တရာယ်ရှိသော အလုပ်ခွင်မှ ကလေးလုပ်သားဖြစ်ကြောင်း တွေ့ရှိရပါသည်။ အမြင့်ဆုံးပညာရေးအဆင့်သည် အဆင့် ၉ မှ အဆင့် ၁၁ ဖြစ်ပြီး ၉၉.၄% မှာ အလုပ်မလုပ်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါပညာရေးအဆင့်များတွင် တက်ရောက်နေသူ ၆၇ ဦးမှာ အလုပ်လုပ်နေပြီး ၁ ဦးသာလျှင် အန္တရာယ်ရှိသော အလုပ်ခွင်မှ ကလေးလုပ်သားအဖြစ်လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

# အခန်း (၉)

# အခြားဆက်စပ်သော သွင်ပြင်လက္ခဏာများ

## ၉.၁ နိဒါန်း

ဤစစ်တမ်းမှလေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ ယခင်အခန်းများတွင် ကလေးများ၏ဆောင်ရွက်သည့် လုပ်ဆောင်မှုများ၊ အလုပ်၊ ပညာရေးဆိုင်ရာ အသေးစိတ် အချက်အလက်များနှင့် စပ်လျဉ်းသည့် အချက်အလက်များကို အဓိကဖော်ပြခဲ့ပါသည်။ ယခုအခန်းတွင် အလုပ်လုပ်နေသော ကလေးများနှင့်ပတ်သက်သည့် အဓိကယူဆချက် ၂ ခုကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ပထမပိုင်းတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများနေထိုင်သည့် အိမ်ထောင်စု၏ လူမှုစီးပွားရေးဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် ဆက်စပ်နေသော တွေ့ရှိချက်များကို အဓိကထားဖော်ပြသွားမည်ဖြစ်ပါသည်။ အဆိုပါအချက်အလက်များသည် ဤစစ်တမ်းမှရရှိလာသော အိမ်ထောင်စုများ၏ သွင်ပြင်လက္ခဏာ အချက်အလက်များအပေါ်အခြေခံ၍ ဖော်ပြထားခြင်းဖြစ်ပါသည်။

## ၉.၂ အိမ်ထောင်စုများ၏ လူမှု-စီးပွားဆိုင်ရာ သွင်ပြင်လက္ခဏာများ

အိမ်ထောင်စုများ၏ အခြေအနေ၊ လူနေမှုအဆင့်အတန်းနှင့် နေထိုင်မှုအခြေအနေများသည် ကလေးများ၏ ငယ်ရွယ်စဉ်ကာလ သို့မဟုတ် နောက်ပိုင်းဘဝများ၏ ပညာရေးမြင့်မားမှုနှင့် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုတို့အပေါ် အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိရပါသည်။ ဤအပိုင်းတွင် ကလေးများ အသက်ငယ်ရွယ်စဉ်မှာပင် စီးပွားရေးလုပ်ငန်းများတွင် လုပ်ခနှင့် အကျိုးအမြတ်တို့အတွက် ဝင်ရောက်လုပ်ကိုင်ရသော အကြောင်းအရင်းတစ်ရပ်ဖြစ်သည့် အိမ်ထောင်စုသွင်ပြင်လက္ခဏာများနှင့်စပ်လျဉ်းသော အချက်အလက်များကို လေ့လာဖော်ပြထားပါသည်။

ရှေးဦးစွာ မည်သို့သော အိမ်ထောင်စုများသည် အကျိုးအမြတ် သို့မဟုတ် လုပ်ခအတွက် ကလေးများအလုပ်လုပ်ရန် ခွင့်ပြုကြသည်ကို လေ့လာနိုင်ရန်အတွက် အလုပ်လုပ်သော ကလေးရှိသည့် ခန့်မှန်းအိမ်ထောင်စု အရေအတွက်ကို ဇယား ၆၆ တွင် ဖော်ပြထားပါသည်။ ပုံမှန်အိမ်ထောင်စုများ၏ အရေအတွက် ခန့်မှန်းချက်အပြင် အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးအနည်းဆုံးတစ်ဦးရှိသည့်အိမ်ထောင်စုနှင့် အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ အလုပ်လုပ်နေသော ကလေးတစ်ဦးရှိသည့် အိမ်ထောင်စုတို့၏ရာခိုင်နှုန်းနှင့် အရေအတွက်ခန့်မှန်းချက်များကို သီးခြားဖော်ပြထားပါသည်။

အိမ်ထောင်စုအရေအတွက် စုစုပေါင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ၁၀,၈၇၇,၈၄၂ ဖြစ်ပြီး မြို့ပြတွင် ၂၈ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၇၂ ရာခိုင်နှုန်းရှိကြောင်း

တွေ့ရှိရပါသည်။ ၅၉.၄% သောအိမ်ထောင်စုများတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေး အနည်းဆုံးတစ်ဦးရှိသည်ကို တွေ့ရှိရပါသည်။ ကလေးရှိသောအိမ်ထောင်စုများအနေဖြင့် မြို့ပြ တွင် ၅၆.၇ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၆၀.၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ အရေအတွက်အားဖြင့် ကျေးလက်နေအိမ်ထောင်စုအရေအတွက် (၄,၇၃၂,၅၀၉) သည် မြို့ပြနေ အိမ်ထောင်စု၏ ၂.၇ ဆရှိပြီး အလုပ်လုပ်သောကလေးအများဆုံးပါဝင်ကြောင်းတွေ့ရှိရပါသည်။

ကလေးသူငယ် အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ၆ ပုံ ၁ ပုံ သည် အလုပ် လုပ်သော ကလေးသူငယ်အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုဖြစ်ကြောင်းတွေ့ရှိရပါသည်။ အရေအတွက်အားဖြင့် ၁,၀၇၁,၆၆၀ အိမ်ထောင်စုရှိကြောင်း တွေ့ရှိရပါသည်။ ယင်းကဲ့သို့သော အိမ်ထောင်စုများမှာ ကျေးလက်ဒေသတွင် ကလေးတစ်ဦးသာရှိသည့် အိမ်ထောင်စု၏ ၁၈.၄% နှင့် မြို့ပြတွင် ၁၁.၇% ရှိကြောင်း တွေ့ရှိရပါသည်။ အရေအတွက်အားဖြင့် ယင်းကဲ့သို့သော ကျေးလက်ဒေသရှိ အိမ်ထောင်စုများ၏ အရေအတွက်သည် မြို့ပြအိမ်ထောင်စု အရေအတွက်၏ ၄ ဆ ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား-၆၆။ အလုပ်လုပ်နေသော ကလေးများနှင့် ကလေးတစ်ဦးရှိသော အိမ်ထောင်စုများ၏ အရေ အတွက်နှင့် ရာခိုင်နှုန်း**

| အိမ်ထောင်စုအမျိုးအစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **စုစုပေါင်းအိမ်ထောင်စု အရေအတွက်** | ၁၀,၈၇၇,၈၄၂ | ၃,၁၄၉,၄၃၂ | ၇,၈၂၈,၄၁၀ |
| *အသက် ၁ နှစ်မှ ၁၇ နှစ်အတွင်း ကလေးတစ်ဦးရှိ* | | | |
| အိမ်ထောင်စုအရေအတွက် - | ၆,၄၆၀,၈၈၂ | ၁,၇၂၈,၃၇၃ | ၄,၇၃၂,၅၀၉ |
| စုစုပေါင်းအိမ်ထောင်စုတွင် ပါဝင်မှုရာခိုင်နှုန်း - | ၅၉.၄ | ၅၆.၇ | ၆၀.၅ |
| *အနည်းဆုံး အလုပ်လုပ်နေသော ကလေးတစ်ဦးရှိ* | | | |
| အိမ်ထောင်စု အရေအတွက် - | ၁,၀၇၁,၆၆၀ | ၂၀၂,၄၈၈ | ၈၆၉,၁၇၂ |
| စုစုပေါင်းအိမ်ထောင်စုတွင် ပါဝင်မှုရာခိုင်နှုန်း - | ၉.၉ | ၆.၆ | ၁၁.၁ |
| ကလေးတစ်ဦးရှိအိမ်ထောင်စုများတွင် ပါဝင်မှုရာခိုင်နှုန်း - | ၁၆.၆ | ၁၁.၇ | ၁၈.၄ |

အလုပ်လုပ်သော ကလေးသူငယ် အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ အရွယ် အစားကို မြို့ပြ၊ ကျေးလက်အလိုက် ပျံ့နှံ့မှုရာခိုင်နှုန်းကို ဇယား ၆၇ တွင် ဖော်ပြထားပါသည်။ ယေဘုယျအားဖြင့် အိမ်ထောင်စုအရွယ်အစား ကြီးမားသည့် (အိမ်ထောင်စုဝင် ၇ ဦးမှ ၁၀ ဦးနှင့် အထက်) အိမ်ထောင်စုထက်ဝက်ခန့်တွင် အလုပ်လုပ်သောကလေးသူငယ် အနည်းဆုံးတစ်ဦးရှိ သည့် အိမ်ထောင်စုအားလုံး၏ တစ်ဝက်ခန့်ရှိကြောင်းတွေ့ရှိရပါသည်။ အခြားတစ်ဝက်သည် အိမ်ထောင်စုအရွယ်အစားငယ်သော (အိမ်ထောင်စုဝင် ၁ ဦးမှ ၆ ဦး) အိမ်ထောင်စုများ ဖြစ် ကြောင်းတွေ့ရှိရပါသည်။ အိမ်ထောင်စုအရွယ်အစားကြီးမားသော အိမ်ထောင်စုများသည် အရွယ် အစားသေးသော အိမ်ထောင်စုများထက် ၎င်းတို့၏ ကလေးများကို လုပ်ငန်းခွင်သို့ ပိုမို ဝင်ရောက်

စေကြောင်းကို ထင်ရှားစွာ တွေ့မြင်ရပါသည်။ ဤအခြေအနေကို မြို့ပြနှင့် ကျေးလက် နှစ်မျိုးလုံးတွင် တွေ့မြင်ရပါသည်။

စိတ်ဝင်စားဖွယ်တွေ့မြင်ရသည်မှာ မြို့ပြဒေသများတွင် အိမ်ထောင်စုအရွယ်အစားနှင့် အနည်းဆုံး အလုပ်လုပ်သောကလေးရှိသည့်အိမ်ထောင်စုပါဝင်မှုသည် အပြုသဘောဆောင်သည့် ဆက်သွယ်ချက်ရှိသည်ကို တွေ့ရှိရပါသည်။ ပထမအိမ်ထောင်စုအရွယ်အစားသုံးမျိုး (အိမ်ထောင်စုဝင် ၁ မှ ၉ ဦးရှိ) တွင် ကလေးလုပ်သားပါဝင်မှုရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စုဝင် ၁၀ ဦးနှင့်အထက်ရှိသော အိမ်ထောင်စုများတွင် ကလေးလုပ်သားပါဝင်မှုသည် ကျေးလက်ဒေသများထက် မြို့ပြဒေသများတွင်ပိုမိုမြင့်မားသည်ကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်ပါသည်။

**ဇယား-၆၇။ အိမ်ထောင်စု အရွယ်အစားအလိုက် အလုပ်လုပ်သော ကလေးအနည်းဆုံး တစ်ဦးရှိသည့် အိမ်ထောင်စုပါဝင်မှုရာခိုင်နှုန်း**

| အိမ်ထောင်စုအရွယ်အစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုအားလုံး** | **၉.၉** | **၆.၆** | **၁၁.၁** |
| ၁-၃ | ၂.၉ | ၁.၉ | ၃.၃ |
| ၄-၆ | ၁၁.၅ | ၇.၉ | ၁၂.၈ |
| ၇-၉ | ၂၀.၈ | ၉.၆ | ၂၆.၁ |
| ၁၀+ | ၂၇.၃ | ၂၈.၆ | ၂၆.၃ |

ငါးကိန်းစု လစဉ်တစ်ဦးကျ ပျမ်းမျှစားသုံးမှုအသုံးစရိတ်အလိုက် အလုပ်လုပ်သော ကလေးအနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းကို ဇယား ၆၈ တွင် ဖော်ပြထားပါသည်။ ခန့်မှန်းတန်ဖိုးများအရ နေထိုင်မှုအဆင့်နိမ့်ကျသော အိမ်ထောင်စုများရှိ ကလေးများသည် အကျိုးအမြတ် သို့မဟုတ် လစာအတွက် ပိုမိုလုပ်ကိုင်နေကြရကြောင်း တွေ့ရှိရပါသည်။ ငါးကိန်းစု အနိမ့်ဆုံးအဆင့်နှစ်ခုဖြစ်သော ၀-၂၀ နှင့် ၂၀-၄၀ အဆင့်များရှိ ၁၇% နှင့် ၂၇% သော အိမ်ထောင်စုများတွင် အလုပ်လုပ်ကိုင်နေသော ကလေးအနည်းဆုံး တစ်ဦးရှိသည်ကို တွေ့ရှိရပြီး ငါးကိန်းစု ထိပ်ဆုံးအဆင့်ရှိအိမ်ထောင်စုများ၏ ၇.၅% တွင်သာရှိကြောင်း တွေ့ရှိရပါသည်။

အလုပ်လုပ်သော ကလေးသူငယ် အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စု၏ ရာခိုင်နှုန်းသည် မြို့ပြဒေသထက် ကျေးလက်ဒေသတွင် ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ အဆိုပါ အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်းသည် လစဉ်တစ်ဦးကျ ပျမ်းမျှစားသုံးမှုစရိတ် အဆင့်တိုင်းတွင် ကျေးလက်ဒေသများသည် မြို့ပြဒေသများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ငါးကိန်းစု ထိပ်ဆုံးအဆင့်ရှိ အိမ်ထောင်စုများတွင် အလုပ်လုပ်သော ကလေးရှိသော အိမ်ထောင်စုပါဝင်မှုသည် မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုလုံးတွင် နည်းပါးသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား-၆၈။ အိမ်ထောင်စုများ၏ငါးကိန်းစု လစဉ်လူတစ်ဦးကျ ပျမ်းမျှစားသုံးမှုအဆင့်အလိုက် အနည်းဆုံး အလုပ်လုပ်နေသော ကလေးတစ်ဦးရှိအိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း

| ငါးကိန်းစုအလိုက် လစဉ်တစ်ဦးကျ ပျမ်းမျှ အသုံးစရိတ် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုအားလုံး** | ၉.၉ | ၆.၆ | ၁၁.၁ |
| ၀-၂၀ | ၃၆.၇ | ၂၈.၃ | ၃၈.၃ |
| ၂၀-၄၀ | ၂၇.၁ | ၂၄.၉ | ၂၇.၆ |
| ၄၀-၆၀ | ၁၉.၂ | ၁၄.၆ | ၂၀.၇ |
| ၆၀-၈၀ | ၁၄.၄ | ၁၁.၇ | ၁၅.၆ |
| ၈၀-၁၀၀ | ၇.၅ | ၆.၂ | ၈.၆ |

ဇယား ၆၉ တွင် စိုက်ပျိုးမြေဧရိယာအရွယ်အစားနှင့် အလုပ်လုပ်သော ကလေး ပေါ်ပေါက်မှုအကြားဆက်သွယ်ချက်ကို ဖော်ပြထားပါသည်။ အဆိုပါဇယားတွင် စိုက်ပျိုးမြေဧရိယာအရွယ်အစားအရ အဆင့်သတ်မှတ်ထားသော အိမ်ထောင်စုများအလိုက် အလုပ်လုပ်သော ကလေး အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ပါဝင်မှုကို ဖော်ပြထားပါသည်။ ဇယားတွင်ဖော်ပြထားချက်အရ စိုက်ပျိုးမြေဧရိယာနှင့် ကလေးလုပ်သားရှိသည့် အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်းသည် ဆက်နွယ်မှုမြင့်မားစွာရှိသည်ကို တွေ့မြင်နိုင်ပါသည်။ သို့သော် အဆိုပါ ဆက်နွယ်မှုသည် အိမ်ထောင်စုအရွယ်အစားနှင့် ငါးကိန်းစုလစဉ်တစ်ဦးကျ ပျမ်းမျှအသုံးစရိတ် အဆင့်များကဲ့သို့ ထင်ရှားစွာတွေ့မြင်ရခြင်းမရှိပါ။ အချိုးညီညီမြင့်တက်လာခြင်း သို့မဟုတ် နိမ့်ဆင်းသွားခြင်းကို မတွေ့ရှိရပါ။

ဇယား-၆၉။ စိုက်ပျိုးမြေဧကအလိုက် အနည်းဆုံး အလုပ်လုပ်နေသော ကလေးတစ်ဦးရှိ အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း

| စိုက်ပျိုးမြေဧက (ဟက်တာ) | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုအားလုံး** | **၉.၉** | **၆.၆** | **၁၁.၁** |
| <၀.၂၀ | ၉.၈ | ၄.၉ | ၁၀.၁ |
| ၀.၂၀-၀.၉၉ | ၁၃.၈ | ၂၃.၄ | ၁၃.၀ |
| ၁.၀၀-၂.၄၉ | ၁၁.၄ | ၁၁.၉ | ၁၁.၄ |
| ၂.၅၀-၄.၉၉ | ၁၂.၅ | ၆.၃ | ၁၂.၈ |
| ၅.၀၀-၉.၉၉ | ၁၁.၇ | ၆.၀ | ၁၁.၉ |
| ၁၀.၀၀+ | ၉.၇ | ၅.၅ | ၁၀.၀ |

အဆိုပါ အိမ်ထောင်စုများ၏ ရာခိုင်နှုန်းသည် စိုက်ပျိုးမြေဧက ၀.၂၀-၀.၉၉ အုပ်စုအတွင်း ရှိအိမ်ထောင်စုများတွင် အလုပ်လုပ်သောကလေးရှိသည့် အိမ်ထောင်စုများ၏ပါဝင်မှုသည် မြို့ပြ ဒေသများသည် ကျေးလက်ဒေသများထက် မြင့်မားနေသည်ကလွဲ၍ ကျန်အုပ်စုများတွင်

ကျေးလက်ဒေသ၏ပါဝင်မှုသည် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမြေဧက ၀.၂၀-၀.၉၉ ရှိသည့် မြို့ပြအိမ်ထောင်စုများ၏ လေးပုံတစ်ပုံခန့်သည် အလုပ်လုပ်သောကလေး အနည်းဆုံးတစ်ဦးခန့်ရှိကြသည့် အိမ်ထောင်စုများဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဇယား ၇၀ တွင် အကြွေးရှိသော အိမ်ထောင်စုများနှင့် အကြွေးမရှိသော အိမ်ထောင်စုများ၏ပါဝင်မှုရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ အကြွေးရှိသော အိမ်ထောင်စုများတွင် အနည်းဆုံး အလုပ်လုပ်သော ကလေးတစ်ဦးရှိသည့် အိမ်ထောင်စုမှာ ၁၂% ဖြစ်ပြီး အကြွေးမရှိသည့် အိမ်ထောင်စုများ၏ ၉% ခန့်တွင် အနည်းဆုံး ကလေးလုပ်သားတစ်ဦးရှိကြောင်း တွေ့ရှိရပါသည်။ အကြွေးရှိသော အိမ်ထောင်စုများတွင် အလုပ်လုပ်သောကလေး ပိုမိုတွေ့ရှိရခြင်းကို မြို့ပြနှင့် ကျေးလက်ဒေသ နှစ်ခုလုံးတွင် တွေ့မြင်ရမည်ဖြစ်ပါသည်။

**ဇယား-၇၀။ အကြွေးရှိမှုအခြေအနေအလိုက် အလုပ်လုပ်သော ကလေးအနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း**

| အိမ်ထောင်စု | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုအားလုံး** | **၉.၉** | ၆.၆ | ၁၁.၁ |
| အကြွေးရှိသောအိမ်ထောင်စုများ | ၁၂.၀ | ၈.၉ | ၁၂.၆ |
| အကြွေးမရှိသောအိမ်ထောင်စုများ | ၈.၇ | ၆.၁ | ၁၀.၁ |

ဇယား-၇၁ တွင် မြန်မာနိုင်ငံအတွင်းရှိ အိမ်ထောင်စုများ၏ နေအိမ်ပိုင်ဆိုင်မှု အခြေအနေနှင့် ကလေးလုပ်သားဆက်သွယ်ချက်ကို လေ့လာနိုင်ရန်အတွက် ဖော်ပြထားပါသည်။ နိုင်ငံတော်အစိုးရအိမ်ယာများနှင့် အစိုးရဝန်ထမ်းအိမ်ယာများ၌ နေထိုင်သောအိမ်ထောင်စုများတွင် အလုပ်လုပ်သော ကလေးပါဝင်မှု နည်းပါးသည်ကို တွေ့ရှိရပါသည်။ အခြားအိမ်ယာပိုင်ဆိုင်မှု အမျိုးအစားများတွင်နေထိုင်သော အိမ်ထောင်စုများတွင် ၁၀% ခန့်သည် အလုပ်လုပ်သော ကလေးရှိသည့် အိမ်ထောင်စုများဖြစ်သည်ကို တွေ့ရှိရပါသည်။ "အခြား" ပိုင်ဆိုင်မှုအမျိုးအစားတွင်နေထိုင်သော အိမ်ထောင်စုများမှလွဲ၍ အစိုးရအိမ်ယာမဟုတ်သော ပိုင်ဆိုင်မှုအမျိုးအစားရှိ နေအိမ်များတွင် အလုပ်လုပ်သော ကလေးရှိသည့် အိမ်ထောင်စုပါဝင်မှုသည် ခြားနားမှုမရှိကြောင်းတွေ့ရှိရပါသည်။ အဆိုပါအခြေအနေသည် မြို့ပြနှင့် ကျေးလက်နှစ်မျိုးလုံးတွင် တူညီသည်ကို တွေ့ရှိရပါသည်။

ဇယား-၇၁။ အိမ်ယာပိုင်ဆိုင်မှုအလိုက် အနည်းဆုံးအလုပ်လုပ်နေသော ကလေးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း

| အိမ်ယာပိုင်ဆိုင်မှု အခြေအနေ | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| အိမ်ထောင်စုအားလုံး | ၉.၉ | ၆.၆ | ၁၁.၁ |
| အိမ်ထောင်စုဝင်တစ်ဦးဦးမှ ပိုင်ဆိုင် | ၁၀.၀ | ၆.၃ | ၁၁.၁ |
| အိမ်ငှား-နိုင်ငံတော်အစိုးရအိမ်ယာ | ၄.၆ | ၃.၀ | ၇.၄ |
| အိမ်ငှား-အခြားသူတစ်ဦးပိုင်သည့်အိမ်ယာ | ၁၀.၃ | ၁၀.၁ | ၁၁.၁ |
| အခမဲ့နေထိုင်ခွင့် | ၉.၃ | ၇.၁ | ၁၀.၉ |
| အစိုးရဝန်ထမ်းအိမ်ယာ | ၁.၀ | ၁.၃ | ၀.၀ |
| အခြား | ၁၇.၆ | ၁၁.၃ | ၂၃.၈ |

ဇယား-၇၂ တွင် နေအိမ်အဆောက်အဦနံရံအတွက် အသုံးပြုသော ပစ္စည်းအမျိုးအစား အလိုက် အလုပ်လုပ်သောကလေး အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ပါဝင်မှု ရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။

အလုပ်လုပ်သောကလေးရှိသည့် အိမ်ထောင်စု အများစုသည် အိမ်နံရံကို ဝါးနှင့် သစ်ရွက် တို့အသုံးပြုဆောက်လုပ်ထားသောအိမ်များဖြစ်ပြီး ၁၂-၁၃% ရှိသည်ကို တွေ့ရှိရပါသည်။ အုတ်၊ ကျောက်နှင့် သစ်သားတို့ကိုအသုံးပြုဆောက်လုပ်သော အိမ်ထောင်စုများတွင် အများစုနေထိုင်မှု ၏ထက်ဝက်ခန့်သာရှိသည်ကို တွေ့ရှိရပါသည်။ နံရံကို အခြားပစ္စည်းများအသုံးပြု၍ ဆောက်လုပ် ထားသော အိမ်ထောင်စုများ၏ ၁၇.၂% သည် အလုပ်လုပ်သောကလေးရှိသည့် အိမ်ထောင်စုများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျေးလက်ရှိ အလုပ်လုပ်သောကလေးရှိသည့် နေအိမ်အများစုမှာ နံရံကို ဝါး၊ သစ်ရွက်၊ အုတ် စသဖြင့် အများဆုံး အသုံးပြုဆောက်လုပ်ကြပြီး မြို့ပြဒေသတွင် အမျိုးမျိုးသောပစ္စည်းများကို အသုံးပြုကြသည့် အိမ်ထောင်စုများတွင် တွေ့ရှိရသော်လည်း ကျောက်ကို အသုံးပြုဆောက်လုပ်သည့်အိမ်ထောင်စုများ၏ ၁၀% ခန့်ရှိသည်ကိုတွေ့ရှိရပါသည်။

ဇယား-၇၂။ အိမ်နံရံတွင် အသုံးပြုသော အမျိုးအစားအလိုက် အနည်းဆုံး အလုပ်လုပ်နေသော ကလေး တစ်ဦးရှိ အိမ်ထောင်စုများ၏ ပါဝင်မှုရာခိုင်နှုန်း

| နံရံအမျိုးအစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| အိမ်ထောင်စုအားလုံး | ၉.၉ | ၆.၆ | ၁၁.၁ |
| အုတ် | ၅.၅ | ၃.၃ | ၈.၃ |
| ကျောက်/ကျောက်တုံး | ၆.၂ | ၉.၅ | ၃.၅ |
| သစ်သား | ၇.၆ | ၅.၆ | ၈.၅ |
| ဝါး | ၁၂.၁ | ၁၀.၅ | ၁၂.၅ |
| သစ်ရွက်များ | ၁၃.၄ | ၉.၇ | ၁၃.၆ |
| အခြား | ၁၇.၂ | ၂၂.၁ | ၁၅.၉ |

အထက်ပါနည်းတူ ဇယား-၇၃ တွင် နေအိမ်အမိုးကို အသုံးပြုသည့် အမျိုးအစားအလိုက် အလုပ်လုပ်သောကလေး အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စု၏ ပါဝင်မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ အိမ်အမိုးကို အုတ်ကြွပ် သို့မဟုတ် သက်ကယ်၊ ဓနိ၊ အင်၊ သစ်ရွက်၊ သွပ် သို့မဟုတ် အခြားပစ္စည်းများကို အသုံးပြု၍ ဆောက်လုပ်ထားသော အိမ်ထောင်စုများတွင် ၈-၁၃% ခန့်သည် အလုပ်လုပ်သောကလေးရှိသည့် အိမ်ထောင်စုများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မမျှော်လင့်ဘဲတွေ့ရှိရသည်မှာ ကျေးလက်ဒေသများရှိ ကွန်ကရစ်နှင့်သွပ်ကို အသုံးပြုဆောက်လုပ်ထားသော အိမ်ထောင်စုများတွင် ကလေးလုပ်သားရှိသည့် အိမ်ထောင်စုပါဝင်မှု မြင့်မားနေခြင်းဖြစ်ပါသည်။ သို့သော် ကျေးလက်ဒေသရှိ အခြားပစ္စည်းများကို အသုံးပြုဆောက်လုပ်ထားသော အိမ်ထောင်စုများတွင်လည်း ပါဝင်မှုရာခိုင်နှုန်း မြင့်မားသည်ကို တွေ့ရှိရပါသည်။

**ဇယား-၇၃။ နေအိမ်အမိုးအတွက် အသုံးပြုသော အမျိုးအစားအလိုက် အနည်းဆုံးအလုပ်လုပ်နေသော ကလေးတစ်ဦးရှိသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း**

| အိမ်အမိုးတွင်အသုံးပြုသည့်ပစ္စည်း | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုအားလုံး** | **၉.၉** | **၆.၆** | **၁၁.၁** |
| ကွန်ကရစ်/ဘိလပ်မြေ | ၅.၄ | ၅.၁ | ၇.၂ |
| သွပ် | ၈.၆ | ၅.၇ | ၁၀.၁ |
| အုတ်ကြွပ် | ၁၂.၂ | ၁၃.၉ | ၁၁.၀ |
| သက်ကယ်/ဓနိ/အင်/ သစ်ရွက်များ | ၁၂.၉ | ၁၃.၀ | ၁၂.၉ |
| ဝါး/သစ်လုံး | ၉.၇ | ၁၆.၈ | ၇.၈ |
| အခြား | ၁၂.၄ | ၀.၀ | ၁၂.၈ |

## ၉.၃ အလုပ်ခွင်၌ အန္တရာယ်ရှိခြင်းနှင့် ပံ့ပိုးပေးမှုများ

ကလေးများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ မတော်မတရား ချိုးဖောက်ခံရမှု အခြေအနေဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ယူ ခဲ့မှုအပေါ် မတော်မတရားချိုးဖောက်ခံရမှုပုံစံ၊ ကျား၊ မ၊ အသက်အုပ်စုနှင့် မြို့ပြ၊ ကျေးလက်၊ လုပ်ငန်းကဏ္ဍနှင့် အလုပ်အကိုင်အမျိုးအစားများအလိုက် အန္တရာယ်ရှိသော လုပ်ငန်းခွင်အခြေအနေရှိ ကလေးများ၏အရေအတွက်နှင့် ရာခိုင်နှုန်းတို့ကို ဖော်ပြထားပါသည်။

ဇယား ၇၄ တွင် အချက်အလက်များကို ခွဲခြမ်းလေ့လာဖော်ပြထားမှုအရ မြန်မာနိုင်ငံ တွင် အလုပ်လုပ်သောကလေးများ၏ ၃.၅% သည် ၎င်းတို့၏အလုပ်ခွင်နေရာ၌ အတောမသတ် အော်ပြောခြင်း၊ ဆဲဆိုခြင်းများကို ရင်ဆိုင်နေရကြောင်း တွေ့ရှိရပါသည်။ အဆိုပါအခြေအနေနှင့် စပ်လျဉ်း၍ ကျား၊ မအကြား၊ မြို့ပြ၊ကျေးလက်အကြား ကွဲပြားမှုမရှိကြောင်း တွေ့ရှိရပါသည်။

ဇယား-၇၄။ လုပ်ငန်းခွင်အတွင်း ချိုးဖောက်ခံရမှုအမျိုးအစားအလိုက် အလုပ်လုပ်သောကလေးများ၏ ရာခိုင်နှုန်း

| နယ်ပယ် | ချိုးဖောက်မှုအမျိုးအစားအလိုက် အလုပ်လုပ်သော ကလေးရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | အတောမသတ် အော်ပြောခြင်း | ထပ်ခါ တလဲလဲ ဆဲခြင်း | ရိုက်သည်/ ကိုယ်ခန္ဓာ အနာတရ ဖြစ်စေသည် | ဆန္ဒမရှိသည် များကို ပြုလုပ်သည်/ ထိတွေ့သည် | အခြား |
| ပြည်ထောင်စု | ၂.၇ | ၁.၈ | ၀.၂ | ၀.၂ | ၀.၂ |
| ကျား၊ မ | | | | | |
| ယောကျ်ားလေး | ၂.၉ | ၁.၉ | ၀.၂ | ၀.၂ | ၀.၂ |
| မိန်းကလေး | ၂.၆ | ၁.၆ | ၀.၂ | ၀.၂ | ၀.၂ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၂.၉ | ၁.၆ | ၀.၂ | ၀.၀ | ၀.၀ |
| ကျေးလက် | ၂.၇ | ၁.၈ | ၀.၂ | ၀.၂ | ၀.၃ |

ဇယား-၇၅။ လွန်ခဲ့သော တစ်နှစ်အတွင်း အလုပ်လုပ်ကိုင်နေသော ကလေးများတွင် ထိခိုက်ဒဏ်ရာ ရရှိမှုရာခိုင်နှုန်း

| အညွှန်း | ခန့်မှန်း |
|---|---|
| အလုပ်လုပ်နေသော ကလေးဦးရေ ၁၀၀ တွင် ပျမ်းမျှထိခိုက် ဒဏ်ရာရရှိသူ အရေအတွက် | ၀.၀၄ |
| ထိခိုက်ဒဏ်ရာ ရရှိမှုကြောင့် ပျမ်းမျှအလုပ်ပျက်ရက် အရေအတွက် | ၀.၄၉ |
| အပြင်ပိုင်းထိခိုက်ဒဏ်ရာရရှိမှု ရာခိုင်နှုန်း | ၇၃.၄၀ |
| ပြင်းထန်ထိခိုက်ဒဏ်ရာရရှိမှု ရာခိုင်နှုန်း | ၂၆.၆၀ |

စစ်တမ်းတွင် ကောက်ယူခဲ့သော အလုပ်ကြောင့် ကျန်းမာရေးထိခိုက်မှုဆိုင်ရာ အချက်အလက်များသည် အလုပ်၌ ယောကျ်ားလေးနှင့် မိန်းကလေးများ အမှန်တကယ်ကြုံတွေ့ရသည့် အန္တရာယ်ရှိမှု အခြေအနေများကို ပို၍အသေးစိတ် ဖော်ပြထားပါသည်။ မတော်တဆထိခိုက်မှု၊ ဒဏ်ရာရရှိမှု သို့မဟုတ် ဖျားနာမှုအခြေအနေဆိုင်ရာ သတင်းအချက်အလက်များကို ရည်ညွှန်းကာလ လွန်ခဲ့သောတစ်နှစ် အဖြစ်သတ်မှတ်ကောက်ယူခဲ့ပါသည်။

အမှန်တကယ်တွင် နမူနာ အလုပ်လုပ်သော ကလေးများအနက်မှ ၃၉ ဦးသာ မတော်တဆ ထိခိုက်မှုနှင့် ဒဏ်ရာရရှိမှုတို့ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ သို့ဖြစ်၍ ခန့်မှန်းတွက်ချက်မှုအရ အလုပ်လုပ်သောကလေး ၁၀,၀၀၀ တွင် ၄ ဦးခန့်သာ တစ်နှစ်အတွင်း လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် ဒဏ်ရာရရှိမှုတို့တွေ့ကြုံရကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ထိခိုက်မှုအများစုသည် အပေါ်ယံထိခိုက်ဒဏ်ရာရရှိမှုများသာဖြစ်ပြီး လေးပုံတစ်ပုံခန့်သာ အပြင်းအထန် ဒဏ်ရာရရှိမှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

# အခန်း (၁၀)

# နိဂုံးနှင့် အကြံပြုချက်များ

## ၁၀.၁ နိဒါန်း

ယခုစစ်တမ်းမှ ရရှိလာသော အချက်အလက်များသည် မြန်မာနိုင်ငံအတွင်း ကလေးလုပ်သားများဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန်အတွက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ အဓိကအားဖြင့် စစ်တမ်းမှရရှိလာသော အချက်အလက်များသည် လုပ်သားဈေးကွက်အတွင်း ကလေးသူငယ်များအနေဖြင့် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေမှု အခြေအနေများကိုဖော်ပြပေးနိုင်ပါသည်။ စစ်တမ်း၏ရလဒ်များသည် အရေအတွက်အားဖြင့် လက်ရှိ ပြင်းထန်မှုအခြေအနေကိုဖော်ပြနိုင်ပြီး အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှု တားမြစ်ရေးနှင့် ပပျောက်ရေးတို့အတွက် ထိရောက်သော အစီအမံများကိုဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ဤအခန်းတွင် စစ်တမ်းမှရလဒ်များအရ အရှေ့အခန်းများက ဆွေးနွေးတင်ပြခဲ့သော အချက်အလက်များအရတွေ့ရှိချက်များကိုသုံးသပ်၍ အကျဉ်းချုပ် လေ့လာဆန်းစစ်တွေ့ရှိချက်များကို ဖော်ပြထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်တွင် အလုပ်လုပ်သောကလေးများအနေဖြင့် မည်ကဲ့သို့သောအခန်းကဏ္ဍတွင်ပါဝင်လုပ်ကိုင်နေရသည်ကို ဖော်ပြထားပြီး လုပ်သားဈေးကွက်မှ ကလေးများလွတ်မြောက်နိုင်ရေးနှင့် ပိုမိုကောင်းမွန်သော ကျွမ်းကျင်မှုရရှိစေရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည့် အကြံပြုချက်များကို ဆွေးနွေးတင်ပြထားပါသည်။

## ၁၀.၂ လုပ်သားအင်အားတွင် ပါဝင်ခြင်း

အသက် ၅ နှစ်မှ ၁၇ နှစ်အပိုင်းအခြားရှိ ကလေးများသည် မြန်မာနိုင်ငံလူဦးရေ၏ ၄၈ သန်းတွင် လေးပုံတစ်ပုံပါဝင်လျက်ရှိပါသည်။ ၁၂ သန်းသော ကလေးသူငယ်များ၏ ထက်ဝက်ကျော်မှာ အသက် ၅ နှစ်မှ ၁၁ နှစ်အုပ်စု ဖြစ်ပါသည်။ ဆယ်ကျော်သက်ကလေးများ (အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စု) သည် ကလေးဦးရေ၏ ငါးပုံတစ်ပုံကျော်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား-၇၆ တွင် ကလေးများ၏ လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး (WPRs) နှင့် အရွယ်ရောက်ပြီးသူများ (အသက် ၁၈ နှစ်နှင့်အထက်) ၏အချိုးတို့ကိုဖော်ပြထားပြီး နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်ရန်အတွက် အသက် ၅ နှစ်နှင့်အထက် နှင့် ၁၅ နှစ်နှင့်အထက် လူဦးရေတို့အတွက် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုးတို့ကိုလည်း ဖော်ပြထားပါသည်။ အသက် ၁၅ နှစ်နှင့်အထက်အတွက် WPRs သည် နှိုင်းယှဉ်နိုင်ရန်အတွက်ဖြစ်ပြီး ၎င်းသည် လုပ်သားအင်အားစစ်တမ်းတိုင်းတွင် အသုံးပြုသော အညွှန်းကိန်းဖြစ်ပါသည်။ အခြားတစ်ဖက်တွင် အသက် ၅ နှစ်နှင့်အထက်အတွက် WPRs သည် မြန်မာနိုင်ငံကဲ့သို့သော အလုပ်လုပ်သည့် အသက်အပိုင်းအခြား

သည် ၁၅ နှစ်ထက် လျော့နည်းသည့်နိုင်ငံများအတွက် ပိုမိုပြီးပြည့်စုံသည့် လုပ်သားဈေးကွက်ဆိုင်ရာ အညွှန်းကိန်းတစ်ခုဖြစ်ပါသည်။

ဇယား-၇၆။ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး နှိုင်းယှဉ်မှု

| နယ်ပယ် | အသက်အုပ်စုအလိုက် WPRs | | | | စုစုပေါင်းလူဦးရေ (,၀၀၀) |
|---|---|---|---|---|---|
| | ၅-၁၇ | ၁၈+ | ၁၅+ | ၅+ | |
| ပြည်ထောင်စု | ၁၀.၅ | ၆၆.၄ | ၆၄.၂ | ၅၀.၈ | ၄၇,၉၃၀ |
| ကျား၊ မ | | | | | |
| ကျား | ၁၁.၃ | ၈၃.၀ | ၇၉.၇ | ၆၁.၇ | ၂၂,၅၅၅ |
| မ | ၉.၈ | ၅၂.၅ | ၅၀.၁ | ၄၀.၂ | ၂၅,၃၇၅ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၈.၁ | ၆၂.၀ | ၅၉.၃ | ၄၈.၈ | ၁၃,၈၄၀ |
| ကျေးလက် | ၁၁.၄ | ၆၈.၃ | ၆၆.၄ | ၅၁.၆ | ၃၄,၀၉၀ |

ဇယားတွင် ဖော်ပြထားချက်အရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရွယ်ရောက်ပြီးလူငယ် ၃ ပုံ ၂ ပုံခန့်သည် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။ ဤသို့ လုပ်ဆောင်နေကြသည့်တိုင် ကလေးများ၏ ၁၀ရာခိုင်နှုန်းကျော်သည် လုပ်သားဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရပါသည်။ ဇယားပါအချက်အလက်များအရ အသက် ၅ နှစ်နှင့်အထက်ရှိ လူတစ်ဦးချင်းစီ၏ အကျိုးအမြတ် သို့မဟုတ် လုပ်ခဖြင့် အလုပ်လုပ်ကိုင်လျက်ရှိသည့် အခြေအနေများကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယားပါအချက်များအရ အသက်အုပ်စုအားလုံးအတွက် မိန်းကလေး အလုပ်သမားဦးရေအချိုးသည် ယောကျ်ားလေးအလုပ်သမားဦးရေအချိုးထက် ပို၍နည်းသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် မြို့ပြ-ကျေးလက် ကွာဟချက်ကိုမူ သိသာစွာ တွေ့မြင်ရခြင်းမရှိပါ။ သို့သော်လည်း ကျေးလက်ရှိ အလုပ်သမားဦးရေအချိုးသည် တိုင်းတာမှုအားလုံးတွင် မြင့်မားသည်ကို တွေ့ရှိရပါသည်။။ အသက် ၅ နှစ်နှင့်အထက် လူဦးရေနှင့် ပတ်သက်၍ ကွာဟချက်အနည်းငယ်သာရှိသည်ကို စိတ်ဝင်စားဖွယ်ရာတွေ့ရှိရပါသည်။

## ၁၀.၃ လုပ်သားအင်အားတွင် ကလေးလုပ်သားနှင့် အလုပ်လုပ်နေသောကလေးများ၏ပါဝင်မှု

မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်တွင် အလုပ်လုပ်သော ကလေးများ၏ အရေးပါမှုကို ဇယား ၇၇ တွင် ဖော်ပြထားပါသည်။ အလုပ်လုပ်သော ကလေးဦးရေသည် နိုင်ငံ၏ စုစုပေါင်းအလုပ်လုပ်သောလူဦးရေ၏ ၅.၈ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရှိရပါသည်။ သို့သော်လည်း အသက် ၁၅ နှစ်အောက် ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၁.၄% သာရှိသည့်အတွက် အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။ ဆိုလိုသည်မှာ စီးပွားရေးအခြေအနေများသည် ထိုအသက်အပိုင်းအခြားများတွင် မှီခိုမှုမရှိသလောက်နည်းပါးသည်ကို တွေ့ရှိရပါသည်။

ဇယား-၇၇။ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် အသက် ၅ နှစ်နှင့်အထက် လူဦးရေတွင် ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | အသက် ၅ နှစ်နှင့်အထက် အသက်အုပ်စုအလိုက် အလုပ်လုပ်နေသော လူဦးရေ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | | | အသက် ၅ နှစ်နှင့်အထက် လူဦးရေ (,၀၀၀) |
|---|---|---|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | ၅-၁၇ | ၁၈+ | ၁၅+ | ၅+ | |
| ပြည်ထောင်စု | ၀.၁ | ၁.၃ | ၄.၄ | ၅.၈ | ၉၄.၂ | ၉၈.၆ | ၁၀၀.၀ | ၂၂,၁၀၃ |
| ကျား၊ မ | | | | | | | | |
| ကျား | ၀.၁ | ၁.၂ | ၄.၁ | ၅.၄ | ၉၄.၆ | ၉၈.၇ | ၁၀၀.၀ | ၁၂,၅၄၉ |
| မ | ၀.၁ | ၁.၅ | ၄.၇ | ၆.၃ | ၉၃.၇ | ၉၈.၄ | ၁၀၀.၀ | ၉,၅၅၅ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၀.၁ | ၀.၉ | ၃.၀ | ၄.၀ | ၉၆.၀ | ၉၉.၀ | ၁၀၀.၀ | ၆,၂၃၆ |
| ကျေးလက် | ၀.၁ | ၁.၅ | ၄.၉ | ၆.၅ | ၉၃.၅ | ၉၈.၄ | ၁၀၀.၀ | ၁၅,၈၆၇ |

အလုပ်လုပ်သော ကလေးသူငယ်များအပေါ် စီးပွားရေးမှီခိုမှုသည် စိုးရိမ်ဖွယ်ရာ ပါဝင်မှု အနေအထားမရှိသည်ကို တွေ့ရှိရပါသည်။ နောက်ထပ်လေ့လာမှုတစ်ခုအဖြစ် အနာဂတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကလေးလုပ်သားအခြေအနေရှိ ကလေးများ၏ အခန်းကဏ္ဍကို လေ့လာရန် လိုအပ်ပါသည်။ စစ်တမ်း၏ အချက်အလက်များအရ ကလေးလုပ်သားအပေါ် မှီခိုနေသော လုပ်ငန်းကဏ္ဍများ၏ အခြေအနေမျိုးသည် လုံလောက်မှုမရှိသော်လည်း များစွာသော ကလေးများအနေဖြင့် ကျောင်းတက်ရန် လုပ်ငန်းခွင်ဝင်ရောက်မှု အခြေအနေသည် ကျွမ်းကျင်မှုနှင့် ပညာရေးအဆင့်နိမ့်ကျသော လုပ်သားထုနှင့် အခြားလူမှုရေးပြဿနာများ ဖြစ်ပေါ်စေနိုင်သည့် အနာဂတ်စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု ဖြစ်စေနိုင်ပါသည်။ လက်ရှိတွင် အလုပ်လုပ်သော ကလေးသူငယ်များသည် ဆင်းရဲသော အိမ်ထောင်စုများ၏ စားဝတ်နေရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဇယား ၇၈ တွင် ငါးကိန်းစု လူတစ်ဦးချင်းစီ၏ လစဉ် ပျမ်းမျှအသုံးစရိတ်အဆင့်အလိုက် အလုပ်လုပ်သော ကလေးများ အပေါ် မိသားစုများ၏ မှီခိုမှုအချိုးကို ဖော်ပြထားပါသည်။ ဇယားတွင် ဖော်ပြထားသော မှီခိုမှု အချိုးသည် သက်ဆိုင်ရာ ငါးကိန်းစု လစဉ်ပျမ်းမျှ အသုံးစရိတ်အဆင့်ရှိ အိမ်ထောင်စုများ၏ အလုပ်လုပ်သော အသက် ၅ နှစ်နှင့်အထက် ကလေးများရှိသည့်ရာခိုင်နှုန်းကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဇယား-၇၈ ။ အလုပ်လုပ်သောကလေးများအပေါ်တွင် အိမ်ထောင်စုများ၏ မိုခိုမှုအချိုး

| ငါးကိန်းစု လစဉ်တစ်ဦးကျ ပျမ်းမျှအသုံးစရိတ်အဆင့် | မှီခိုမှုအချိုး(ရာခိုင်နှုန်း) | | |
|---|---|---|---|
| | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
| အဆင့်အားလုံး | ၅.၇၉ | ၄.၀၄ | ၆.၄၇ |
| ၀-၂၀ | ၉.၆၀ | ၆.၄၁ | ၁၀.၂၆ |
| ၂၀-၄၀ | ၇.၁၀ | ၆.၅၂ | ၇.၂၅ |
| ၄၀-၆၀ | ၅.၅၇ | ၄.၃၉ | ၅.၉၅ |
| ၆၀-၈၀ | ၄.၆၂ | ၃.၄၆ | ၅.၁၆ |
| ၈၀-၁၀၀ | ၂.၇၆ | ၂.၄၃ | ၃.၀၂ |




## ၁၀.၄ လုပ်ငန်းကဏ္ဍနှင့် အလုပ်အကိုင်အမျိုးအစားအလိုက် လုပ်သားအင်အားတွင် ကလေးလုပ်သားနှင့် အလုပ်လုပ်သော ကလေးများ

ဇယား-၇၉ နှင့် ၈၀ တွင် အလုပ်လုပ်သောကလေးများကို အဓိကလုပ်ငန်းကဏ္ဍ နှင့် အလုပ်အကိုင်အမျိုးအစားအလိုက် မှီခိုမှုအချိုးများကို ဖော်ပြထားပါသည်။ ပထမဇယားတွင် ရှင်းရှင်းလင်းလင်း တွေ့ရှိရသည်မှာ အိမ်အကူလုပ်ငန်းများတွင် လုပ်ကိုင်နေခြင်း၏ ရာခိုင်နှုန်းမြင့်မားမှုသည် အသက် ၁၅ နှစ်မှ ၁၇ နှစ်အသက်အုပ်စုဖြစ်သည့် ဆယ်ကျော်သက်အရွယ် အသက်အုပ်စုတွင်ပါဝင်သော ကလေးသူငယ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဓိကအလုပ်အကိုင်အုပ်စုများအနေဖြင့် အခြေခံအလုပ်အကိုင်လုပ်ကိုင်မှုသည် အလုပ်လုပ်သောကလေးများတွင် အမြင့်မားဆုံးဖြစ်ပြီး အကြမ်းဖျဉ်းအသက်အုပ်စု ၃ မျိုးလုံးတွင် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကလေးများ လုပ်သားဈေးကွက်သို့ ဝင်ရောက်ရခြင်းသည် စီးပွားရေးအခြေအနေအရသာမက လုံ့ဆော်မှုမရှိခြင်းကြောင့်လည်း ဖြစ်ပါသည်။ ရှေ့ပိုင်းတွင်ဆွေးနွေးခဲ့သည့်အတိုင်း အိမ်ထောင်စုအရွယ်အစားကြီးမားသော အိမ်ထောင်စုများရှိ ကလေးများသည် အိမ်ထောင်စု

အရွယ်အစားသေးသော အိမ်ထောင်စုရှိ ကလေးများထက်ပို၍ အကျိုးအမြတ် သို့မဟုတ် လုပ်ခ အတွက် အလုပ်လုပ်ကြရသည်ကိုတွေ့ရှိရပါသည်။

**ဇယား-၇၉။ အသက်အုပ်စုအလိုက် အဓိက လုပ်ငန်းများပေါ်တွင် အလုပ်လုပ်နေသော ကလေးများ၏ မှီခိုမှုအခြေအနေ**

| လုပ်ငန်းအမျိုးအစား | အသက်အုပ်စု | | | |
|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | ၅-၁၇ |
| လယ်ယာ၊ သစ်တောနှင့် သားငါးလုပ်ငန်း | ၇,၉၀၄ | ၁၇၂,၇၁၂ | ၅၇၇,၁၇၆ | ၇၅၇,၇၉၃ |
| သတ္တုနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်း | ၂၁၅ | ၃,၁၉၄ | ၇,၁၀၁ | ၁၀,၅၀၉ |
| ထုတ်လုပ်ခြင်းလုပ်ငန်း | ၅,၀၄၈ | ၃၀,၂၈၅ | ၁၁၅,၃၆၇ | ၁၅၀,၇၀၀ |
| လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေးလုပ်ငန်း | ၀ | ၁,၂၅၉ | ၁,၀၈၇ | ၂,၃၄၆ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၀ | ၁၁,၇၉၇ | ၃၈,၇၆၉ | ၅၀,၅၆၆ |
| လက်လီ၊ လက်ကားရောင်းချခြင်း၊ စားသောက်ဆိုင်နှင့်ဟိုတယ်လုပ်ငန်း | ၃,၂၃၃ | ၃၅,၃၅၆ | ၉၉,၈၉၆ | ၁၃၈,၄၈၅ |
| အိမ်အကူလုပ်သား | ၀ | ၀ | ၁၁,၃၇၁ | ၁၁,၃၇၁ |
| အခြားလုပ်ငန်းများ | ၅,၅၃၅ | ၈၃၄ | ၄၀၆ | ၆,၇၇၅ |

ထို့အပြင် အသုံးစရိတ်နည်းပါးသော အိမ်ထောင်စုများရှိ ကလေးများသည် လုပ်သားအင်အားတွင် ပိုမိုပါဝင်သည်ကို တွေ့ရှိရပါသည်။ အဆိုပါအခြေအနေနှစ်ရပ်လုံးသည် စီးပွားရေးအခြေအနေအရ ကလေးများအနေဖြင့် လုပ်သားဈေးကွက်သို့ ဝင်ရောက်ရခြင်း အခြေအနေများဖြစ်ပါသည်။ အခြားတစ်ဘက်တွင် စစ်တမ်းရလဒ်များအရ လုပ်သားဈေးကွက်တွင် ပါဝင်လုပ်ကိုင်နေသည့် ကလေးများနှင့် ကျောင်းတက်ရောက်မှု ပျက်ကွက်ခြင်းသည် စီးပွားရေးအခြေအနေအရ မဟုတ်ကြောင်း တွေ့ရှိရပါသည်။ များသောအားဖြင့် ကျောင်းမတက်ရောက်ခြင်းသည် လှုံ့ဆော်မှုမရှိခြင်းကြောင့် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျောင်းမတက်၊ အလုပ်မလုပ်သော ကလေးများ၏ ရာခိုင်နှုန်းမှာ ၁၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ အကယ်၍ မိသားစုအတွက် အလုပ်လုပ်ရန်မလိုအပ်သော ကလေးများအနေဖြင့် အဘယ်ကြောင့် ကျောင်းမတက်ရသည်ဆိုသည့်အချက်သည် မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

ဇယား-၈၀။ အဓိကအလုပ်အကိုင်အလိုက် အလုပ်လုပ်ကိုင်နေရသော ကလေးအရေအတွက်

| အလုပ်အကိုင် | အသက်အုပ်စု | | | |
|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | ၅-၁၇ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၄,၂၃၁ | ၃၉,၀၉၃ | ၉၈,၇၉၅ | ၁၄၂,၁၁၉ |
| လယ်ယာ၊ သစ်တောနှင့် သားငါး လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကျွမ်းကျင်လုပ်သားများ | ၇,၈၂၁ | ၁၃၀,၃၄၈ | ၄၃၂,၈၁၀ | ၅၇၀,၉၈၀ |
| လက်မှုပညာနှင့်ဆက်စပ်လုပ်သားများ | ၆၂၃ | ၂၇,၉၁၅ | ၁၃၆,၈၄၉ | ၁၆၅,၃၈၆ |
| စက်ပြင်၊ စက်ကိုင်နှင့် ဆက်စပ် လုပ်သားများ | ၃,၇၅၁ | ၅,၄၄၃ | ၂၅,၃၆၆ | ၃၄,၅၆၀ |
| အခြေခံအလုပ်သမားများ | ၅,၅၁၀ | ၈၃,၆၁၈ | ၂၅၆,၇၀၇ | ၃၄၅,၈၃၄ |
| အခြား | ၀ | ၁,၆၆၀ | ၉,၅၅၈ | ၁၁,၂၁၈ |

အပြင်ပန်းအားဖြင့် မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်သည် လူငယ်များအတွက် မြင့်မားသော ပညာရေးအဆင့်နှင့် ကျွမ်းကျင်မှုလိုအပ်သော သင့်တော်သည့်အလုပ်အကိုင်များ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ဤအချက်သည် ကလေးများနှင့် ၎င်းတို့၏မိဘများအနေဖြင့် ပညာရေးအတွက် အချိန်ကို ရင်းနှီးမြှုပ်နှံမှုမရှိသည့် အကြောင်းအရင်းတစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်သည့်အတွက် ကလေးများသည် လုပ်သားဈေးကွက်သို့ ၎င်းတို့အသက်ငယ်စဉ်ဘဝကတည်းက ဝင်ရောက်ကြသည်ကို တွေ့ရှိရပါသည်။ အနာဂတ်တွင် ကလေးလုပ်သားများ ပပျောက်စေရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ လူငယ်များအတွက် ကျွမ်းကျင်မှုလိုအပ်သော သင့်လျော်ကောင်းမွန်သည့် လုပ်သားဈေးကွက် ဖန်တီးပေးခြင်းပင် ဖြစ်ပါသည်။

## ၁၀.၅ ဘေးအန္တရာယ်ရှိသော အလုပ်ခွင်တွင် အလုပ်လုပ်နေသော ကလေးသူငယ်များ

စစ်တမ်းအရ မြန်မာနိုင်ငံ၏ ကလေးဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုးသည် ၂၀၁၅ ခုနှစ်တွင် ၁၀.၅ ရာခိုင်နှုန်းဖြစ်ပြီး ၎င်းသည် ၂၀၁၂ ခုနှစ်၊ ကမ္ဘာ့ပျမ်းမျှရာခိုင်နှုန်း (၁၇%) ထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။ သို့သော် အဓိကအချက်မှာ ဆယ်ကျော်သက်အရွယ်များဖြစ်သည့် အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုရှိ အလုပ်လုပ်သောကလေးများ၏ ထက်ဝက်ခန့်သည် အန္တရာယ်ရှိသော အလုပ်တွင်လုပ်ကိုင်နေသည့် ကလေးလုပ်သားများအဖြစ် ပါဝင်နေခြင်းပင် ဖြစ်ပါသည်။ ILO ၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ အရ အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ "စံ" နှုန်းများကို ဖောက်ဖျက်ခြင်းဖြစ်ပါသည်။

ဇယား-၈၁။ ကလေးအားလုံးနှင့် အလုပ်လုပ်သော ကလေးများထဲမှ အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရသော ကလေးများပါဝင်မှုရာခိုင်နှုန်း

| နယ်ပယ် | ကလေးရာခိုင်နှုန်း | | | အလုပ်လုပ်နေသော ကလေးရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | ကလေးအားလုံး | ယောကျ်ားလေး | မိန်းကလေး | ကလေးအားလုံး | ယောကျ်ားလေး | မိန်းကလေး |
| ပြည်ထောင်စု | ၅.၂ | ၅.၈ | ၄.၆ | ၄၉.၁ | ၅၁.၁ | ၄၆.၉ |
| ၅-၁၁ | ၀.၁ | ၀.၁ | ၀.၂ | ၃၈.၉ | ၃၈.၆ | ၃၉.၁ |
| ၁၂-၁၄ | ၅.၂ | ၅.၈ | ၄.၆ | ၅၂.၆ | ၅၆.၅ | ၄၈.၅ |
| ၁၅-၁၇ | ၁၈.၂ | ၂၀.၈ | ၁၅.၈ | ၄၈.၃ | ၄၉.၇ | ၄၆.၇ |

ဇယား-၈၁ တွင် ကလေးအားလုံးနှင့် အလုပ်လုပ်သော ကလေးများတွင် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများ၏ ပါဝင်မှုရာခိုင်နှုန်းများကို အသက်အုပ်စု ၃ မျိုးဖြင့် ဖော်ပြထားပါသည်။ ဆယ်ကျော်သက်ကလေးများ အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း ဖြစ်ပါသည်။ အဆိုပါအသက်အုပ်စုတွင် မြန်မာနိုင်ငံ၏ အန္တရာယ်ရှိသောအလုပ်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများ၏ ပါဝင်မှုရာခိုင်နှုန်း (၁၈%) သည် ၂၀၁၂ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ ခန့်မှန်းရာခိုင်နှုန်း ၁၃.၀% ထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အဆိုပါ အသက်အုပ်စုအတွင်းရှိ အလုပ်လုပ်သော ကလေးများ၏ ထက်ဝက်ခန့်ရှိသည်ကို တွေ့ရှိရပြီး ၂၀၁၂ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ ခန့်မှန်းခြေတွင် အလုပ်လုပ်သော ကလေးများ၏ ၅ ပုံ ၂ ပုံသာ ရှိကြောင်း တွေ့ရှိရပါသည်။ ဆယ်ကျော်သက်အရွယ်များဖြစ်သည့် အသက် ၁၅ နှစ်မှ ၁၇ နှစ် အုပ်စုများ၏ အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသည့် ကလေးလုပ်သားရာခိုင်နှုန်းသည် အဆိုပါ အသက်အုပ်စုအတွင်း အလုပ်လုပ်သောကလေးများ၏ ၃ ပုံ ၁ ပုံ (၃၆%) ဖြစ်ပြီး ကလေးလုပ်သားများ၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် အန္တရာယ်ရှိသော အလုပ်ခွင်တွင် လုပ်ကိုင်နေသော ကလေးလုပ်သားများကို အသက် ၁၅ နှစ်မှ ၁၇ နှစ်အုပ်စု၏ အလုပ်လုပ်သောကလေးသူငယ်များတွင်သာ တွေ့ကြုံရခြင်းမဟုတ်ဘဲ အသက်အုပ်စု ၁၂ နှစ်မှ ၁၄ နှစ်အတွင်းရှိ အလုပ်လုပ်သော ကလေးများတွင်လည်း ၅၃ ရာခိုင်နှုန်းခန့်ဖြင့် မြင့်မားစွာတွေ့ရှိရပါသည်။ သို့သော်လည်း များစွာသော အန္တရာယ်ရှိသည့် လုပ်ငန်းခွင်တွင် ကြုံတွေ့မှုသည် အသက်အုပ်စု ၁၅ နှစ်မှ ၁၇ နှစ်အုပ်စုတွင်ဖြစ်ပြီး အန္တရာယ်ရှိသော အလုပ်အကိုင် ၃ ပုံ ၂ ပုံသည် အဆိုပါအသက်အုပ်စုအတွင်း ကျရောက်သည်ကို တွေ့ရှိရပါသည် (*ပုံ-၁၄*)။

ပုံ-၁၄။ အန္တရာယ်ရှိသော လုပ်ငန်းခွင်အတွင်းရှိ အလုပ်လုပ်သောကလေး




စိတ်ဝင်စားဖွယ်တွေ့ရှိရသည်မှာ မြန်မာနိုင်ငံအတွင်း အန္တရာယ်ရှိသော လုပ်ငန်းများကို အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများအနေဖြင့် လက်ရှိတွေ့ကြုံနေမှုအခြေအနေကို တွေ့မြင်နိုင်မည်ဖြစ်ပြီး အဆိုပါအခြေအနေများအရ ကလေးများ အန္တရာယ်ရှိသော လုပ်ငန်းခွင်မှ ကင်းဝေးနိုင်ရေး ဆောင်ရွက်သင့်သည့် အခြေအနေများကို သုံးသပ်နိုင်မည်ဖြစ်ပါသည်။ သို့သော် အသက် ၁၇ နှစ်အထက်ရှိ အလုပ်သမားများ၏ လုပ်ငန်းခွင် အန္တရာယ်ရှိမှုအခြေအနေကို လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင် ထည့်သွင်းကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။ စီးပွားရေးလုပ်ငန်းများ အတွက် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ခန့်မှန်းအရေအတွက်သည် အန္တရာယ်ရှိသော အလုပ်တွင်လုပ်ကိုင်နေသည့် ကလေးလုပ်သား ပပျောက်ရေးမူဝါဒများရေးဆွဲရာတွင် မရှိမဖြစ် လိုအပ်သောအရာဖြစ်ပြီး နောင်တွင် ကလေးလုပ်သားဆိုင်ရာ လေ့လာမှုများ ပြုလုပ်ရာတွင် ပါဝင်သင့်သည့် အပိုင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

# ကျမ်းကိုးကား


i. ILO(2000-2012).*Global Estimates on Child Labour: Global Estimates & Trends*, Vol -4, 23.09.2013.

ii. U.N. Commission on Rights of Children (1989). *Formation of the Committee Article 43,* UN Convention on Rights of Children"adopted by G. A ., Resolution No. 44 /25, 20.11.89.

iii. ILO (2010). *Roadmap for Achieving Elimination of Worst Forms of Child Labour,* Global Child Labour Conference, May 2010, The Hague (ILO News), Press Release dated 11.5.2010.

iv. ILO (1992).*International Programme on the Elimination of Child Labour*(IPEC), A Programme of ILO created in 1992 for the elimination of Child Labour.

v. ILO (1973).*Convention No. 138: C-138 Minimum Age Convention 1973- concerning a minimum age to employment.*

vi. ILO (1973). *World report on child labour 2013: Economic vulnerability, social protection and the fight against child labour (Geneva, 2013),* ILO-IPEC, 29.04.1973.

vii. ILO (2010).*Joining forces against childlabour.* Inter-Agency Report for the Hague Global Child Labour Conference of 2010-understanding children—s work (UCW).

viii. ILO (2008). *Eighteenth International Conference of Child Labour Statisticians (ILO, 2008)*, Report III on Child Labour Statisticians.

ix. ILO (1999). *ILO Convention No. 182 on the Worst Forms of Child Labour (1999),* C 182 Convention concerning the Prohibition and Immediate Action for the Elimination of the Worst Forms of Child Labour.

## နောက်ဆက်တွဲ-က

## ခန့်မှန်းမှုဆိုင်ရာ လုပ်ငန်းစဉ်

အလွှာခွဲနမူနာဆင့်ပါသော နမူနာဒီဇိုင်းကို ၂၀၁၅ ခုနှစ်၊ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင် အသုံးပြုထားပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မြို့ပြနှင့်ကျေးလက်ကို အခြေခံအလွှာအဖြစ် သတ်မှတ်ထားပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံး၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် မြန်မာတစ်နိုင်ငံလုံး၏ မြေမျက်နှာသွင်ပြင်တစ်ခုလုံးကို အခြေခံအလွှာ ၃၀ အဖြစ် ပိုင်းခြားထားခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် သတ်မှတ်ထားသော စာရင်းကောက်ကွက်ဧရိယာ (EAs) ကို ပထမအဆင့်ယူနစ် (FSUs) အဖြစ် သတ်မှတ်ပါသည်။ နမူနာစာရင်းကောက်ကွက် EAs ကို ပထမအဆင့်၏ အခြေခံအလွှာ အသီးသီးအတွက် ရွေးချယ်မည် ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင် FSUs ရွေးချယ်နိုင်ရန် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် အိမ်ထောင်စုစစ်တမ်းများအတွက် ကမ္ဘာ့ဘဏ်မှ FSUs အရေအတွက် ၄,၀၀၀ ပါဝင်သော ပင်မနမူနာစာရင်းစဉ်[၉] (Master Sampling Frame) တစ်ခုကို တည်ဆောက်ထားပါသည်။ FSUs အရေအတွက် ၄,၀၀၀ ကို replicate ၄ ခု ဖြင့် ဖွဲ့စည်းထားပြီး replicate (ဆိုလိုသည်မှာ ပထမအဆင့် နမူနာကောက်ကွက်များကို စာရင်းကောက်ကွက် ၁,၀၀၀ စီ ပါသော ပထမအဆင့် နမူနာ ၄ ခုဖြင့် ဖွဲ့စည်းထားသည်။) တစ်ခုစီတွင် FSUs အရေအတွက် ၁,၀၀၀ ပါဝင်ပါသည်။ ပင်မနမူနာ စာရင်းစဉ်မှ FSUs များကို ရွေးချယ်ရာတွင် စာရင်းကောက်ကွက်များ၏ အိမ်ထောင်စုအရေအတွက်အရ ဖြစ်နိုင်ချေရှိသော အကွာညီနမူနာကောက်နည်းလမ်း (circular systematic sampling) ကိုအသုံးပြု၍ ရွေးချယ်ခဲ့ပါသည်။ နမူနာ FSUs ကို အလွှာအသီးသီးမှ replicate ၂ ခုပါဝင်သော ပုံစံဖြင့်ရွေးချယ်ပါသည်။ (ဆိုလိုသည်မှာ နမူနာ FSUs ၏ တစ်ဝက်ကို replicate ၁ မှ လည်းကောင်း၊ ကျန်တစ်ဝက်ကို replicate ၃ မှ လည်းကောင်း အညီအမျှဖြစ်နိုင်ချေရှိသော ကျပန်းရွေးချယ်ခြင်း (Random Systematic Sampling) နည်းလမ်းကို အသုံးပြု၍ ရွေးချယ်ပါသည်။)

[၉] FSU ၄,၀၀၀ ပါဝင်သော ပင်မနမူနာစာရင်းစဉ်ကို မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် အိမ်ထောင်စုစစ်တမ်းများအတွက် ကမ္ဘာ့ဘဏ်မှ ရေးဆွဲပေးခဲ့ပါသည်။

**ခန့်မှန်းခြေများ ရှာနည်း**

အောက်ပါ သင်္ကေတများကို အသုံးပြုထားပါသည်-

s= s ကြိမ်မြောက်အလွှာ (s=၁-၃၀)

i= i ကြိမ်မြောက်နမူနာစာရင်းကောက်ကွက်

j=j ကြိမ်မြောက်နမူနာအိမ်ထောင်စု

k= နမူနာအိမ်ထောင်စုရှိ k ကြိမ်မြောက်လူပုဂ္ဂိုလ်

P=ပထမအဆင့်နမူနာစာရင်းကောက်ကွက်ရှိ နမူနာရွေးချယ်ရမည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း

p= နမူနာစာရင်းစဉ်ရှိ အလွှာတစ်ခုအတွင်းရှိ အိမ်ထောင်စုအရေအတွက် စုစုပေါင်း

n=မကောက်ယူနိုင်သော စာရင်းကောက်ကွက်များ မပါဝင်သည့် နမူနာစာရင်း ကောက်ကွက်အရေအတွက်

D= စာရင်းကောက်ကွက်တစ်ခုရှိ အကွက်ငယ်များ အရေအတွက်

H= စာရင်းစဉ်ရှိ စာရင်းပြုစုထားသော အိမ်ထောင်စု အရေအတွက်စုစုပေါင်း

h= စာရင်းဇယားထုတ်ယူရန်အတွက် ရရှိနိုင်သော နမူနာအိမ်ထောင်စုအရေအတွက်

x, y= X,Y ကိန်းရှင်ဆိုင်ရာ ခန့်မှန်းတန်ဖိုး

$\hat{X}$ , $\hat{Y}$ = X, Y ကိန်းရှင်ဆိုင်ရာ စုစုပေါင်းဦးရေတန်ဖိုးအတွက် ခန့်မှန်းကိန်း

$y_{sijk}$ = s အလွှာ၏ i စာရင်းကောက်ကွက်တွင် ပါဝင်သော နမူနာ j အိမ်ထောင်စု၏ k လူပုဂ္ဂိုလ်အတွက် Y ကိန်းရှင်တန်ဖိုး၊ ပုံမှန်အားဖြင့် y= ၁ (သို့မဟုတ်) ၀

**ခန့်မှန်းခြင်းအတွက် ပုံသေနည်း**

s အလွှာအတွက်ကိန်းရှင် Y ၏ စုစုပေါင်းတန်ဖိုးများ ခန့်မှန်းခြင်း-

$$\hat{Y}_s = \frac{P_s}{n_s} \sum_{i=1}^{n_{sr}} \frac{D_{si} \times H_{si}}{p_{si} \times h_{si}} \sum_{j=1}^{h_{si}} \sum_{k} y_{sijk}$$

အထက်တွင် ဖော်ပြထားသကဲ့သို့ တွေ့ရှိချက်အသီးသီးကို အောက်ပါမြှောက်ဖော်ကိန်းဖြင့် မြှောက်ရမည် ဖြစ်ပါသည်- $\frac{P_s \times D_{si} \times H_{si}}{n_s \times p_{si} \times h_{si}}$

အဆိုပါ မြှောက်ဖော်ကိန်းကို M အဖြစ် သတ်မှတ်နိုင်သည်။

မြန်မာနိုင်ငံအတွက် စုစုပေါင်းခန့်မှန်းခြေ (Y) မှာ $\hat{Y}_s = \sum_{s=1}^{30} \hat{Y}_s$

လူဦးရေနှင့် အိမ်ထောင်စုသွင်ပြင်လက္ခဏာများတွင် ကန့်သတ်ချက်များကို အသုံးပြု၍ အလေး (Weight) များ တွက်ချက်ခြင်းတွင်-

အလေး (Weight) များကို တွက်ချက်ခြင်းတွင် အီတလီနိုင်ငံ အမျိုးသားအဆင့် စာရင်းအင်းအဖွဲ့အစည်း (ISTAT) မှ တည်ဆောက်ထားသော 'GENESEES' ဟု ခေါ်သော Software ကို အသုံးပြုထားပါသည်။ ရရှိထားသော အလေး (Weight) ၏ M ကို လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရရှိသော လူဦးရေနှင့် အိမ်ထောင်စုသွင်ပြင်လက္ခဏာ များနှင့် ကိုက်ညီမှုရှိသော လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းမှ လူဦးရေခန့်မှန်းခြေများ တွက်ချက်နိုင်ရန် 'Calibration' နည်းလမ်းဖြင့် ညှိနှိုင်းခဲ့ပါသည်။ ထိုသို့ ပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ရရှိသော နောက်ဆုံးအချက်အလက်များသည် 'Calibration' အတွက် ကန့်သတ်ချက်ဖြစ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ခန့်မှန်းခြေများကို မရရှိသောကြောင့် ဖြစ်ပါသည်။ လူဦးရေနှင့် ပတ်သက်၍ သန်းခေါင်စာရင်းသွင်ပြင်လက္ခဏာများကို အသက်အုပ်စု အလိုက် ထုတ်ဝေခြင်းမရှိပါ။ ILO မှ လူဦးရေသွင်ပြင်လက္ခဏာများကို ကျား၊ မ၊ အသက်အရွယ် နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အိမ်ထောင်စုများအတွက် သန်းခေါင်စာရင်း၏ စုစုပေါင်း ပေါ်တွင် အခြေခံ၍ ခန့်မှန်းတွက်ချက်ခဲ့ပါသည်။ အဆိုပါခန့်မှန်းမှုများကို အလေး (Weight) များကို တွက်ချက်ခြင်းတွင် အသုံးပြုထားပါသည်။

အလေးကို တွက်ချက်ခြင်းတွင် အဆင့် ၂ ဆင့်ပါဝင်ခဲ့ပါသည်။ ပထမအဆင့်တွင် 'post-adjustment' ကို အောက်ပါအုပ်စုများအတွက် နိုင်ငံအဆင့်အိမ်ထောင်စု အရေအတွက်များကို အသုံးပြု၍ ကြားခံ 'Calibration' အဆင့်အဖြစ် အသုံးပြုခဲ့ပါသည်-

- စုစုပေါင်းအိမ်ထောင်စုနှင့် အိမ်ထောင်ဦးစီး ကျား၊ မ အလိုက် (ကန့်သတ်ချက် ၃ ခု) စုစုပေါင်း အိမ်ထောင်စု၊ အမျိုးသားဦးစီးသော စုစုပေါင်း အိမ်ထောင်စု၊ အမျိုးသမီး ဦးစီးသော စုစုပေါင်းအိမ်ထောင်စု၊
- အိမ်ထောင်ဦးစီး ကျား၊ မ အလိုက် မြို့ပြ/ကျေးလက် အိမ်ထောင်စုအရေအတွက် (ကန့်သတ်ချက် ၆ ခု) စုစုပေါင်း (ကျေးလက်)၊ ကျေးလက်ရှိ အမျိုးသားဦးစီးသော အိမ်ထောင်စု၊ ကျေးလက်ရှိ အမျိုးသမီးဦးစီးသော အိမ်ထောင်စု၊ စုစုပေါင်း (မြို့ပြ)၊

မြို့ပြရှိ အမျိုးသားဦးစီးသော အိမ်ထောင်စု၊ မြို့ပြရှိ အမျိုးသမီးဦးစီးသော အိမ်ထောင်စု၊

- အိမ်ထောင်စုအရွယ်အစားအလိုက် မြို့ပြ/ ကျေးလက် အိမ်ထောင်စုအရေအတွက် (ကန့်သတ်ချက် ၁၂ ခု) အိမ်ထောင်စုအရွယ်အစားအလိုက် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆+) (မြို့ပြ) နှင့် အိမ်ထောင်စုအရွယ်အစားအလိုက် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆+) (ကျေးလက်)

ထို့အတူ အောက်ပါအုပ်စုများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် အိမ်ထောင်စုအရေအတွက်ကို ‘Calibration’ လုပ်ရာတွင်-

- စုစုပေါင်းအိမ်ထောင်စုနှင့် အိမ်ထောင်စုအရွယ်အစား (အုပ်စု ၂ စု - ၁ ဦးမှ ၃ ဦး၊ ၄ ဦးနှင့်အထက်)
- မြို့ပြဒေသရှိ စုစုပေါင်းအိမ်ထောင်စုနှင့် အိမ်ထောင်စုအရွယ်အစား (အုပ်စု ၂ စု - ၁ ဦးမှ ၃ ဦး၊ ၄ ဦးနှင့်အထက်)
- မြို့ပြရှိ စုစုပေါင်းအိမ်ထောင်စုနှင့် အိမ်ထောင်စုအရွယ်အစားအလိုက် (အုပ်စု ၂ စု - ၁ ဦးမှ ၃ ဦး၊ ၄ ဦးနှင့်အထက်)

အမျိုးမျိုးသော မတူညီသည့် ကန့်သတ်ချက်များအတွက် ‘Calibration’ ပြုလုပ်သည့် နောက်ဆုံးအဆင့်တွင် နိုင်ငံအဆင့် ကျေးလက်၊ မြို့ပြနှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုလုံးအတွက် တွက်ချက်ပါသည်။ လူဦးရေသွင်ပြင်လက္ခဏာများ (ကျား၊ မ နှင့် အသက်အလိုက်) နှင့် အိမ်ထောင်စုအရေအတွက် (အိမ်ထောင်ဦးစီး ကျား၊ မ နှင့် အိမ်ထောင်စုအရွယ်အစားအလိုက်) ကို အသုံးပြုထားပါသည်။ အလေး (Weight) များကို တူညီသည့် (Weight) ရှိသည့် အိမ်ထောင်စုအသီးသီး၏ အိမ်ထောင်စုများနှင့် အိမ်ထောင်စု အလေး (Weight) ပေါ်တွင် တွက်ချက်ထားပါသည်။ သက်ဆိုင်ရာ တစ်ဦးချင်းစီ၏ ခန့်မှန်းခြေများသည် အဆိုပါအိမ်ထောင်စုများနှင့် ပြီးပြည့်စုံစွာ ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ မတူညီကွဲပြားသော အလေး (Weight) များကို မတူညီသော ကန့်သတ်ချက်များနှင့် ပေါင်းစပ်ခြင်းဖြင့် တွက်ချက်ထားပါသည်။ ပို၍သင့်လျော်သောပေါင်းစပ်မှုများကို အောက်ပါကန့်သတ်ချက်များနှင့် ရရှိခဲ့ပါသည်-

*နိုင်ငံအဆင့် ကန့်သတ်ချက်များ*

- စုစုပေါင်းလူဦးရေ၊ အသက်အုပ်စု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)
    - စုစုပေါင်းလူဦးရေ၊ ကျား၊ အသက်အုပ်စု ၁၅ ခု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)

- စုစုပေါင်းလူဦးရေ၊ အသက်အုပ်စု ၁၅ ခု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)

- စုစုပေါင်း မြို့ပြလူဦးရေ၊ အသက်အုပ်စု ၁၅ ခု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)
  - မြို့ပြလူဦးရေ၊ ကျား၊ အသက်အုပ်စု ၁၅ ခု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)
  - မြို့ပြလူဦးရေ၊ မ၊ အသက်အုပ်စု ၁၅ ခု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)
- စုစုပေါင်း ကျေးလက်လူဦးရေ၊ အသက်အုပ်စု ၁၅ ခု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)
  - ကျေးလက်လူဦးရေ၊ ကျား၊ အသက်အုပ်စု ၁၅ ခု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)
  - ကျေးလက်လူဦးရေ၊ မ၊ အသက်အုပ်စု ၁၅ ခု (၀-၄, ၅-၁၁, ၁၂-၁၄, ၁၅-၁၇, ၁၈-၁၉, ၂၀-၂၄, ၂၅-၂၉, ၃၀-၃၄, ၃၅-၃၉, ၄၀-၄၄, ၄၅-၄၉, ၅၀-၅၄, ၅၅-၅၉, ၆၀-၆၄, ၆၅+)

အောက်ပါအသက်အုပ်စုများအတွက် နိုင်ငံအဆင့် အိမ်ထောင်စုအရေအတွက်-

- စုစုပေါင်းအိမ်ထောင်စုနှင့် အိမ်ထောင်ဦးစီး ကျား၊ မ အလိုက် (ကန့်သတ်ချက် ၃ ခု) စုစုပေါင်း အိမ်ထောင်စု၊ အမျိုးသားဦးစီးသော စုစုပေါင်း အိမ်ထောင်စု၊ အမျိုးသမီး ဦးစီးသော စုစုပေါင်းအိမ်ထောင်စု၊
- အိမ်ထောင်ဦးစီး ကျား၊ မ အလိုက် မြို့ပြ/ကျေးလက် အိမ်ထောင်စုအရေအတွက် (ကန့်သတ်ချက် ၆ ခု) စုစုပေါင်း (ကျေးလက်)၊ ကျေးလက်ရှိ အမျိုးသားဦးစီးသော အိမ်ထောင်စု၊ ကျေးလက်ရှိ အမျိုးသမီးဦးစီးသော အိမထောင်စု၊ စုစုပေါင်း (မြို့ပြ)၊ မြို့ပြရှိ အမျိုးသားဦးစီးသော အိမ်ထောင်စု၊ မြို့ပြရှိ အမျိုးသမီးဦးစီးသော အိမ်ထောင်စု၊
- အိမ်ထောင်စုအရွယ်အစားအလိုက် မြို့ပြ/ ကျေးလက် အိမ်ထောင်စုအရေအတွက် (ကန့်သတ်ချက် ၁၂ ခု) အိမ်ထောင်စုအရွယ်အစားအလိုက် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆+) (မြို့ပြ) နှင့် အိမ်ထောင်စုအရွယ်အစားအလိုက် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆+) (ကျေးလက်)

**တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကန့်သတ်ချက်များ**

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းတွင် မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အရ ပြည်ထောင်စု နယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုနှင့် မြို့ပြ၊ ကျေးလက်ဒေသများ ပေါင်းစပ်ခြင်း အလွှာ "၃၀" အဖြစ် ပိုင်းခြားထားပါသည်။ အဆိုပါအလွှာအသီးသီးတွင် စစ်တမ်း၏လူဦးရေ တစ်ရပ်လုံးအတွက် ယုံကြည်စိတ်ချရသော ခန့်မှန်းခြေများ ပံ့ပိုးပေးနိုင်ရန် (သို့မဟုတ်) အခြား သော လူဦးရေသွင်ပြင်လက္ခဏာများနှင့် ကိုက်ညီမှုရှိသော (ဥပမာ- ကျား၊ မ၊ အသက်အုပ်စုများ စသည်ဖြင့်) အုပ်စုငယ်များအတွက် မျှော်မှန်းထားပါသည်။ သို့ရာတွင် နယ်ပယ်ဒေသအလိုက် ကန့်သတ်ထားသော နမူနာအရွယ်အစားမှ နိုင်ငံအဆင့်ထက် များစွာနည်းပါးနေသည်ကိုတွေ့ရှိရ ပါသည်-

- အသက်အုပ်စု ၈ ခု၊ ကျား နှင့် မ (၀-၄, ၅-၁၄, ၁၅-၂၄, ၂၅-၃၄, ၃၅-၄၄, ၄၅-၅၄, ၅၅-၆၄, ၆၅+)
    - အသက်အုပ်စု ၈ ခု၊ ကျား (၀-၄, ၅-၁၄, ၁၅-၂၄, ၂၅-၃၄, ၃၅-၄၄, ၄၅-၅၄, ၅၅-၆၄, ၆၅+)
    - အသက်အုပ်စု ၈ ခု၊ မ (၀-၄, ၅-၁၄, ၁၅-၂၄, ၂၅-၃၄, ၃၅-၄၄, ၄၅-၅၄, ၅၅-၆၄, ၆၅+)
- မြို့ပြ၊ ကျား နှင့် မ ၊ အသက်အုပ်စု ၃ ခု (၀-၁၄,၁၅-၆၄,၆၅+)
    - မြို့ပြ၊ ကျား၊ အသက်အုပ်စု ၃ ခု (၀-၁၄,၁၅-၆၄,၆၅+)
    - မြို့ပြ၊ မ၊ အသက်အုပ်စု ၃ ခု (၀-၁၄,၁၅-၆၄,၆၅+)
- ကျေးလက်၊ ကျား နှင့် မ ၊ အသက်အုပ်စု ၃ ခု (၀-၁၄,၁၅-၆၄,၆၅+)
    - ကျေးလက်၊ ကျား၊ အသက်အုပ်စု ၃ ခု (၀-၁၄,၁၅-၆၄,၆၅+)
    - ကျေးလက်၊ မ၊ အသက်အုပ်စု ၃ ခု (၀-၁၄,၁၅-၆၄,၆၅+)

မြို့ပြ/ ကျေးလက်အလိုက် (တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုတွင် ကန့်သတ်ချက် ၃ ခုစီဖြင့်) တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အိမ်ထောင်စုအရေအတွက်

အလေး (Weight) ကို အလွန်အကျွံဖြစ်မှု ရှောင်ရှားရန်နှင့် ထိန်းချုပ်နိုင်ရန် ပြောင်းလဲ နိုင်သော နောက်ဆုံး အလေး (Weight) ကို ထိန်းသိမ်းရန်၊ ကန့်သတ်ချက်ချ၍ အရေအတွက်ကို အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လျော့ချထားပါသည်။ အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဥပမာအားဖြင့် အသက်အုပ်စု ၀-၄ နှင့် ၅-၁၄ နှစ် အုပ်စုများကို ၁-၁၄ နှစ် အဖြစ် အုပ်စုတစ်ခုပုံစံ ထားရှိမည်ဖြစ်ပါသည်။

## အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| ASNW | ကျောင်းတက်ပြီး အလုပ်မလုပ်သောကလေး |
| CLS | အလုပ်သမားများ၏ စံ သတ်မှတ်ချက် |
| CSO | ဗဟိုစာရင်းအင်းအဖွဲ့ |
| DOL | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| EA | စာရင်းကောက်ဧရိယာ |
| FSU | ပထမအဆင့်အလွှာ |
| GDP | ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး |
| ICSE-93 | အပြည်ပြည်ဆိုင်ရာ အလုပ်လုပ်ကိုင်မှုအခြေအနေကို ခွဲခြားသတ်မှတ်ခြင်း |
| ILO | အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ |
| IPEC | အပြည်ပြည်ဆိုင်ရာ ကလေးလုပ်သားပပျောက်ရေး အစီအစဉ် |
| ISCO | အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်ခွဲခြားရေး စံထားအညွှန်း |
| ISIC | အပြည်ပြည်ဆိုင်ရာ လုပ်ငန်းခွဲခြားရေးစံထားအညွှန်း |
| LF-CL-SWTS | လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း |
| LFS | လုပ်သားအင်အားစစ်တမ်း |
| MPCE | တစ်ဦးကျ လစဉ်စားသုံးမှု အသုံးစရိတ် |
| MY-PEC | မြန်မာနိုင်ငံ၏ ကလေးလုပ်သား ပပျောက်ရေးအစီအစဉ် |
| NASNW | ကျောင်းမတက်၊ အလုပ်မလုပ်သောကလေး |
| NASW | ကျောင်းမတက်၊ အလုပ်လုပ်သောကလေး |
| NPT | နေပြည်တော် |
| PSU | ပထမအဆင့်ရွေးချယ်မှု |
| SNA | အမျိုးသားစာရင်းအင်းစနစ် |
| SNGD | နိုင်ငံတော်ကို ဖွဲ့စည်းထားသည့် ပထဝီနယ်မြေ/နယ်ပယ် |
| SPSS | စာရင်းအင်းဆိုင်ရာ ဆော့(ဖ်)ဝဲလ် |
| SSU | ဒုတိယအဆင့်အလွှာ |
| TWGCL | ကလေးလုပ်သားဆိုင်ရာ နည်းပညာကော်မတီ |
| UN | ကုလသမဂ္ဂ |
| UNCRC | ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂပဋိညာဉ်စာတမ်း |
| UNICEF | ကုလသမဂ္ဂကလေးများ ရံပုံငွေအဖွဲ့ |
| USU | နောက်ဆုံးနမူနာများ |
| UT | ပြည်ထောင်စုနယ်မြေ |
| WPR | အလုပ်လုပ်နေသော လူဦးရေအချိုး |

## မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း (၂၀၁၅ ခုနှစ်)
## အသေးစိတ်စာရင်းဇယားများ
## ကလေးလုပ်သားစစ်တမ်း


| ဇယားအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဇယား-၁ | နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စစ်တမ်းကောက်ယူခဲ့သော စာရင်းကောက်ဧရိယာ (EAs)၊ အိမ်ထောင်စုနှင့် ကလေးအရေအတွက် | ၁ |
| ဇယား-၂ | အသက်အုပ်စုအလိုက် ခန့်မှန်းကလေးအရေအတွက် | ၂ - ၄ |
| ဇယား-၃ | အိမ်ထောင်စုများ၏သွင်ပြင်လက္ခဏာများအလိုက် ကလေးများ၏ အသက်အုပ်စုနှင့် အလုပ်အကိုင်အခြေအနေများတွင် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုအခြေအနေ | ၅ - ၁၃ |
| ဇယား-၄ | အိမ်ထောင်ဦးစီး၏ သွင်ပြင်လက္ခဏာများအလိုက် ကလေးများ၏ အသက်အုပ်စုနှင့် အလုပ်လုပ်မှုအခြေအနေများတွင် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၄ - ၁၆ |
| ဇယား-၅ | ကလေးအားလုံးနှင့် အလုပ်လုပ်သောကလေးများ၏ အသက်အုပ်စုအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း | ၁၇ - ၁၉ |
| ဇယား-၆ | မိဘများနှင့် အတူနေထိုင်မှုအခြေအနေအရ ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၂၀ - ၂၂ |
| ဇယား-၇ | ရွှေ့ပြောင်းရသည့်အကြောင်းပြချက်အလိုက် နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာကြသည့် ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၂၃ - ၂၅ |
| ဇယား-၈ | အသက်အုပ်စု၊ ကျား၊ မ နှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးများ၏စာတတ်မြောက်မှုနှုန်း | ၂၆ - ၂၈ |
| ဇယား-၉ | ပညာရေးအဆင့်အလိုက် ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၂၉ - ၃၁ |
| ဇယား-၁၀ | လက်ရှိတက်ရောက်နေသော ပညာရေးအဆင့်အလိုက် ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၃၂ - ၃၄ |
| ဇယား-၁၁ | ၇ ရက်အတွင်း ကျောင်းပျက်ရသည့် အကြောင်းပြချက်များအလိုက် လက်ရှိကျောင်းတက်ရောက်နေသော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၃၅ |
| ဇယား-၁၂ | ကျောင်းထွက်သည့်အကြောင်းပြချက်အလိုက် ကျောင်းထွက်သည့်ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၃၆ - ၃၈ |
| ဇယား-၁၃ | အကြောင်းပြချက်အလိုက် ကျောင်းမတက်ဘူးသည့် ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၃၉ - ၄၁ |
| ဇယား-၁၄ | အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၂ |
| ဇယား-၁၅ | အဓိကအလုပ်အကိုင်မှ လူမှုရေးအကျိုးခံစားခွင့်ရရှိမှုအလိုက် လုပ်ခလစာရ အလုပ်လုပ်ကိုင်လျက်ရှိသည့် ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၄၃ |
| ဇယား-၁၆ | အလုပ်နေရာ၏ ပိုင်ဆိုင်မှုအမျိုးအစားအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၄ |
| ဇယား-၁၇ | အလုပ်ဌာနအရွယ်အစားအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၅ |
| ဇယား-၁၈ | လက်ရှိ အဓိကအလုပ်တွင် လုပ်ကိုင်မှုသက်တမ်းအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၆ |
| ဇယား-၁၉ | အလုပ်နေရာအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၇ |
| ဇယား-၂၀ | လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၄၈ - ၅၀ |

| ဇယားအမှတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဇယား-၂၁ | အလုပ်အကိုင်အုပ်စုအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၁ - ၅၃ |
| ဇယား-၂၂ | တစ်ပတ်အလုပ်ချိန်နာရီအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၄ |
| ဇယား-၂၃ က | တစ်ရက်စာ လုပ်ခ လစာရရှိမှုအခြေအနေအလိုက် လုပ်ခလစာရ အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း (လုပ်ခ လစာအားလုံးကို တစ်ရက်လုပ်ခ လစာအဖြစ်သို့ ပြောင်းလဲတွက်ချက်ထားပါသည်။) | ၅၅ |
| ဇယား-၂၃ ခ | တစ်လအတွက် လစာရရှိမှုအခြေအနေအလိုက် လုပ်ခ လစာရအလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၆ |
| ဇယား-၂၄ | အဓိကအလုပ်အကိုင်၏ လစာရရှိမှုအချိန်ကာလအပိုင်းအခြားအလိုက် လုပ်ခလစာရအလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၇ |
| ဇယား-၂၅ | အဓိကအလုပ်မှရရှိသော တစ်လဝင်ငွေအလိုက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၈ |
| ဇယား-၂၆ | အလုပ်အကိုင်အုပ်စုများတွင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၅၉ |
| ဇယား-၂၇ | လုပ်ငန်းကဏ္ဍများတွင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၀ |
| ဇယား-၂၈ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကျရောက်မှုအခြေအနေအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၁ |
| ဇယား-၂၉ | လက်ရှိအဓိကအလုပ်၏ လုပ်ငန်းကဏ္ဍများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကျရောက်မှုအခြေအနေအလိုက် အလုပ်လုပ်သောကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၂ |
| ဇယား-၃၀ | လုပ်ငန်းခွင် ညှဉ်းပမ်းမှုအမျိုးအစားအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၆၃ |
| ဇယား-၃၁ | လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်လုပ်သည့်အချိန်အပိုင်းအခြားအလိုက် အလုပ်လုပ်သောကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၆၄ |
| ဇယား-၃၂ | အိမ်မှုကိစ္စများဆောင်ရွက်ရသည့် အချိန်နာရီအလိုက် အလုပ်လုပ်သော ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၆၅ |
| ဇယား-၃၃ | လွန်ခဲ့သော ၇ ရက်အတွင်း ဆောင်ရွက်ရသည့်အိမ်မှုကိစ္စများအလိုက် ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၆၆ - ၆၈ |
| ဇယား-၃၄ | အိမ်ထောင်စုစားသုံးရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုအလိုက် ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၆၉ - ၇၁ |
| ဇယား-၃၅ | လွန်ခဲ့သောရက်ပေါင်း ၃၀ အတွင်း အိမ်ထောင်စုအတွက် စားသောက်ကုန်ပစ္စည်းများထုတ်လုပ်သည့် ကလေးများ၏ ပျမ်းမျှအချိန်နာရီ | ၇၂ - ၇၄ |
| ဇယား-၃၆ | အလုပ်လုပ်မှုနှင့် ကျောင်းတက်ရောက်မှုအခြေအနေအလိုက် ကလေးများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | ၇၅ - ၇၇ |
| ဇယား-၃၇ | လွန်ခဲ့သော ၇ ရက်အတွင်း လုပ်ကိုင်ခဲ့သော အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း | ၇၈ - ၈၀ |

**ဇယား-၁။ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စစ်တမ်းကောက်ယူခဲ့သော စာရင်းကောက်ဧရိယာ (EAs)၊ အိမ်ထောင်စုနှင့် ကလေးအရေအတွက်**

| နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် | စာရင်းကောက်ကွက်အရေအတွက် | | | | | | စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စု အရေအတွက် | | | စစ်တမ်းကောက်ယူခဲ့သော ကလေးအရေအတွက် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | မူလခွဲဝေချထား | | | အမှန် စာရင်းကောက် | | | | | | မြို့ပြ | ကျေးလက် | မြို့ပြ+ကျေးလက် |
| | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း | မြို့ပြ | ကျေးလက် | ပေါင်း | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| **ပြည်ထောင်စု** | **၅၂၂** | **၉၇၈** | **၁၅၀၀** | **၅၁၉** | **၉၄၉** | **၁၄၆၈** | **၈၂၆၉** | **၁၅၁၅၆** | **၂၃၄၂၅** | **၇၃၈၄** | **၁၆၃၆၈** | **၂၃၇၅၂** |
| ကချင် | ၃၆ | ၄၂ | ၇၈ | ၃၆ | ၃၈ | ၇၄ | ၅၇၂ | ၆၀၆ | ၁၁၇၈ | ၆၃၉ | ၇၈၁ | ၁၄၂၀ |
| ကယား | ၁၂ | ၂၀ | ၃၂ | ၁၂ | ၂၀ | ၃၂ | ၁၉၂ | ၃၂၀ | ၅၁၂ | ၂၂၆ | ၄၅၈ | ၆၈၄ |
| ကရင် | ၂၂ | ၅၂ | ၇၄ | ၂၂ | ၄၇ | ၆၉ | ၃၅၀ | ၇၅၀ | ၁၁၀၀ | ၃၄၄ | ၉၉၇ | ၁၃၄၁ |
| ချင်း | ၁၂ | ၂၈ | ၄၀ | ၁၂ | ၂၇ | ၃၉ | ၁၉၂ | ၄၃၁ | ၆၂၃ | ၂၃၃ | ၆၁၃ | ၈၄၆ |
| စစ်ကိုင်း | ၃၂ | ၁၀၀ | ၁၃၂ | ၃၂ | ၁၀၀ | ၁၃၂ | ၅၁၁ | ၁၅၉၉ | ၂၁၁၀ | ၄၆၇ | ၁၆၇၁ | ၂၁၃၈ |
| တနင်္သာရီ | ၂၂ | ၄၈ | ၇၀ | ၂၂ | ၄၈ | ၇၀ | ၃၅၀ | ၇၆၆ | ၁၁၁၆ | ၃၇၀ | ၁၀၅၀ | ၁၄၂၀ |
| ပဲခူး | ၃၈ | ၉၀ | ၁၂၈ | ၃၈ | ၉၀ | ၁၂၈ | ၆၀၈ | ၁၄၃၈ | ၂၀၄၆ | ၅၁၄ | ၁၃၁၇ | ၁၈၃၁ |
| မကွေး | ၂၄ | ၉၀ | ၁၁၄ | ၂၄ | ၉၀ | ၁၁၄ | ၃၈၄ | ၁၄၄၀ | ၁၈၂၄ | ၂၇၃ | ၁၂၂၀ | ၁၄၉၃ |
| မန္တလေး | ၆၆ | ၈၂ | ၁၄၈ | ၆၆ | ၈၂ | ၁၄၈ | ၁၀၅၄ | ၁၃၁၂ | ၂၃၆၆ | ၈၃၇ | ၁၁၅၁ | ၁၉၈၈ |
| မွန် | ၃၂ | ၅၂ | ၈၄ | ၃၂ | ၅၂ | ၈၄ | ၅၀၉ | ၈၃၀ | ၁၃၃၉ | ၅၁၃ | ၈၂၆ | ၁၃၃၉ |
| ရခိုင် | ၂၂ | ၈၂ | ၁၀၄ | ၂၂ | ၈၂ | ၁၀၄ | ၃၄၉ | ၁၃၀၄ | ၁၆၅၃ | ၃၆၁ | ၁၈၇၄ | ၂၂၃၅ |
| ရန်ကုန် | ၁၀၄ | ၄၆ | ၁၅၀ | ၁၀၄ | ၄၆ | ၁၅၀ | ၁၆၅၂ | ၇၃၅ | ၂၃၈၇ | ၁၂၅၁ | ၆၄၈ | ၁၈၉၉ |
| ရှမ်း | ၄၄ | ၉၆ | ၁၄၀ | ၄၁ | ၇၇ | ၁၁၈ | ၆၅၄ | ၁၂၃၀ | ၁၈၈၄ | ၅၈၉ | ၁၄၅၀ | ၂၀၃၉ |
| ဧရာဝတီ | ၂၈ | ၁၁၄ | ၁၄၂ | ၂၈ | ၁၁၄ | ၁၄၂ | ၄၄၄ | ၁၈၂၀ | ၂၂၆၄ | ၃၈၀ | ၁၆၉၇ | ၂၀၇၇ |
| နေပြည်တော် | ၂၈ | ၃၆ | ၆၄ | ၂၈ | ၃၆ | ၆၄ | ၄၄၈ | ၅၇၅ | ၁၀၂၃ | ၃၈၇ | ၆၁၅ | ၁၀၀၂ |

ဇယား-၂။ အသက်အုပ်စုအလိုက် ခန့်မှန်းကလေးအရေအတွက်

လိင် - ကလေးအားလုံး

| နယ်ပယ် | အသက်အုပ်စုအလိုက် ခန့်မှန်းကလေးအရေအတွက် (နှစ်) | | | | နမူနာ ကလေးအရေအတွက် |
|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| **ပြည်ထောင်စု** | **၆၆၁၃၆၉၆** | **၂၉၆၈၈၃၅** | **၂၅၆၃၉၃၁** | **၁၂၁၄၆၄၆၃** | **၂၃၇၅၂** |
| **ကျား၊ မ** | | | | | |
| ကျား | ၃၃၁၁၄၀၇ | ၁၄၅၇၁၆၆ | ၁၂၄၁၈၈၇ | ၆၀၁၀၄၅၉ | ၁၁၇၇၇ |
| မ | ၃၃၀၂၂၈၉ | ၁၅၁၁၆၇၀ | ၁၃၂၂၀၄၄ | ၆၁၃၆၀၀၄ | ၁၁၉၇၅ |
| **မြို့ပြ၊ ကျေးလက်** | | | | | |
| မြို့ပြ | ၁၅၈၂၅၂၇ | ၇၉၆၇၂၄ | ၇၄၂၉၆၈ | ၃၁၂၂၂၁၈ | ၇၃၈၄ |
| ကျေးလက် | ၅၀၃၁၁၆၉ | ၂၁၇၂၁၁၂ | ၁၈၂၀၉၆၄ | ၉၀၂၄၂၄၄ | ၁၆၃၆၈ |
| **နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်** | | | | | |
| ကချင် | ၁၈၈၇၁၉ | ၈၈၇၀၈ | ၈၇၉၁၃ | ၃၆၅၃၄၀ | ၁၄၂၀ |
| ကယား | ၄၇၆၈၅ | ၁၉၇၀၆ | ၁၆၃၇၂ | ၈၃၇၆၂ | ၆၈၄ |
| ကရင် | ၂၅၈၁၁၁ | ၁၀၂၇၂၄ | ၈၅၇၁၂ | ၄၄၆၅၄၇ | ၁၃၄၁ |
| ချင်း | ၉၂၃၅၇ | ၃၆၀၀၉ | ၂၈၈၄၄ | ၁၅၇၂၁၀ | ၈၄၆ |
| စစ်ကိုင်း | ၇၄၁၁၉၃ | ၂၉၆၁၉၄ | ၂၈၀၈၅၁ | ၁၃၁၈၂၃၈ | ၂၁၃၈ |
| တနင်္သာရီ | ၂၂၆၈၆၁ | ၁၀၄၀၈၄ | ၈၂၅၀၁ | ၄၁၃၄၄၇ | ၁၄၂၀ |
| ပဲခူး | ၆၂၄၇၂၃ | ၂၉၁၅၇၆ | ၂၅၂၈၉၇ | ၁၁၆၉၁၉၅ | ၁၈၃၁ |
| မကွေး | ၄၇၃၈၅၉ | ၂၂၉၃၅၁ | ၁၈၇၅၆၁ | ၈၉၀၇၇၀ | ၁၄၉၃ |
| မန္တလေး | ၇၄၁၅၆၈ | ၃၅၁၂၈၈ | ၂၉၉၆၅၂ | ၁၃၉၂၅၀၇ | ၁၉၈၈ |
| မွန် | ၂၉၇၃၆၃ | ၁၃၆၀၈၇ | ၁၀၉၆၅၂ | ၅၄၃၁၀၂ | ၁၃၃၉ |
| ရခိုင် | ၃၁၁၁၄၅ | ၁၃၄၂၈၂ | ၁၀၇၆၅၉ | ၅၅၃၀၈၅ | ၂၂၃၅ |
| ရန်ကုန် | ၇၆၆၅၃၀ | ၃၇၁၆၆၃ | ၃၆၀၃၆၇ | ၁၄၉၈၅၆၀ | ၁၈၉၉ |
| ရှမ်း | ၈၆၆၉၆၄ | ၃၉၆၇၃၃ | ၃၁၅၈၄၈ | ၁၅၇၉၅၄၅ | ၂၀၃၉ |
| ဧရာဝတီ | ၈၂၃၁၂၄ | ၃၅၁၆၆၉ | ၂၉၃၅၂၈ | ၁၄၆၈၃၂၁ | ၂၀၇၇ |
| နေပြည်တော် | ၁၅၃၄၉၄ | ၅၈၇၆၅ | ၅၄၅၇၆ | ၂၆၆၈၃၄ | ၁၀၀၂ |
| **နမူနာကလေးအရေအတွက်** | ၁၂၃၀၆ | ၆၂၆၇ | ၅၁၇၉ | ၂၃၇၅၂ | x |

## ဇယား-၂။ အသက်အုပ်စုအလိုက် ခန့်မှန်းကလေးအရေအတွက်

လိင် - ကျား

| နယ်ပယ် | အသက်အုပ်စုအလိုက် ခန့်မှန်းကလေးအရေအတွက် (နှစ်) | | | | နမူနာ ကလေးအရေအတွက် |
|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| **ပြည်ထောင်စု** | **၃၃၁၁၄၀၇** | **၁၄၅၇၁၆၆** | **၁၂၄၁၈၈၇** | **၆၀၁၀၄၅၉** | **၁၁၇၇၇** |
| **မြို့ပြ၊ ကျေးလက်** | | | | | |
| မြို့ပြ | ၇၉၉၃၈၂ | ၃၉၇၃၆၄ | ၃၆၂၄၁၆ | ၁၅၅၉၁၆၂ | ၃၆၅၆ |
| ကျေးလက် | ၂၅၁၂၀၂၅ | ၁၀၅၉၈၀၁ | ၈၇၉၄၇၁ | ၄၄၅၁၂၉၈ | ၈၁၂၁ |
| **နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်** | | | | | |
| ကချင် | ၉၃၂၉၇ | ၄၀၂၄၈ | ၄၃၀၉၆ | ၁၇၆၆၄၀ | ၆၉၉ |
| ကယား | ၂၃၄၂၉ | ၉၆၃၃ | ၈၂၅၆ | ၄၁၃၁၈ | ၃၄၀ |
| ကရင် | ၁၂၅၁၃၈ | ၄၉၀၈၉ | ၄၀၀၀၁ | ၂၁၄၂၂၈ | ၆၃၈ |
| ချင်း | ၄၅၆၉၄ | ၁၇၁၄၀ | ၁၂၉၃၇ | ၇၅၇၇၁ | ၄၂၂ |
| စစ်ကိုင်း | ၃၆၃၁၄၀ | ၁၄၁၆၇၀ | ၁၃၅၅၈၂ | ၆၄၀၃၉၂ | ၁၀၈၀ |
| တနင်္သာရီ | ၁၀၇၅၁၀ | ၅၄၇၄၅ | ၃၈၄၃၅ | ၂၀၀၆၉၀ | ၆၉၆ |
| ပဲခူး | ၃၀၆၁၇၇ | ၁၄၃၉၃၆ | ၁၂၈၁၆၂ | ၅၇၈၂၇၅ | ၉၂၆ |
| မကွေး | ၂၃၄၁၆၃ | ၁၀၃၉၁၄ | ၈၈၅၆၃ | ၄၂၆၆၄၁ | ၇၃၉ |
| မန္တလေး | ၃၇၂၁၉၂ | ၁၇၃၀၂၉ | ၁၄၂၁၆၂ | ၆၈၇၃၈၂ | ၉၆၇ |
| မွန် | ၁၅၈၅၇၆ | ၆၃၄၆၂ | ၅၄၄၀၆ | ၂၇၆၄၄၄ | ၆၈၁ |
| ရခိုင် | ၁၅၄၄၂၇ | ၆၈၁၇၇ | ၅၀၆၁၁ | ၂၇၃၂၁၆ | ၁၀၆၂ |
| ရန်ကုန် | ၃၉၅၂၀၀ | ၁၈၇၃၅၈ | ၁၇၆၆၃၇ | ၇၅၉၁၉၅ | ၉၆၃ |
| ရှမ်း | ၄၄၀၂၅၇ | ၂၀၃၀၇၆ | ၁၅၃၉၇၅ | ၇၉၇၃၀၈ | ၁၀၇၀ |
| ဧရာဝတီ | ၄၁၄၂၅၆ | ၁၇၆၉၉၈ | ၁၄၄၀၉၁ | ၇၃၅၃၄၅ | ၁၀၁၂ |
| နေပြည်တော် | ၇၇၉၅၂ | ၂၄၆၈၉ | ၂၄၉၇၄ | ၁၂၇၆၁၅ | ၄၈၂ |
| **နမူနာကလေးအရေအတွက်** | **၆၁၄၆** | **၃၁၀၈** | **၂၅၂၃** | **၁၁၇၇၇** | **x** |

ဇယား-၂။ အသက်အုပ်စုအလိုက် ခန့်မှန်းကလေးအရေအတွက်

လိင် - မ

| နယ်ပယ် | အသက်အုပ်စုအလိုက် ခန့်မှန်းကလေးအရေအတွက် (နှစ်) | | | | နမူနာ ကလေးအရေအတွက် |
|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| **ပြည်ထောင်စု** | **၃၃၀၂၂၈၉** | **၁၅၁၁၆၇၀** | **၁၃၂၂၀၄၄** | **၆၁၃၆၀၀၄** | **၁၁၉၇၅** |
| **မြို့ပြ၊ ကျေးလက်** | | | | | |
| မြို့ပြ | ၇၈၃၁၄၅ | ၃၉၉၃၅၉ | ၃၈၀၅၅၂ | ၁၅၆၃၀၅၇ | ၃၇၂၈ |
| ကျေးလက် | ၂၅၁၉၁၄၄ | ၁၁၁၂၃၁၀ | ၉၄၁၄၉၃ | ၄၅၇၂၉၄၇ | ၈၂၄၇ |
| **နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်** | | | | | |
| ကချင် | ၉၅၄၂၂ | ၄၈၄၆၀ | ၄၄၈၁၈ | ၁၈၈၇၀၀ | ၇၂၁ |
| ကယား | ၂၄၂၅၆ | ၁၀၀၇၂ | ၈၁၁၆ | ၄၂၄၄၄ | ၃၄၄ |
| ကရင် | ၁၃၂၉၇၃ | ၅၃၆၃၅ | ၄၅၇၁၁ | ၂၃၂၃၁၉ | ၇၀၃ |
| ချင်း | ၄၆၆၆၃ | ၁၈၈၆၉ | ၁၅၉၀၇ | ၈၁၄၃၉ | ၄၂၄ |
| စစ်ကိုင်း | ၃၇၈၀၅၃ | ၁၅၄၅၂၄ | ၁၄၅၂၆၉ | ၆၇၇၈၄၇ | ၁၀၅၈ |
| တနင်္သာရီ | ၁၁၉၃၅၁ | ၄၉၃၃၉ | ၄၄၀၆၆ | ၂၁၂၇၅၇ | ၇၂၄ |
| ပဲခူး | ၃၁၈၅၄၆ | ၁၄၇၆၃၉ | ၁၂၄၇၃၅ | ၅၉၀၉၂၀ | ၉၀၅ |
| မကွေး | ၂၃၉၆၉၅ | ၁၂၅၄၃၇ | ၉၈၉၉၇ | ၄၆၄၁၂၉ | ၇၅၄ |
| မန္တလေး | ၃၆၉၃၇၆ | ၁၇၈၂၅၉ | ၁၅၇၄၉၀ | ၇၀၅၁၂၅ | ၁၀၂၁ |
| မွန် | ၁၃၈၇၈၇ | ၇၂၆၂၅ | ၅၅၂၄၆ | ၂၆၆၆၅၇ | ၆၅၈ |
| ရခိုင် | ၁၅၆၇၁၈ | ၆၆၁၀၄ | ၅၇၀၄၇ | ၂၇၉၈၇၀ | ၁၁၇၃ |
| ရန်ကုန် | ၃၇၁၃၃၀ | ၁၈၄၃၀၅ | ၁၈၃၇၃၀ | ၇၃၉၃၆၅ | ၉၃၆ |
| ရှမ်း | ၄၂၆၇၀၈ | ၁၉၃၆၅၆ | ၁၆၁၈၇၃ | ၇၈၂၂၃၇ | ၉၆၉ |
| ဧရာဝတီ | ၄၀၈၈၆၈ | ၁၇၄၆၇၁ | ၁၄၉၄၃၇ | ၇၃၂၉၇၆ | ၁၀၆၅ |
| နေပြည်တော် | ၇၅၅၄၂ | ၃၄၀၇၅ | ၂၉၆၀၂ | ၁၃၉၂၁၉ | ၅၂၀ |
| **နမူနာကလေးအရေအတွက်** | **၆၁၆၀** | **၃၁၅၉** | **၂၆၅၆** | **၁၁၉၇၅** | x |

ဇယား-၃။ အိမ်ထောင်စုများ၏သွင်ပြင်လက္ခဏာများအလိုက် ကလေးများ၏ အသက်အုပ်စုနှင့် အလုပ်အကိုင်အခြေအနေများတွင် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုအခြေအနေ

မြို့ပြ + ကျေးလက်

| အိမ်ထောင်စုသွင်ပြင်လက္ခဏာများ | အသက်အုပ်စုအတွင်းရှိ ကလေးငယ်များရှိသော အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အလုပ်လုပ်သော ကလေးများရှိသည့် အိမ်ထောင်စု ပါဝင်မှုရာခိုင်နှုန်း | အသက်အုပ်စုအတွင်းရှိ အလုပ်လုပ်သော ကလေးများ ရှိသည့် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အိမ်ထောင်စု | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | ခန့်မှန်း | နမူနာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| **ပြည်ထောင်စု** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၉.၉** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၈၇၇၈၄၂** | **၂၃၄၂၅** |
| **မြို့ပြ၊ ကျေးလက်** | | | | | | | | | | | |
| မြို့ပြ | ၂၄.၉ | ၂၆.၉ | ၂၈.၃ | ၂၆.၈ | ၆.၆ | ၃၁.၀ | ၁၇.၈ | ၁၈.၂ | ၁၈.၉ | ၃၀၄၉၄၃၂ | ၈၂၆၉ |
| ကျေးလက် | ၇၅.၁ | ၇၃.၁ | ၇၁.၇ | ၇၃.၂ | ၁၁.၁ | ၆၉.၀ | ၈၂.၂ | ၈၁.၈ | ၈၁.၁ | ၇၈၂၈၄၁၀ | ၁၅၁၅၆ |
| **အိမ်ထောင်စုအရွယ်အစား** | | | | | | | | | | | |
| ၁-၃ | ၁၂.၉ | ၉.၉ | ၁၀.၁ | ၁၅.၉ | ၂.၉ | ၀.၀ | ၁၁.၁ | ၁၀.၁ | ၁၁.၀ | ၄၀၁၈၅၁၈ | ၈၅၆၆ |
| ၄-၆ | ၆၂.၁ | ၅၉.၆ | ၅၇.၅ | ၆၁.၉ | ၁၁.၅ | ၅၄.၃ | ၅၅.၈ | ၅၅.၉ | ၅၆.၃ | ၅၂၄၇၄၈၆ | ၁၁၉၆၀ |
| ၇-၉ | ၂၀.၈ | ၂၅.၇ | ၂၆.၆ | ၁၈.၇ | ၂၀.၈ | ၃၉.၂ | ၂၇.၅ | ၂၇.၃ | ၂၆.၅ | ၁၃၆၆၅၀၉ | ၂၅၀၀ |
| ၁၀+ | ၄.၂ | ၄.၈ | ၅.၉ | ၃.၅ | ၂၇.၃ | ၆.၅ | ၅.၆ | ၆.၇ | ၆.၂ | ၂၄၅၃၂၉ | ၃၉၉ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၅.၅ | ၅.၈ | ၅.၉ | ၅.၃ | ၅.၉ | ၆.၆ | ၆.၀ | ၆.၀ | ၅.၉ | x | x |
| **ဆယ်ကိန်းစု လစဉ်အသုံးစရိတ်အဆင့်** | | | | | | | | | | | |
| ၀-၁၀ | ၁၂.၉ | ၁၃.၀ | ၁၂.၁ | ၁၁.၃ | ၂၀.၀ | ၃၅.၃ | ၂၀.၆ | ၁၆.၀ | ၁၆.၅ | ၈၈၅၆၄၇ | ၁၆၄၄ |
| ၁၀-၂၀ | ၁၂.၉ | ၁၂.၆ | ၁၂.၄ | ၁၁.၇ | ၁၆.၇ | ၅.၅ | ၁၅.၈ | ၁၅.၃ | ၁၅.၂ | ၉၇၅၇၉၇ | ၁၇၄၉ |
| ၂၀-၃၀ | ၁၁.၈ | ၁၀.၈ | ၁၀.၀ | ၁၀.၉ | ၁၃.၄ | ၂၀.၇ | ၁၂.၉ | ၁၂.၄ | ၁၂.၂ | ၉၇၅၇၁၂ | ၁၈၄၆ |
| ၃၀-၄၀ | ၁၁.၁ | ၁၁.၁ | ၁၀.၇ | ၁၀.၅ | ၁၃.၇ | ၁၆.၃ | ၁၁.၁ | ၁၂.၃ | ၁၂.၄ | ၉၇၀၆၄၁ | ၁၉၄၉ |
| ၄၀-၅၀ | ၁၀.၂ | ၁၀.၅ | ၉.၈ | ၁၀.၃ | ၉.၇ | ၃.၅ | ၈.၇ | ၉.၉ | ၉.၆ | ၁၀၅၉၀၃၂ | ၂၂၁၉ |
| ၅၀-၆၀ | ၉.၅ | ၉.၅ | ၉.၄ | ၉.၈ | ၉.၅ | ၅.၁ | ၉.၅ | ၉.၄ | ၉.၆ | ၁၀၇၈၄၄၉ | ၂၃၄၇ |
| ၆၀-၇၀ | ၉.၃ | ၉.၄ | ၉.၈ | ၉.၈ | ၇.၇ | ၁.၉ | ၇.၁ | ၈.၂ | ၈.၀ | ၁၁၁၀၈၈၂ | ၂၄၃၆ |
| ၇၀-၈၀ | ၈.၅ | ၉.၀ | ၈.၈ | ၉.၂ | ၆.၇ | ၂.၈ | ၆.၆ | ၇.၂ | ၇.၁ | ၁၁၃၅၃၁၆ | ၂၆၃၅ |
| ၈၀-၉၀ | ၇.၆ | ၇.၂ | ၈.၀ | ၈.၈ | ၄.၂ | ၂.၆ | ၄.၇ | ၄.၅ | ၄.၉ | ၁၂၅၆၆၃၂ | ၂၉၈၅ |
| ၉၀-၁၀၀ | ၆.၃ | ၆.၈ | ၉.၁ | ၇.၈ | ၃.၃ | ၅.၃ | ၃.၀ | ၄.၈ | ၄.၅ | ၁၄၂၈၃၈၁ | ၃၆၁၀ |

ဇယား-၃။ အိမ်ထောင်စုများ၏သွင်ပြင်လက္ခဏာများအလိုက် ကလေးများ၏ အသက်အုပ်စုနှင့် အလုပ်အကိုင်အခြေအနေများတွင် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုအခြေအနေ

မြို့ပြ + ကျေးလက်

| အိမ်ထောင်စုသွင်ပြင်လက္ခဏာများ | အသက်အုပ်စုအတွင်းရှိ ကလေးငယ်များရှိသော အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အလုပ်လုပ်သော ကလေးများရှိသည့် အိမ်ထောင်စု ပါဝင်မှုရာခိုင်နှုန်း | အသက်အုပ်စုအတွင်းရှိ အလုပ်လုပ်သော ကလေးများ ရှိသည့် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အိမ်ထောင်စု | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | ခန့်မှန်း | နမူနာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| **၂၀၁၄ ခုနှစ်အတွင်း စုစုပေါင်းစိုက်ပျိုးမြေ (ဧက)** | | | | | | | | | | | |
| <၀.၂၀ | ၇.၈ | ၇.၉ | ၈.၅ | ၇.၉ | ၉.၈ | ၈.၂ | ၅.၂ | ၇.၆ | ၇.၆ | ၃၅၁၃၁၉ | ၈၅၀ |
| ၀.၂၀ - ၀.၉၉ | ၂.၁ | ၂.၂ | ၁.၅ | ၂.၁ | ၁၃.၈ | ၀.၀ | ၃.၁ | ၁.၉ | ၂.၁ | ၇၀၆၁၅ | ၁၅၅ |
| ၁.၀၀ - ၂.၄၉ | ၂၁.၈ | ၂၁.၂ | ၂၀.၂ | ၂၁.၆ | ၁၁.၄ | ၃၄.၁ | ၂၇.၉ | ၂၀.၇ | ၂၁.၃ | ၈၄၇၇၁၄ | ၁၇၅၂ |
| ၂.၅၀ - ၄.၉၉ | ၂၁.၃ | ၂၁.၄ | ၂၂.၉ | ၂၁.၃ | ၁၂.၅ | ၃၃.၉ | ၂၂.၆ | ၂၄.၉ | ၂၄.၁ | ၈၇၄၈၁၇ | ၁၈၀၉ |
| ၅.၀၀ - ၉.၉၉ | ၂၅.၃ | ၂၇.၃ | ၂၆.၅ | ၂၅.၈ | ၁၁.၇ | ၂၃.၈ | ၂၄.၉ | ၂၅.၅ | ၂၅.၉ | ၁၀၀၇၅၇၇ | ၂၁၀၀ |
| ၁၀.၀၀+ | ၂၁.၇ | ၂၀.၁ | ၂၀.၄ | ၂၁.၃ | ၉.၇ | ၀.၀ | ၁၆.၃ | ၁၉.၄ | ၁၉.၀ | ၈၈၅၈၄၅ | ၁၇၄၉ |
| **ကြွေးမြီရှိမှုအခြေအနေ** | | | | | | | | | | | |
| ကြွေးမြီရှိသော အိမ်ထောင်စု | ၃၈.၃ | ၄၀.၁ | ၃၇.၉ | ၃၈.၀ | ၁၂.၀ | ၅၅.၈ | ၄၁.၉ | ၄၂.၀ | ၄၂.၇ | ၃၈၁၆၉၈၄ | ၇၆၀၃ |
| ကြွေးမြီမရှိသော အိမ်ထောင်စု | ၆၁.၇ | ၅၉.၉ | ၆၂.၁ | ၆၂.၀ | ၈.၇ | ၄၄.၂ | ၅၈.၁ | ၅၈.၀ | ၅၇.၃ | ၇၀၆၀၈၅၈ | ၁၅၈၂၂ |
| **အိမ်ပိုင်ဆိုင်မှုအခြေအနေ** | | | | | | | | | | | |
| အိမ်ထောင်စုဝင်တစ်ဦးဦးမှပိုင်ဆိုင် | ၉၁.၂ | ၉၁.၅ | ၉၁.၂ | ၉၁.၀ | ၁၀.၀ | ၁၀၀.၀ | ၉၀.၈ | ၉၀.၉ | ၉၁.၁ | ၉၇၉၂၁၆၁ | ၂၀၉၉၉ |
| အိမ်ငှား - နိုင်ငံတော်အစိုးရအိမ်ယာ | ၀.၉ | ၁.၀ | ၁.၁ | ၁.၁ | ၄.၆ | ၀.၀ | ၀.၇ | ၀.၅ | ၀.၅ | ၁၂၅၂၆၈ | ၂၉၆ |
| အိမ်ငှား - အခြား | ၄.၄ | ၄.၁ | ၄.၆ | ၄.၅ | ၁၀.၃ | ၀.၀ | ၅.၀ | ၅.၂ | ၅.၂ | ၅၃၆၂၉၀ | ၁၁၃၆ |
| အခမဲ့နေထိုင်ခွင့် | ၂.၄ | ၂.၁ | ၁.၉ | ၂.၂ | ၉.၃ | ၀.၀ | ၂.၂ | ၂.၄ | ၂.၃ | ၂၇၀၈၁၁ | ၅၆၈ |
| အစိုးရဝန်ထမ်းအိမ်ယာ | ၀.၇ | ၀.၈ | ၀.၈ | ၀.၇ | ၁.၀ | ၀.၀ | ၀.၀ | ၀.၁ | ၀.၁ | ၁၀၄၀၇၄ | ၃၂၅ |
| အခြား *[1] | ၀.၅ | ၀.၅ | ၀.၄ | ၀.၄ | ၁၇.၆ | ၀.၀ | ၁.၃ | ၀.၈ | ၀.၈ | ၄၉၂၃၈ | ၁၀၁ |
| **အိမ်နံရံအတွက် အသုံးပြုသည့် ပစ္စည်းအမျိုး အစား** | | | | | | | | | | | |
| အုတ် | ၁၄.၉ | ၁၆.၀ | ၁၇.၂ | ၁၆.၃ | ၅.၅ | ၅.၄ | ၇.၈ | ၁၀.၂ | ၉.၈ | ၁၉၁၇၂၆၆ | ၄၅၀၂ |
| ကျောက်/ကျောက်တုံး | ၀.၄ | ၀.၄ | ၀.၄ | ၀.၄ | ၆.၂ | ၀.၀ | ၀.၅ | ၀.၃ | ၀.၃ | ၄၄၇၂၁ | ၁၀၂ |
| သစ်သား | ၂၄.၅ | ၂၅.၆ | ၂၆.၃ | ၂၅.၂ | ၇.၆ | ၁၀.၀ | ၁၆.၀ | ၂၀.၅ | ၂၀.၁ | ၂၈၃၀၉၇၇ | ၆၇၄၅ |

[1] မေးခွန်းအမှတ် Q12 မှ အညွှန်းအမှတ် ၆=ပုဂ္ဂလိကကုမ္ပဏီပိုင်အိမ်ယာနှင့် ၇=အိမ်ဟုသတ်မှတ်ရန်မသင့်သောနေရာတို့ပါဝင်သည်။

ဇယား-၃။ အိမ်ထောင်စုများ၏သွင်ပြင်လက္ခဏာများအလိုက် ကလေးများ၏ အသက်အုပ်စုနှင့် အလုပ်အကိုင်အခြေအနေများတွင် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုအခြေအနေ

မြို့ပြ + ကျေးလက်

| အိမ်ထောင်စုသွင်ပြင်လက္ခဏာများ | အသက်အုပ်စုအတွင်းရှိ ကလေးငယ်များရှိသော အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အလုပ်လုပ်သော ကလေးများရှိသည့် အိမ်ထောင်စု ပါဝင်မှုရာခိုင်နှုန်း | အသက်အုပ်စုအတွင်းရှိ အလုပ်လုပ်သော ကလေးများ ရှိသည့် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အိမ်ထောင်စု | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | ခန့်မှန်း | နမူနာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| ဝါး | ၅၄.၉ | ၅၂.၇ | ၅၁.၁ | ၅၃.၁ | ၁၂.၁ | ၅၉.၀ | ၆၇.၃ | ၆၁.၉ | ၆၂.၈ | ၅၅၃၉၉၀၉ | ၁၁၁၈၃ |
| သစ်ရွက် | ၄.၆ | ၄.၄ | ၄.၁ | ၄.၂ | ၁၃.၄ | ၂၀.၂ | ၇.၃ | ၅.၆ | ၅.၇ | ၄၅၄၀၃၂ | ၇၂၄ |
| အခြား | ၀.၈ | ၁.၀ | ၀.၉ | ၀.၈ | ၁၇.၂ | ၅.၅ | ၁.၁ | ၁.၆ | ၁.၅ | ၉၀၉၃၈ | ၁၆၉ |
| **အိမ်အမိုးအတွက် အသုံးပြုသော ပစ္စည်းအမျိုး အစား** | | | | | | | | | | | |
| ကွန်ကရစ်/ဘိလပ်မြေ | ၁.၀ | ၁.၀ | ၁.၅ | ၁.၂ | ၅.၄ | ၂.၄ | ၀.၃ | ၁.၁ | ၀.၉ | ၁၇၈၄၃၈ | ၃၇၇ |
| သွပ် | ၆၃.၉ | ၆၅.၇ | ၆၆.၁ | ၆၅.၈ | ၈.၆ | ၅၃.၂ | ၅၄.၄ | ၅၈.၂ | ၅၈.၁ | ၇၂၄၂၇၈၆ | ၁၅၉၀၆ |
| အုတ်ကြွပ် | ၀.၉ | ၀.၇ | ၁.၃ | ၁.၀ | ၁၂.၂ | ၁.၉ | ၀.၇ | ၁.၃ | ၁.၂ | ၁၀၁၃၉၂ | ၂၂၂ |
| သက်ကယ်/ဓနိ/အင်/သစ်ရွက်များ | ၃၂.၂ | ၃၀.၈ | ၂၉.၂ | ၃၀.၁ | ၁၂.၉ | ၄၂.၅ | ၄၃.၇ | ၃၇.၂ | ၃၇.၈ | ၃၁၄၂၀၆၀ | ၆၅၀၁ |
| ဝါး/သစ်လုံး | ၁.၆ | ၁.၅ | ၁.၅ | ၁.၆ | ၉.၇ | ၀.၀ | ၁.၈ | ၁.၇ | ၁.၅ | ၁၆၈၆၉၄ | ၃၄၄ |
| အခြား | ၀.၅ | ၀.၃ | ၀.၄ | ၀.၄ | ၁၂.၄ | ၀.၀ | ၁.၁ | ၀.၅ | ၀.၅ | ၄၄၄၇၁ | ၇၅ |
| **အိမ်ထောင်စု၏ ဝင်ငွေရရှိသည့် အရင်းအမြစ်** | | | | | | | | | | | |
| လယ်ယာလုပ်ငန်း (လယ်ယာ၊ သားငါး၊ သစ်တော) | ၄၀.၈ | ၄၁.၇ | ၄၂.၂ | ၄၀.၆ | ၁၁.၅ | ၂၀.၅ | ၄၃.၇ | ၄၄.၇ | ၄၄.၁ | ၄၁၀၄၄၈၇ | ၈၅၄၅ |
| လယ်ယာလုပ်ငန်းမဟုတ်သောလုပ်ငန်း | ၃၂.၈ | ၃၃.၇ | ၃၄.၃ | ၃၃.၈ | ၇.၉ | ၂၇.၂ | ၂၂.၀ | ၂၆.၂ | ၂၅.၈ | ၃၄၇၈၁၉၁ | ၈၁၈၉ |
| လုပ်ခ/လစာရ အလုပ်အကိုင် | ၄၂.၉ | ၄၄.၁ | ၄၄.၉ | ၄၂.၉ | ၁၂.၉ | ၆၅.၂ | ၅၈.၄ | ၅၄.၈ | ၅၅.၇ | ၄၆၁၅၄၄၅ | ၉၆၇၃ |
| ပင်စင် | ၂.၁ | ၂.၅ | ၂.၅ | ၂.၄ | ၄.၃ | ၀.၀ | ၁.၅ | ၁.၅ | ၁.၆ | ၃၈၇၄၇၃ | ၉၇၂ |
| ငှားရမ်းခြင်းမှရရှိသောဝင်ငွေ | ၁.၆ | ၁.၆ | ၁.၆ | ၁.၇ | ၂.၈ | ၁.၄ | ၀.၄ | ၀.၇ | ၀.၇ | ၂၆၃၈၇၀ | ၆၀၇ |
| ပြည်တွင်းလွှဲပို့ငွေ (အခြားအိမ်ထောင်စုမှလွှဲပို့ငွေ) | ၃.၈ | ၄.၀ | ၃.၂ | ၃.၉ | ၃.၂ | ၀.၀ | ၂.၃ | ၁.၈ | ၁.၉ | ၆၃၆၃၈၅ | ၁၄၀၄ |
| နိုင်ငံခြားမှလွှဲပို့ငွေ | ၅.၅ | ၆.၀ | ၅.၃ | ၅.၅ | ၆.၈ | ၂.၉ | ၄.၁ | ၃.၃ | ၃.၅ | ၅၄၇၀၉၆ | ၁၅၂၇ |
| အတိုးရငွေနှင့် အမြတ်ဝေစု | ၀.၅ | ၀.၆ | ၀.၆ | ၀.၅ | ၂.၂ | ၀.၀ | ၀.၁ | ၀.၁ | ၀.၁ | ၇၃၄၃၄ | ၁၇၁ |
| အခြား | ၁.၄ | ၁.၄ | ၁.၇ | ၁.၄ | ၈.၄ | ၀.၀ | ၀.၈ | ၁.၅ | ၁.၃ | ၁၆၉၃၈၃ | ၃၉၇ |
| **ခန့်မှန်းအိမ်ထောင်စုအရေအတွက်** | ၄၇၂၆၂၃၂ | ၂၆၅၅၃၂၈ | ၂၃၀၇၆၃၂ | ၆၄၆၀၈၈၂ | ၁၀၇၁၆၆၀ | ၁၇၅၂၇ | ၂၇၄၁၁၂ | ၈၉၀၉၉၄ | ၁၀၇၁၆၆၀ | x | x |
| **နမူနာအိမ်ထောင်စုအရေအတွက်** | ၉၀၅၀ | ၅၆၀၀ | ၄၇၀၀ | ၁၃၁၇၀ | ၁၉၆၄ | ၃၀ | ၅၁၀ | ၁၆၀၀ | ၁၉၆၄ | x | x |

ဇယား-၃။ အိမ်ထောင်စုများ၏သွင်ပြင်လက္ခဏာများအလိုက် ကလေးများ၏ အသက်အုပ်စုနှင့် အလုပ်အကိုင်အခြေအနေများတွင် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုအခြေအနေ

မြို့ပြ

| အိမ်ထောင်စုသွင်ပြင်လက္ခဏာများ | အသက်အုပ်စုအတွင်းရှိ ကလေးငယ်များရှိသော အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အလုပ်လုပ်သော ကလေးများရှိသည့် အိမ်ထောင်စု ပါဝင်မှု ရာခိုင်နှုန်း | အသက်အုပ်စုအတွင်းရှိ အလုပ်လုပ်သော ကလေးများ ရှိသည့် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အိမ်ထောင်စု | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | ခန့်မှန်း | နမူနာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| **ပြည်ထောင်စု** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၆.၆** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၃၀၄၉၄၃၂** | **၈၂၆၉** |
| **အိမ်ထောင်စုအရွယ်အစား** | | | | | | | | | | | |
| ၁-၃ | ၁၂.၅ | ၉.၉ | ၉.၃ | ၁၅.၁ | ၁.၉ | ၀.၀ | ၁၆.၄ | ၈.၂ | ၁၀.၅ | ၁၁၂၀၁၁၇ | ၃၀၂၁ |
| ၄-၆ | ၅၇.၂ | ၅၆.၂ | ၅၅.၁ | ၅၇.၉ | ၇.၉ | ၅၆.၀ | ၅၀.၂ | ၅၃.၇ | ၅၃.၅ | ၁၃၇၉၇၅၃ | ၄၁၀၀ |
| ၇-၉ | ၂၃.၈ | ၂၆.၅ | ၂၆.၄ | ၂၁.၃ | ၉.၆ | ၂၃.၀ | ၂၁.၇ | ၂၂.၂ | ၂၁.၂ | ၄၄၄၉၆၅ | ၉၈၅ |
| ၁၀+ | ၆.၅ | ၇.၃ | ၉.၂ | ၅.၇ | ၂၈.၆ | ၂၁.၀ | ၁၁.၇ | ၁၅.၉ | ၁၄.၈ | ၁၀၄၅၉၇ | ၁၆၃ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၅.၇ | ၅.၉ | ၆.၁ | ၅.၅ | ၆.၄ | ၆.၉ | ၆.၀ | ၆.၆ | ၆.၄ | x | x |
| **ဆယ်ကိန်းစု လစဉ်အသုံးစရိတ်အဆင့်** | | | | | | | | | | | |
| ၀-၁၀ | ၇.၆ | ၇.၈ | ၈.၄ | ၆.၉ | ၁၇.၆ | ၂၂.၉ | ၁၅.၀ | ၁၀.၈ | ၁၂.၆ | ၁၄၅၈၂၅ | ၃၃၃ |
| ၁၀-၂၀ | ၆.၉ | ၇.၃ | ၆.၆ | ၆.၄ | ၁၀.၇ | ၀.၀ | ၄.၆ | ၈.၂ | ၇.၅ | ၁၄၁၃၄၇ | ၃၃၉ |
| ၂၀-၃၀ | ၈.၀ | ၇.၁ | ၅.၇ | ၇.၀ | ၁၁.၇ | ၃၅.၃ | ၁၃.၆ | ၉.၉ | ၁၀.၂ | ၁၇၅၈၃၈ | ၄၂၄ |
| ၃၀-၄၀ | ၉.၂ | ၉.၈ | ၉.၃ | ၈.၄ | ၁၃.၂ | ၁၄.၀ | ၇.၅ | ၁၄.၉ | ၁၃.၄ | ၂၀၆၆၃၆ | ၅၁၇ |
| ၄၀-၅၀ | ၉.၀ | ၉.၈ | ၈.၇ | ၈.၉ | ၇.၁ | ၀.၀ | ၇.၂ | ၉.၂ | ၈.၄ | ၂၄၀၁၄၀ | ၆၅၀ |
| ၅၀-၆၀ | ၁၀.၂ | ၉.၃ | ၉.၉ | ၉.၈ | ၇.၅ | ၄.၇ | ၁၄.၄ | ၉.၆ | ၁၀.၃ | ၂၇၉၇၉၇ | ၇၇၂ |
| ၆၀-၇၀ | ၁၂.၄ | ၁၁.၁ | ၁၀.၇ | ၁၁.၄ | ၅.၅ | ၆.၂ | ၁၀.၂ | ၈.၇ | ၈.၈ | ၃၂၃၁၇၀ | ၈၅၉ |
| ၇၀-၈၀ | ၁၂.၄ | ၁၂.၅ | ၁၁.၁ | ၁၂.၅ | ၆.၂ | ၉.၁ | ၁၀.၂ | ၁၁.၄ | ၁၁.၅ | ၃၇၈၃၀၄ | ၁၀၆၂ |
| ၈၀-၉၀ | ၁၂.၃ | ၁၁.၅ | ၁၂.၅ | ၁၃.၉ | ၃.၅ | ၀.၀ | ၆.၈ | ၈.၂ | ၈.၁ | ၄၆၆၉၆၅ | ၁၃၄၁ |
| ၉၀-၁၀၀ | ၁၁.၉ | ၁၃.၈ | ၁၇.၁ | ၁၄.၆ | ၂.၇ | ၇.၇ | ၁၀.၄ | ၉.၃ | ၉.၂ | ၆၉၁၁၃၄ | ၁၉၇၁ |
| **၂၀၁၄ ခုနှစ်အတွင်း စုစုပေါင်းစိုက်ပျိုးမြေ (ဧက)** | | | | | | | | | | | |
| < ၀.၂၀ | ၈.၈ | ၁၂.၂ | ၈.၀ | ၈.၆ | ၄.၉ | ၀.၀ | ၁၁.၀ | ၄.၀ | ၆.၃ | ၂၂၅၄၄ | ၉၃ |
| ၀.၂၀ - ၀.၉၉ | ၃.၅ | ၃.၁ | ၂.၇ | ၂.၈ | ၂၃.၄ | ၀.၀ | ၁၂.၀ | ၄.၄ | ၆.၉ | ၅၁၆၁ | ၁၈ |
| ၁.၀၀ - ၂.၄၉ | ၂၃.၀ | ၂၃.၂ | ၃၀.၄ | ၂၄.၈ | ၁၁.၉ | ၀.၀ | ၄၃.၉ | ၄၃.၄ | ၃၈.၃ | ၅၅၈၉၃ | ၁၉၉ |
| ၂.၅၀ - ၄.၉၉ | ၂၀.၆ | ၂၂.၂ | ၁၉.၅ | ၁၉.၆ | ၆.၃ | ၀.၀ | ၂၃.၇ | ၁၅.၀ | ၁၆.၇ | ၄၆၁၆၃ | ၁၆၈ |
| ၅.၀၀ - ၉.၉၉ | ၂၃.၂ | ၂၀.၃ | ၁၈.၅ | ၂၃.၂ | ၆.၀ | ၀.၀ | ၃.၃ | ၁၈.၄ | ၁၇.၀ | ၄၉၇၉၇ | ၁၇၁ |
| ၁၀.၀၀+ | ၂၀.၉ | ၁၉.၀ | ၂၁.၀ | ၂၁.၀ | ၅.၅ | ၀.၀ | ၆.၁ | ၁၄.၉ | ၁၄.၇ | ၄၆၈၂၄ | ၁၅၇ |

ဇယား-၃။ အိမ်ထောင်စုများ၏သွင်ပြင်လက္ခဏာများအလိုက် ကလေးများ၏ အသက်အုပ်စုနှင့် အလုပ်အကိုင်အခြေအနေများတွင် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုအခြေအနေ

မြို့ပြ

| အိမ်ထောင်စုသွင်ပြင်လက္ခဏာများ | အသက်အုပ်စုအတွင်းရှိ ကလေးငယ်များရှိသော အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အလုပ်လုပ်သော ကလေးများရှိသည့် အိမ်ထောင်စု ပါဝင်မှုရာခိုင်နှုန်း | အသက်အုပ်စုအတွင်းရှိ အလုပ်လုပ်သော ကလေးများ ရှိသည့် အိမ်ထောင်စုများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | အိမ်ထောင်စု | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | | ၅-၁၁ | ၁၂-၁၄ | ၁၅-၁၇ | စုစုပေါင်း | ခန့်မှန်း | နမူနာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| **ကြေးမြီရှိမှုအခြေအနေ** | | | | | | | | | | | |
| ကြေးမြီရှိသော အိမ်ထောင်စု | ၂၄.၆ | ၂၅.၅ | ၂၃.၇ | ၂၃.၅ | ၈.၉ | ၄၅.၉ | ၂၆.၉ | ၂၄.၅ | ၂၆.၄ | ၆၀၄၃၂၂ | ၁၆၂၄ |
| ကြေးမြီမရှိသော အိမ်ထောင်စု | ၇၅.၄ | ၇၄.၅ | ၇၆.၃ | ၇၆.၅ | ၆.၁ | ၅၄.၁ | ၇၃.၁ | ၇၅.၅ | ၇၃.၆ | ၂၄၄၅၁၀၉ | ၆၆၄၅ |
| **အိမ်ပိုင်ဆိုင်မှုအခြေအနေ** | | | | | | | | | | | |
| အိမ်ထောင်စုဝင်တစ်ဦးဦးမှပိုင်ဆိုင် | ၇၈.၅ | ၈၀.၈ | ၈၀.၁ | ၇၈.၈ | ၆.၃ | ၁၀၀.၀ | ၇၀.၇ | ၇၂.၃ | ၇၂.၇ | ၂၃၄၇၆၆၃ | ၆၅၉၆ |
| အိမ်ငှား - နိုင်ငံတော်အစိုးရအိမ်ယာ | ၂.၂ | ၂.၃ | ၂.၃ | ၂.၅ | ၃.၀ | ၀.၀ | ၀.၁ | ၁.၅ | ၁.၂ | ၇၉၈၅၅ | ၂၀၆ |
